www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အောင်ဆွေး

မင်းလူ

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း
ပုဇွန်တောင်၊ ရန်ကုန်မြို့

လောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၃/ ၀၅၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၀၀၀၅၀၃

ပုံနှိပ်ခြင်း

ပထမအကြိမ် - ၂၀၀၅ ခုနှစ်၊ ဧပြီလ

အုပ်ရေ - (၅၀၀)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

ဇော်မောင်

တန်ဖိုး

၁၀၀၀ ကျပ်

BURMESE CLASSIC .com

♥

အချစ်ရယ်၊ အရက်ရယ်၊ လောင်းကစားရယ်ဟာ တော်တော်တလေးတူညီကြသည်။ စွဲစေတတ်တဲ့အရာတွေချည်းပဲ၊ အစပိုင်းမှာ ဟုတ်မလိုလိုနဲ့ နောက်တော့မှ လှိမ့်ခံရတဲ့နေရာမှာလည်း ဘာထူးလဲ။ အစမလုပ်ဘဲနေခဲ့မိရင် အကောင်းသားလို့ နောင်တရမိတတ်တဲ့ နေရာမှာလည်း တထေရာတည်းပဲ။ ဖြတ်မယ်၊ ဖြတ်မယ်နဲ့ ကြွေးကြော်ရင်းကပဲ လစ်မစ်တွေတိုးတိုးလာ တဲ့နေရာမှာကော။

လောင်းကစားလောကမှာ 'ဘီဂင်းနားစ်လပ်'ဆိုသော စကားတစ်ခွန်းရှိ၏။ လောင်းကစားမှုကို စတင်စမ်းသပ်သောကာလတွင် အတော်အသင့် အနိုင်ရလေ့ရှိသည်။ ထိုအခါမှာ ကိုယ့်ကံကို အထင်ကြီးပြီး လက်ဆတက်လာတတ်သည်။ ပိုင်ပြီဆိုပြီး ပုံအောမိတဲ့အခါကျမှ ကွဲတော့တာ။ ဒီအခါမှာ ရှုံးမဲ့မဲ့ပြီး ရှေ့ကိုဆက်တိုးရာက ဒုက္ခရောက်၊ ရပ်တန့်ကရပ်ဖို့ သတိရတဲ့အချိန်မှာ လက်လွန်နေပြီ။ စိတ်ကလည်း လောင်းကစားထဲ ကျွံဝင်နေပြီ၊ နုတ်လို့မရတော့။

www.burmeseclassic.com

www.burmeseclassic.com



အရက်ကို တစ်ခါမှမသောက်ဘူးသေးသူကို အစ္စရိုင်းဟုခေါ်၏
ပထမဆုံး စသောက်သူအချို့ ခေါင်ချာစိုင်းသွားတတ်တာ မှန်သည်
အများစုကတော့ အသက်ကလည်းငယ် ကိုယ်ခံအားကလည်း ကော
ရေသးတော့ သိပ်မထိလှပဲ ခံနိုင်ရည်ရှိတတ်သည်။ ဒါကို အပေါတ်ကြီးထင်
ဆက်ကိုင်တော့မှ ကိုယ်ကျိုးနည်းတာ။

အချစ်မှာလည်း အစပိုင်းမှာ အလဲလဲအပြိုပြို ဖြစ်သူတွေ အထို
အလျောက်တော့ ရှိပါသည်။ သို့ရာတွင် 'ဘီဂင်းနားစ်လပ်' သဘောလို
အစပိုင်းမှာ ဟုတ်သယောင်ယောင် ဖြားယောင်းသွေးဆောင်မှု ရှိတ
သည်။ 'ငါကွ' ဆိုပြီး ရှေ့ဆက်တိုးတော့ ဘာဖြစ်သလဲ။

ဘာဖြစ်ရမလဲ၊ ကျွန်တော့်လို ဖြစ်တာပေါ့။

ကျွန်တော်သည် ကိုယ့်ကိုယ်ကို အထင်ကြီးတတ်သူ တစ်ယော
တော့ မဟုတ်ပါ။ သူနှင့်ပတ်သက်လျှင် ကိုယ့်ဘာသာ အထင်တော
သေးထားခဲ့တာ၊ တကယ်ဆိုလျှင် အထင်သေးလက်စနဲ့ဆက်ပြီး ခပ်
ကုပ်နေခဲ့သင့်သည်။

သို့ရာတွင် သောက်တတ်ခါစ အစ္စရိုင်းတစ်ယောက်လို ပြီးေ
လောင်းကစားကို စတင်မြည်းစမ်းကြည့်တဲ့လူလို အစပိုင်းမှာ ကံလေး
လိုက်နေသယောင်ရှိတော့ ရှေ့ဆက်တိုးမိရင်းက ခုလိုဘဝမျိုး ရောက်ရ
ပါပဲ။

ခုချိန်မှာတော့ ကျွန်တော့်အဖြစ်က အိမ်ပေါင်ထားရတဲ့ လော
ကစားသမားလိုပဲ။ ခုကျမှ ရပ်ပစ်လိုက်လို့လည်း မဖြစ်တော့၊ အရင်းအ
က အတော်ကျွံဝင်နေပြီ။ တစ်နေ့နေ့ အိမ်ကလေး ပြန်ရွေးနိုင်မိုးမိုး၊ တ
ခွင်တော့ တည့်မိုးမိုးနဲ့ဆက်ပြီး စခန်းသွားနေရတာပါပဲ။ အချစ်ဆိုတာ
လည်း အရက်စွဲနေတဲ့လူလို ဆေးရုံတက်ပြီး ဖြတ်လို့မရဘူး မဟုတ်လ

□□□

♥

"လေးလေးကြီး၊ ဖုန်းလာနေတယ်"

ဟု တူမလေး စိုးစိုးက အခန်းပေါက်ဝမှာ လာရပ်ရင်း လှမ်းအော်
ပြောသည်။ ဘယ်သူဆက်တာလဲဆိုတာ မျက်နှာထားကို ကြည့်ရုံနှင့် မမေး
ဘဲ သိနိုင်သည်။ သူငယ်ချင်းမိတ်ဆွေတွေဆီကဖြစ်စေ၊ အလုပ်ကိစ္စဖြစ်စေ
ဖုန်းလာလျှင် ပုံမှန်အမူအရာဖြစ်၏။ 'သူ' ဆီက ဆက်တဲ့ဖုန်းဆိုလျှင်တော့
စိုးစိုးမျက်နှာက မချိုမချဉ် လုပ်ထားတတ်သည်။

ခုလည်း ပြုံးစေ့စေ့ဖြစ်နေသော စိုးစိုးကို မြင်ရသဖြင့် တပ်အပ်သိ
လိုက်၏။ ကျွန်တော်ကလည်း စိုးစိုး၏မျက်နှာရိပ် မျက်နှာကဲကို မှတည်ပြီး
တယ်လီဖုန်းဆီသွားသော အလျင်နှုန်းကို အတက်မှတ်လေ့ရှိသည်။ တခြားလူ
တွေဆက်တာဆိုလျှင် ခပ်အေးအေး ခပ်မှန်မှန်ပဲသွားသည်၊ သူဆီက
ဖုန်းဆိုလျှင်တော့ . . .

ကျွန်တော်သည် အောက်ထပ်သို့ ခပ်သွက်သွက် ဆင်းလာခဲ့သည်။
ဒါတောင် ထုံးစံအတိုင်း နည်းနည်းတော့ အပြောခံလိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယူကလဲ ကြာလိုက်တာ၊ ဖုန်းလာကိုင်ဖို့ကို လက်အရင်ဆေး
သလားမသိဘူး ဖုန်းခတွေ ဈေးတက်နေတာ သိရဲ့သားနဲ့"

သူ့အကြောင်းသိပြီးသားမို့ စောဒကတက်မနေတော့ဘဲ

"ကိစ္စရှိလို့လား"

ဟု ပြန်မေးလိုက်သည်၊

"ဘာလဲ၊ ကိစ္စရှိမှ ဆက်ရမှာလား"

သတိရလွန်းလို့ပဲ ဖုန်းဆက်သလိုလို သဘောမျိုးပြောနေသည်
အမှန် ကတော့ ကိစ္စရှိလို့လားလို့မမေးဘဲ ခိုင်းစရာရှိလို့လားလို့ မေးလိုက်
ကောင်းသည်၊

"ယူ့ အခုဘာလုပ်နေသလဲ"

လုပ်ပြန်ပြီ၊ ဘာလုပ်ရမှာလဲ ဖုန်းပြောနေတာပေါ့ဟု ပြန်မပြောဖြ
သူကပဲဆက်၍

"ယူ့ အလုပ်တွေများနေသလား"

များနေတယ်ဆိုလျှင် ဒါဆိုလည်း နေပါစေတော့ဟု ပြောလိမ့်မည်
ပြီးတော့ ဒီကအကူအညီလေး တစ်ခုတောင်းမလို့ဟာ အနှောင့်အယှ
မပေးတော့ပါဘူးလေဟု ဆက်လာမည်၊ ထိုအခါ ကျွန်တော်က ရပါတ
ဘာကိစ္စလဲဟု ပြောမိမည်၊ ဒီတော့ အချည်းအနှီး လေရှည်မခံတော့

"ဒီလိုပါပဲ"

ဟု ပြန်ပြောလိုက်ရ၏၊

"အချိန်ရရင် အိမ်ကိုခဏလာခဲ့ပါလား၊ ပြောစရာလေးရှိလို့"

"ဘာလဲ၊ အဖြေပေးတော့မလို့လား"

သူ့ဘက်က ခဏဆိုင်းသွားသည်၊ အသံမထွက်ဘဲ ရယ်နေပုံ
သည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် မဟုတ်သဖြင့် ပါးစပ်ကို လက်



အုပ်ထားမှာ မဟုတ်ဘူးဟု တွေးမိသည်၊ သူ့ရယ်နေပုံကို စိတ်တူးနှင့်
မှန်းကြည့်နေတုန်း

"ကဲပါ၊ လာမှပဲ ပြောပြတော့မယ်၊ ဒါပဲနော်"

ဖုန်းချသွားသည်၊ ကျွန်တော်လည်း လောလောဆယ် ဘာမှအသုံး
မဝင်တော့သော လက်ထဲကဖုန်းကို ပြန်ချလိုက်သည်၊ ပြန်လှည့်အထွက်
ခပ်လှမ်းလှမ်းမှာ စာအုပ်ရှာသလိုလို၊ စီဒီချပ်ရှာသလိုလို လုပ်နေသော
ဖိုးဖိုးကို မြင်ရသည်၊ ကျွန်တော် ဖုန်းပြောတာကို မယောင်မလည်လုပ်ရင်း
ခိုးနားထောင်နေခြင်းဖြစ်၏၊ သူ့အမေ ပြန်လာလျှင် 'ဟိုအန်တီလည်း
ဖုန်းဆက်ခေါ်ရော၊ လေးလေးကြီးလည်း တစ်ခါထဲ တန်းပြေးတာပဲ'ဟု
ပြန်ပြောတော့မှာ သေချာသည်၊

၂

သူတို့အိမ်သို့ သွားရာလမ်းကိုက လွမ်းစရာကောင်းသည်၊ နွမ်းစရာ
လည်းကောင်းသည်၊ သူတို့အိမ်နှင့် ကျွန်တော်တို့အိမ်သည် သိပ်ဝေးလှတာ
မဟုတ်သည့်တိုင် နီးနီးကလေးလည်း မဟုတ်၊ လိုင်းကားလမ်းကြောတစ်ခု
တည်းပေါ်မှာ မရှိတာကလည်း ပိုဝေးသည်ဟု ထင်ရစေသည်၊

သူ့အိမ်ကိုသွားလျှင် ဘတ်စ်ကား နှစ်ဆင့်စီးရသည်၊ မှတ်တိုင်
တစ်ခုနှင့်တစ်ခု အကူးမှာလည်း နည်းနည်းလမ်းလျှောက်ရသေးသည်၊
ပြီးတော့ သူတို့အိမ်က ဘတ်စ်ကားပြေးသော လမ်းမကြီးပေါ်မှာ မဟုတ်၊
ကားမှတ်တိုင်မှဆင်းပြီး နောက်ကို နည်းနည်းပြန်လျှောက်ရသည်၊ ပြီးတော့
လမ်းမကြီးနှစ်ခုကို ဖြတ်ဆက်ထားသော ကတ္တရာလမ်းအတိုင်း လျှောက်ရ
သည်။ အလယ်လောက်ရောက်မှ သူတို့လမ်းထဲ ချိုးဝင်ရသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် သူတို့အိမ်က အတွင်းဘက် အစွန်ပိုင်းလောက်ကျနေသေးသည်။ သူ့အိမ်ကို တစ်ခါတစ်ခါ သွားရတာ သိပ်အဆင်ပြေပြေ သက်တောင့်သက်သာ ရှိလှတာတော့ မဟုတ်။

(မသက်သာပေလို့သာပဲဟု နောက်ပိုင်းတွင် ပြောစရာဖြစ်လာပါလိမ့်မည်)

သူတို့ တစ်လမ်းလုံးမှာမှ အိမ်ဆယ့်ငါးအိမ်လောက်ပဲ ရှိသည်။ အတော်အသင့် ကျယ်ဝန်းသော ဝင်းခြံများနှင့်ဖြစ်၏။ ထူးခြားတာကတော့ တိုက်သစ် အိမ်သစ် လုံးဝမရှိ။ ခေတ်ဟောင်းပုံစံ ပျဉ်ထောင်နှင့် တိုက်ခံအိမ်တွေချည်း ဖြစ်၏။

နောက်တစ်ချက်ကတော့ သူတို့လမ်းထဲက လူများသည် ကိုယ့်အိမ်ထဲမှာပဲ ကုပ်ပြီးနေကြသလားမသိ၊ လမ်းပေါ်မှာ လူသွားလူလာ သိပ်မတွေ့ရ။ ပြီးတော့ လူငယ်လူရွယ်လေးတွေ၊ ပြေးလွှားဆော့ကစားနေသော ကလေးငယ်လေးတွေကိုလည်း များများစားစား မမြင်ရ။

ခြံဝင်းတိုင်းလိုလိုမှာ သစ်ပင်ကြီးတွေရှိ၏။ ရန်ကုန်မြို့ တခြားတွေမှာ မြင်ရခဲသော အင်ကြင်းပင်၊ သကြားသီးပင်၊ ကတ္တီပါသီးပင်၊ ဒညင်းပင်၊ ကရဝေးပင်များကို တွေ့ရသည်။ ထို့ကြောင့် သူတို့လမ်းထဲကို ဝင်လိုက်တာနဲ့ မြင်ကွင်းက ညို့မှိုင်းအုံ့ဆိုင်းသွားတတ်သည်။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်လောက်ကို ပြန်ရောက်သွားသလို စိတ်ထဲမှာ ခံစားရစေသည်။ ရင်ထဲမှာ လွမ်းသလိုလို ဆွေးသလိုလို ဖြစ်လာရ၏။ ဒါကိုက ဆွဲဆောင်ညို့ငင်မှုတစ်ခု ဖြစ်ကောင်း ဖြစ်နိုင်သည်။

သူတို့လမ်း၏ တစ်ဘက်တစ်ချက်တွင် ပိတောက်ပင်ကြီးတွေရှိ၏။ မြင့်မားသော သက်တမ်းရင့်အပင်ကြီးများဖြစ်၏။

'လတန်ခူးပေမို့
အလှထူးပါဘိ
မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ'



ဆိုသော ရှေးကဗျာတစ်ပုဒ်ကို သတိရစေသည်။ တကယ်တော့ သူသည် ဒီအရပ်၊ ဒီလမ်းနှင့် တသားတည်းကျနေသည်ဟု ဆိုရမည်။

သူ့နာမည်က 'မြမြဖူး' တဲ့ . . . . မဟုတ်လား။

၂

သူတို့အိမ်က နှစ်ထပ်တိုက်ခံဟု ဆိုနိုင်သည်။ အောက်ထပ်ကို အုတ်ကွက်ဖေါ်ထားပြီး မီးခိုးရောင်ဆေးသုတ်ထားသည်။ အပေါ်ထပ်က ပျဉ်ထောင်ဖြစ်ပြီး ရေနံအထပ်ထပ် သုတ်ခဲ့သဖြင့် မည်းနက်နေ၏။

ဒီအိမ်ကြီးကလည်း သူနဲ့လိုက်ဖက်တာပဲ။ သူသည် ရေနံအထပ်ထပ် အသုတ်ခံထားရလို့ မည်းနက်နေသောကြောင့်တော့ မဟုတ်။ ဒီအိမ်ကြီးဟာ လှပခန့်ညားနေဆဲဖြစ်ပေမယ့် အသစ်စက်စက် မဟုတ်တော့ဘူးလေ။

ခြံဝင်းမှာ အရင်က တော်တော်ကျယ်ဝန်းခဲ့လိမ့်မည်။ နောက်မှ ပိုင်းရောင်းလိုက်ဟန်တူသည်။ အိမ်ကြီးက လက်ရှိခြံဝင်း၏ အလယ်ဗဟိုမကျဘဲ တစ်ဘက်ကို ကပ်နေတာကြည့်ပြီး ကောက်ချက်ဆွဲကြည့်နိုင်ခြင်းကြောင့်ဖြစ်၏။

ထူးခြားတာကတော့ ဝင်းတံခါးပါပဲ။ ခြံဝင်းနှင့် အိမ်တို့၏ အနေအထားထက်စာလျှင် ကြီးမားလွန်းနေသည်။ အမြင့်က ခုနစ်ပေလောက်ရှိပြီး သုံးထားသောသံချောင်းတွေက တုတ်တုတ်ခိုင်ခိုင်ကြီးတွေ၊ အုတ်တိုင်ကြီးတွေက နှစ်ပေပတ်လည်လောက်ရှိမည်။ ဘာသဘောနဲ့ ဒီလောက်ကြီး လုပ်ထားမှန်းတော့ မသိ။

ထူးဆန်းတာက ဝင်းတံခါးကြီးကို ကြီးကြီးမားမား ခိုင်ခိုင်ခန့်ခန့်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားသော်လည်း ခြံစည်းရိုးကျတော့ မည်မည်ရရ မဟုတ်။ ဟိုအရင်တုန်းကတော့ အုတ်တံတိုင်းတို့ သံတိုင်စည်းရိုးတို့ ကာရံဖို့ အစီအစဉ်ရှိကောင်းရှိမည်။ အကြောင်းကြောင်းကြောင့် မလုပ်ဖြစ်တာ ဖြစ်နိုင်၏။

ခုတော့ ပန်းအိပင်များကိုသာ ခြံစည်းရိုးအဖြစ် စိုက်ထားတာ တွေ့ရသည်။ သိပ်ထူထူထပ်ထပ် သိပ်သိပ်သည်းသည်းလည်း မဟုတ်။ ခြံဝင်းထဲကျူးကျော်ဝင်ရောက်လိုသူတစ်ယောက်သည် သိပ်ခက်ခက်ခဲခဲ ကြိုးစားစရာမလို။ ပန်းအိပင်တွေကြားက အားစိုက်ပြီး တိုးဝင်သွားရုံသာရှိ၏။

ဒီလိုခြံစည်းရိုးနှင့် အခိုင်အခန့်ကြီးလုပ်ထားသော ဝင်းတံခါးကြီးမှာဘယ်လိုမှ အစပ်အဟပ်မတည့်ဘဲ ရယ်စရာကြီးဖြစ်နေ၏။ ဒီကြားထဲမှာဝင်းတံခါးကို သံကြိုးနှင့် ပတ်ချည်ပြီး အာမခံသော့ခလောက်ကြီးနဲ့ ခတ်ထားတာကလည်း လူတွေကို သရော်လှောင်ပြောင်သလို ဖြစ်နေလေသည်။ ဒါလည်း "သူ" နဲ့ လိုက်ဖက်တာပဲဟု ဆိုလိုရ ကောင်းလေမလားပဲ။

တံခါးအုတ်တိုင်တွင် လူခေါ်ခေါင်းလောင်းနှိပ်ခလုတ်ရှိ၏။ သို့ရာတွင် ဘယ်တုန်းကမှ အသံမမြည်ခဲ့။ ကျွန်တော် ဒီအိမ်ကို စတင်ရောက်ဖူးစဉ်ကတည်းက လျှပ်စစ်ခေါင်းလောင်းက ပျက်နေခဲ့ပြီးသားဖြစ်၏။

သူတို့အိမ်ကို လာတဲ့အခါတိုင်း ဒီကိစ္စကလည်း ပြဿနာတစ်ခုပဲ။ 'အိမ်ရှင်တို့ အိမ်ရှင်တို့' ဟုလှမ်းခေါ်ရမှာကလည်း ကျွန်တော်သည် လူစိမ်းသက်သက်မဟုတ်၊ 'မြမြဖူးရေ. . . ဟေ့. . . မြမြဖူး'လို့ လှမ်းအော်ခေါ်ရအောင်ကလည်း ပါးစပ်ကမရဲ။ သူကလည်း သူ့နာမည်ကြီးကို တကြော်ကြော် အော်ခေါ်နေတာမျိုးကို ကြိုက်မှာမဟုတ်။

ဒီတော့ သူတို့အိမ်ရှေ့ရောက်လျှင် ဝင်းတံခါးဝမှာရပ်ပြီး အထဲကလူရိပ်လူခြေကို ကြည့်ရသည်။ သူတို့က ကိုယ့်ကို လှမ်းမြင်သွားလျှင်တော့ ကိစ္စမရှိ။ ဒါမှမဟုတ်လျှင် အိမ်ဖော်ကလေးမကလေး၏နာမည်ကို



လှမ်းအော်ခေါ်ရသည်။ အိမ်နှင့် ဝင်းတံခါးက ပေအစိတ် သုံးဆယ်လောက် ဝေးသဖြင့် ခေါ်ရတာ သိပ်အဆင်မပြေလှ။ ပုံမှန်လေသံလောက်ဆို မကြားရ။ သိပ်အကျယ်ကြီး အော်လို့လည်းမဖြစ်။ သူတို့နေရာကဆိတ်ငြိမ်ရပ်ကွက်မို့ ဘေးအိမ်တွေ အလန့်တကြား မဖြစ်စေရအောင်ဂရုစိုက်ရမယ် ဆိုလားပဲ။ လမ်းထိပ်မှာတောင် 'အသံချဲ့စက်နှင့် အော်ရောင်းသော ကားများမဝင်ရ'ဆိုတဲ့ ဆိုင်းဘုတ် ချိတ်ထားသေးသည်။

အသံကိုတောင် လိုတိုး ပိုလျှော့ချိန်ပြီး အော်ရတာလေ၊ ဘယ်လောက် 'ဒက်စီဘယ်' ထက်မကျော်ရဆိုတာမျိုး ပြဋ္ဌာန်းမထားတာ တော်သေးသည်။ အိမ်ဖော်ကလေးမလေး အိမ်ရှေ့ပိုင်းမှာရှိလျှင် ကိစ္စမရှိ။ နောက်ဖေးဘက် ရောက်နေလျှင် ရုတ်တရက်မကြားရသဖြင့် အတော်ကြာအောင် နားနားပြီး စောင့်ခေါ်ရတာမျိုးရှိ၏။

(သူနှင့်ဆက်ဆံရတာ ခုလိုခွကျကျအဖြစ်မျိုးတွေ မကြာခဏ ကြုံရသည်၊ ဒါကလည်း သူနှင့် ပထမဆုံး စတင်တွေ့ဆုံကတည်းကပါပဲ။)

ဒီနေ့တော့ ကျွန်တော် ကံလိုက်နေသည်ဟု ဆိုရမည်။ ဝင်းတံခါးဝရှေ့မှာ ရပ်လိုက်စဉ်မှာပင် အိမ်ရှေ့တံခါးပေါက်မှာရပ်နေသော အိမ်ဖော်မိန်းကလေးကို လှမ်းမြင်ရသည်။ အော်ခေါ်ဖို့တောင်မလို။ သူကလည်းကျွန်တော့်ကို မြင်သွားပြီး ခဏစောင့်ပါဆိုသောသဘော လက်ကာပြသည်၊ အတွင်းဘက်ဝင်ပြီး သော့သွားယူသည်။ သံဘာဂျာတံခါးကို ဖွင့်သည်။ လျှောက်လာပြီး ဝင်းတံခါးသော့ကို ဖွင့်ပေးသည်။

ဒီအိမ်ကို အခေါက်ခေါက်အခါခါ ရောက်ရှိခဲ့ပြီး ဖြစ်သည်တိုင်ကလေးမလေးက ထုံးစံအတိုင်း ဧည့်ခန်းဆီသို့ ဦးဆောင်လမ်းညွှန် ခေါ်ဆောင်သွားလေသည်။

"ခဏ ထိုင်ပါဦးနော်၊ မမကြီးကို သွားပြောလိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး အတွင်းခန်းဘက် ထွက်သွားသည်။

စားပွဲပေါ်မှာ နိုင်ငံခြား မဂ္ဂဇင်း ဂျာနယ် ဆယ်အုပ်လောက် ထပ်တင်ထားသည်။ အဟောင်းတွေချည်းပဲဖြစ်၏။ သူတို့အဖေ ခေတ်ကောင်းစဉ်တုန်းက ဝယ်ထားတာတွေ ဖြစ်ပုံရ၏။ ဒီမဂ္ဂဇင်းတွေ စားပွဲပေါ်မှာရှိနေတာ နှစ်ပေါင်းအတန်ကြာရှိနေပြီ။ အကြိမ်ကြိမ်အထပ်ထပ် လှန်လှောကြည့်ရှုခဲ့သဖြင့် ဘယ်စာမျက်နှာမှာ ဘာရှိတယ်ဆိုတာတောင် မှတ်မိနေပြီ။ တကယ်လို့ အထဲမှာပါသော နိုင်ငံခြားသူတွေသာ လူစင်စစ်ဖြစ်နေလျှင် သူနှင့်မရဘဲ ထိုမိန်းမများနှင့် အိမ်ထောင်ကျကောင်း ကျသွားနိုင်လောက်အောင် ရင်းနှီးနေပါပြီ။

ဘာ့ပဲဖြစ်ဖြစ် ကျွန်တော်လည်း အကျင့်ပါနေသောကြောင့် အပေါ်ဆုံးက စာအုပ်တစ်အုပ်ယူပြီး ကြည့်နေလိုက်သည်။ သူကတော့ ဆယ့်ငါးမိနစ်လောက်ကြာတဲ့အထိ ထွက်မလာသေး။

သူသာ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်ခဲ့လျှင် ဘယ်လိုများနေမလဲမသိ။ ရုပ်ရှင်မင်းသား မင်းသမီးတို့သည် သူများတွေကသာ သူတို့ကို စောင့်စေချင်သည်၊ သူတို့က စောင့်နေရတာမျိုးကို အလိုမရှိ။ ညှိခံပွဲများတွင် တမင်တကာ နောက်ကျပြီးမှ လာလေ့ရှိတတ်၏။ ပရိသတ်တွေက တမျှော်မျှော်စောင့်နေခဲ့ရာမှ 'ဟော. . . လာပြီ၊ လာပြီ' ဆိုပြီး လှုပ်လှုပ်ရွရွ ဖြစ်သွားတာမျိုးကို ဂုဏ်ယူလေ့ရှိ၏။ ဒီနည်းနဲ့ သူတို့ရဲ့ အရေးပါမှုကို ပြချင်ကြသည်။

ကျွန်တော် လှုပ်လှုပ်ရွရွ ဖြစ်မသွားသော်လည်း သူရောက်လာလေသည်။ မင်းသမီးရဲ့ လှပစွံမက်ဖွယ်အပြုံးကို မြင်လိုက်ရသောအခါ စောစောက စောင့်ရလို့ စိတ်မရှည်နိုင်ဖြစ်ရတာတွေ မေ့ပျောက်ပြီး ကျေနပ်ပျော်ရွှင်သွားသော ပရိသတ်လို ကျွန်တော်သည်လည်း. . . သူ့ကိုမြင်သောအခါ ဒီခရီးကို တစ်နေ့တည်း ဆယ်ခေါက်လောက် သွားချည် ပြန်ချည်လုပ်နိုင်လောက်သော အင်အားတွေ ရရှိလာသည်။



သူ့ကို နှစ်ပေါင်းများစွာကြာအောင် အကြိမ်ကြိမ် မြင်ဖူးပါလျှက်တွေ့လိုက်ရတဲ့အခါတိုင်း ပထမဆုံးအကြိမ်ကလိုပင် ဒိတ်ခနဲ ရင်ခုန်သွားမိတာထူးဆန်းလှသည်။

ယမကာသမားတွေလိုပေါ့။ နေ့တိုင်းသောက်နေရပေမယ့် ရိုးအီသွားတယ်လို့ မရှိဘူးလေ၊ ပုလင်းကို မြင်လိုက်တာနဲ့ တံတွေးမြိုချမိတာပဲ မဟုတ်လား။

"ရေချိုးနေလို့ နည်းနည်းကြာသွားတယ်"

ဟု သူကပြောသည်။ တကယ်ပဲလား၊ အချိန်ဆွဲနေတာကို အကြောင်းပြတာပဲလားမသိ၊ သူတကယ်ရေချိုးနေတာ ဟုတ်မဟုတ် သိရအောင်ကလည်း သူ့အသားက အေးနေသလားကို တိုင်ကြည့်မှပဲ သိရမှာကိုး။

'ယူ ဒီလောက် မြန်မြန်ရောက်လာလိမ့်မယ်လို့ မထင်မိဘူး'

သူကစတင်ချိန်းဆိုပြီးမှ အဆင်သင့်စောင့်မနေခဲ့ခြင်းအတွက် ဆင်ခြေပေးတာလည်း ဖြစ်နိုင်သည်၊ သူကတွေ့ချင်တယ် ဆိုလိုက်တာနဲ့ အချိန်မဆိုင်းပဲ ဟန်းပြေးလာတာပဲဟု ဆိုလိုချင်တာလည်း ဖြစ်ကောင်းဖြစ်မည်။

တကယ်တော့ ဒီလောက်ကြီး အူယားဖားယားနိုင်လှတာ မဟုတ်ပါ။ သူ့ဆီက ဖုန်းလာပြီးနောက် အဝတ်အစားလဲဖို့ နှစ်မိနစ်လောက်တောင် အချိန်ယူခဲ့ပါသေးသည်။ ချောင်တဲ့ဘတ်စ်ကားကို မစောင့်တော့ဘဲ ပထမဆုံးရောက်လာသော ဗိုင်နာကား၏ခြေနင်းခုံပေါ်မှ သက်စွန့်ဆံဖျား တွယ်လိုက်လာခဲ့ခြင်းလောက်သာ ပြောစရာရှိပါ၏။

"ယူနဲ့ တိုင်ပင်စရာလေးတစ်ခုရှိလို့ပါ"

ခိုင်းစရာရှိလို့ဆိုတာကို စကားလှအောင် သံတမန်အသုံးအနှုန်းဖြင့် ပြောလိုက်ခြင်းဖြစ်၏။

"ဘာလဲ၊ အိမ်ထောင်ပြုတော့မလို့လား၊ ဒါဆိုလဲ ကူညီမယ်၊ သင့်

www.burmeseclassic.com

www.burmeseclassic.com



တော်တဲ့လူ ရှာပေးမယ်လေ"

"လူရှင်တော်တွေပြောသလို မင်းသမီးရည်းစား ငါထင်တယ်ဆိုတာမျိုး မဟုတ်လား၊ အဲဒီကိစ္စဆိုမှဖြင့် ယူ့ကို ဘယ်အကူအညီ တောင်းပါ့မလဲ၊ ခင်ကြည်မြင့်ကိုပဲ ပြောတော့မှာပေါ့၊ သူက အလကားနေရင်း ဟိုလူနဲ့စပ် ဒီလူနဲ့စပ် လာလာလုပ်နေတာ"

"ခင်ကြည်မြင့်ရဲ့ အကြံဉာဏ်ကို လက်ခံလိုက်ရင်လည်း မဆိုးပါဘူး"

ခင်ကြည်မြင့်သည် ကျွန်တော့်ဘက်ကို ထောက်ခံမဲ ပေးထားခဲ့သူဖြစ်၏။

"ကဲပါ၊ အပိုတွေ ပြောမနေပါနဲ့"

"ကျွန်တော့်အဖို့တော့ လိုအပ်တာကို ပြောတာပါ"

သူက ကျွန်တော့်စကားကို ဂရုမစိုက်တော့ဘဲ သူပြောချင်သောအကြောင်းအရာကိုသာ ဦးတည်လိုက်သည်။

"ဒါနဲ့၊ တယ်လီဖုန်းရုံးမှာ ယူ့အသိ မရှိဘူးလား"

"ရှိပါတယ်၊ ထွန်းစိန်လေ ဘာဖြစ်လို့လဲ"

"တို့အိမ်က ဖုန်းဘီလ်ထဲမှာ နိုင်ငံခြားကို ဆက်ထားတယ်ဆိုပြီး ငွေတောင်းတာ ပါလာတယ်၊ အဲဒါ တို့လည်း မဆက်ဘဲနဲ့"

"မဖြူတို့ မသိဘဲ တစ်ယောက်ယောက် ဆက်ထားလို့ ဖြစ်မှာပေါ့"

"မဖြစ်နိုင်တာပဲ၊ ဒီအိမ်တဖုန်းကို ဘယ်သူက လာဆက်မှာလဲ"

"အိမ်ကလူတွေကော မေးပြီးပြီလား"

"အကုန်မေးပြီးပြီ ဘယ်သူမှ မဆက်ဘူးတဲ့"

"မသေးကိုကော မေးပြီးပြီလား"

ကျွန်တော်က နောက်လိုက်ခြင်းဖြစ်၏။ မသေးဆိုတာက အိမ်ဖော်



မိန်းကလေးလေ။

"အို. . . မသေးက ဘာလုပ်ဖို့ နိုင်ငံခြားဆက်ရမှာလဲ"

"ဘယ်ပြောနိုင်မှာလဲ၊ သူက ဒီမှာ အိမ်ဖော်လုပ်နေပေမယ့် သူ့အမျိုးတွေ နိုင်ငံခြား ရောက်ချင်ရောက်နေမှာပေါ့"

"တော်စမ်းပါ၊ ပေါက်ကရတွေ၊ အဲဒါ. . . တစ်ခုခုတော့ မှားနေပြီထင်တယ်၊ စုံစမ်းပေးပါလား"

"ကျွန်တော့်သူငယ်ချင်းက ဂျီအက်စ်အမ်ဘက်မှာ၊ ခုကိစ္စက ငွေစာရင်းဌာနနဲ့ဆိုင်တယ်"

"သူတို့ချင်း လှမ်းမေးလို့ရတာပဲ"

"အင်းလေ၊ မေးကြည့်ပေးပါ့မယ်"

ကျွန်တော်က လက်ပတ်နာရီကို ကြည့်သည်။ ရုံးချိန်မလွန်သေး။

"ဖုန်းခဏဆက်မယ်နော်"

ထွန်းစိန်ရုံးကို ဖုန်းဆက်လိုက်သည်။ မိန်းကလေးတစ်ယောက် ဖုန်းလာကိုင်သည်။

"ထွန်းစိန်ရှိလား"

"ရှင်"

ရုတ်တရက်မို့ ကြောင်သွားဟန်တူသည်။ ဟုတ်သားပဲ၊ ဒီကောင်က အရာရှိ ဖြစ်နေပြီပဲ။

"အော်. . . ဦးထွန်းစိန်လေ"

"ဆရာ ရုံးချုပ်ကခေါ်လို့ သွားပါတယ်ရှင်"

"ဘယ်အချိန်လောက် ပြန်ရောက်မလဲ"

"ဒီနေ့တော့ ရုံးကိုပြန်လာဖြစ်ဖို့ မသေချာပါဘူးရှင်၊ ဘယ်သူဆက်တယ်လို့ ပြောပေးရပါမလဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ သူငယ်ချင်းပါ၊ ကိစ္စမရှိပါဘူး၊ တကယ်လို့ ရုံးကိုပြန်လာဖြစ်ခဲ့ ရင်တော့ ချစ်နိုး ဖုန်းဆက်တယ်လို့ ညနေအိမ်ကို လာခဲ့မယ်လို့ ပြောပေးပါ ကျေးဇူးပဲ"

ဖုန်းချလိုက်ပြီးတော့

"ဒီကောင် ရုံးချုပ်သွားနေတယ်တဲ့၊ ညနေ အိမ်ကို သွားမေးလိုက်ဦး မယ်"

သူ၏အမှုတော်ကို အထူးကြိုးစား၍ ကျေပွန်စွာ ထမ်းဆောင်ပါ မည်ဟု ကတိပြုသည့်အတွက် ဆုချသည့်အနေဖြင့် တီးမစ်တစ်ခွက် ဖျော်တိုက်လေသည်။

(သူက နှုတ်ဖြင့်အမိန့်ပေးညွှန်ကြားပြီး မသေးက ဖျော်တိုက်ရခြင်း ဖြစ်၏။)

□□□

ဒီကောင် သူတော်ကောင်း လုပ်နေသဖြင့် စောင့်နေရသည်။ ကျွန် တော် ရောက်သွားတော့ ထွန်းစိန် တရားထိုင်နေသည်ဟုဆို၏။ သူခုလို ပြောင်းလဲသွားတာ အံ့ဩဖို့ကောင်းသည်ဟု ဆိုကောင်းဆိုနိုင်၏။

သူသည် တစ်ချိန်ကဆိုလျှင် ကျွန်တော်တို့ အုပ်စုထဲမှာ သောက်လုံး ကြီးသူတစ်ယောက် ဖြစ်ခဲ့၏။ ကျွန်တော်တို့ အုပ်စုက ယမကာကို သူငယ် ချင်းတွေဆုံမှ အပျော်သောက်ကြခြင်းဖြစ်၏။ သောက်တော့လည်း ဘီအီး တစ်ပုလင်းကို သုံးယောက်လောက် ဝိုင်းကိုင်ကြခြင်းဖြစ်၏၊ သောက်တာက နည်းနည်း၊ စားတာကများများ။ ပြီးတော့ တစ်ခွက်ငဲ့၊ နည်းနည်းချင်းငုံရင်း ကားတွေ အများကြီး ပြောကြသည်။

ဒါကို ထွန်းစိန်က မကြိုက်။ သောက်ရတာ အားမရ ဖြစ်နေ၏။

"မင်းတို့က အရက်သောက်တာမှ မဟုတ်ဘဲ လေသောက်နေကြ တာပဲ"

ဟုဆိုသည်။ သူက မြန်မြန်မူးအောင် တစ်ခွက်ပြီးတစ်ခွက် ဆင့်

www.burmeseclassic.com

www.burmeseclassic.com



သောက်ချင်သူဖြစ်၏။ ထို့ကြောင့် နောက်ပိုင်းကျတော့ နှစ်ပုလင်း တစ်...
တည်းမှာရသည်။ ကျွန်တော်တို့က တစ်ပုလင်းကို ဝိုင်းမျှသောက်ကြသ...

"မင်းဘာသာ ကြိုက်သလို မြိုပေတော့ကွာ"

ဆိုပြီး သူ့အတွက် တစ်ပုလင်း သပ်သပ်ထောင်ပေးထားလို...
နားအေးတော့သည်။ သူကလည်း တစ်ယောက်တည်းနဲ့ တစ်ပုလင်...
ကောင်းကောင်း မြိုနိုင်သူဖြစ်သည်။ သိပ်အသောက်မကြမ်းဖို့ သူ...
ပြောတော့

"ငါ့မှာ ဒါလေးပဲ မက်မောစရာရှိတာပါကွ"

ဟုပြန်ဖြေသည်။

သူက ညီအစ်ကိုမောင်နှမတွေထဲမှာ အကြီးဆုံးဖြစ်၏။ ထို့ကြေ...
အစစအရာရာ အနစ်နာခံရသည်။ မိသားစုတာဝန်ကို သူ့အဖေ...
ပခုံးပြောင်းယူရမည်ဖြစ်ကြောင်းကိုလည်း ကြိမ်းသေသိနေသည်။ ဒီ...
အတိုင်းဆိုလျှင် မိန်းမယူလို့ဖြစ်မှာ မဟုတ်တော့။

ရည်းစားမထားမိအောင် ကြိုးစားနေရမည်။ အချစ်နဲ့ ဝေး...
နေနိုင်အောင် ဘီအီးကိုအစားထိုး အဖော်ပြုရသည်ဟု ဆို၏။ သူ့ဘာ...
ကြိုက်လို့ သောက်ပြီးတော့မှ အချစ်ကို တရားခံရှာလေသလားတော့ မ...

ဒီကောင် ကြောင်တောင်တောင်လုပ်ခဲ့တာ တစ်ခုရှိသေးသ...
အဝတ်အစားကို စုတ်စုတ်ချာချာ ညစ်ညစ်နွမ်းနွမ်းဝတ်သည်။ ဆံပင်...
ကို ရှုပ်ရှုပ်ပွပွဖြစ်အောင် လုပ်ထားသည်။ ကျွန်တော်တို့က

"သပ်သပ်ရပ်ရပ် နေစမ်းပါကွာ"

ဟုပြောသောအခါ

"တမင်တကာ ကြံတင်ကာကွယ်မှု လုပ်ထားတာကွ၊ ငါက သ...
သားနားနားဖြစ်နေလို့ ကောင်မလေးတွေက လာကြိုက်နေရင် ခက်မ...





နောက်ပိုင်း သူ့မိဘတွေ ကွယ်လွန်သောအခါ မိသားစုတာဝန်က
...အပေါ် လုံးလုံးလျားလျား ပုံကျလာသည်။ ညီတွေ၊ နှမတွေက ငယ်သေး
...ည်။ သူ့အလုပ်ကြိုးစားလုပ်ရတော့မည်။ ရုံးအလုပ်အပြင် ညဘက်
...စ်ခုခု လုပ်ရမည်။ အသုံးစရိတ်ကိုလည်း ချွေတာရမည်။ ညဘက်
...လုပ်လုပ်နိုင်ဖို့အတွက် ယမကာကို ကျောခိုင်းမှ ဖြစ်တော့မည်။

"ငါ အရက်ဖြတ်ချင်တယ်ကွာ၊ ဘယ်လိုဖြတ်ရင် ကောင်းမလဲ"

ဟု လာတိုင်ပင်သည်။ ကျွန်တော်က

"လွယ်ပါတယ်ကွာ၊ အရက်ကို ဘီယာနဲ့ ဖြတ်ပေါ့ကွ"

ဟု နောက်သည်။ တချို့က ဖြည်းဖြည်းချင်း လျှော့သောက်ပြီး
...းဖြတ်ဖို့ အကြံပေးသည်။ သူက အချိန်မရတော့ဘူး၊ တိကနဲပဲဖြတ်မှ
...မယ်ဆိုပြီး လုံးဝမသောက်ဘဲ နေကြည့်သည်။ မရဘူးကွ၊ မနေနိုင်ဘူး၊
...န်သောက်မိတော့မယ်ဟု မကြာခဏပြောသည်။

နောက်တော့ ဝါရင့်အရက်သမားဟောင်းကြီးတစ်ဦး၏လမ်းညွှန်မှု
...င် တရားထိုင်ကြည့်ရာမှ အဆင်ပြေသွားသည်။ အရက်လုံးဝဖြတ်ပြီး
...ည့်တိုင်အောင် ဒီအလုပ်ကို စွဲစွဲမြဲမြဲ ဆက်လုပ်နေသည်။ သူလည်း
...နိန်ထိ ကျွန်တော့်လိုပဲ လူပျိုကြီးပင်ဖြစ်၏။

နာရီဝက်လောက် စောင့်ပြီးမှ သူတရားထိုင်လို့ ပြီးသည်။

"ဟေ့ကောင်၊ ရောက်နေတာ ကြာပြီလား"

သူက နှုတ်ဆက်သည်။ ကျွန်တော်က

"ကြာပြီပေါ့ကွာ၊ ဗိုက်တောင်ဆာနေပြီ"

"အေးပါကွာ၊ လက်ဖက်ရည်တိုက်ပါ့မယ်"

လက်ဖက်ရည်ဆိုင်ကို ထွက်လာကြရင်း

www.burmeseclassic.com

www.burmeseclassic.com



"မင်းရုံးကိုတောင် ဖုန်းဆက်သေးတယ်"

"ရုံးချုပ်သွားနေတာကွ၊ ဒါနဲ့ မင်းဖုန်းဆက်တာ ကိစ္စရှိလို့လား"

"အေးကွာ၊ မိတ်ဆွေတစ်ယောက်က အကူအညီတောင်းလို့ပါ"

"အမျိုးသမီးမိတ်ဆွေ မဟုတ်လား"

ခုလို တကူးတက အားကြီးမာန်တက် ကူညီပေးတာဟာ 'သူ'ကိစ္စ ဖြစ်ရမယ်ဆိုတာ ဒီကောင် ကောင်းကောင်းသိနေ၏။ ထို့ကြောင့် ရှောင် မနေတော့ဘဲ

"အေးကွာ၊ သူ့အိမ်က ဖုန်းဘီလ်ထဲမှာ အိုတာဆီးကောလ်အတွ တောင်းတာပါလာလို့ သူလည်း မဆက်ဘဲနဲ့"

"မဆက်ဘဲနဲ့တော့ ဘယ်တောင်းပါ့မလဲ"

"သူကတော့ မဆက်ဘူးလို့ အသေအချာ ပြောတာပဲ၊ သူတို့အိမ် လည်း အပြင်လူ အဝင်အထွက်ရှိလှတာ မဟုတ်ဘူး"

"ဒါလွယ်ပါတယ်ကွာ၊ ကွန်ပလိန်း လျှောက်လွှာတင်လိုက်ပေါ့"

"ဒါတော့ မင်းပြောမှလားကွ၊ ငါလည်း သိတာပေါ့၊ မင်းမှာ တစ်ခုခု ကူညီနိုင်မလားလို့"

"ဒါက ငါတို့ဌာနနဲ့ မဆိုင်ဘူးလေ၊ လျှောက်လွှာသာ တင်လိုက် ကွာ" ဒီကောင် တိတိကျကျလုပ်တတ်တာ သိပြီးသားဖြစ်သောကြော မြန်မြန်သိရအောင် ဖုန်းတော့ဆက်ထားပေးပါဟုသာ ပြောလိုက်၏။ ကယ်တော့ မြမြဖူးကိစ္စအတွက် ကျွန်တော် အပင်ပန်းခံပြီး လိုက်လုပ် တယ်ဆိုသော အချက်သာလျှင် လိုရင်းဖြစ်၏။

လက်ဖက်ရည်ဆိုင်ရောက်တော့ ကျွန်တော် ဗိုက်ဆာနေပြီဖြ သဖြင့် ဘဲသားမုန့်တစ်ခု အရင်စားလိုက်သည်။ ထွန်းစိန်ကို ကြည့်ရတာ ဟိုအရင် သောက်စားနေသော အချိန်ကလို မဟုတ်ဘဲ အသားအရေ



ကြည်လင်ပြီး သပ်သပ်ရပ်ရပ် ဖြစ်နေ၏။

"မင်း ကျန်းမာရေး ကောင်းပုံရတယ်"

ဟု ကျွန်တော်ပြောတော့ သူက

"အေးကွ၊ တရားထိုင်တဲ့ အကျိုးပေါ့၊ မင်းလည်း စမ်းကြည့်ဖို့ ကောင်းတယ်၊ ဒါဟာ အချစ်ကို ခုခံကာကွယ်တားဆီးဖို့ အကောင်းဆုံး နည်းလမ်းပဲကွ"

"နေပါစေ၊ ငါက မင်းလို သတ္တိမနည်းဘူးကွ၊ အချစ်ကို မကြောက် ဘူး၊ ဒါကြောင့် ခုခံကာကွယ်နေစရာ မလိုဘူး၊ ပြီးတော့ အချစ်ဟာ ငါ့ရဲ့ ရန်သူ မဟုတ်ဘူး၊ မဟာမိတ်ပဲ"

"အင်အားကြီးတဲ့ မဟာမိတ်ပေါ့၊ အောက်ကျို့ပြီး ချော့ပေါင်းနေရ တာ မဟုတ်လား"

ဒီကောင်က မြမြဖူးနဲ့ကိစ္စကို ကြုံတဲ့အခါတိုင်း ထေ့နေကျဖြစ်၏၊ သူက ကျွန်တော့်ကို သနားသလိုကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေ သည်။ ကျွန်တော်လည်း မခံချင်ဖြစ်သွားပြီး

"ထွန်းစိန်၊ မင်းဟာ နွားတစ်ကောင်လိုပဲ၊ မြက်ပဲစားဖူးတော့ အသားရဲ့ အရသာကို မသိဘဲ ညီသလေး နံ့သလေး ပြောသလိုမျိုးပေါ့"

ဟု သူ့ကို နှိပ်ကွပ်ဖို့ ကြိုးစားရာ သူက

"အေးပေါ့လေ၊ မစင်ဘင်ပုပ်တို့မည်သည် လူတွေအတွက် စက်ဆုပ် ရွံရှာဖွယ်ဖြစ်ပေမယ့် ပိုးလောက်ကောင်တွေအဖို့တော့ စံပျော်မွေ့ရာ ဘုံဗိမာန်ကြီးလို့ ထင်နေရှာမှာပေါ့"ဟု ကျွန်တော့်ကို ပြန်ဖွဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းရုံမှာ လျှောက်လွှာတင်ရသည်။ ထိုအတွက် သွင်းရသောငွေကိုလည်း ကျွန်တော်ပဲ စိုက်လိုက်ရသည်။ သူ့ဆီက ပြန်မတောင်းတော့ဘူးဟု စဉ်းစားထားသည်။ တော်ကြာ ဒီလောက်ငွေကလေးကို တွက်ကပ်တယ်ထင်မှာ စိုးရသည်။

ထွန်းစိန် ဖုန်းဆက်ထားလို့ပဲလား၊ ဒီလောက်ပဲ ကြာတတ်တာ ထုံးစံပဲ လားမသိ။ ရက်ပိုင်းကလေးအတွင်းမှာပင် အဖြေကို သိရ၏။

"ကဲ. . . ဟောဒီမှာ အတိအကျပဲ၊ ဘယ်နေ့ဘယ်ရက်က ဘယ်ကို ဆက်တာ ဘယ်နှစ်မိနစ်ကြာတယ်ဆိုတာပါ ပါတယ် စက်ာပူကို ဆက်တာတဲ့"

ကျွန်တော်က စာရွက်ကလေးကို လှမ်းပေးရင်း ပြောသည်။

"တို့ သိပြီးပါပြီ"

"ဟင်. . ဘယ်လိုလုပ် သိတာလဲ၊ ထွန်းစိန် ဖုန်းဆက်လို့လား"

"မဟုတ်ပါဘူး၊ တို့ဘာသာ သိတာ"

"ဘယ်လို"

"ဒီလိုလေ၊ စင်္ကာပူကို ဖုန်းဆက်တယ်ဆိုတာ အမှန်ပဲ၊ တို့ရဲ့မောင်ဝမ်းကွဲတစ်ယောက် အိမ်ကိုလာရင်း ဆက်သွားတာတဲ့၊ မေမေ့ကို ပြောပြီး ဆက်တာ၊ မေမေက ပြန်ပြောဖို့ မေ့နေလို့၊ ဘီလ်လာတော့လည်း ဒီအကြောင်း မေမေနဲ့ စကားမစပ်မိဘူး၊ ဟိုတစ်ခေါက် ယူလာသွားပြီးမှ ဖေဖေနဲ့ တို့နဲ့ စကားပြောနေတာကို မေမေကကြားပြီး သတိပြန်ရသွားတာ"

"အဲဒါဆိုလည်း ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်ပြီး ပြောရောပေါ့ ဒါဆို"

"ဆက်သေးတယ်၊ မရဘူး၊ နောက်နေ့ကျတော့ တို့အိမ်ကဖုန်းလည်း



ဖျက်ပြန်ရော၊ အဲ. . . . အဲ့ဒီကိစ္စလည်း တလက်စထဲ ကူညီပါဦး၊ ဒီကနေ အပြန်ကျရင် မြို့နယ်ဖုန်းရုံးကိုဝင်ပြီး အကြောင်းကြားထားပေးပါလား"

အကူအညီတောင်းတဲ့နေရာမှာတော့ တော်တော်အကွက်စေ့တာပဲ၊ ကျွန်တော်ကလည်း ကူညီတဲ့နေရာမှာ အကွက်စေ့တဲ့လူဆိုတော့ အတော်ပဲပေါ့။ တစ်ခုပဲရှိ၏။

ဖုန်းဘီလ်ကိစ္စ ကျွန်တော် အပင်ပန်းခံ စုံစမ်းရတာ အလဟဿ ဖြစ်သွားသည်။ ကူညီရတာ အရာမထင်လိုက်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့် ကြိုးစားမှုအတွက် ကျေးဇူးမတင်ချင်လျှင်တောင် 'သက်သက်ပင်ပန်းသွားရပြီနော်၊ ဆောရီးပဲ' ဆိုတာမျိုး အားနာစကားလောက်ဖြစ်ဖြစ် ပြောသင့်ပါသည်။ ခုတော့ ဒါမျိုးမပြောတဲ့အပြင် နောက်တစ်ခုတောင် ထပ်ခိုင်းလိုက်သေးသည်။ အဲဒီကိစ္စပါပြီးမှ နှစ်ခုပေါင်းပြီး ကျေးဇူးတင်စကားပြောမလို့လားမသိ၊ ဒါဆိုလျှင် ကျေးဇူးစကားပြောရတာ တစ်ခါစာ သက်သာသွားမည်ဟု သုံ့တွက်ချင် တွက်မည်။

ကျွန်တော့်စိတ်ထဲမှာ ဒီအတိုင်းစင်းစင်းကြီးတော့ မခံချင်။ တစ်ခုခုတော့ အမြွတ်ထွက်ချင်သည်။ ထို့ကြောင့်

"စင်္ကာပူကို ဖုန်းဆက်တယ်ဆိုတဲ့ကိစ္စကို မမြဖူးသိရက်သားနဲ့ မသိချင် ယောင်ဆောင်ခဲ့တာ မဟုတ်လား"

"ဘာရယ်၊ တို့က ဘာကြောင့်၊ အော်. . . ဟုတ်ပြီ ယူ့ကို ပညာပြပြီး နှိပ်စက်ချင်လို့ တမင်မသိချင်ယောင်ဆောင်ပြီး ခိုင်းတာလို့ စွပ်စွဲချင်တာလား"

သူ့လေသံက မကျေနပ်သံ စွက်နေသည်။ ဒီအတွက် ကျွန်တော် ဝမ်းသာသွားသည်။ သူ့ကို တစ်ကွက်ကျော့ဖို့ အခွင့်သာသွားပြီ။ ကျွန်တော် ဖြူးလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသဘောပြောတာ မဟုတ်ပါဘူး၊ မမြဖူးက ကျွန်တော့်ကို တွေ့ချင် မြင်ချင်တာကြောင့် တကယ်ကိစ္စမရှိဘဲနဲ့ တယ်လီဖုန်းဘီလ်ကိစ္စကို အကြောင်းပြုပြီး လှမ်းခေါ်လိုက်တာလား တွေးမိလို့ပါ"

သူ ဟက်ကနဲရယ်သည်။ တစ်ပြိုင်နက်တည်းမှာ ပါးစပ်ကို လက်ဝါးနှင့်အုပ်ပြီး ကွယ်လိုက်သည်။

တကယ်တော့ ပါးစပ်ပြဲတဲ့လူတွေ၊ သွားမလှတဲ့လူတွေသာ သူတို့အားနည်းချက်ကို ဖုံးကွယ်တဲ့အနေနဲ့ ရယ်လျှင်ပါးစပ်ကို လက်နှင့်အုပ်လေ့ရှိကြ၏။ သူ့မှာ ဒီလိုချွတ်ယွင်းချက်တွေရှိတာလည်း မဟုတ်ပါဘဲနဲ့။

သူသည် အသက်သုံးဆယ့်ငါးကျော်ပြီး လေးဆယ်ဘက်သို့လှလာပြီဖြစ်သောကြောင့် ကလေးမလေးတွေရဲ့နှုတ်ခမ်းလို ပန်းသွေးရောင်နုနုလေး မဟုတ်တော့သော်လည်း ပြည့်ပြည့်တင်းတင်း ရှိတုန်းပင်ဖြစ်၏။ မထူလွန်း မပါးလွန်းဘဲ ခပ်လျားလျားရှိ၏။ နှုတ်ခမ်းနီကြော်ငြာထဲက နှုတ်ခမ်းတွေလို ပိရိသပ်ရပ်သော ကောက်ကြောင်းများရှိသည်။

သွားတွေဆိုတာကတော့ အသက်ကလေးနည်းနည်းရလာတဲ့အခါ ရင့်သွားတာမျိုး၊ တွန့်သွားတာမျိုး ဖြစ်တတ်တာမဟုတ်။ နဂိုနေအတိုင်းပဲရှိနေတတ်တာလေ။ သူ့သွားတွေကလည်း သွားတိုက်ဆေးကြော်ငြာထဲကလိုပဲ ဖြူဖွေးညီညာလှသည်။

ထိုနှုတ်ခမ်းနှင့် ထိုသွားများပူးပေါင်းပြီး ရယ်လိုက်သောအခါ အလွန်ကြည့်ကောင်းပြီး ဆွဲဆောင်မှုရှိလှ၏။ ဒါနဲ့များ သူက လွတ်လွတ်လပ်လပ် မရယ်ဘဲ ဘာကြောင့် လက်ဝါးနှင့်အုပ်ပြီး ဆင်ဆာလုပ်ချင်ရတာလဲမသိ။ ရယ်တာကိုတောင် ရှင်းရှင်းလင်းလင်း ကြည့်ခွင့်မရအောင် နှမြောတွန့်တိုနေရသေးသည်။ ဒါမှမဟုတ် မလိုအပ်ဘဲ တန်ဖိုးမြှင့်နေတာလည်း ဖြစ်နိုင်၏။ ဒီလိုလူမျိုး အပျိုကြီးဖြစ်နေတာ ဘာဆန်းသလဲ။



ကျွန်တော့်မှာ ရယ်စရာကိစ္စတစ်ခုနှင့် ကြုံလာလျှင် သို့တည်းမဟုတ် ရယ်စရာစကားတစ်ခုခု ပြောဖြစ်ပြီဆိုလျှင် သူ့ပါးစပ်ကို လက်ဝါးနှင့် အုပ်ကွယ်ခြင်းမပြုခင် အခိုက်အတန့်ကလေးမှာ အချိန်လုပြီး အလျှင်အမြန် မီအောင်ကြည့်ရ၏။ တစ်ခါတလေ သူကစ၍ ရယ်စရာပြောပြီး တဆက်တည်းရယ်လိုက်သောအခါ အငိုက်မိပြီး သူရယ်တာကို လက်လွတ်သွားတာလည်းရှိ၏။ တစ်ခါတစ်ခါတော့ ကိုယ့်ဘာသာ တမင်တကာ ရယ်စရာပြောပြီး သတိထား၍ အလျင်မီအောင် ကြည့်ရလေသည်။

ခုတစ်ခါမှာတော့ သူရယ်လိမ့်မယ်ဆိုတာ ကြိုတင်ခန့်မှန်းမိသဖြင့် အတော်အသင့် မြင်ခွင့်ရလိုက်သည်။ သူက လက်ဝါးကို ပြန်ဖယ်လိုက်သည်။ အံပြုံးငွေ့ငွေ့ချန်ထားပြီးနောက်

"ထားပါတော့လေ၊ တို့က ယူ့ကို မတွေ့ရမနေနိုင်အောင် ဖြစ်နေလို့ တမင်လီဆယ်အကွက်ဆင်ပြီး ခေါ်တယ်လို့ပဲ ထားပါတော့၊ အခုလည်း ယူ့ကို နောက်တစ်ကြိမ် ထပ်တွေ့ခွင့်ရအောင် ကြံစည်ဦးမှပဲ"

"ဘယ်လိုကြံစည်မှာလဲ"

"တယ်လီဖုန်း အခွန်ငွေသွင်းဖို့ ယူပဲဆက်ပြီး ကူညီလိုက်ပေါ့၊ အတစ်အီးစီလဲ ယူပဲရှာပေးပါ၊ ကျသင့်သလောက်ကို မှန်းပြီးပေးလိုက်ပါ့မယ်"

ရန်သူကိုတောင် ချီးကျူးသင့်ရင် ချီးကျူးရသေးတာ၊ သူ့တို့တော့ မချီးကျူးဘဲနေလို့မဖြစ်။ စကားတင်စီးခံရတဲ့ကြားထဲကပင် ခိုင်းစရာတစ်ခုကို ရအောင် ဖန်တီးလိုက်နိုင်တာကိုပေါ့။

ကျွန်တော် သူ့ကို တစ်ချက်ကြည့်သည်။ ထွန်းစိန်ပြောသောစကားကို သတိရမိ၏။ တကယ်တော့ လှပချောမွေ့လှပါသည်တဲ့ ထွန်းတောက်ထင်မြင် နေသော သူ့ကိုယ်ခန္ဓာသည် အမိုးစုပေါ်တွင် အကြောင်းရုံးပြုတွယ်ဟန်ဆောင်ထားခြင်းမျှပါတကား။ မစင်ဘင်ပုပ်တဲ့သို့ ရုံးရွာနှုတ်အတိပါ

www.burmeseclassic.com

www.burmeseclassic.com



တကားဟု ရှမြင်ဖို့ ကြိုးစားကြည့်သည်။

ထိုအခိုက်တွင် လေတစ်ချက် တိုးဝှေ့ဝင်လာသည်။ ထိုလေသည် သူ့ကိုယ်ခန္ဓာကို ပွတ်သပ်ပြီးနောက် ကျွန်တော့်ဘက်သို့ ဝှေ့ဝဲလွင့်ပျံလာသည်။ ကိုယ်သင်းနံ့ဟု ခေါ်တွင်သော ထူးဆန်းသည့် ရနံ့တစ်မျိုးကို ရလိုက်သည်။ ထိုအခါ ကျွန်တော်သည် ပညတ်နှင့် ပရမတ်ကို ကောင်းကောင်းကြီး ခွဲခြားသိမြင်သွားရလေ၏။

၅

သူ့အိမ်က ပြန်ထွက်လာတဲ့အခါတိုင်း စိတ်ထဲမှာတစ်မျိုးကြီး ခံစားရလေ့ရှိ၏။ ဆယ်တန်းစာမေးပွဲနောက်ဆုံးနေ့ဖြေပြီး ပြန်ထွက်လာရသလိုမျိုးနှင့် ခပ်ဆင်ဆင်ဖြစ်၏။ ပခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီး ကျသွားသလို ပေါ့ပါးသွားသလို ရှိသော်လည်း စိတ်ထဲမှာ ရှင်းရှင်းလင်းလင်းမဖြစ်။ ကြိုတင်တွေးဆထားသလို လွတ်လွတ်လပ်လပ် ပျော်သွားရတာမျိုး မဟုတ်။ တစ်စုံတစ်ရာကို ဝိုးရိုးမှုပ်ပန်မိသလိုလို၊ ကလေးဘဝကတည်းက တက်ခဲ့ရသော ကျောင်းကြီးကို ခွဲခွာရတော့မှာမို့ လွမ်းသလိုလို ဆရာ ဆရာမတွေကိုပဲ သတိရနေသလိုလို၊ သူငယ်ချင်းတွေကိုပဲ တမ်းတမိသလိုလို။

တကယ်တော့ ကျွန်တော့်အနေဖြင့် သူ့အိမ်ကို အချိန်မရွေး သွားလည်လို့ရသည်။ သူနှင့် ကျွန်တော် ဘာမှမဖြစ်ကြသေးသော်လည်း အိမ်ကို ဝင်ထွက်ခွင့်ရှိ၏။ အကြောင်းကိစ္စရှိလို့ သူကလှမ်းခေါ်မှ သွားရမည်ဟု မဆိုလို။ ကျွန်တော့်ဘက်က ကိစ္စတစ်ခုခု ကြံဖန်အကြောင်းပြပြီး သွားလို့ရသည်။ သူနှင့် ပတ်သက်သောအကြောင်းကို မပြချင်လျှင်တောင်မှ သူ့အဖေကြီးကို စစ်တုရင်တစ်ပွဲလောက် နိုင်အောင်ထိုးနိုင်လျှင် နောက်တစ်



ပတ်မှာ မကြေပွဲ နွဲ့ဖို့ဖိတ်ခေါ်ခြင်းခံရနိုင်သည်။

စိုက်ပျိုးရေးအရောင်းဆိုင်ကိုသွား၊ ထူးခြားသောပန်းမျိုးစေ့ဖြစ်ဖြစ်၊ ပျိုးပင်ဖြစ်ဖြစ်ဝယ်ပြီး သူ့အမေကြီးအတွက် လက်ဆောင်ပေးရင်း သွားလို့ရသည်။ ဒီနားမှာ ကိစ္စတစ်ခုရှိလို့လာရင်း လမ်းကြုံဝင်လာတာဟု အကြောင်းပြလို့လည်း ရသေးသည်။ ယုတ်စွအဆုံး နည်းနည်းပါးပါး သိကွာအပွန်းခံပြီး မြမြဖူးနဲ့ မတွေ့ရတာကြာလို့ သတိရလို့ဟု ခပ်ပြောင်ပြောင်ပြောပြီးသွားလို့တောင်ရသည်။

ဒါတင်မက တောင်းထားတဲ့ အဖြေမရမချင်း သူ့ဆီသွားဖို့ အခွင့်အရေး အလိုအလျောက်ရှိနေသည်။ သူ့ဆီက ယတိပြတ်အဖြေတစ်ခုခုရပြီဆိုလျှင်တော့ ဖြစ်လာနိုင်တာ နှစ်ခုရှိ၏။ တစ်ခုက သူ့ဆီ လုံးဝသွားခွင့်မရတော့ဘဲ အဆက်ပြတ်သွားဖို့ နောက်တစ်ခုကတော့ တရားဝင်ချစ်သူတစ်ယောက်အနေဖြင့် သူ့ဆီကို ခေါင်းမော့ရင်ကော့ပြီး မိန့်မိန့်ကြီး သွားဖို့ဖြစ်၏။

ဒီလိုအခြေအနေမျိုး ဆိုက်ဖို့ဆိုတာကတော့ ဘယ်တော့လဲဆိုတာ ပြောဖို့ခက်သည်။ မကြာခင်လည်း ဖြစ်ချင်ဖြစ်မည်။ တစ်သက်လုံး လက်ရှိအနေအထားမျိုးလည်း ဖြစ်ချင်ဖြစ်မည်။

မရေရာသော အနေအထားကြောင့် စိတ်ဖြောင့်ဖြောင့် မနေနိုင်တာလည်း ဖြစ်ချင်ဖြစ်မည်။ ထို့ကြောင့်ပင် သူ့အိမ်က ပြန်လာတဲ့အခါတိုင်း နောက်ကြောင်းမအေးသလိုလို၊ သူ့အိမ်မှာ ပစ္စည်းတစ်ခုခု မေ့ကျန်ခဲ့သလိုလို၊ အရေးကြီးသော စကားတစ်ခွန်းကို မပြောခဲ့မိသလိုလို တစ်ခုခုမပြောမှား ဆိုမှားရှိခဲ့သလိုလို၊ စိတ်ထဲမှာ မရှင်းမလင်းဘဲ တထင့်ထင့်ဖြစ်နေရတတ်သည်။

အမှန်တော့ ခုလိုခံစားမှုမျိုးကို ကျွန်တော့်အနေဖြင့် ရှိနေသင့်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ မကြာခဏဆိုသလို ဒါမျိုးကြုံတွေ့ခဲ့ရဖူးတာကို၊ သူ့ဆီက အဖြေ
တောင်းနေခဲ့တာကလည်း နှစ်ပေါင်းများစွာတောင် ကြာနေခဲ့ပြီ၊
ကြာဆို တက္ကသိုလ်တုန်းကတည်းကပါပဲ၊

ဂဂဂ



♥

ရန်ကုန်တက္ကသိုလ် သိပ္ပံဆောင်အဆောက်အဦးရှိ ကျောင်းသား
များ နားနေခန်းအနီး စင်္ကြံထောင့်နံရံမှာ ကြော်ငြာသင်ပုန်းတစ်ခုရှိ၏၊
ထိုသင်ပုန်းကို ကျောင်းက သိပ်သုံးလေ့မရှိ၊ တခါတလေကျမှသာ ကြေညာ
ချက်တစ်ရွက်တလေ ကပ်တတ်သည်၊

များသောအားဖြင့်တော့ ကျောင်းသားတွေကသာ အသုံးချလေ့ရှိ
၏။ သူငယ်ချင်းကို မှာစရာရှိတာကို အံချင်းချင်းနားလည်သော သင်္ကေတ
ဖြင့် ရေးကပ်ထားလေ့ရှိ၏၊

တချို့က ပေါက်တတ်ကရတွေ လျှောက်ရေးထားတတ်သည်၊

"အယ်လ်စီအာရှေ့မှာ ဆပ်စပိုင်ဒါ(ဆိုက်ကြီး) တစ်ထည် ကောက်
ရထားသည်။ အမြန်လာရွေးပါ၊ မိမိပစ္စည်း မှန်ကန်ကြောင်း သိသာရှင်
ဝတ်ပြရမည်၊သုံးရက်ကျော်လို့ လာမရွေးလျှင် ဆရာကြီးထံ အပ်မည်၊
(ဆရာကတော်အတွက်)"

"မာတု ၁၉၁ ရေ ကိုယ့်ကို ချစ်တယ်လို့ ဖွင့်ပြောဖို့ ရှက်နေရင်

www.burmeseclassic.com

www.burmeseclassic.com



တနဲ့ရေးပြီး ဒီပေါ်မှာကပ်ထားခဲ့ပါ”

(အောက်မှ တခြားလက်ရေးဖြင့်)

“မင်းနှမ ငါ့ကို အဖြေပေးတုန်းက ဒီလိုမဟုတ်ပါဘူး”

စသော စာမျိုးစုံကို တွေ့ရတတ်၏။

တစ်ခါတော့ ထူးခြားသော ဖဲပွင့်တစ်ခု ချိတ်ထားတာ တွေ့လို
ရ၏၊ တတ်ထူထူတစ်ခု၏ ကပ်လျက်ဖြင့် အပေါက်ရှည်ကလေးဖောက်
ချိတ်ထားခြင်းဖြစ်၏၊ ခြံဝင်းတွင်းရှေ့မှာ ရှိတတ်သော စာတိုက်ပုံးကလေ
သဘောမျိုး လုပ်ထားသည်။ အပေါ်မှ ကပ်ထားသောစာက ‘မြမြဖူးအ
တွက် စာမ•:ထည့်ရန်’

ဒီပေါက်နာမည်ကြီးတဲ့ မြမြဖူးဆိုတာ ဘယ်လိုမျိုးပါလိမ့်မလဲ
တော့. . .

သူသည် တက္ကသိုလ်က အလှဘုရင်မ(ကွင်း) တစ်ယောက်တော
မဟုတ်။ ဒီလိုဖြစ်ရတာကလည်း အကြောင်းရှိ၏။ ‘ကွင်း’ရွေးလေ့ရှိသော
မောင်မယ်သစ်လွင် ကြိုဆိုပွဲနေ့မှာ အပြင်းဖျားနေရာမှ နာလန်ထကာ
ဖြစ်သောကြောင့် လူကချောင်နေသည်။ အနွေးထည်အကျီပွကြီး ဝတ်လာ
ခဲ့ရသည်။ ထိုအခါ သူ့ကို ဂရုမပြုမိကြတော့။ ဒီကြားထဲ မျက်စိနာနေသဖြ
နေကာမျက်မှန်အမည်းကြီး တပ်ထားသေးသည်။ ဒီတော့ မျက်စိဝေဒနာ
ရှိတဲ့ လူတစ်ယောက်လို့ ထင်စရာလည်း ဖြစ်သွားရ၏။

ထို့ကြောင့် ထင်းကနဲ လင်းကနဲလှသော တစ်ခြားကျောင်းသူ
တစ်ယောက်ကို အလှဘုရင်မအဖြစ် ရွေးလိုက်ကြသည်။ နောက်ပိုင်းကျ
မြမြဖူးကို သတိပြုမိလာကြပြီး တစတစ နာမည်ကြီးလာခြင်းဖြစ်၏။

သူက အကျီပွပွတွေ၊ ထမိန်ထူထူတွေ ဝတ်တတ်သည့်တိုင် ကိုယ်လုံး
အလှက ပေါ်လွင်နေသည်။ သူ့အသားရောင်က ဖြူသည်ဟု မဆိုနိုင်



ညိုတာလည်းမဟုတ်။ ဝါတာလည်းမဟုတ်၊ စိမ်းဖန့်ဖန့်ဖြစ်၏။ အသားလှ
ရှည်တစ်ခုခုလိမ်းထားသလား ထင်ရ၏။ အမြဲတမ်း စိုနေသယောင်ဖြစ်၏။

သူ့အသားအရေက နူးညံ့ချောမွေ့မယ်ဆိုတာ သေချာသည်။ ပိုးဖဲ
ဇာတွေပါတို့မည်သည် ကိုင်ကြည့်မှမဟုတ်၊ မြင်လိုက်ရုံနှင့် နူးညံ့ချောမွေ့
ကြောင်း သိနိုင်သကဲ့သို့ပင်တည်း။

သူ့မျက်လုံးများသည် တဖြတ်ဖြတ်တောက်လက်နေတာမျိုးတော့
မဟုတ်။ ညို့ညို့မှိုင်းမှိုင်းဖြစ်၏။ သို့ရာတွင် တစ်စုံတစ်ခုကို ကြည့်ပြီဆိုလျှင်
တော့ ရဲရင့်စွာစူးစိုက်ကြည့်တတ်သည်။ လူအတော်များများသည်
ထိုအကြည့်ကြောင့်ပဲ သူ့ခြေရင်းသို့ ခရေပန်းတွေလို တဖြုတ်ဖြုတ် ကြွေ
ဆင်းခဲ့ကြရခြင်း ဖြစ်၏။ (ဒီကြားထဲမှာ ဘော်က်ဖတ်တစ်ကောင်ကလည်း
ဖုတ်ခနဲကျလာ သေးသည်။ အဲဒါ ဘယ်သူလဲဆိုတာတော့ မိဘပြည်သူများ
သိရှိပြီးဖြစ်တဲ့ အတိုင်းပဲ)

သူ့ကို စိတ်ဝင်စားနေသူတွေ တော်တော်များသည်၊ သူ့ဂုဏ်
သတင်းကလည်း တစတစနာမည်ထွက်လာလိုက်တာ ကျွန်တော်တို့ ရန်
ကုန်တက္ကသိုလ်နယ်မြေကို ကျော်လွန်ပြီး ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်
တို့အထိ ပျံ့နှံ့သွားသည်၊ သူ့ကို မြင်ဖူးချင်လို့ တကူးတက လာကြည့်သူတွေ
တောင်ရှိ၏။ မြင်ဖူးသွားတော့လည်း နောက်ထပ်မလာဘဲ မနေနိုင်ကြ
တော့။

သူ့ကို စကားလိုက်ပြောမယ့်သူ၊ စာလိုက်ပေးဖို့ချောင်းနေတဲ့သူတွေ
က အမြဲမပြတ် ရှိနေတတ်သည်။ သူကလည်း အန္တရာယ်ကို သိသဖြင့်
သူငယ်ချင်းသုံးလေးယောက်နှင့်အတူ သွားလာလေ့ရှိ၏။ ဒီတော့ တော်ရုံ
တန်ရုံနှင့် ချဉ်းကပ်ဖို့အခွင့်အရေး မရနိုင်တော့၊ ဒါကြောင့်ပဲ ခပ်နောက်
နောက် ခပ်လောင်လောင် ကျောင်းသားတွေက စာတိုက်ပုံးလုပ်ပြီး

www.burmeseclassic.com

ကြော်ငြာသင်ပုန်းမှာ လာချိတ်သွားခြင်းဖြစ်၏။ သူတို့လိုကောင်မျိုး
ကလည်း ပေါက်ကရတွေ ရေးပြီး စာတိုက်ပုံးထဲ ထည့်ကြသေးသည်

❒

ကျွန်တော်သည် သူငယ်ချင်းတွေနဲ့ အဖော်အဖြစ် လိုက်သွား
က သူ့ကို စတင်မြင်ဖူးခြင်းဖြစ်၏။ ထိုနေ့က သူသည် သိပ္ပံဆောင် ဆင်
ဘက်မှ အပေါ်ထပ်သို့တက်သည့် ဂငယ်ပုံဆန်ဆန်ကွေးထားသေ
လှေကားကြီးမှ ဆင်းလာတာကို တွေ့လိုက်ရခြင်းဖြစ်၏။ စာအုပ်တွေ
ရင်မှာပိုက်ထားပုံမှာ ဆရာဦးနန်းဝေ၏ နာမည်ကျော်ပန်းချီကားထဲ
အတိုင်းပင်ဖြစ်လေသည်။

"အဲဒါ. . . မြမြဖူးပဲကွ"

ဟု သူငယ်ချင်းတွေက ညွှန်ပြပြောဆိုခြင်း မပြုခင်မှာပင် 'ဒါ. .
သူပဲ'ဟု ကျွန်တော် သိလိုက်ပြီ။

ကျွန်တော် သူ့ကို မြင်မြင်ချင်းမှာပင် စိတ်ဝင်စားသွားမိကြော
ဝန်ခံပါ၏။ အချစ်စတင်ဖြစ်ပေါ်ပုံကလည်း တစ်ယောက်နှင့်တစ်ယော
မတူကြ။ တချို့က တစ်ခါမြင်လိုက်ရုံနှင့် ဓာတ်ပုံရိုက်လိုက်သလို နှလုံးသ
ထဲမှာ တစ်ခါတည်း စွဲထင်သွားသည်။ တချို့ကတော့ ဆီဆေးပန်းချီကာ
တဖြည်းဖြည်းချင်း၊ တစ်ဆင့်ချင်း ပုံပေါ်လာခြင်းဖြစ်၏။

ကျွန်တော်ကတော့ အရင်ဆုံး ဓာတ်ပုံရိုက်ယူထားလိုက်ပြီ
ဆီဆေး ပန်းချီကားအဖြစ် ကူးယူပုံဖော်ခဲ့ခြင်း ဖြစ်နိုင်၏။ ထိုပန်းချီကား
တော်တော်နဲ့ အပြီးမသတ်နိုင်ခဲ့ခြင်းကတော့ ကိုယ်ညံ့လို့ပဲ ထားပါတော
သူ့ကို ချစ်မိတာက နာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ယောက်



စွဲလန်းမိသလိုပါပဲ။ ကိုယ်မရနိုင်မှန်းသိသိကြီးနဲ့ မကြိုက်ဘဲမနေနိုင်အောင်
ဖြစ်နေတာမျိုးလေ။

ကျွန်တော့်မိဘတွေက ချမ်းသာကြွယ်ဝကြတာ မဟုတ်။ သာမန်
အလယ်အလတ်လောက် အခြေအနေရှိသူများသာ ဖြစ်၏။ ထို့ကြောင့်
ကျွန်တော်သည် သုံးနိုင်ဖြုန်းနိုင်သူ မဟုတ်ခဲ့။ များစွာသော တခြား
ကျောင်းသားများတွေလိုပင် မကြာခဏဆိုသလို ငွေကြေးပြတ်လပ်နေ
တတ်သူသာ ဖြစ်၏။

အဝတ်အစားလည်း ကောင်းကောင်းမွန်မွန် သိပ်မရှိလှ။ ကျွန်တော့်
ရုံစံကလည်း အသားညိုညို၊ ပိန်သွယ်သွယ်၊ ဆံပင်ရှည်ရှည်၊ ကုပ်ချောင်း
ချောင်း။ သာမန်မိန်းကလေးတစ်ယောက်ကတောင် စိတ်ဝင်စားနိုင်သော
အခြေအနေမှာ မရှိ။

သူ့ကို ချဉ်းကပ်နေတဲ့ လူတွေကတော့ ကျောင်းသားလောကမှာ
ထိပ်ထိပ်ကြဲတွေချည်းပဲ။ ဆေးတို့ စက်မှုတို့က ဖြစ်ချင်ဖြစ်၊ သဌေးသားတွေ
ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်ရင် ရုပ်ဖြောင့်ဖြောင့်ကောင်တွေ ဖြစ်ချင်ဖြစ်။
ကျွန်တော့်ထက် အစစအရာရာမှာ အပြတ်အသတ်သာတဲ့ လူတွေချည်းပဲ။

ရေကြောင်းသိပ္ပံက ကောင်တစ်ကောင်ဆိုလျှင် အသားဖြူဖြူ
ရုပ်ချောချော၊ အရပ်မြင့်မြင့်၊ ကျောင်းကိုလာတိုင်း သူ့ကိုယ်ပိုင် မော်တော်
စက်ဘီးကားလေး မောင်းလာတတ်သည်။ မြို့ဘက်အချင်းချင်းကပင်
မြမြဖူးမှာ သူ့လိုလူနှင့်သာ လိုက်ဖက်ပါပေသည်ဟု ဝန်ခံကြရ၏။ မြမြဖူးက
သူ့ကိုသာ ရွေးချယ် လိမ့်မည်ဟုလည်း တစ်ပေးထားကြရ၏။ သူဝင်လာပြီ
နောက်မှာ ကျောင်းသားအတော်များများသည် စိတ်ဓာတ်ကျပြီး နောက်
ဆုတ်အလျှော့ပေးကုန်ကြသည်ဟူ၍လည်း သတင်းတွေကြားရ၏။

ဒီတော့ကာ ကျွန်တော့်လိုကောင်အတွက်ကတော့ ယှဉ်ဘယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှေ့က ပလက်ဖောင်းမှာ ကွမ်းယာ စီးကရက်ရောင်းနေတဲ့ ကော
လေးတစ်ယောက်လို သူများတွေ ဝင်ထွက်စားသောက်နေတာကို
ကြည့်ရင်း အားကျနေရုံမျှသာပဲပေါ့။

ဒီလိုကောင်မျိုးကိုမှ မြမြဖူးက တွေ့ချင်ပါတယ်လို့ အကြောင်းကြ
လာခဲ့ခြင်းသည် တက္ကသိုလ်နယ်မြေထဲမှာ ငလျင်အသေးစားက
လှုပ်သွားသလို ဖြစ်သွားလေ၏။

▢

အခင်းဖြစ်ပွားပုံမှာ ဤသို့ဖြစ်၏။

ကျွန်တော်သည် သူနှင့်ပတ်သက်ပြီး ကိုယ့်အခြေအနေကို
သိသဖြင့် ခပ်ခွာခွာလေး နေခဲ့သည်။ ကိုယ်နဲ့မထိုက်တန်ဘူးဆို
သဘောပေါက်ခဲ့သဖြင့် အဝေးကသာ ငေးကြည့်ရင်း တိတ်တဆိတ် ရင်ခုန်
ခဲ့သည်။

ဒီလိုနဲ့ တစ်ရက်မှာတော့ . . .

ဓာတုဗေဒဌာနဘက်မှ ဖြတ်လျှောက်လာပြီး ဘယ်ဘက်ခြံအစ
မှာ မျက်စိက အကျင့်ပါနေသောကြောင့် ကြော်ငြာသင်ပုန်းကို လှမ်းကြည့်
၏။ "မြမြဖူးအတွက် စာများထည့်ရန်" ဆိုသော လက်ဖြစ်စာတိုက်ပုံးက
ကို မတွေ့ရတော့။

စာတိုက်ပုံးကလေးမှာ စာချိတ်ပြီး သုံးလေးရက်လောက်အထိ
အတိုင်းရှိနေခဲ့သေးသည်။ နောက်တော့မှ မြမြဖူးကဖြစ်စေ၊ သူ့သူငယ်
တွေကဖြစ်စေ၊ လူအလစ်မှာဖြုတ်ပြီး လွှင့်ပစ်လိုက်ဟန်တူသည်။ လွှင့်
တယ်ဆိုလည်း ဝေးဝေးတော့ပစ်မှာမဟုတ်။ ဒီအနီးအနားမှာ ဖြစ်မှာပဲ

သွားရင်း မျက်စိကစားလိုက်တော့ စကြိုရဲ့ အပြင်ဘက်မြေကြီးပေါ်မှာ
ကျနေတာ တွေ့ရသည်။ အပေါ်မှကပ်ထားသော စာကိုလည်း ရနိုင်
လောက် ခွဲဖြဲထားသဖြင့် 'ဖူးအတွက်စာ' ဆိုတာလောက်သာ တစ်ဝက်
ပြက်ကျန်တော့သည်။

ထိုအခိုက်တွင် ကျွန်တော့်မှာ စိတ်ရူးတစ်ခု ပေါ်ပေါက်လာ၏။
ပ်ကြောင်ကြောင် အတွေးပင်ဖြစ်သော်လည်း အကောင်အထည်ဖော်ဖို့
ုံးဖြတ်လိုက်သည်။ ဗလာစာအုပ်ကိုထုတ်ပြီး သူနှင့်ပတ်သက်သော ခံစား
က်တွေကို ရေးချလိုက်သည်။ စာရွက်ကိုဖြုတ်၊ ခေါက်ပြီး မြေပေါ်မှာ
ကျနေသော စာတိုက်ပုံးကလေးထဲ ထည့်လိုက်သည်။

ထိုစာသည် သူ့ဆီကို ရောက်မှာမဟုတ်။ ဘယ်သူကမှ မတွေ့ဘဲ
အတိုင်း ပျက်စီးချင် ပျက်စီးသွားမည်။ သန့်ရှင်းရေးအလုပ်သမားတွေက
စာတိုက်ပုံးကိုကောက်ပြီး အမှိုက်ပုံမှာ ပစ်ချင်ပစ်လိုက်မည်။ တစ်ယောက်
ယောက် လက်ဆော့ပြီး ယူကြည့်လို့ တွေ့သွားလျှင်လည်း ကျွန်တော်
နာမည်မှန်း သိမှာမဟုတ်။

ဒီစာအကြောင်းကို ကျွန်တော်တစ်ယောက်တည်းသာ သိလိမ့်မည်။
ကယ်တော့လည်း သူ့ကို ချစ်ခွင့်မပိုင်သည့်တိုင် စာတစ်စောင်တော့
ပေးခဲ့ဖူးသည်ဟု ကိုယ့်ဘာသာ တစ်ယောက်တည်းကြိတ်ပြီး စိတ်ဖြေဖို့
ကြိုးစားမိခြင်းသာဖြစ်၏။

ကျွန်တော်သည် ဒီလိုပေါတောတောအလုပ်မျိုးကို လုပ်လေ့မရှိပါ။
သို့တိုင်အောင် သူနှင့်ပတ်သက်လို့ကတော့ သွက်သွက်ခါအောင် ရူးသွား
လျှင်တောင်မှ ခွင့်လွှတ်ထိုက်ပါသည်။ (သူ့ကို တစ်ခါလောက်မြင်ဖူးလျှင်
ကျွန်တော့်လိုပဲ လိုက်ပေါချင်စိတ် ပေါက်လာလိမ့်မည်ဟု အသေအချာ
ပြောနိုင်ပါသည်)

www.burmeseclassic.com

www.burmeseclassic.com



ဆိုစာကိုထည့်လိုက်သောအချိန်က ညနေလေးနာရီခွဲနေပြီ။ သိ ကျောင်းဆောင်တစ်ဝိုက် လူရှင်းနေပြီ။ ကျွန်တော် စာထည့်လိုက်တာ ဘယ်သူမှ မြင်မှာမဟုတ်ဟု စိတ်ချလက်ချ ထင်ထားခဲ့သည်။

တစ်စုံတစ်ယောက်က မြင်ဖြစ်အောင် မြင်သွားသည်။ ဖြစ်ချင်တော့ ထိုသူမှာ ကျွန်တော်တို့အတန်းထဲက မာလာမောင်ဆိုသော ကောင်မလေ ဖြစ်နေ၏။ တိုက်ဆိုင်ချင်ပြန်တော့ မာလာမောင်သည် မြမြဖူးနှင့် အဆ လျှားဆောင်မှာ အတူတူနေသူ ဖြစ်နေပြန်သည်။

ပိုဆိုးတာကတော့ မာလာမောင်သည် အူကြောင်ကြောင်နိုင်ခြ ပင်ဖြစ်၏။ ဒါတောင် သူတို့မောင်နှမတွေထဲမှာ သူက လည်လည်ဝယ်ဝ အရှိဆုံးဟု ကြားနေသေးသည်။

သူ့စိတ်ထဲမှာ ထင်သွားတာက ကျွန်တော်သည် မြမြဖူးကို ချစ် ပါလျက် စာမပေးရဲရှာလို့ ခုလိုနိုးကြောင်နိုးဝှက်လုပ်နေတာ။ ဒီစာတိုက်ပုံး ကို စာထည့်လိုက်လျှင် မြမြဖူးဆီ တကယ်ပဲ ရောက်ရှိသွားမယ်လို့ ထင်ေ ရှာတဲ့ အ,တီး၊ အ,တ၊ ခပ်တုံးတုံးကောင်တစ်ယောက်၊ ဒီအတိုင်းဆို ကယ်မှ ဖြစ်တော့မယ်လို့ တွေးမိသတဲ့။

ဒါနဲ့ပဲ ကျွန်တော်လည်း ထွက်သွားရော၊ စာကိုပုံးထဲက ထုတ် သွားပြီး မြမြဖူးလက်ထဲ ထည့်လိုက်သည်။ ဒါတင်မက ကျွန်တော်ဟ လူရိုးလူကောင်းလေးဖြစ်ကြောင်းကိုလည်း ထောက်ခံချက်ပေးလိုက်သေ သည်။ ကျွန်တော် ရူးကြောင်ကြောင်လုပ်တာနဲ့ မာလာမောင် အူကြော ကြောင် တွေးတာပေါင်းမိပြီး အတည့်ပြန်ဖြစ်သွားသည်ဟုလည်း ဆိုနိုင သည်။ ဒီလိုနဲ့ ကျွန်တော့်စာသည် မြမြဖူးထံသို့ မရည်ရွယ်ပါဘဲလျက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့သည်။



မြမြဖူးက စာကိုဖတ်ကြည့်ပြီးနောက် ကျွန်တော်နှင့် တွေ့ချင်သည် ဟု ဆိုသည်။ ဒီအကြောင်း မာလာမောင်ကလာပြောတော့ ကျွန်တော် ယုံဝမယုံနိုင်။

'ငါက တမင်တကာ စေတနာနဲ့ နင့်စာကို သူ့လက်ထဲရောက် အောင် ထည့်ပေးလိုက်တာပါဟာ၊ သူက တော်ရုံတန်ရုံလူဆိုရင် စကား တောင် ပြန်ပြောတာ မဟုတ်ဘူး၊ နင်လည်းသိသားပဲ၊ အခု နင့်ကို တွေ့ချင် တယ်ဆိုတာ တော်တော်ထူးခြားတယ်၊ အေးလေ. . ငါကလည်း နင့်အ ကြောင်း ချီးမွမ်းပြီး ပြောပြထားလို့ စိတ်ဝင်စားပြီး တွေ့ချင်တာလည်း ဖြစ်နိုင်တာပဲ၊ နင် ငါ့ကို ကျေးဇူးတင်သင့်တယ်"

ဟု ကြားနေသေးသည်။ မာလာမောင်သည် အူကြောင်ကြောင်နိုင် တယ်ဆိုသော်လည်း သူများကို ချောက်တွန်းတတ်သူမဟုတ်။ သူအမှန် တကယ် ရိုးရိုးသားသားပြောနေကြောင်း သိသာ၏။ ကျွန်တော့်မှာသာ ဘယ်လိုယုံရမှန်း မသိဖြစ်နေတာ။

"ဘာပဲဖြစ်ဖြစ်ဟာ၊ ညနေညီချိန်ကျရင်တော့ အဆောင်ကို လာ ဖြစ်အောင်လာခဲ့ပါ။ နင်ကြောင်နေမှာစိုးရင်လဲ ပါလာထဲမှာ ငါစောင့်နေပါ့ မယ်၊ ကံကောင်းခြင်းဆိုတဲ့အရာဟာ တံခါးကိုတစ်ခါပဲ ခေါက်တတ်တယ် ဆိုတဲ့ စကားကို နင်မမေ့နဲ့ ကြားလား"ဟု အတည်ကြီးပြောသွား၏။

ကျွန်တော်ကား ကုလသမဂ္ဂအထွေထွေညီလာခံတက်ရန် ဖိတ်စာ ကို လက်ခံရရှိသော ဆိုက်ကားဆရာတစ်ယောက်လို ဖြစ်နေလေ၏။

မာလာမောင်က ကျွန်တော့်ကို ညွှန်းထားသောကြောင့် မြမြဖူးက စိတ်ဝင်စားပြီး တွေ့ချင်နေတာဟု ယူဆနိုင်ခြေကတော့ တော်တော်နည်း သည်။ စိတ်ဝင်စားတယ်ဆိုလျှင်လည်း မာလာမောင်ရဲ့သူငယ်ချင်းမို့ သူ့လိုပဲ အူတူတူနေမှာပဲဆိုပြီး အထူးအဆန်းအဖြစ် မြင်ချင်လို့သာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့များသည်။

မာလာမောင်ကို စချင်နောက်ချင်သောကြောင့်လည်း ဖြစ်ချင်ဖြ မည်။ ဒါမှမဟုတ် မာလာမောင်ကို အားနာသောကြောင့် တစ်ခါလော တွေ့လိုက်ရုံနဲ့ အရေးမကြီးလှပါဘူးဆိုသော သဘောလည်း ဖြစ်နိုင်၏ နောက်တစ်ခုဖြစ်နိုင်သေးတာကတော့ မာလာမောင်က ကျွန်တော့် ကြောင်း အမှန်းတင်ပြောတဲ့အခါ မြမြဖူးက . . .

"ဟုတ်လား၊ မာလာပြောတာနဲ့ ငါတောင် တွေ့ဖူးချင်လာပြီ"

ဟုနောက်သလိုပြောင်သလို ခပ်ပေ့ါပေ့ါပြောလိုက်တာကို မာလ မောင်က သူ့ထုံးစံအတိုင်း အဟုတ်ကြီးမှတ်ပြီး ကျွန်တော့်ကို ချိန်းလိုက်တ များလားမသိ။

ကျွန်တော်သည် သူတို့ထံသို့ သွားသင့်မသွားသင့် ချီတုံချတုံဖြစ်နေ ၏။ ထိုချီတုံချတုံဆိုတာကလည်း အင်းလျားလမ်းပေါ်မှာ လျှောက်နေရင် ဖြစ်နေသော စိတ်အခြေအနေသာဖြစ်၏။ စဉ်းစားဆင်ခြင်တယ်ဆိုတာက ဦးနှောက်ရဲ့အလုပ်ပဲ။ ခြေထောက်တွေကတော့ ဘာမှတွေးတောတတ်တ မဟုတ်သဖြင့် ဆက်လျှောက်နေလေသည်။

အင်းလျားဆောင်ရှေ့အရောက်မှာ ခြေလှမ်းတွေ တုံ့ကနဲရပ်သွ သည်။ ညချိန်ဖြစ်သောကြောင့် အဆောင်ထဲမှာရော၊ အဆောင်ရှေ့မှ ရော၊ အင်းလျားလမ်းပေါ်မှာပါ လူစည်ကားနေသည်။

ကျွန်တော့်စိတ်ထဲသို့ ဒါဟာထောင်ချောက်တစ်ခုများ ဖြစ်နေမလာ ဆိုသော သံသယက ရုတ်တရက် ဝင်ရောက်လာသည်။ တကယ်ပဲ သက် မကောင်းဖြစ်မိတာလား၊ အဆောင်ထဲ မဝင်ရဲလို့ ကိုယ့်ဘာသာ အကြောင်းပြ ချက် ရှာတာလားတော့မသိ၊ ဘာပဲဖြစ်ဖြစ် မသေချာ မရေရာဘဲနဲ့တော့ မစွန့်စားသင့်ဘူးဟုတွက်ပြီး ပြန်လှည့်ဖို့ ခြေလှမ်းပြင်သည်။



ထိုစဉ်မှာ. . . .

"ဟော့. . . . ချစ်နိုး၊ ဟဲ့ ဟဲ့. . . . ငါဒီမှာ"

လှမ်းအော်သံနှင့်အတူ လက်ယပ်ခေါ်နေသော မာလာမောင်ကို မြင်လိုက်ရသည်။ ထို့ကြောင့် ပြန်လှည့်ထွက်ဖို့ မဖြစ်နိုင်တော့ဘဲ အဆောင် ဝင်းထဲ ဝင်လိုက်ရ၏။

"နင် မဝင်ရဲမှာစိုးလို့ တမင်လာစောင့်နေတာ"ဟု သူကပြောပြီး အဆောင်ဧည့်ခန်းဆီ ဦးဆောင်ခေါ်သွားသည်။

"ခဏထိုင်ဦး၊ သူရေချိုးနေတယ်၊ ပြီးရင် ဆင်းလာလိမ့်မယ်၊ ငါပဲသွား အကြောင်းကြားလိုက်မယ်"

ဆိုပြီး အပေါ်တက်သွား၏။ ကျွန်တော်လည်း ဧည့်ခန်းထဲမှာ ခပ် ကြောင်ကြောင် ထိုင်စောင့်နေရသည်။ ဘာတွေဆက်ဖြစ်ဦးမလဲတော့ မသိ။ ရင်ကတထိတ်ထိတ်ဖြစ်နေတုန်းမှာ အဆောင်နည်းပြ ဖြစ်ဟန်တူသော ဆရာမတစ်ယောက်သည် ကျွန်တော့်ထံသို့ တည့်တည့်ကြီး လျှောက်လာတာ တွေ့လိုက်ရသည်။ သွားပြီ၊ မောင်းထုတ်ခံရတော့မှာပဲဟု ခိုးနိမ့်ပြီး ခေါင်းငုံ့နေ လိုက်၏။ ဆရာမသည် ကျွန်တော့်ရှေ့မှာ ရပ်လိုက်သည်။

"တွေ့ချင်တဲ့လူကို အကြောင်းကြားပြီးပြီလား"

ဟု မေးသည်။ ကျွန်တော်လည်း ယောင်ယောင်ကန်းကန်းဖြင့်

"ခင်ဗျာ၊ ဟို . . . ဟုတ်ကဲ့ ဆရာမ"

ဆရာမက

"ဒါဆို လာပါလိမ့်မယ်"

ဟုပြုံး၍ပြောပြီး ထွက်သွားသည်။

အမှန်တော့ ဆရာမသည် ဒါမျိုးအတွေ့အကြုံများနေပြီဖြစ်သော ကြောင့် ကျွန်တော့်ကို အဆောင်လာဖူးသူတစ်ယောက် မဟုတ်ကြောင်း ရိပ်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ကြောင်နေမှာစိုးသဖြင့် အားပေးစကားပြောသွားခြင်းသာဖြစ်၏။ သူသည်လည်း ကျောင်းသူဘဝတုန်းက ခုလိုလာစောင့်နေသူမျိုးနှင့် ကြုံဖူးဟန်တူသည်။

ဆရာမသည် ထိုသူနှင့်ပင် ဖူးစာဆုံခဲ့သောကြောင့် ကိုယ်ချင်းစာတတ်နေတာလား။ ဒါမှမဟုတ် ချစ်သူနှင့် လွဲခဲ့ရသောကြောင့် သူ့လိုအဖြစ်မျိုးမကြုံရစေချင်သော စာနာစိတ်ရှိနေတာလား။

ညှော်ခန်းထဲရှိ တခြားပုဂ္ဂိုလ်တွေကတော့ သူတို့ တွေ့ချင်သူတွေနှင့် ကိုယ်စီကိုယ်စီ ဖြစ်နေကြပြီ။ မြမြဖူးကတော့ ခုထိဆင်းမလာသေး။ ဆယ့်ငါးမိနစ်တောင်မကတော့။ မြမြဖူးက မတွေ့ချင်ဘူးဟု ငြင်းလိုက်ပြီလား။ ထိုဆုံးဖြတ်ချက်ကို ပြောပြဖို့ မျက်နှာပူနေသောကြောင့် မာလာမောင်ကပါ ရှောင်နေပြီလား၊ ခုနေ ထပြန်ပြေးရကောင်းမလား စဉ်းစားနေတုန်း မာလာမောင်ဆင်းလာတာ တွေ့ရသည်။

"ဆောရီးပဲ သူငယ်ချင်းရယ်"

ဟု ပြောဖို့အားယူနေသော မျက်နှာထားမျိုးလား အကဲခတ်ဖို့ ဟန်ပြင်လိုက်စဉ်မှာပင် နောက်ကလိုက်ဆင်းလာသော မြမြဖူးကို တွေ့လိုက်ရ၏။ ထိုအခါ စောစောကဆရာမကို မြင်လိုက်ရသလိုပင် ကျွန်တော် ခေါင်းငုံ့ထားလိုက်မိ၏။ ရင်တုန်ပန်းတုန်ဖြစ်ရတာကတော့ စောစောကထက် သုံးဆလောက်သာသည်။

ခြေသံတဖြတ်ဖြတ် ကြားရသည်။ လူတစ်ယောက်တည်း၏ ခြေသံများဖြစ်၏။ ခုလိုဖိနပ်၏နောက်မြီးဖျားနှင့် သမံတလင်းကို တဖြတ်ဖြတ်ရိုက်ပြီး ပရမ်းပတာလျှောက်တတ်သူမှာ မာလာမောင်ဖြစ်ကြောင်း ကျွန်တော်ကောင်းကောင်းသိ၏။ သူအတန်းထဲ ဝင်လာတဲ့အခါတိုင်း လူမမြင်ရခင် ဖိနပ်သံ အရင်ကြားရတာကို မှတ်မိနေသည်။



မြမြဖူးကတော့ ကြောင်တစ်ကောင်လို ခြေသံလုံအောင် လျှောက်တတ်သလားမသိ။ မာလာမောင်၏ဖိနပ်သံ တဖြတ်ဖြတ်က ဖုံးလွှမ်းသွားသောကြောင့် သူ့ခြေသံ တရှပ်ရှပ်ကို မကြားလိုက်ရတာလည်း ဖြစ်ကောင်းဖြစ်မည်။

ကျွန်တော့်ရှေ့ကခုံမှာ သူဝင်ထိုင်လိုက်ကြောင်း ဒူးအောက်ပိုင်းကို မြင်ရသဖြင့် သိလိုက်သည်။ မာလာမောင်က ဝင်မထိုင်ဘဲ

"ခင်ကြည်မြင့် ခေါင်းကိုက်နေတယ်ဆိုလို့ ဆေးသွားဝယ်ပေးလိုက်ဦးမယ်၊ စကားပြောနှင့်ကြဦး"

ဟု ရုပ်ရှင်တွေထဲမှာလိုပြောပြီး ရှောင်ထွက်သွား၏။ ကျွန်တော်သည် မြမြဖူးကို တိုက်ရိုက်မော့ကြည့်ဖို့ အခက်အခဲရှိသဖြင့် မာလာမောင် သွားရာဘက်သို့သာ လိုက်ကြည့်နေမိသည်။

သူသည် ရောက်နေတာကြာပြီလားဆိုတာမျိုး အင်္ဂလိပ်ဝတ္ထုတွေမဝင်တော့ဘဲ မေးချင်တာကို တန်းမေးသည်။

"ယူ့နာမည် ကိုချစ်နိုး နော်"

"ဟုတ်ကဲ့ခင်ဗျာ"

ကျွန်တော်က မိုးလ်ကောထူးသလို အလျှင်အမြန် ဖြေလိုက်မိ၏။ သူ ပြုံးချင်ပြုံးလိမ့်မည်။

သူက စားပွဲပေါ်သို့ စာရွက်ခေါက်ကလေးတစ်ခုကို တင်လိုက်ပြီး

"ဒါ ယူပေးတဲ့စာနော်"

"ခင်ဗျာ . . . ဟုတ်၊ ဟုတ်ပါတယ်"

ကျွန်တော် ဖြောင့်ချက်ပေးလိုက်၏။ တရားဝင် လုပ်ထုံးလုပ်နည်းအရဆိုလျှင် စာကိုယူပြီး ဖွင့်ဖတ်စစ်ဆေးကြည့်၊ တကယ်ပဲ ကျွန်တော်ရေးထားတဲ့စာ မှန်ကန်မှ ဝန်ခံသင့်သည်။ ခုလို စာရွက်ခေါက်ကလေးမြင်ရုံနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်ဆိုလိုက်တော့. . . . မတော်လို့ ကျွန်တော့်စာ အစစ်မဟုတ်ဘဲ သူ ရေးချင်တာရေးထားရင် ဘယ်လိုလုပ်မလဲ။ ဥပမာ -

"ကျွန်တော် သည် မြမြဖူးထံတွင် တစ်သက်လုံးကျွန်ခံပါမည်။
ပုံ- ချစ်နိုး"

ဆိုတာမျိုး သူ့ဘာသာ ရေးထည့်ထားရင်ကော မတတ်နိုင်၊ ကျွန်ခံဆိုလည်း ခံလိုက်ရုံရှိတာပေ့ါ။

"ဒီစာနဲ့ပတ်သက်ပြီး ပြောစရာလေးရှိလို့ ခေါ်လိုက်တာပါ"

သူကပြောသည်၊ ကျွန်တော်သည် သူ့ရှေ့မှာနေရတာ အတော်အသင့် နေသားကျလာပြီ၊ သူ၏လည်ပင်းအထိ မော့ကြည့်ရသော အဆင့်ကို ရောက်နေပြီ။

သူက စာကိုဖြန့်လိုက်၏၊ မသိမသာ ကဲကြည့်လိုက်တော့ ကျွန်တော့်လက်ရေးကို မြင်ရသည်၊ ကျွန်ခံဖို့မဟုတ်တာတော့ သေချာသွားပြီ၊

သူက စာထဲကတစ်နေရာကို လက်ညှိုးနှင့်ထောက်ပြပြီး

"ယူ့စာထဲမှာ ကြွင်နာတတ်တဲ့ နှလုံးသားရှိရင်ဆိုတဲ့ စာကြောင်းပါတယ်နော်"

ကျွန်တော် ခေါင်းညိတ်ပြသည်။ ထို့နောက် အရဲစွန့်ပြီး သူ့မျက်နှာကို တစ်ချက်ဖြတ်ကနဲ မော့ကြည့်၏၊ သူက ပြုံးယောင်ယောင် မျက်နှာထားနှင့်

"ယူက ကြွင်နာဆိုတဲ့စကားလုံးကို ယပင့်နဲ့ကျင်ထားတယ်၊ အမှန်က ရရစ်နဲ့ကြင်ရမှာ စာလုံးပေါင်းမှားနေတယ်"

"ခင်ဗျာ"

"ဟုတ်တယ်၊ အဲဒါပြောချင်လို့ ယူ့ကိုခေါ်တွေ့တာ၊ တက္ကသိုလ်ကျောင်းသားတစ်ယောက်အနေနဲ့ သတ်ပုံကို ဂရုစိုက်ပြီး မှန်အောင်ရေး



သင့်ပါတယ်၊ ဒါပါပဲ၊ တို့ကို ခွင့်ပြုပါဦး"

ဟု ပြောပြီး ရုတ်တရက် ထထွက်သွားသည်၊ ကျွန်တော်သည် ဘယ်လိုဖြစ်ပြီးကျန်ခဲ့တယ်ဆိုတာတောင် ပြောမပြနိုင်လောက်အောင် ငေးကြောင်နေမိ၏။ ခုချိန်လန့်နိုးရင်ကောင်းမယ်ဆိုသော ဆန္ဒဖြစ်ပေါ်လာ၏၊ သို့ရာတွင် ကြာရှည်စွာ မလှုပ်မယှက် ထိုင်နေသောကြောင့် ခြေထောက်တစ်ဘက် ထုံကျင်နေတာကို သိရသဖြင့် အိပ်မက်မဟုတ်မှန်းလည်း သေချာသည်။ အနီးအနားမှာ တွင်းတစ်တွင်းသာရှိခဲ့လျှင် ကြွက်ယောင်ဆောင်ပြီး ဝင်ပုန်းနေမိပေလိမ့်မည်။

ဂ

ဒါ သက်သက်စော်ကားတာ။ သူ ကျွန်တော့်အပေါ် စိတ်မဝင်စားဘူးဆိုလျှင်တောင် ဒါမျိုးလုပ်စရာ အကြောင်းမရှိ။ ခုတော့ အဆောင်ကို တကူးတကခေါ်ပြီးမှ အရှက်ခွဲတယ်။ အိမ်ကိုထမင်းစားဖိတ်ပြီးမှ 'ကန်တော့ပါသေးရဲ့'လို့ ပြောလွှတ်သလိုပဲ။ ယုတ်ကန်းတယ်။ တော်တော်ရက်စက်တဲ့ မိန်းမ။

စသည်ဖြင့် နာနာကျည်းကျည်း ဖြစ်သွားမိကောင်းသည်၊

ခုတော့ ဒီလိုမဟုတ်ဘဲ စာကို ရုတ်တရက်အချိန်လုပြီး ရေးလိုက်ရလို့ ဂရုမစိုက်မိဘဲ သတ်ပုံမှားသွားတာကိုတောင် ကျေးဇူးတင်မိသေးသည်၊ ထိုကိစ္စကြောင့်ပဲ သူနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောခွင့်ရခဲ့တာ မဟုတ်လား။ သူက ပါးပိတ်ရိုက်လိုက်ရင်တောင် အဲသားချင်းထိလိုက်ရတာ အမြတ်ပဲဟု သဘောထားနိုင်လေမလား မပြောတတ်။

(ဒီအတိုင်းဆိုလျှင် ရှေ့လျှောက် ကျွန်ဖြစ်တာထက်ပိုဆိုးတော့မည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိသာနေပြီ။ စိတ်ဝင်စားလျှင် စောင့်ကြည့်လော့။)

ဘာပဲဖြစ်ဖြစ် ဒီကိစ္စဖြစ်သွားတဲ့အတွက် ထူးခြားသော ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတာကတော့ အမှန်ပါပဲ။

သူနှင့် ကျွန်တော် အဆောင်ညှိခန်းထဲမှာ ထိုင်စကားပြောနေကြတုန်းက တခြားကျောင်းသားကျောင်းသူတွေလည်း ပတ်ဝန်းကျင်မှာ ရှိနေကြသည်။ သူသည် ဘယ်ကျောင်းသားကိုမှ ခုလိုလက်ခံတွေ့ဆုံခဲ့ဖူးခြင်းမရှိသဖြင့် အထူးအဆန်းသဖွယ်ဖြစ်နေ၏။ ကျွန်တော်တို့ ဘာပြောကြတယ်ဆိုတာ ဘယ်သူမှကြားရတာမဟုတ်။ သူတို့အမြင်မှာတော့ မြမြဖူးက ကျွန်တော့်ကို အထူးအခွင့်အရေးပေးလိုက်ခြင်း ဖြစ်သည်ဟု ထင်ကြမှာ အမှန်ပဲ။

ကျွန်တော်သည် မထင်မှတ်ဘဲ နာမည်ကြီးသွားရလေသည်။ ထိုကိစ္စသည် သူတို့အဆောင်မှာ သတင်းထူး သတင်းဦး ဖြစ်သွားရသည်။ ကျွန်တော် ဘယ်သူလဲ၊ ဘယ်ကလဲဆိုတာ သိချင်လာကြသည်။ မာလာမောင်ဆီမှာ စုံစမ်းမေးမြန်းကြသည်။ မာလာမောင်က ကျွန်တော်က သူ့သူငယ်ချင်းဖြစ်ကြောင်း နာမည်၊ အတန်းနှင့်တကွ ပြောပြလိုက်သည်။ မြမြဖူးနှင့် ကျွန်တော်တို့၏အခြေအနေက ဘယ်လိုလဲမေးကြတော့

"ငါလည်း တိတိကျကျတော့ မပြောတတ်ဘူး၊ ဒါပေမယ့် မြမြဖူးလိုလူမျိုးက အဆောင်အထိဖိတ်ပြီး ညှိခံစကားပြောတယ်ဆိုတော့ စဉ်းစားကြည့်ကြပေါ့ဟာ"

ဟု ပြောလိုက်သည်ဆို၏။ တကယ်တော့ မာလာမောင်သည် ဒီလောက် ဦးနှောက်ပြေးသူ မဟုတ်။ ကျွန်တော့်အပေါ် စေတနာထားချင်စောနှင့် စိတ်ကူးဘည့်ရာ ပြောချလိုက်ရာက အကွက်ဝင်သွားခြင်း ဖြစ်ပုံရ၏။



ဘာပဲဖြစ်ဖြစ် သူ့ကောင်းမှုကြောင့် ထိုသတင်းမှာ အလျင်အမြန်ပျံ့နှံ့သွားသည်။ မြမြဖူး ခရေစီတွေကြားမှာ တုန်လှုပ်ချောက်ချားစရာဖြစ်သွားသည်၊ အိမ်မက်ဆိုးတွေ မက်ကုန်ကြသည်။

ဒီလိုအခြေအနေမျိုးမှာမှ သူနှင့် ကျွန်တော် လှုမြင်ကွင်းကြီးမှာ တစ်ကြိမ်ထပ်ဆုံမိပြန်သည်။ အဆောင်မှာ တွေ့ခဲ့ကြပြီးနောက် သုံးရက်အကြာမှာဖြစ်၏။ သိပ္ပံဆောင် စားသောက်ဆိုင်တန်းဘေးက ဖြတ်လျှောက်အလာမှာ ကျွန်တော့်နာမည်ကို လှမ်းခေါ်လိုက်သော မာလာမောင်၏အသံကို ကြားလို့ လှည့်ကြည့်လိုက်တော့ အမြင်တန်းက စားပွဲတစ်လုံးမှာ ထိုင်နေကြသော မာလာမောင်နှင့် မြမြဖူးတို့ကို တွေ့လိုက်ရသည်။

မာလာမောင်က လက်ယပ်ခေါ်သည်။ မြမြဖူးကို အကဲခတ်ကြည့်တော့ ကန့်ကွက်ဟန်မရှိ၊ ကြည်ကြည်သာသာပဲ၊ ပြုံးယောင်ယောင်မျက်နှာထားဖြင့် ရှိနေ၏။ ကျွန်တော် သွားသင့် မသွားသင့် စဉ်းစားသည်။ ဆုံးဖြတ်ချက် မချနိုင်သေးခင်မှာပင် စားပွဲနားမှာ သွားရပ်နေမိပြီ။ ကျွန်တော် ရပ်နေပုံမှာ 'ဘာမှာမလဲ အစ်မ'ဟု လာမေးသော စားပွဲထိုးကလေးတစ်ယောက်၏ပုံစံမျိုး ခပ်ရိုရိုကလေးများ ဖြစ်နေမလားဟု စိုးရိမ်မိသေးသည်။

"ထိုင်လေဟာ"

မာလာမောင်က ပြောသည်။ ကျွန်တော်က မြမြဖူးကို တစ်ချက်ကြည့်သည်။ သူက ခရီးဦးကြိုပြုဟန်ပြုံး၍ မသိမသာ ခေါင်းဆတ်လိုက်၏။ ကျွန်တော် ဝင်ထိုင်သည်။ ဘာကြောင့်များ ကုလားထိုင်မှာ တင်ပါးခြိတ်ရုံလောက် တည်းတည်းကလေး ထိုင်မိမှန်းမသိ။

"နင် သူ့ကို ပြောစရာရှိတယ်ဆို"

မာလာမောင်က မြမြဖူးဘက်လှည့်ပြီးပြောသည်။ မြမြဖူးက

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ကျွန်တော်သည် ဟိုနေ့ကနှင့်စာလျှင် သူ့ကိုပိုပြီး ကြာကြာကြည့်ရလာသည်။ သူက

"ဟိုနေ့က ပြောတဲ့ကိစ္စအတွက် စိတ်အနှောင့်အယှက် ဖြစ်သွားသလား"

ဟုမေးသည်။

"မဖြစ်ပါဘူး"

အားနာလို့လည်း မဟုတ်၊ လောကွတ်လည်း မဟုတ်၊ စိတ်ရင်းအတိုင်း ပြောခြင်းဖြစ်၏။

"တို့က စေတနာနဲ့ ပြောတာနော်"

"ကျေးဇူးတင်ပါတယ်"

"အော် . . . ဒါနဲ့ ယူ့ကို လက်ဆောင်တစ်ခုပေးစရာ ရှိသေးတယ်" ဆိုပြီး အိတ်ထဲက တစ်စုံတရာကို ထုတ်၍ ကျွန်တော့်ရှေ့ စားပွဲပေါ် ချပေးသည်။ စာအုပ်တစ်အုပ်၊ "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း"

မိန်းခနဲ ရှိန်းခနဲဖြစ်ပြီး ချွေးတောင်စို့ချင်လာသည်။ မာလာမောင်ကတော့ သိတဲ့အတိုင်းပဲ၊ စာအုပ်ကို ကြောင်ငေးကြည့်နေသော ကျွန်တော့်ကို

"စေတနာနဲ့ပေးတဲ့ဟာကို ယူလိုက်လေ"

ဟု တိုက်တွန်းနေသည်။ စာအုပ်ကိုသူ၊ လွယ်အိတ်ထဲထည့်ပြီး သူတို့ကိုတောင် နှုတ်မဆက်ဖြစ်တော့ဘဲ အမြန်ထွက်လာခဲ့သည်။

သူနှင့် တွေ့ဆုံစကားပြောနေရသောအခိုက်တွင် ရုတ်တရက် ထထွက်ပြေးချင်စိတ် ဖြစ်လာတတ်ပြီး ကျောခိုင်းမိလိုက်တာနဲ့ တစ်ပြိုင်နက် သူ့ကို တွေ့ချင်မြင်ချင်သောဆန္ဒတွေ အသည်းအသန် ပြန်လည် ပေါ်



ပေါက်လာ တတ်တာ ထူးဆန်းလှသည်။

❒

ပိုင်နယ်တီကန်လို့ ဂိုးဝင်သွားပြီးတာတောင် အားမရသေးဘဲ ဘောလုံးကိုပြေးပြီး ပိုက်ထဲထပ်ကန်ထည့်နေသလိုမျိုးပင်ဖြစ်၏။

သူသည် ကျွန်တော့်ကို အဆောင်မှာခေါ်ချတ်ပြီးတာတောင် မကျေနပ်သေးဘဲ ထပ်ပြီးပညာပေးနေပြန်သည်။ ကျွန်တော်ကလည်း ပညာရင်နို့ကို အငမ်းမရ သောက်စို့ချင်နေသလားမသိ၊ သူလုပ်ပုံတွေက စိတ်ဆိုးစရာ၊ ခံပြင်းစရာဖြစ်ပါလျက် နာဖို့သတိမရဘဲ သူနောက်ထပ်ဘာလုပ်ဦးမလဲ မသိဘူးဟု မျှော်လင့်ချင်သလိုတောင် ဖြစ်မိ၏။

ဘာပဲဖြစ်ဖြစ် သူနှင့် ကျွန်တော်တို့မှာ ကံစပ်တယ်ဟု ပြောရမလိုဖြစ်နေ၏။ သူ့ခုလိုလုပ်လေ လူတွေက သူနှင့် ကျွန်တော့်ကို ရိုးစွပ်လေဖြစ်လာ၏။ သူသည် ကျောင်းမှာ ရုပ်ရှင်မင်းသမီးတစ်ယောက်လို နာမည်ကြီးသူ၊ လူတိုင်းလောက်နီးနီးက မှတ်မိနေသူ၊ သူဘာလုပ်တယ်၊ ဘယ်သွားတယ်၊ ဘယ်သူနဲ့ တွေ့တယ်ဆိုတာ အစဉ်အမြဲ စောင့်ကြည့်ခြင်းခံနေရသူ။

ဟိုနေ့က သူနှင့်ကျွန်တော် စားသောက်ဆိုင်မှာ ခဏလောက်အတူထိုင်ဖြစ်တာကို တခြားစားပွဲကလူတွေ၊ ဖြတ်သွားဖြတ်လာတွေက တွေ့သွားသည်။ ဘယ်ယောက်ျားလေးနဲ့မှ စားသောက်ဆိုင်အတူ မထိုင်ဘူးခဲ့တော့ ဒါဟာထူးခြားမှုကြီးတစ်ခုဖြစ်နေ၏။ ဒီလောက်မျက်နှာသာပေးတယ်ဆိုတာဟာ ဧကန္တတော့ ဧကန္တပဲဟု တွက်ကြသည်။

မြမြဖူးက ကျွန်တော့်အား စာအုပ်တစ်အုပ် ပေးလိုက်တာကိုအနီးအနားစားပွဲမှာ ထိုင်နေသူတွေက လှမ်းမြင်သည်။ ဘာစာအုပ်လဲဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



တော့ မသိကြ။ မြမြဖူးက ကျွန်တော့်ကို စာအုပ်ကြားမှာ ပြန်စာညှပ်ပြီး
တာပဲဟု ထင်ကြသည်။

ခပ်လှမ်းလှမ်းကလူတွေကတော့ စာအုပ်မှန်းမသိ။ တစ်စုံတ
ပေးလိုက်တယ်ဆိုတာသာ မြင်သည်။ သူတို့ရဲ့တွေးဆချက်ကတော့ မြ
က ကျွန်တော့်ကို လက်ဆောင်တစ်ခုပေးတာ၊ မွေးနေ့လက်ဆောင်ဖြ
များတယ်၊ ဒီလိုမွေးနေ့လက်ဆောင်တွေ ဘာတွေတောင် ပေးတဲ့အဆင့်
တော့ အခြေအနေ တော်တော်ကောင်းလို့ပဲ စသည်ဖြင့် . . . ။

မြမြဖူးနှင့်ပတ်သက်လျှင် နေမကောင်းလို့ အမွေးထည်ဝတ်
တာလောက်ကိုတောင် သတင်းထူးလို့ သတ်မှတ်ကြတာဆိုတော့ ကျွန်
နှင့် စားသောက်ဆိုင် ထိုင်တဲ့ကိစ္စဟာ မျက်နှာဖုံးသတင်းကြီးပေါ့။ ကျွန်
သည်လည်း အချောင်သက်သက် ဘုမသိဘမသိ နာမည်ကြီးခဲ့ရရှာတာ
ပဲ။

ထိုကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်သူငယ်ချင်းတွေကြားမှာ အ
မျိုး ဝေဖန်ချက်ပေးကြသည်။ တချို့က

"ကွန်ဂရက်ကျူလေးရှင်းကွာ၊ မင်းက သိပ်ပီရိုတာပဲ"

ဟု ချီးကျူးကြသည်။

"ကျော်တော့ ကပ္ပတိန်၊ ညားတော့ အေဘီဆိုတာမျိုး ဖြစ်နေပါလ
ကွ"

ဟုနောက်သလို ပြောင်သလိုနှင့် ရိတဲ့ကောင်တွေလည်းရှိ၏။ တ
ကတော့

"ဘာပဲဖြစ်ဖြစ် ငါတို့တော့ ကျေနပ်တယ်ကွာ၊ စက်မှုတို့ ဆေးတို့
ကောင်တွေ၊ ကဒက်တွေ၊ အိုတီအက်စ်ကကောင်တွေကိုကျော်ပြီး ကို
ကျောင်းကလူကိုပဲ ရွေးခဲ့တဲ့အတွက် မြမြဖူးကိုလဲ ချီးကျူးတယ်၊ အ



သဖြင့် ငါတို့သူငယ်ချင်းထဲက ရသွားတာကို ပိုပြီးကျေနပ်တယ်၊ ဖူးစာဆိုတာ
ဒါပဲကွ"

ဟုဝမ်းသာအားရ ရှိကြသည်။

မြမြဖူးအပေါ် အရှူးအမူးစွဲလန်းနေသော သူငယ်ချင်းတစ်ယောက်
တတော့ တော်တော်ကလေး မကျေမလည်ဖြစ်နေ၏။ သူနဲ့အတူတူ
အဖော်အဖြစ် လိုက်သွားရင်းကသာ မြမြဖူးကို စတင်မြင်ဖူးခဲ့ရခြင်းဖြစ်၏။
ပြီးတော့ သူက ကျွန်တော့်ထက် အများကြီးပိုပြီး သားနားသည်၊ သူ့အဖေ
တလည်း ရာထူးကြီးကြီးရှိထားသူ။ ကျွန်တော်က သူ့ကိုကျော်ပြီး ဒီအခြေ
အနေရောက် သွားတာကို ခံပြင်းနေပုံရသည်။

ထို့ကြောင့် တစ်ရက်မှာတော့ 'မင်းနဲ့ငါ စာရင်းရှင်းစရာရှိတယ်'
ဆိုပြီး ကျိုက္ကလားရှိ စားသောက်ဆိုင်တစ်ဆိုင်ကို ခေါ်သွားသည်။ သူက
ရမ်တပြား မှာသောက်သည်။ ကျွန်တော်ကတော့ (ထိုစဉ်က) မသောက်
တတ်သဖြင့် ဖရှူတိုပဲသောက်ရသည်။

နည်းနည်းမှန်လာသောအခါ သူရင်ဖွင့်သည်။

"မင်းက ကြိတ်ကြံတာကောင်းသလား၊ ယောက်ျားပဲကွာ ကြိုက်ရင်
ကြိုက်တယ် စောစောကတည်းက ပွင့်ပွင့်လင်းလင်း ပြောမှပေါ့ကွ၊ ခုလိုလုပ်
တာကတော့ သစ္စာမဲ့ရာကျတယ်၊ ငါ့ကို အရှက်ခွဲတဲ့ သဘောပဲ၊ တမင်သက်
သက် ငါ့ကို ကျောလိုက်တဲ့ သဘောလား ဟေ့ကောင်"

ကျွန်တော့်အနေအထားမှာ အတော်ခွကျသည်။ သူငယ်ချင်းတွေ
က မေးကြမြန်းကြတုန်းကလည်း "မင်းတို့ထင်သလိုကြီး မဟုတ်ပါဘူးကွာ၊
မာလာမောင်က မိတ်ဆက်ပေးလို့ သိရတာပါ၊ သူငယ်ချင်းအဆင့်ပဲ
ရှိပါသေးတယ်" ဟုပြောသော်လည်း လက်မခံကြ။ "မြမြဖူးလို မိန်းကလေး
မျိုးက ဒီလောက် အခွင့်အရေးပေးတယ်ဆိုကတည်းက သိသိသာသာကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှင်းနေပါပြီကွာ”ဟု အတင်းပဲ အတည်ပြုကြသည်။ စာထဲမှာသတ်ပုံမှားတဲ့
ကိစ္စ ခေါ်ပြောတာလို့ ပြောဖို့ကလည်း သိက္ခာကျစရာကြီး ဖြစ်နေ၏။
ဒီအတိုင်း မှိန်းနေပြန်တော့ လည်းတခက်။

ဒီကောင့်ကိုတော့ အမှန်အတိုင်းပြောပြမှ ဖြစ်တော့မယ်ဆိုပြီ
ဖွင့်ပြောလိုက်သည်။ သူက လုံးဝမယုံ။

“မြမြဖူးလို မိန်းကလေးမျိုးက ရည်းစားစာမှာ သတ်ပုံမှားတာ
လောက်ကို ရေးကြီးခွင်ကျယ်လုပ်ပြီး ခေါ်ပြောပါ့မလားကွ၊ လိမ်ချင်ရင်
လည်း ယုတ္တိရှိတဲ့ဇာတ်လမ်းမျိုးဆင်တတ်မှ လိမ်စမ်းပါကွာ”

ထို့နောက် သူသည် ကျွန်တော့်ကို အမျိုးမျိုးထပ်မံစွပ်စွဲပြန်သည်
နောက်ဆုံးအရှိန်တက်လာပြီး ကျွန်တော့်ကိုထိုးမယ်၊ ကြိတ်မယ်အထိ
ဖြစ်လာ၏။ ကျွန်တော်က

“ငါ မင်းကို လိမ်နေတာ မဟုတ်ပါဘူး၊ မယုံရင်လည်း ဘာမှမတတ်
နိုင်တော့ဘူး၊ မင်းထိုးလည်း ခံလိုက်ရုံရှိတာပဲ”

ဟုပြောတော့ သူက ကျွန်တော့်ကို မထိုးတော့ဘဲ သူ့မေးရိုးကို
သူ့ဘာသာထိုးသည်။

“စောစောက ပြောတာတွေဟာ မင်းကို နစ်နာစေချင်လို့ မဟုတ်ပါ
ဘူးကွာ၊ ငါ့ရင်ထဲမှာ ခံစားနေရလွန်းလို့ ပြောမိတာပါ၊ ငါနောက်ဆုတ်ပေး
ဆုံးဖြတ်လိုက်ပါပြီ မင်းအတွက် ဂုဏ်ယူပါတယ် သူငယ်ချင်းရယ်”

ဟုပြောရင်း ကျွန်တော့်ကိုဖက်ပြီး ရှိုက်ကြီးတငင်ငိုလေ၏။

၈

မြမြဖူးကိုတော့ နားလည်ရခက်သည်။ လူတွေကပြောလေ သူက



ကျွန်တော်နှင့်တွဲပြလေပင် ဖြစ်၏။ သူနှင့်ကျွန်တော် စားသောက်ဆိုင်တန်း
မှာ မကြာခဏဆုံသည်။ ထိုအခါတိုင်းမှာ သူက အတူထိုင်ဖို့ဖိတ်ခေါ်တတ်
သည်။ (ကျွန်တော်ကလည်း စားသောက်ဆိုင်တန်းဘက်ကို တစ်နေ့ငါး
ခေါက်လောက် ဖြတ်ဖြတ်လျှောက်တာကိုး။)

ဒါတွင်မက၊ အင်းလျားဘက်မှာ အကြော်သွားစားဖို့ ခေါ်သည်။
များသောအားဖြင့် မာလာမောင်ပါတတ်သော်လည်း ရံဖန်ရံခါဆိုသလို
နှစ်ယောက်တည်း ဖြစ်တတ်၏။ လှည်းတန်းဘက်မှာ အသုံးအဆောင်
ပစ္စည်းကလေးများ သွားဝယ်လျှင် ကျွန်တော့်ကို အဖော်ခေါ်တတ်သည်၊
ဖိနပ်ဝယ်ချင်တယ်ဆိုလို့ ဗိုလ်ချုပ်ဈေးထိတောင် လိုက်သွားရဖူးသေးသည်။

တစ်ရက်မှာတော့ သူ့ကို သမ္မတရုပ်ရှင်ရုံသို့ လိုက်ပို့ရသည်။ ရုပ်ရှင်
အတူတူကြည့်ဖို့တော့ မဟုတ်။ သူနဲ့ အတူတူကြည့်မှာက မာလာမောင်သာ
ဖြစ်၏။ မာလာမောင်က သူ့အဒေါ်ဆီမှာ သူ့အိမ်ကပို့လိုက်သောငွေကို
သွားယူဖို့ မနက်ကတည်းက ထွက်သွားသည်၊ ရုပ်ရှင်ရုံမှာဆုံဖို့ ချိန်းထား
သည်။ တကယ်လို့ မာလာမောင် နောက်ကျနေလျှင် မြမြဖူးတစ်ယောက်
တည်း ကြောင်နေမှာစိုးလို့ဆိုပြီး ကျွန်တော်က အဖော်အဖြစ်လိုက်စောင့်
ပေးရခြင်းသာဖြစ်၏။

ဖြစ်ချင်တော့ ရုပ်ရှင်ပြကာနီးအထိ မာလာမောင်က ရောက်မလာ
ခဲ့၊ နမူနာကားပိုင်းတွေတောင် ပြနေလောက်ပြီ။ မာလာမောင် ပေါ်မ
လာ။ ရုပ်ရှင်ကလည်း အလွန်နာမည်ကြီးသော ဂျပန်အချစ်ဇာတ်ကားဖြစ်
၏။ ဒီကားကို မကြည့်ရလျှင် ကျောင်းမှာ ခေတ်မမီသလိုတောင် ဖြစ်နေ
သည်။ မြမြဖူးကလည်း ဒီကားကို အရမ်းကြည့်ချင်နေသည်၊ အဆောင်မှ
သူများတွေ ပြောသမျှ ပါးစပ်အဟောင်းသား နားထောင်နေရတာ သိပ်
အောက်တာပဲဆိုလို့ ကျွန်တော်ကိုယ်တိုင် အပင်ပန်းခံတိုးဝယ်ပြီး ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ် ဝယ်ပေးထား ခဲ့ရတာလေ။

သူသည် အပေါက်ဝဘက်ကို ငေးနေရာမှ လက်ပတ်နာရီကို ငုံ့ကြည့်သည်။ "မာလာမောင်တော့ လာမယ်မထင်တော့ဘူး၊ အဲဒီအတိုင်းပဲ" ဟု ပြောသည်။ ထို့နောက် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်

"ကဲ. . . မထူးတော့ဘူး ၊ လက်မှတ်အလကားဖြစ်မယ့်အတူတူ ယူပဲ တို့နှဲ့အဖော်လုပ်ပြီး လိုက်ကြည့်တော့"

ထိုဇာတ်ကားသည် ကျောင်းသား ကျောင်းသူများ အကြိုက်ဖြစ်သောကြောင့် ကျွန်တော်တို့ကျောင်းက လာကြည့်သူတွေလည်း ရှိနေ၏။ ကျွန်တော်တို့ ရုံထဲဝင်သွားချိန်မှာ ရုပ်ရှင်ပြနေပြီ ဖြစ်သဖြင့် သဲသဲကွဲကွဲ မမြင်နိုင်သော်လည်း ရုံအောက်မှာ မာလာမောင်ကို စောင့်နေကြတုန်းက မြင်မိကြမှာ သေချာသည်။

ဒါတင်မက ရုပ်ရှင်ပြီးလို့ မီးတွေဖွင့်လိုက်သောအချိန်မှာလည်း ကျွန်တော်တို့ကို မြင်နိုင်သည်။ ဒီကြားထဲ ကျွန်တော်တို့အတန်းထဲက ဖိုးပြုံးချိုနှင့် ခင်သန်းမြင့်တို့အတွဲကလည်း ဒီဇာတ်ကားကို လာကြည့်ကြသဖြင့် ကျွန်တော်တို့ကို မြင်သွားသည်။ ဖိုးပြုံးချိုက ကျွန်တော့်ကို ဂုဏ်ပြုတဲ့သဘောဖြင့် လက်ညှိုးနှင့် လက်ခလယ်ထောင်ပြပြီး နှုတ်ဆက်သွားသည်၊ ခင်သန်းမြင့်ကတော့ ဒီသတင်းထူးကြီးကို အရင်ဆုံးသိခွင့်ရတဲ့အတွက် ကျေနပ်သွားဟန်ဖြင့် ပြုံးပြုံးကြီးဖြစ်နေ၏။

ရုပ်ရှင်ရုံထဲမှာ ကျွန်တော်နှင့် မြမြဖူးတို့ ထိုင်ကြသော နေရာကလည်း အတွဲတွေအကြိုက်ဆုံး ဖေးဘရိုက်ခုံနံပါတ်ဖြစ်သော ဂျီ ဝမ်း-တူး ဖြစ်နေပြန်လေသည်။

မြမြဖူး၏သိက္ခာကို ထိခိုက်မှာစိုးသဖြင့် ထိုနေ့ညနေတွင် ဖိုးပြုံးချို၏ အိမ်ကိုလိုက်သွားပြီး သူတို့ ထင်သလိုမဟုတ်ကြောင်း သွားရှင်းပြသောသည်၊ သူကမယုံဘဲ

"မင်းနှယ်ကွာ၊ ဒီလောက်ကြွားလို့ကောင်းတဲ့ကိစ္စကို ဖုံးကွယ်ချင်နေရသေးတယ်၊ ငါဆိုရင် ခင်သန်းမြင့်ဆီက အဖြေရတဲ့နေ့က ပြောချင်လွန်းလို့ မင်းတို့ကို လက်ဖက်ရည်တောင် တိုက်ရသေးတယ်မဟုတ်လား"

"တကယ်ပြောတာပါကွာ၊ မာလာမောင် ရောက်မလာလို့ ငါက အစားဝင်ကြည့်ရတာပါ"

"အပိုတွေ လျှောက်ပြောမနေစမ်းပါနဲ့ကွာ၊ မိန်းမသားသားဆိုရင် မြမြဖူးက မင်းကို ရုပ်ရှင်အတူ ကြည့်ခွင့်ပေးပါ့မလား"

"လက်မှတ်အလကား ဖြစ်သွားမှာစိုးတာနဲ့"

"ယုတ္တိမရှိတာပဲ၊ လက်မှတ်တစ်စောင်က ဘယ်လောက်တန်ဖိုးရှိလို့လဲ၊ ဒီမှာပေ့ကောင်၊ မင်းဟာမင်း ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ခင်သန်းမြင့်ကတော့ ရုပ်ရှင်ရုံက ထွက်ထွက်ချင်းပဲ တွေ့တဲ့တယ်လီဖုန်းကနေ ဒီနေ့ ကျောင်းမတက်တဲ့ သူ့သူငယ်ချင်း တစ်ယောက်ဆီကိုတောင် လှမ်းဆက်ပြီး မင်းတို့နှစ်ယောက်အကြောင်း ပြောပြလိုက်ပြီပြီ"

ထိုသတင်းသည် ဆင်းရဲသားရပ်ကွက်မှာ လောင်သောမီးလိုပင် ချက်ချင်းပျံ့နှံ့သွားသည်။ ကျွန်တော်တို့နှစ်ယောက်ကိုလည်း တရားဝင်အတည်ပြု သတ်မှတ်လိုက်ကြတော့သည်။ ကျွန်တော့်အနေဖြင့် အများထင်မြင်ယူဆသလို မဟုတ်ကြောင်း လိုက်ရှင်းပြလို့လည်း ရတာမဟုတ်၊ ရှင်းပြလည်း ယုံကြမှာမဟုတ်။

အရေးထဲမှာ ဟိုအငတ်မ မာလာမောင်က ရုပ်ရှင်ရုံကို သူရောက်လာလို့သာ ခုလိုအခြေအနေကောင်းရတာ၊ ဒါကြောင့် သူ့ကို ကျေးဇူးတင်သင့်တယ်ဟု အလိုက်ကန်းဆိုးမသိပြောပြီး အတင်းပဲ မုန့်ဝယ်ကျွေးခိုင်းသဖြင့် ဘယာကြော်သုတ် ကျွေးလိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်း မဟုတ်။ သူတို့အဆောင်က ခင်ကြည်မြင့်
ဆိုတာလည်း ပါလာသေးသည်။ ခင်ကြည်မြင့်သည် သူကိုယ်တိုင်
မစွံသော်လည်း သူများကို အောင်သွယ်ပေးရတာ အလွန်ဝါသနာပါသည်
ကျွန်တော်က ဘယာကြော်သုတ် ဝယ်ကျွေးသောကြောင့်တစ်ကြောင်း
မာလာမောင်၏ ထောက်ခံမှုကြောင့်တစ်ကြောင်း ကျွန်တော့်အတွ
ဆောင်ရွက်ပေးမည်ဟု ဆိုသည်။

သူက အောင်သွယ်ရာမှာ အလွန်တော်သည်၊ မအောင်မြင်ဘူး
တာ တစ်ခါမှ မရှိခဲ့ဘူးကြောင်း၊ ညီညီတို့အတွဲ မြင့်ထူးတို့အတွဲများမှ
သူအောင် သွယ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြင့်ထူး၏ကောင်မလေးသည်
အစတုန်းက မြင့်ထူးကို ကြည့်လို့တောင်ရတာ မဟုတ်ကြောင်း၊ မိမိ
မြင့်ထူးသည် အသားမည်းသော်လည်း ရှိုလေးဇာတ်ကားထဲမှ ဒိန္နီ
မင်းသား ဒါမင်ဒရာနှင့် တူသည်ဟုပြောမှ လက်ခံသွားကြောင်း၊ ကျွန်တော်
ရုပ်ရည်မှာ မြင့်ထူးထက် သုံးဆလောက်သာသဖြင့် ကြိမ်းသေအောင်မြ
မည်ဖြစ်ကြောင်း ပြောသဖြင့် ရေခဲသုတ်တစ်ခွက် ထပ်မှာပေးလိုက်ရသေ
သည်။

(ခင်ကြည်မြင့်သည် သူ၏အောင်သွယ် သက်တမ်းတလျှောက်မှ
ကျွန်တော့်ကိစ္စသည် ပထမဆုံးအကြိမ် နာမည်ပျက်ရခြင်းဖြစ်ကြောင်
နောက်ပိုင်းကျတော့ ဝန်ခံပါသည်။)

□

ဘာပဲဖြစ်ဖြစ် လူအများစုကတော့ အခြေအနေမှန်ကို မသိ
မြမြဖူးနှင့် ကျွန်တော့်ကို ပြန်တမ်းဝင်ချစ်သူများအဖြစ် သတ်မှတ်ထားလိုက်



ကြတော့သည်။ မြမြဖူး ခရေစီတွေလည်း စိတ်ပျက်လက်လျှော့ပြီး နောက်
ဆုတ်သွားကြတော့သည်။ မြမြဖူးဘေးမှာ ကျွန်တော်တစ်ယောက်တည်း
သာ ကျန်တော့သည်။ ကျွန်တော်နှင့်ပတ်သက်ပြီးတော့လည်း ထင်မြင်ချက်
အမျိုးမျိုးပေးနေကြသည်။

ပုံပြင်တစ်ခုကတော့

ကျွန်တော်သည် ရိုးရိုးကုပ်ကုပ်နေသော်လည်း မိဘများမှာ အလွန်
ချမ်းသာသည်။ နယ်မှာ လယ်တွေ၊ ယာတွေ ဥယျာဉ်ခြံမြေတွေ လက်ညှိုး
ထိုးမလွဲအောင် ပိုင်ဆိုင်သည်။ ကုန်ကားတွေ၊ ဆီစက်တွေ၊ ဆန်စက်တွေရှိ
သည်။ ပွဲရုံတွေလည်းရှိသည်။ ရွှေဆိုင်လည်းရှိသည်၊ တောသူဌေးတွေရဲ့
တစ်ဦးတည်းသောသားမို့ မြမြဖူးက ရွေးချယ်လိုက်ခြင်း ဖြစ်သည်ဟူ၏။

နောက်ဇာတ်လမ်းတစ်ပုဒ်မှာ

ကျွန်တော်တို့၏ နှစ်ဘက်မိဘများသည် ငယ်သူငယ်ချင်းများဖြစ်
ပြီး အလွန်ချစ်ခင်ခဲ့ကြသည်။ ကြီးလာလို့ သားသမီးတွေမွေးလျှင် အမြန်
အလှန် လက်ထပ်ပေးမည်ဟု ကတိစကားရှိခဲ့ကြသည်၊ ထို့နောက်
အကြောင်းကြောင်းကြောင့် ကွဲကွာသွားခဲ့ကြပြီး ခုမှပြန်ဆုံကြခြင်းဖြစ်၏။
တစ်ချိန်က ကျွန်တော့်မိဘများသည် သူ့မိဘများအပေါ် ကြီးစွာသော
အကူအညီကိုပေးခဲ့ဖူးသည်။ ထိုကျေးဇူးကို ပြန်ဆပ်သောအားဖြင့် မြမြဖူးက
သူ့ကိုယ်သူ အနစ်နာခံပြီး ကျွန်တော့်ကို လက်ခံလိုက်ရခြင်း ဖြစ်ပါသတဲ့။

တချို့လူတွေက မှန်းဆပုံကတော့ နည်းနည်းကြမ်းသည်။

မြမြဖူးက အပျိုမဟုတ်တော့ဘူးတဲ့။ ရှုရှုမိုက်မိုက်အရွယ်တုန်းက
လူတစ်ယောက်နှင့် မိုးရာလိုက်ပြေးဖူးသည်။ သူ့မိဘတွေက ပြန်ခေါ်ပြီး
ဟန်မပျက် ကျောင်းတက်ခိုင်းထားတာ။ ဒီတော့ သူ့နောက်ကြောင်း ရာ
ဇဝင်တွေကို လိုက်ပြီးစုံစမ်းနိုင်တဲ့ အရည်အချင်းမျိုးမရှိသူ ညီသွားရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်မိုက်ပြီး ရှေ့ဆက်တိုးမယ့် ခပ်တုံးတုံး၊ ခပ်ညံ့ညံ့၊ ခပ်အူအူကောင်မျိုးကို ရွေးချယ်မှ ဖြစ်မည်။ ဒါကြောင့် ကျွန်တော့်ကို ဖမ်းဆွဲထားလိုက်တာဆိုပဲ။

ကျွန်တော်ကိုယ်တိုင်ပင်လျှင် သူတို့လောက် ပက်ပက်စက်စက် မတွေးသည့်တိုင် စိတ်ထဲမှာ နည်းနည်းတော့ မတင်မကျဖြစ်မိတာ အမှန်ပါပဲ။

မာစီဒီးကားတစ်စီးကို ဂျစ်ကားဈေးလောက်နဲ့ ရမယ်ဆိုရင် ဘယ်လိုနေမလဲ။ ပိုင်ဆိုင်မှု အရှုပ်အရှင်းပဲရှိနေလို့လား။ တိုက်ထားတာကို ပြန်ထုထားတဲ့ကားမို့လို့လား၊ ပိုင်ရှင်ကိုခိုက်တတ်တဲ့ ကားမို့လို့လား။ သံသယဖြစ်တတ်ကြ သလိုပဲပေါ့။

မြမြဖူးကလည်း ကျွန်တော့်စိတ်ထဲ မရှင်းမလင်းဖြစ်နေတာကို ရိပ်မိပုံရသည်။ ကျွန်တော့်အပေါ် ဘာကြောင့်ခုလို အရေးပေးရကြောင်း တစ်ရက်မှာ ရှင်းပြလေသည်။

၅

မြမြဖူးသည် အဆောင်နေသော်လည်း နယ်ကကျောင်းသူမဟုတ်။ သူ့အိမ်က ရန်ကုန်မှာပဲဖြစ်၏။ ဆယ်တန်းကို နယ်မြို့တစ်မြို့က ဦးလေးအိမ်မှာသွားနေပြီး ဖြေဆိုအောင်မြင်ခဲ့သည်။ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာကို နယ်လိပ်စာနဲ့ပဲတင်ခဲ့သဖြင့် အဆောင်နေခွင့်ရခဲ့ခြင်းဖြစ်၏။

စနေနေ့လယ်ဆိုလျှင် သူတို့အိမ်က တိုယိုတာကိုရိုလာကားလေးဖြင့် လာကြိုလေ့ရှိ၏။ သူက သစ်ပုတ်ပင်ကြီးနားက ခုံတန်းလျားမှာ ထိုင်စောင့်သည်၊ မာလာမောင်က အပေါ်အဖြစ် တူစောင့်ပေးတတ်သည်။ တခါတရံ ခင်ကြည်မြင့်လည်းပါသည်။



ကျွန်တော်ကလည်း ခါတိုင်းသိသဖြင့် ထိုနေရာတစ်ဝိုက် လမ်းသလားတတ်သည်။ လူရွှင်တော်တွေ ပြောသလို လမ်းကြုံရင်း တမင်လာခဲ့တာ ဆိုသလိုမျိုးပေါ့။

တစ်ရက်မှာတော့ သူတစ်ယောက်တည်း ထိုင်နေတာ တွေ့ရသည်။ ကျွန်တော်ကလည်း စောင့်ရှောက်ဖို့ဝတ္တရားရှိသည့်ပုံစံဖြင့် သူ့ဆီသို့ လျှောက်သွားသည်။ ကျွန်တော့်ကိုမြင်တော့ အနည်းငယ်ပြုံး၍ နှုတ်ဆက်သည်၊ ကျွန်တော်က မေးလိုက်သည်။

"တစ်ယောက်ထဲလား၊ မာလာမောင်ကော"

"မာလာလား။ အင်းလျားဘက်မှာ ရန်အောင်ရုပ်ရှင်လာရိုက်နေတယ်ကြားလို့ ပြေးပြီလေ၊ သူက ရန်အောင်ဆိုရင် အသေရရ အရှင်ရရပဲတဲ့၊ ကဲ ယူကကော ဘယ်မင်းသမီးကို အသေရရ အရှင်ရရလဲ"

"အိမ်မက်ထဲက မင်းသမီးပေါ့"

"ယူက တို့ကိုအိမ်မက်ထဲ ထည့်မက်တယ်ပေါ့ ဟုတ်လား"

"ခွင့်မတောင်းပဲ ထည့်မက်မိတဲ့အတွက် တောင်းပန်ပါတယ်"

"အိမ်မက်ထဲမှာ ယူက တို့ကို အသားယူနေသေးလား "

"ကျွန်တော်က အိမ်မက်ထဲမှာတောင် သစ္စာရှိပါတယ်ဗျာ"

"ဒါတော့ ယုံပါတယ်၊ တဲ့. . . ရှုပြောစမ်းပါဦး၊ ယူ့အိမ်မက်က ဘာတဲ့လဲ"

"ကျွန်တော်က အိပ်မက်ထဲမှာတောင် ကဲတာမလိုက်သေးဘူး မြမြဖူးက အဖြေပေးတာနဲ့ကျမှ အိပ်ရာကလန့်နိုးသွားတာတို့၊ မြမြဖူးမှတ်လို့ နောက်ကပြေးလိုက်သွားတာ အနားရောက်မှ ဘယာကြော်သည်ကုလားမကြီး ဖြစ်နေတာတို့ပေါ့"

သူက ပါးစပ်ကိုလက်ဝါးနှင့်အုပ်ပြီး ရယ်သည်၊ ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ၊ မတ်တတ်ကြီးရပ်နေတာ မသြောင်းဘူးလား။ ခဏထိုင်ပါဦး။ ယူ့ကို ပြောစရာလေးရှိလို့"

သူ့ခွင့်ပြုချက်ရပြီဖြစ်သဖြင့် ခုံတန်းလျား၏အစွန်းနားမှာ ဝင်ထိုင်လိုက်သည်။ သူနှင့်ကျွန်တော် တစ်ပေလောက်တော့ကွာသည်။ ဒီလောက်ဆိုလျှင်တော့ ကျွန်တော့်နှလုံးခုန်သံကို သူမကြားနိုင်လောက်ဘူး ထင်ပါရဲ့။

သူက

"ယူ့စိတ်ထဲမှာ တို့အပေါ် သံသယဝင်နေတယ် မဟုတ်လား"

"ဘာကို သံသယဝင်ရမှာလဲ"

"တို့က ယူ့အပေါ်မှာ အရေးတယူရှိပြီး လိုက်လိုက်လျောလျော ဆက်ဆံတဲ့အတွက်လေ"

ကျွန်တော် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"အဲဒီအတွက် ယူ့မှာပဟေဠိလိုဖြစ်နေတယ် မဟုတ်လား၊ စိတ်ထဲမှာလည်း တို့က ယူ့ကို တစ်ခုခုအတွက် အသုံးချနေတယ်လို့ ထင်နေတယ် မဟုတ်လား"

"အဲဒီလိုကြီးတော့လည်း မဟုတ်ပါဘူး"

အဲဒီလိုကြီး မဟုတ်ဘူးဆိုတော့ အဲဒီလိုလေးဟု ဝန်ခံရာကျသွားသည်။

"တို့ အဲဒီကိစ္စ ပြောချင်နေတာ"

လမ်းသွားလမ်းလာတွေက ကျွန်တော်တို့နှစ်ယောက်ကို အကဲခတ်သလိုကြည့် ကြည့်သွားကြသည်။ သူတို့စိတ်ထဲမှာတော့ တစ်ယောက်နဲ့တစ်ယောက် ကလူကြည်စယ်နေကြတာဟု ထင်ကောင်းထင်ကြလိမ့်မည်။

"အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ အစကတော့ ယူ့ပုံစံက အူကြောင်ကြောင်နဲ့မို့လို့ နောက်ချင်ပြောင်ချင်စိတ်နဲ့ စာထဲမှာသတ်ပုံမှားတဲ့အကြောင်း ခေါ်ပြောတာ၊ မထင်မှတ်ဘဲနဲ့ လူတွေကတစ်မျိုးထင်ပြီး လျှောက်ပြောကုန်ကြတော့ တို့စိတ်ထဲမှာ အကြံတစ်ခု ပေါ်လာတယ်"



အဓိပတိလမ်းအတိုင်း မောင်းဝင်လာသော ကိုရိုလာကားလေးကို လှမ်းကြည့်သည်။ အရောင်တူသော်လည်း သူတို့အိမ်က ကားမဟုတ်၊ ဝိဇ္ဇာဆောင်ဘက် ချိုးကွေ့ဝင်သွား၏။ သူ ကျွန်တော့်ဘက် ပြန်လှည့်ပြီး

"အဲဒီလို ထင်ကြတာလည်း တစ်နည်းအားဖြင့်တော့ ခပ်ကောင်းကောင်းပဲ၊ စာလိုက်ပေးလို့ ရှောင်နေရတဲ့ဒုက္ခ၊ စကားလိုက်ပြောလို့ ဟောက်လွှတ်ရတဲ့ဒုက္ခ၊ အဆောင်ကို အတင်းလာလည်လို့ ပုန်းနေရတဲ့ဒုက္ခတွေကင်းဝေးသွားတာပေါ့၊ ဒါကြောင့် ထင်လက်စနဲ့ဆက်ပြီး ထင်နေကြအောင်လို့ ယူနဲ့ တမင်တကာ တွဲတွဲသွားသွား လုပ်ပြနေတာ၊ ယူ့ကို အသုံးချသလိုဖြစ်သွားရတာကို ကျေနပ်ရဲ့လား"

"ရပါတယ်"

ဟုပြန်ပြောလိုက်သည်။ မကျေနပ်ဘူးဆိုရင် ဒါဆိုလည်း ခပ်ဝေးဝေးနေကြတာပေါ့ဟု ပြောလာမှာကို စိုးရိမ်စိတ်ဝင်လာမိတာ ထူးဆန်းသည်။ ခုလိုထင်ယောင်ထင်မှား အဖြစ်ခံရတာတောင် တော်တော်ကြည်နူးစရာကောင်းတာ၊ တကယ်အတည်သာ ဖြစ်သွားလို့ကတော့ ဘာပြောကောင်းမလဲဆိုသော မက်လုံးကလည်း ရှိနေသေးသည်။

"ဒီနေရာမှာ မေးစရာတစ်ခုရှိတယ်၊ ခုလို ယူနဲ့ ရင်းရင်းနှီးနှီးနေပြတဲ့ အတွက် တို့ရဲ့ဂုဏ်သိက္ခာကို မထိခိုက်နိုင်ဘူးလားဆိုတဲ့ကိစ္စပဲ၊ အဲဒီအတွက်တော့ တို့သိပ်ပြီး မစိုးရိမ်ဘူး။ ဘာကြောင့်လဲဆိုတော့ ယူက ရိုးသားတယ်ဆိုတာ သိနေလို့ပဲ"

ကျွန်တော့်ကိုယ်က ရှတ်တရက် ပေါ့သွားသည်ဟု ထင်ရသည်။ ထိုင်နေရာက လေထဲကိုမြောက်ပြီး ကြွတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တခြားလူတွေက ယူနဲ့ မတူဘူး၊ သူတို့ တို့ကိုကြည့်ပုံက မရိုးသား ဘူး၊ တစ်ခုခု အခွင့်အရေး ယူချင်သလိုပဲ၊ ယူကတော့ အဲဒါမျိုး မဟုတ်ဘူး၊ တို့တစ်ခါ ရုပ်ရှင်အတူတူ ကြည့်ကြတုန်းက တို့ကို ထိမိမှာစိုးလို့ ယူ့ကိုယ်ကို ကျုံ့ပြီး ဟိုဘက်မှာ ကပ်ထိုင်နေခဲ့တယ်လေ၊ အဲဒီကတည်းက ယူဟာ တို့ အပေါ်မှာ အသားယူချင်စိတ် မရှိဘူး၊ ယူနဲ့ ရင်းရင်းနှီးနှီးနေတဲ့အတွက် အန္တရာယ်မရှိဘူးဆိုတာ သိလိုက်ရတယ်"

ခုနေခါမှာ သူ့လက်ကလေးကို ကိုင်ထားခွင့်ရရင် သိပ်ကောင်းမှာပဲ ဆိုသော တွေးလက်စ စိတ်ကူးကို အမြန်ထိန်းချုပ်လိုက်ရသည်။

သူက ဆက်ပြောပြန်၏။

"အဲဒီလို နီးနီးကပ်ကပ် ဆက်ဆံကြည့်တော့မှ ယူ့အကြောင်းကို ပိုသိလာရတာ၊ ဟိုအရင်တုန်းက တို့ဟာ ဘယ်သူ့စိမ်းယောကျ်ားလေးကိုမှ ယုံကြည်ခဲ့တာ မဟုတ်ဘူး၊ ယူတစ်ယောက်ကိုတော့. . . တဖြေးဖြေးနဲ့ . . ."

သံယောဇဉ်တွယ်လာမိတယ်ဟု ပြောလိုက်စေချင်သော်လည်း

"ခင်မင်လာမိတယ်၊ တို့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်၊ တို့အနေနဲ့ ယူ့ကို ချစ်သူတစ်ယောက်လို မချစ်နိုင်ပေမယ့် သူငယ်ချင်း တစ်ယောက်အဖြစ်နဲ့တော့ အသိအမှတ်ပြုနိုင်ပါတယ်"

"နည်းနည်းလေးမှတောင် မပိုနိုင်ဘူးလားဗျာ"

"ယူပြောပုံကလဲ ဈေးသည်ကျနေတာပဲ"

"ကျွန်တော်သာ ဈေးသည်ဆိုရင် ဈေးချင်းတူရင် ပြန်လာခဲ့နော် အစ်မလို့ ပြောမိမှာပဲ"

"တကယ်လို့ တို့က စတန်တဆ ဈေးဆစ်နေရင်ကော"

"အလကား ယူမယ်ဆိုရင်တောင် အဆစ်ပါထပ်ထည့်ပေးဦးမှာပါ"

"ဘယ်ဆိုးလို့လဲ၊ ယူက စကားတတ်သားပဲ"



"အချစ်ဆိုတာ ဆွံ့အနေတဲ့ လူတစ်ယောက်ကိုတောင် မျက်လုံးတွေ က စကားသံ ထွက်လာအောင် စွမ်းဆောင်နိုင်ပါတယ်ဗျာ"

သူက ခေါင်းအနည်းငယ် ရမ်းလိုက်ပြီး

"ခက်တာက ယူပြောတဲ့ အချစ်ဆိုတာမျိုးကို တို့အနေနဲ့ တစ်ခါမှ မခံစားဖူးတဲ့အချက်ပဲ၊ ကဲ. . . ပြောပြစမ်းပါဦး အချစ်ဆိုတာ ဘယ်လိုနေ သတဲ့လဲ"

"အချစ်ကို နမူနာတွေ့ နူတွေ့ ရင်ဆိုင်ကြုံတွေ့လာရပြီဆိုရင် ရင်တွေ အရမ်းခုန်လာတတ်တယ်၊ တလှပ်လှပ်မောပန်းသလို ဖြစ်လာတတ်တယ်၊ ခြေဖျားလက်ဖျားတွေ အေးလာတတ်တယ်"

"စာမေးပွဲဖြေရင်လည်း အဲ့ဒီလိုဖြစ်တတ်တာပဲ"

"အချစ်ဆိုတာလည်း စာမေးပွဲတစ်မျိုးပါပဲ၊ ခြားနားတာကတော့ ကျောင်းစာမေးပွဲမှာ မေးခွန်းထုတ်တဲ့လူက အထက်စီးကဖြစ်ပြီးတော့ အချစ်မှာကျတော့ အဖြေပေးတဲ့လူက အရေးပါတဲ့ နေရာမှာရှိတယ်လေ"

"ကဲပါ. . . တော်ပါတော့၊ ယူကတော့ ဘာပဲပြောပြော ဒီအ ကြောင်းပဲ ဆွဲယူနေမှာပဲ၊ အိမ်ကကား ရောက်လာရင်တောင် အချစ်ဆိုတာ မော်တော်ကားလိုပဲလို့ ပြောချင်ပြောဦးမှာ"

"ဟုတ်တယ်၊ အချစ်ဆိုတာ အရာရာဖြစ်နိုင်တယ်"

"ကဲ. . . ဒါဆို တို့မေးမယ်၊ စကားကပ်ပြီး ပြောတယ်ပဲထားပါတော့ အချစ်ဆိုတာ နံနံပင် ဖြစ်နိုင်လား"

"ဖြစ်နိုင်တာပေါ့၊ နံနံပင်ဆိုတာ သိပ်နုနယ်တာ၊ နေသိပ်ပြင်းရင် လည်း မရှင်နိုင်ဘူး၊ မိုးသိပ်ကြီးရင်လည်း ရေထဲမျောပြီး သေတုန်ရော၊ သိပ်ဂရုစိုက်ရတယ်၊ 'အချစ်ဆိုတာလည်း အဲဒီလိုပဲပေါ့"

"ထားပါတော့လေ၊ ဒါပေမယ့် ယူလိုချင်တဲ့အချစ်မျိုးတော့ တို့ဆီမှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးနော်”

“မရှိတာ မဟုတ်ပါဘူး၊ မရှိသေးတာပါ၊ တစ်နေ့နေ့ကျရင် ရှိလာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်”

“အာမတော့ မခံနိုင်ဘူး”

“ကျွန်တော်ကတော့ ဘယ်လောက်ပဲကြာကြာ အဲဒီနေ့ကို စောင့်နေမှာပဲ၊ မမြဖူးကို ကျွန်တော် တစ်ခုမေတ္တာရပ်ခံချင်တယ်”

“ပြောလေ၊ ဘာလဲ”

“ကျွန်တော့်ကို မျှော်လင့်ခွင့်ပေးပါ”

“မျှော်လင့်တယ်ဆိုတာ တစ်ဘက်သတ်ဆန္ဒပဲ၊ ခွင့်တောင်းစရာ မလိုပါဘူး၊ ပြီးတော့ လူတစ်ယောက်ရဲ့ မျှော်လင့်ချက်ဆိုတာ သူ့ရဲ့ကိုယ်ပိုင်အခွင့်အရေးပဲ၊ ဒါကို ပိတ်ပင်တားမြစ်မယ်ဆိုရင် ဘယ်တရားမျှတမှု ရှိပါတော့မလဲ”

“ကျွန်တော် နောက်တစ်ခု တောင်းဆိုစရာ ရှိသေးတယ်”

“ပြောပါ”

“မမြဖူးက ကျွန်တော့်ကို သူငယ်ချင်းလိုပဲ ခင်တယ်လို့ ပြောတယ်နော်၊ ကျွန်တော့်ကို လောလောဆယ်မှာ မမြဖူးရဲ့ အရင်းနှီးဆုံး သူငယ်ချင်းလို့ မသတ်မှတ်နိုင်ဘူးလား”

သူခဏ စဉ်းစားပြီး

“အရင်းနှီးဆုံးထဲက တစ်ယောက်ဆိုပါတော့”

□

ဒီလိုနဲ့ပဲ နှစ်ကာလတွေ ကြာရှည်ခဲ့သည်။ သူကလည်း ‘သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်’။ ကျွန်တော်ကလည်း ‘မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်’



ဘွဲ့ရပြီးနောက်မှာလည်း သူနှင့်ကျွန်တော် အဆက်အသွယ်တော့ မပြတ်ခဲ့ကြ။ သူက အိမ်ကိုလာလည်နိုင်ပါတယ်ဟု ခွင့်ပြုသဖြင့် အခါအားလျော်စွာ ရောက်ရှိနေခဲ့သည်။ အထူးသဖြင့်တော့ သူ့အတွက် တစ်စုံတစ်ရာ အကူအညီလိုသဖြင့် ‘မက်ဆေ့ချ်’ပို့သောအခါတွင်ဖြစ်၏။ ‘အကူအညီ’ ဆိုတာက သူပြောနေကျစကားလုံးကို ငှားသုံးလိုက်ခြင်းဖြစ်၏။ တကယ်တမ်းကတော့ ခိုင်းစရာတစ်ခုခုရှိလို့ လှမ်းပြီးဆင့်ခေါ် လိုက်သည်ဟု အနက်အဓိပ္ပာယ် ရပါသည်။

တခြားလူတွေ အိမ်ထောင်ကျ၊ သားသမီးတွေမွေး အခြေတကျ ဖြစ်ကုန်ကြတဲ့တိုင်အောင် သူရယ် ကျွန်တော်ရယ်၊ ထွန်းစိန်တို့ မာလာမောင်တို့လို လူတွေရယ်ကတော့ အပျိုကြီး၊ လူပျိုကြီးတွေအဖြစ်သာ ဆက်ရှိနေကြသည်။ ကျွန်တော်က သူများတွေလို အချစ်ကိုမရှာချင်လို့ အိမ်ထောင်သားမွေးဒုက္ခကို ရင်မဆိုင်ချင်လို့ လွတ်လပ်သော တစ်ကိုယ်တော်ဘဝကို မြတ်နိုးလို့ မဟုတ်။ သူ့အချစ်ကို တစာစာ တောင်းခံနေပါလျက် မရနိုင်သောကြောင့် စောင့်ရင်းစောင့်ရင်း အချိန်တွေလွန်ပြီး လူပျိုကြီး ဖြစ်နေရရှာခြင်းပါပဲ။

ကျွန်တော့်အဖြစ်ကိုကြည့်ပြီး သူငယ်ချင်း စာပေသမားတစ်ယောက်က ကဗျာတစ်ပုဒ်တောင် စပ်ပေးသေးသည်။ ဆရာမောင်ခိုင်မာတို့ အားကျလို့ နဘေကလေးနဲ့ ရေးလိုက်ပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ငှါတကောင်လုံး အသုံးချနည်း'

ချစ်ပါနော် စကားတောင်မစပေမယ့်
ဟစ်ကာအော် နွားတစ်ကောင် ဘဝမှာဖြင့်
သနားသယောင် အနားတိုးကပ်ပြီး
နဖါးကြိုးတပ်ကာ ထပိုးကျင့်ရတာကြောင့်
အနိုးလဲရင့်ခဲ့ပြီပေါ့လေ။

ယောက်ျားကတိ အကြိမ်ကြိမ်မှန်ခဲ့သော်လည်း
အောက်သွားမရှိ အလိမ်ခံရပြီမို့
အချိန်တန် နပိန်မကန်ရတဲ့အပြင်
အိမ်အပြန် ကြိမ်ဒဏ်သာအခါခါ နှံ့ပါလို့
ခွာနာ လျှာနာလဲ စွဲခဲ့ပြီပေါ့မေ။

ယကြာ စုတ်ထိုးတာတောင်မှ
အသားမာ ကုပ်ပိုးကမကြေ
ချုပ်ရိုးတွေသာ ထပ်ကာတိုး။



အပြီးသတ်မတော့
အမြီးပြတ်ကာ တိုခဲ့လေရဲ့
ချိုနဲ့သားရေ ပင်စင်စားပေတော့
တွင်တွင်ဝါးဖို့ကာ ကောက်ရိုးတပုံ
နောက်တမျိုးတဖုံ မက်လောက်တာက
မြက်ခြောက်ရယ် ကန်ရေနောက်သာပဲ
ဖြေဖျောက်ကာ အသစ်တိုးလို့
သေလောက်စရာ အဖြစ်ဆိုးတာတောင်မှ
ခြေထောက်ပါ တဆစ်ချိုးလို့
မပြောမြောက်ကာ ရှိုးဦးမတဲ့လား
ဟဲ့ . . .
ငွေဖောက်တာ ချစ်နိုး။

(တဘက်တွင် ဖော်ပြထားသောအကြောင်းအရာများမှာ ကျွန်တော်နှင့် မြမြဖူးတို့၏ ဇာတ်လမ်းရှည်ကြီး စတင်ဖြစ်ပွားပေါ်ပေါက်လာပုံကို သိသာရန် နောက်ကြောင်းပြန်ပြခြင်းသာ ဖြစ်ပါသည်။ ယခု ဆက်လက်ပြီး ရှေ့ကြောင်း ပြန်ပါတော့မည်။)

□□□

www.burmeseclassic.com

www.burmeseclassic.com

♥

ကျွန်တော်သည် မြမြဖူးတို့ အိမ်သို့လာခဲ့သည်။ သူက လှမ်းခေါ်
သောကြောင့်မဟုတ်။ ကျွန်တော့်ဘာသာ အကြောင်းရှာပြီး လာတာလည်း
မဟုတ်။ သူ့အဖေကြီးက ဖိတ်ကြားသောကြောင့် ဖြစ်၏။

ဟိုတစ်ရက်က မြို့ထဲမှာ သူ့အဖေကြီးနှင့်ဆုံသည်။ အဘိုးကြီးက
ဘဏ်တိုက်ကို လာခြင်းဖြစ်၏။ ကျွန်တော့်ကိုတွေ့တော့

"အတော်ပဲကွာ၊ ငါလည်း ဗိုက်ဆာနေပြီ၊ ကော်ဖီလေးဘာလေး
သောက်ရအောင်"

ဟုဆိုသဖြင့် လမ်းသုံးဆယ်ထိပ်က ရွှေထူးလက်ဖက်ရည်ဆိုင်သို့
ခေါ်သွားပြီး ကြက်သားကော်ပြန့်လိပ်နှင့် ကော်ဖီတိုက်ကျွေးလိုက်သည်။
အဘိုးကြီးက

"ဘီစီစာကြည့်တိုက်က ငါ စာအုပ်တစ်အုပ် ငှားထားတယ်ကွ။
ဂယ်ရီကက်စပါရော့နဲ့ ဒီ(ဘ)ဘလူး ကွန်ပျူတာတို့ရဲ့ စစ်တုရင်ပွဲတုန်းက
ကစားကွက်တွေကို တဆင့်ချင်း အသေးစိတ် ရှင်းပြထားတာ၊ အဲဒါ မင်းကို



...င်လို့ နက်ဖြန်ဖြစ်ဖြစ် အားရင် အိမ်ကိုလာခဲ့ပါဦးကွ၊ ပြီးတော့ ဟိုတစ်ခါ
...ါကို တစ်ပွဲနိုင်သွားတဲ့ ရှုံကြွေးကိုလည်း ပြန်ဆပ်ရဦးမယ်"

ဟုပြောသွားသဖြင့် ဒီနေ့ လာခဲ့ခြင်းဖြစ်၏။

ခြံဝင်းတံခါးရှေ့မှာရပ်ပြီး အိမ်ဘက်ကို လှမ်းကြည့်တော့ လူရိပ်လူ
...ာင် မမြင်ရ။ ထို့ကြောင့်

"မသေးရေ၊ မသေး"

ဟုလှမ်းအော်ခေါ်သည်။ ကြာဟန်မတူ။ ထပ်ခေါ်သည်။ မရှ
...်ရှေ့ခန်း၊ ဆင်ဝင်အပေါ်ထပ် ဝရန်တာခန်းမှာလည်း လူရှိပုံမရ။ ခဏ
...ာင့်ပြီး ထပ်ခေါ်သည်။ မထူးခြား။ ဆယ်မိနစ်လောက်ကြာတဲ့အထိ
...င်းတံခါးရှေ့မှာ ယောင်ချာချာ ရပ်နေရသေးသည်။

နောက်တော့မှ အိမ်ရှေ့သံဘာဂျာတံခါးကနေ ချောင်းကြည့်နေသူ
...စ်ယောက်ကို မြင်ရသည်။ ကျွန်တော်က လက်လှမ်းပြလိုက်သည်။
...်ကနဲ ပြန်ပျောက်သွားသည်။ ပြီးတော့ ပြန်ပေါ်လာသည်။ တံခါးဖွင့်ပြီး
...တ်လာသည်။ ဝင်းတံခါးဆီ လျှောက်လာသည်။

ကျွန်တော် တစ်ခါမှ မမြင်ဖူးသော အမျိုးသမီးတစ်ယောက်
...်သည်။ ကျွန်တော့်အသက်နှင့် မတိမ်းမယိမ်းလောက် ရှိနိုင်သည်။
...တ်ထဲမှာ နည်းနည်း ဇဝေဇဝါဖြစ်သွား၏။ မြမြဖူးတို့ အိမ်များပြောင်း
...ားကြပြီလား။ အိမ်ရှင်အသစ်တွေ ရောက်နေကြတာလား၊ မဟုတ်သေး
...ဘူး၊ တနေ့ကပဲ အဘိုးကြီးနဲ့ တွေ့ခဲ့သေးတာပဲ။ အိမ်ပြောင်းတယ်လို့
...ပြောပါဘူး တွေးနေတုန်း

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

အမျိုးသမီးက မေးသည်။ ကျွန်တော်လည်း ရုတ်တရက်ပဲ

"မသေး ရှိလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်မိသည်။ သူက နားရွက်နောက်ကို လက်ဝါးနှင့် ထ
သိုက်ပြီး 'ရှင်' ဟု ထပ်မေးသည်။ အသံကိုမြှင့်ပြီး

"မသေးရှိလား"

"မသေးလား၊ ရွာပြန်သွားပြီ ရှင်က မသေးတို့ အမျိုးလား"

သူက ကျွန်တော် မသေးဆီ လာတာဟု ထင်သွားပုံရသည်။

"မဟုတ်ပါဘူး၊ ဟိုလေ. . . . မြမြဖူးရှိလား"

သူက 'ရှင်' လုပ်နေပြန်သဖြင့် အသံကို ချဲ့ရပြန်သည်။

"မြမြဖူးလေ"

သူ ကျွန်တော့်ကို အကဲခတ်သလို ကြည့်သည်။ လူဆိုးလား၊ 
ကောင်းလား ခွဲခြားနေဟန်တူသည်။ ထိုစဉ်မှာ

"မလေးရေ . . . မလေး"

ဟု လှမ်းခေါ်သံကြားရ၏။ သူကမကြား။ ကျွန်တော်ကကြာ
လှမ်း ကြည့်တော့ အပေါ်ထပ် ဆင်ဝင်ခန်း ပြတင်းပေါက်မှာရပ်နေသေ
မြမြဖူးကို မြင်ရသည်။

"ဟိုမှာ . . . ခေါ်နေတယ်"

ဟုပြောပြီး လက်ညှိုးထိုးပြရသည်။ အမျိုးသမီးက လှမ်းကြည့်သည်
မြမြဖူးက ဖွင့်ပေးလိုက်ပါဆိုသော သဘောဖြင့် သော့ဖွင့်ဟန်မျိုး လက်
လုပ်ပြသည်။ ဒီတော့မှ မလေးဆိုသူ အမျိုးသမီးက

"ခဏစောင့်ပါနော်၊ သော့သွားယူလိုက်အုံးမယ်"

ပြောပြီး အိမ်ဘက်ထွက်သွားသည်။ သော့ကိုယူလာပြီး ဝင်းတံ
ကို ဖွင့်ပေးသည်။ ကျွန်တော်လည်း အိမ်ပေါ်တန်းတက်လာခဲ့၏။

မြမြဖူးက ဧည့်ခန်းမှာစောင့်နေသည်။

"တော်တော် အော်လိုက်ရသေးလား"



ဟုမေးသည်။

"ခေါ်နေတာကြာပြီ၊ ဒါနဲ့ မသေးက မရှိတော့ဘူးဆို"

"ဟုတ်တယ်၊ သူ့အမေ နေမကောင်းဘူးဆိုလို့ ရွာပြန်သွားပြီ၊ 
ဒါကြောင့် မလေးကို ခေါ်ထားတာ"

"မလေးဆိုတာ မသေးရဲ့အစ်မလား"

"မဟုတ်ပါဘူး၊ တခြားစီပါ၊ သူက မာလာမောင် ရှာပေးထားတာ
လေ"

"မသိပါဘူး၊ မလေးဆိုတော့ မသေးရဲ့အစ်မလားလို့"

"အဲဒါ သူ့နာမည်ရင်း မဟုတ်ဘူး၊ နားနည်းနည်းလေးလို့ မလေးလို့
ခေါ်ကြတယ်ဆိုတာနဲ့ တို့အိမ်ကလည်း ဒီအတိုင်းဆက်ခေါ်လိုက်ကြတာ၊ 
မဆိုးဘူး၊ အစစအရာရာ စိတ်ချရတယ်"

"နားလေးတယ်ဆိုတော့ . . ."

ကျွန်တော် စကားမဆက်နိုင်ခင်

'မောင်ချစ်နိုး ရောက်လာပြီလားဟေ့"

ဆိုသော နှုတ်ဆက်သံနှင့်အတူ မြမြဖူးတို့အဖေကြီး ဧည့်ခန်းထဲ
ဝင်လာသည်။

"ဟုတ်ကဲ့ ခင်ဗျ"

ဟုပြန်နှုတ်ဆက်ရင်း မြမြဖူးဘက်လှည့်၍

"ဦးလေးက ချက်စ်ထိုးဖို့ ချိန်းထားလို့"

အကြောင်းမရှိ အကြောင်းရှာလာခြင်း မဟုတ်ကြောင်း သက်သေ
ပြလိုက်သည်။ မြမြဖူးကလည်း ဒီနေ့ ကျွန်တော့်ကို ဧည့်ခံရမည့်သူ
သူမဟုတ်ကြောင်း သိသွားဟန်ဖြင့်

"ဖေဖေ၊ ကော်ဖီသောက်မလား၊ ဖျော်ပြီးပို့ခိုင်းလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့အဖေကို မေးသည်။

"ကောင်းသားပဲ၊ မောင်ချစ်နိုးအတွက်ပါ လုပ်ပေါ့၊ ပြီးတော့ သမီးတို့အမေ ဆီထမင်းထိုးထားတယ် ပြောတယ်၊ အဲဒါလေးပါ ထည့်ခဲ့၊ မောင်ချစ်နိုးက သမီးအမေလက်ရာကို ကြိုက်တတ်တယ်"

မြမြဖူးက

"ကော်ဖီတခွက်ဖျော်၊ တီးမစ်တခွက်ဖျော်၊ သိတယ်မဟုတ်လား။ အစိမ်းရောင်အထုပ်လေ"

ဟု မလေးကို ညွှန်ကြားသည်။ ပြီးတော့

"ထိုင်ဦးနော်၊ ကိုချစ်နိုး"

ပြောပြီး ထွက်သွားသည်။

အဘိုးကြီးက သူငှားထားတယ်ဆိုသော စစ်တုရင်စာအုပ်ကိုဖွင့်ပြီး ရှင်းလင်းပြနေသည်။ ထို့နောက် စစ်တုရင်ပွဲစသည်။

ပထမပွဲ သရေကျသည်။ နောက်နှစ်ပွဲမှာတော့ ကျွန်တော်သည် လွယ်လွယ်ကူကူပင် ရှုံးသွားလေသည်။ အဘိုးကြီးသည် သူလေ့လာထားသော ကွန်ပျူတာအကွက်ကြောင့် နိုင်တာပဲဆိုပြီး အတော်ကျေနပ်နေသည်။ ဟုတ် မဟုတ်တော့မသိ။ တကယ်တော့ ကျွန်တော်သည် ဒီနေ့အဖို့ စစ်တုရင်ကစားရာမှာ လုံးဝစိတ်မဝင်စားဘဲ ဖြစ်နေ၏။

ကျွန်တော့်စိတ်က မလေးဆီကို ရောက်နေသည်။ မြမြဖူးကို မရတာနဲ့ သူ့ဘက်လှည့်ကြံဖို့ စိတ်ကူးတာတော့ မဟုတ်ရပါ။ နားလေးတယ် ဆိုသော ကိစ္စအတွက်သာဖြစ်၏။ ကျွန်တော့်အနေဖြင့် ဒီအိမ်ကိုလာတဲ့ အခါ မသေးရှိတုန်းကတောင် အတော်အော်ခေါ် ခဲ့ရတာ၊ အခု ဒီ့မလေးနဲ့ ဆိုရင် သေရချည်ရဲ့။

ဒီအကြောင်းကို ပြန်ကာနီးမှာ မြမြဖူးကို ပြောပြရသည်။



"ကျွန်တော်က လူရင်းမို့ ထားပါတော့၊ တခြားဧည့်သည်တွေဆိုရင် ခက်မယ်၊ အားနာဖို့ကောင်းတယ်"

ဆိုတော့ သူကလက်ခံသည်။ ပြီးတော့

"ဒါဆိုလဲ အိမ်က လူခေါ်ခေါင်းလောင်းကို ပြင်ကြည့်ပါလား၊ မလေးဟာ နားလေးတယ်ဆိုပေမယ့် သိပ်ထိုင်းလွန်းတာတော့ မဟုတ်ပါဘူး၊ ဘဲလ်သံလောက်တော့ ကြားမှာပါ၊ သူမကြားလဲ အိမ်ကတစ်ယောက်ယောက် ကြားရင် တံခါးဖွင့်ခိုင်းလို့ ရတာပေါ့"

၀

ဒီမှာတင် ကျွန်တော် ရှာလည်တော့တာပဲ။ သူတို့အိမ်က လူခေါ် ခေါင်းလောင်းက တပ်ထားတာကြာပြီ။ အိမ်စဆောက်ကတည်းကပဲလား မသိ။ ပျက်နေတာလည်း ဘယ်တုန်းကတည်းကလဲမသိ။ ခေါင်းလောင်းနှင့် ဝင်းတံခါးအုတ်တိုင်က ခလုတ်ကိုဆက်ထားသော ဝါယာကြိုးခွေက ဆွေးပြီး ပြတ်တောက်နေလောက်ပြီ။ အသစ်လဲရမည်။ လွယ်လွယ်ကူကူ လုပ်လို့ရမှာ မဟုတ်။ အုတ်တိုင်ဆီသွားသော ဝါယာကြိုးကို ပိုက်လုံးထဲ ထည့်ပြီး မြေကြီးအောက်မှာမြုပ်ထား ခြင်းဖြစ်၏။ ဝါယာကြိုးတွေ မကောင်းလို့လား၊ ခလုတ်ရဲ့ အပြစ်လား၊ ခေါင်းလောင်းအိမ်ထဲက ပျက်နေတာလား ဆိုတာလည်းမသိ။

ထို့ကြောင့် ကျွန်တော့်သူငယ်ချင်း ကျားကြီးဆီ သွားရသည်။ သူက အင်ဂျင်နီယာဘွဲ့ ရထားသည်။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေသည်။ သူတို့ ရုံးချုပ်မှာ စုံစမ်းတော့ သူရှိနိုင်မယ့် 'ဆိုက်' နေရာကို သိရသဖြင့် လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက အိမ်ယာစီမံကိန်းတစ်ခုမှာ ထရန်စဖော်မာကြီးတစ်လုံ ထိုင်နေတာကို ကြီးကြပ်နေခြင်းဖြစ်၏။ ကျွန်တော် ရောက်သွားချိန်တွင် သူနှင့်လူတစ်ယောက်တို့ အခြေအတင် ငြင်းခုန်နေကြတာ တွေ့ရသည် နောက်ဆုံးတွင် ဟိုလူက နက်ဖြန်ကျလျှင် အဆင်ပြေအောင် လုပ်ပေးပါ မည်ဟု ကတိပေးသဖြင့် ကိစ္စပြီးသွားသည်။ ထို့နောက် ကျားကြီးက ကျွန်တော့်ကို လက်ဖက်ရည်ဆိုင် ခေါ်သွားသည်။ သူက

'ဆိုက်ထဲထိ လိုက်လာတယ်ဆိုတော့ အရေးကြီးတဲ့ကိစ္စပဲ ဖြစ်ရမယ် ပြောစမ်း ငါ့ကို ဘီယာတိုက်မလို့လား"

"မင်းသောက်ချင်ရင် တိုက်ပါ့မယ်၊ ခုတော့ ပြောစရာလေးတစ်ခု လို့"

"ဘာလဲ မိန်းမယူတော့မလို့လား၊ မြမြဖူးက အဖြေပေးလိုက်ပြီ လား"

ကျွန်တော့်ကိုတွေ့လျှင် ဒီကောင်တွေ ဒီလိုပဲ ကလိနေကျဖြစ်၏။

"မြမြဖူးကိစ္စဆိုတာတော့ မှန်တယ်၊ အဖြေပေးတာတော့ မဟုတ် ဘူး"

ဆိုပြီး ကျွန်တော့်ပြဿနာကို ပြောပြသည်။

"အဲဒါ. . . မင်းလိုက်ကြည့်ပေးပါလား"

"ဟာကွာ၊ မင်းလည်း မြင်တဲ့အတိုင်းပဲ၊ ငါ့မှာ ယားတဲ့နေရာ မှတ်ထားပြီး ညကျမှ စုကုတ်ရတာ၊ အခုလည်း ထရန်စဖေါ်မာကိစ္စက မပြတ်သေးဘူး ပြီးတော့"

ထိုစဉ်မှာ သူ့လက်ကိုင်ဖုန်းက မြည်လာသည်။ သူကနားထောင်ပြီး နောက်

"အင်း. . . ဟုတ်ပြီ၊ စစ်ဆေးပြီး လက်ခံထားလိုက်၊ မှာထားတဲ့



အတိုင်း ဟုတ်မဟုတ် သေသေချာချာကြည့်နော်၊ ဟိုတစ်ခါလိုဖြစ်နေရင် မလွယ်ဘူး၊ ဟုတ်တယ်၊ ဒီလိုပဲပြောတာပဲ၊ နောက်တော့မှ သူတို့တာဝန် မဟုတ်ဘူး ဘာညာလုပ်ရော . . .၊ ကောင်းပြီ၊ ဒီကပြီးရင် လာခဲ့မယ်"

ဒီကောင် တော်တော်အလုပ်များပုံရသည်။ တကယ်တမ်း စဉ်းစား ကြည့်တော့လည်း ကျွန်တော် လုပ်ပုံက သိပ်မဟုတ်သေး။ သူသည် အိမ်ယာစီမံကိန်းကြီးတစ်ခုကို ကြီးကြပ်နေရသူ၊ လောလောဆယ်မှာလည်း ထရန်စဖော်မာကြီးတစ်ခုအတွက် ဗျာများနေရသူ၊ ပြီးတော့ ဘီအီးဘွဲ့ရ အင်ဂျင်နီယာတစ်ယောက်။ ဒီလိုပုဂ္ဂိုလ်မျိုးကို လျှပ်စစ်ခေါင်းလောင်း အဟောင်းတစ်လုံးပြင်ဖို့ ခေါ်နေတယ်ဆိုတော့ . . .

သူငယ်ချင်းသာ မဟုတ်လျှင် ရိုက်လွှတ်ဖို့တောင် ကောင်းသည်။ ဒီအတွက် ကျွန်တော့်ကိုလည်း အပြစ်မဆိုသာပါ။ ကျွန်တော့်မှာက ကိုယ့် ဖောနဲ့ကိုယ် မဟုတ်လား။ ကျွန်တော့်အဖို့တော့ မြမြဖူးအိမ်က လျှပ်စစ် ခေါင်းလောင်း အစုတ်တစ်လုံးသည် မက်ဂါဝပ်တစ်ထောင်လောက် ထွက် နိုင်သော ဓာတ်အားပေးစက်ရုံကြီးတစ်ရုံထက် ပို၍အရေးကြီးနေပါ၏။

ကျားကြီးက ဖုန်းကိုပိတ်လိုက်ပြီးနောက်

"မင်းဟာက လွယ်လွယ်လေးကိုခက်အောင် လုပ်နေတာကိုး၊ အန်း တိတ်ကြီးကို ဘာဖြစ်လို့ အလုပ်ရှုပ်ခံပြီး ပြင်နေမှာလဲ၊ အသစ်ဝယ်တပ် ပေးလိုက်ပေါ့၊ ကော့ဒ်လက်စ်တွေဆိုရင် လွယ်လွယ်ကူကူကောက်တပ်လိုက် ရုံပဲ"

"ဒါတော့ ငါသိပါတယ်ကွ၊ ဒါပေမယ့် သူက အရင်အဟောင်းကိုပဲ ပြန်ပြင်ချင်တယ်ဆိုလို့"

"ဟ၊ အဓိပ္ပာယ်မရှိတာ၊ သူကခိုင်းတိုင်း မင်းက လုပ်ရမှာလား" ကျားကြီးက ငေါက်လိုက်ပြီးမှ ကျွန်တော့်မျက်နှာလေး ငယ်သွားတာကို

www.burmeseclassic.com

www.burmeseclassic.com



မြင်ပြီး သနားသွားဟန်တူ၏။

"ကဲကွာ၊ ဒီလိုလုပ်၊ မင်းကို ငါရှင်းပြလိုက်မယ်၊ မင်းဘာသာ စစ်ဆေးကြည့် မရဘူးဆိုရင် အဲဒါကြီး ဖြုတ်ပြီး ယူလာခဲ့ ငါ့ဆီက ကောင်လေးတွေကို ပြင်ခိုင်းကြည့်ပေးမယ်"

သူလက်ဆွဲအိတ်ထဲက စာရွက်တစ်ရွက်ကိုထုတ် ပုံကြမ်းဆွဲပြီး ရှင်းပြသည်။

"မင်းလည်း ငယ်ငယ်က လျှပ်စစ်ခေါင်းလောင်းအကြောင်း သင်ခဲ့ဖူးတာပဲကွ၊ ဘာမှမခဲယဉ်းပါဘူး၊ အေး. . . တစ်ခုတော့ရှိတယ်နော်၊ ငါက ဆောက်လုပ်ရေးကုမ္ပဏီမှာ လုပ်နေတယ်ဆိုပြီး မြမြဖူးတို့အိမ်မှာ ဆားဗစ်တင့် ပြင်ချင်လို့ဆိုတာမျိုးတော့ လာမလုပ်နဲ့၊ အိမ်သာတွင်းတော့ မင်းဘာသာ "တူးပေးလိုက်"

"အေပေး" ဟု ကျွန်တော် ဆဲလိုက်သည်။ ပြီးတော့

"ဘာပဲဖြစ်ဖြစ် ငါက မင်းထက်တော့ ပိုပြီး ဝီရိယရှိပါတယ်ကွ"

ဟုပြန်နှိပ်လိုက်၏။ ဒီစကားက ကျွန်တော်တို့ချင်းသာ နားလည်သော အဓိပ္ပာယ်ဖြစ်၏။

ကျားကြီးသည်လည်း ကျွန်တော့်လို လူပျိုကြီးပဲ။ သူမစုံရတဲ့အကြောင်း ကထူးခြားသည်။ အအိပ်ကြီးသောကြောင့်ဖြစ်၏။

ဖြစ်ပုံကတော့

ဒီကောင် စက်မှုတက္ကသိုလ်တက်နေစဉ်က ကျောင်းနားမှ ရပ်ကွက်ထဲ ရှိ အပြင်ဆောင်မှာငှါးနေသည်။ စတုတ္ထနှစ်အရောက်မှာ ရပ်ကွက်ထဲက ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားမိရာမှ အရှုံအမူးစွဲလန်းသွားသည်။

ကောင်မလေးကို ချဉ်းကပ်နိုင်သောအချိန်ကလည်း တစ်ချိန်တည်း



သာရှိ၏။ ကောင်မလေးသည် မနက်ခြောက်နာရီတိတိမှာ ဈေးသွားသည်။ အပြန်ကျတော့ ဆိုက်ကားနှင့်ပြန်သည်။ ကျန်တဲ့အချိန် အိမ်အပြင်ထွက်လေ့ မရှိ။ ထို့ကြောင့် ကောင်မလေးကို လွတ်လွတ်လပ်လပ် စကားပြောနိုင်ဖို့ဆိုလျှင် မနက်ခြောက်နာရီမီအောင် စောင့်မှဖြစ်မည်။

ခက်တာက ကျားကြီးသည် အအိပ်အလွန်မက်သူဖြစ်၏။ မနက်ရှစ် နာရီထိုးကာနီးမှ လူးလဲထ၊ မျက်နှာအမြန်သစ်ပြီး ကျောင်းကိုပြေးတတ်သည်။ နေ့လယ်ပိုင်းမှာလည်း အတန်းလစ်ပြီး အဆောင်ကသူငယ်ချင်းတစ်ယောက်ရဲ့အခန်းမှာ သွားနှပ်လိုက်သေးတယ်ဆိုပဲ၊ ဒီလိုအအိပ်ကောင်းလို့ စာမေးပွဲ တစ်နှစ်ကျသေးသည်။

ကောင်မလေးကို လိုက်စကားပြောဖို့ မနက်စောစောထနိုင်ရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း မအောင်မြင်ခဲ့။ နှိုးစက်ပေးထားသော်လည်း ဘဲလ်မြည်တဲ့အခါပြန်ပိတ်ပြီး ဆက်အိပ်လိုက်မိသည်၊ နောက်ဆုံးတော့ လက်ဖက်ရည်တွေ တစ်ခွက်ပြီးတစ်ခွက်သောက်ပြီး တစ်ညလုံး မအိပ်ဘဲနေတော့မှ အချိန်မီသွားစောင့်နိုင်သည်။

စက်မှုတက္ကသိုလ်ကျောင်းသားဆိုတော့ ကောင်မလေးကလဲ အထင်ကြီးတာပေါ့၊ ဒီလိုနဲ့ သူတို့နှစ်ယောက်ကြိုက်သွားကြသည်၊ သို့ရာတွင် ပြဿနာက ကောင်မလေးနဲ့ချိန်းတွေ့ဖို့အတွက် မနက်အစောကြီး ထရခြင်းပင်ဖြစ်၏။

ဘယ်သူမဆို ချစ်သူနဲ့သာတွေ့ရမယ်ဆိုလျှင် မနက်လေးနာရီထရမယ်ဆိုလည်း အလိုလျောက်ငေါက်ကနဲ နိုးလာတတ်တာချည်းပါပဲ။ (ကျွန်တော့်လိုပေါ့) ဒီကောင်ကတော့ ဒါမျိုးမဟုတ်။ ဘယ်လောက်ပဲ သတိထားပြီးအိပ်အိပ်၊ ဘယ်တော့မှ အချိန်မီနိုးလေ့မရှိ။ တစ်ညလုံး မအိပ်ဘဲနေတော့မှသာ မနက်ခြောက်နာရီကို မီအောင်သွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို မအိပ်ပဲနေတာမျိုးကလည်း ခဏခဏလုပ်လို့ဖြစ်တာမဟုတ်။ ထို့ကြောင့် ဒီကောင့်မှာ ကောင်မလေးနှင့်ချိန်းထားပြီးမှ အိပ်ရာကမ်နိုးလို့ လွဲလွဲသွားရတာ အမြဲလိုလိုဖြစ်နေ၏။ ကြာတော့ ကောင်မလေးကသည်း မခံနိုင်တော့ဘဲ 'ကျွန်မကိုအဆက်ဖြတ်မလား၊ အအိပ်ကြီးတာကို အဆက်ဖြတ်မလား' လို့မေးလာရတဲ့အခြေအနေရောက်ပါရော။

ဒီကောင်က တစ်သက်လုံးအိပ်လာတာကိုတော့ မစွန့်လွှတ်နိုင်ဘူးဆိုပြီး ကောင်မလေးကို အဆက်ဖြတ်လိုက်သည်။ ထို့နောက် 'ရည်းစားထားတယ်ဆိုတာ အိပ်ပျက်ခံနိုင်တဲ့ကောင်တွေရဲ့အလုပ်ပဲ' ဟုပြောပြီး နောက်ထပ် အချစ်သစ်မရှာဘဲနေခဲ့တာ နောက်ဆုံးတော့ လူပျိုကြီးဖြစ်သွားတာပါပဲ။

ကျားကြီးဆိုတဲ့ကောင်က ခုချိန်ထိအောင် အအိပ်မက်တုန်းဖြစ်၏။ သူ့တာဝန်ကျရာ လုပ်ငန်းခွင်များသို့ ပက်လက်ကုလားထိုင်တစ်လုံးယူသွားပြီး ဒီလောက်အလုပ်များနေတဲ့ကြားကတောင် ဆယ်မိနစ်ဖြစ်ဖြစ် ဆယ့်ငါးမိနစ်ဖြစ်ဖြစ် ရအောင်မှေးလိုက်သေးသည်ဆို၏။

❐

နောက်တစ်နေ့ကျတော့ မြမြဖူးတို့အိမ်သို့သွားသည်။ ကျားကြီးပြောလိုက်တဲ့အတိုင်း လျှပ်စစ်ခေါင်းလောင်းကို စစ်ဆေးသည်။ အုတ်တိုင်ရှိ ခလုတ်ဆီသွားသောကြိုးနှင့် အဝင်ကြိုးတို့ကိုဖြတ်ပြီး တိုက်ရိုက်တို့ကြည့်သည်။ ခေါင်းလောင်းက အသံထွက်လာ၏။ သို့ရာတွင် 'ကလင် ကလင်' မဟုတ်။ 'ဂတ်ဂတ်၊ ဂတ်ဂတ်' ဖြစ်နေသည်။

ခေါင်းလောင်းအုံထဲက ဖုံမှုန့်တွေကို သန့်ထုတ်ရသည်။ ခေါင်း



လောင်းခွက်ပေါ်က အိမ်ဆေးသုတ်တဲ့လူတွေ လက်ကမြင်းသွားသောဆေးတွေကို ခြစ်ထုတ်ပစ်ရသည်။ မောင်းတံကိုအနေအထားပြင်ပေးရသည်။ ခေါင်းလောင်းသံ အတော်ကောင်းလာသည်။

လျှပ်စစ်ခေါင်းလောင်း၏ အပြစ်မဟုတ်ကြောင်း သေချာပြီ။ ခလုတ်နှင့်ဆက်ထားသော ဝါယာကြိုးတွေဆွေးပြီး ပြတ်နေတာပဲဖြစ်ရမည်။ မြေကြီးထဲမှာမြှုပ်ထားသောပိုက်ထဲက ဝါယာကြိုးကိုဆွဲထုတ်ကြည့်တော့ ထင်တဲ့အတိုင်း မှန်နေတာတွေရ၏။

ဝါယာကြိုးအသစ်သွားဝယ်ပြီး ထည့်ရသည်။ ဒီမှာတွင် ပြဿနာတက်လာသည်။ ဝါယာကြိုးကပျော့နေတော့ ပိုက်ထဲထိုးထည့်ရာမှာ လေးငါးပေလောက်အထိပဲ လျှောလျှောရှုရှုဝင်သည်။ နောက်တော့ ဆက်ထိုးလို့မရတော့ဘဲ ခွေခေါက်ကုန်သည်။

ဘာလုပ်ရမှန်းမသိသဖြင့် ကျားကြီး၏လက်ကိုင်ဖုန်းဆီလှမ်းဆက်ရသည်။ လေးငါးခါလောက်ဆက်ပြီးမှ ရသည်။ အခက်အခဲကိုပြောပြတော့ ကျားကြီးက စိတ်တိုသောလေသံဖြင့်

"ဒါလေးတောင် မလုပ်တတ်ဘူးလား တုံးရဲ့၊ သံနန်းကြိုး ခပ်ရှည်ရှည် အနေတော်လောက်ကို ပိုက်လိုင်းထဲအသာချော့ပြီးထိုးထည့်၊ တစ်ဘက်အပေါက်က ထိပ်စထွက်လာတဲ့အခါကျတော့ နောက်ဘက်က ကျန်နေတဲ့အစနဲ့ ဝါယာကြိုးထိပ်စကိုမြဲအောင် ပူးပြီးချည်၊ ဟိုဘက်က နန်းကြိုးကို ဆွဲထုတ်၊ ဝါယာကြိုးက အလိုက်သင့်ပါသွားလိမ့်မယ်၊ နန်းကြိုးလည်းဆုံးရော ဝါယာကြိုးက ပိုက်ထဲသွင်းပြီးသား ဖြစ်သွားရောပေါ့"

"ဟာ. . . ဟုတ်သားပဲ၊ ကျေးဇူးပဲဟေ့ သူငယ်ချင်း"

"လခွေးတဲ့မှပဲ၊ ဒီမှာနားချိန်လေး နည်းနည်းရလို့ တမှေးမှေးမယ်

www.burmeseclassic.com

www.burmeseclassic.com



ကြဲနေတာ၊ ဖော်တော် အလုပ်ရှုပ်တဲ့ကောင်"

သူပြောတဲ့အတိုင်း လုပ်ကြည့်သော်လည်း မအောင်မြင်။ ပိုက်ထဲမှာ ဝါယာကြိုးအဟောင်းတွေ ပြတ်ကျန်ခဲ့ဟန်တူသည်။ သံနန်းကြိုးကိုတစ်ဝက်လောက်ပဲ ထိုးသွင်းလို့ရပြီး တစ်ခံနေသည်။ ဝါယာကြိုးကို ပိုက်ထဲမထည့်တော့ပဲ အပေါ်ကဆွဲလျှင်တော့ဖြစ်သည်။ သို့ရာတွင် ကြိုးတန်းလန်းကြီးပေါ်နေတာကို မြမြဖူးကမကြိုက်။

တစ်နည်းပဲရှိတော့သည်။ မြေကြီးကိုတူးပြီး မြောင်းဖော်၊ ပီဗီစီပိုက်အသစ်ဝယ်ပြီး ဝါယာကြိုးထည့်၊ မြေကြီးထဲမြှုပ်၊ မြေမြန်ဖုံး၊ မြေညှိ။ ခလုတ်အဟောင်းက သိပ်မကောင်းသဖြင့် အသစ်ပြေးဝယ်ပြီးတပ်။ တစ်ယောက်တည်း လုပ်လိုက်ရတာ တစ်နေကုန်သည် လူလည်းအတော်အီသွားသည်။ ဇောနှင့်သာလုပ်နေရတာ ပြီးသွားတော့ ခါးတွေနာ၊ ခြေထောက်တွေတောင့်နေသည်။

မြမြဖူးကိုခေါ်ပြီး ခေါင်းလောင်းကိုစမ်းပြသည်။ သူကသေသေချာချာနားထောင်ပြီး

"ဘဲလ်သံက နည်းနည်းထုံနေသလိုပဲနော်"

ဟုပြောသေးသည်။ သူတို့အဖေကြီးက

"အသစ်လောက်တော့ ဘယ်ကြည်မလဲ သမီးရဲ့၊ ဒီလောက်ဆို တော်တော် အဆင်ပြေပါပြီ၊ မလေးလဲကြားနိုင်လောက်ပါတယ်၊ သူမကြားလဲ ဖေဖေတို့ကြားနိုင်တာပဲ"

ဟုဝင်ပြောသည်။ ထိုအခါကျမှ မြမြဖူးသည် ချွေးတွေ၊ သံတွေ၊ ဖုန် တွေ၊ သဲတွေပေကျံပြီး စုတ်ဖတ်ဖတ်ဖြစ်နေသော ကျွန်တော့်ကိုကြည့်ပြီး

"အင်း. . . ယူလဲ တော်တော်ပင်ပန်းသွားပြီ၊ ရေလေး ဘာလေး ချိုးလိုက်ပါလား၊ ဒီညနေတော့ အိမ်မှာပဲ ထမင်းစားသွားတော့၊ မေမေက



ယူကြိုက်တတ်တဲ့ ဝက်နံရိုးဟင်းချက်ထားတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ပင်ပန်းနွမ်းနယ်နေသမျှတို့သည် 'ဒလိ'လုပ်လိုက်သလို ဖြတ်ကနဲပြေပျောက်သွားပြီးနောက် စကောလောက်ရှိသော လျှပ်စစ်ခေါင်းလောင်းကြီး တစ်ခုကျန်သေးသည် ဆိုလျှင်တောင် ချက်ချင်းကောက်ပြင်ပေးနိုင်လောက်အောင် အင်အားတွေ ပြန်လည် ပြည့်ဝလာလေတော့သည်။

(ဒါတောင် နံရိုးပဲရှိသေးတယ်နော်။)

ㅁㅁㅁ

www.burmeseclassic.com

www.burmeseclassic.com

♥

အိမ်ပြန်ရောက်လို့ အခန်းတံခါးမဖွင့်ခင်မှာပင် ကိုကိုကြီး ပြ
ရောက်နေကြောင်း သိလိုက်ရသည်။ အထဲက အော်ဟစ်ဆူပူကြိမ်းမောင်
နေသော ကိုကိုကြီး၏အသံကို ကြားလိုက်ရသောကြောင့်ပင်ဖြစ်၏။ သူသာ
ညီနှင့် ပြဿနာဖြစ်နေပြီဆိုတာ ကြိမ်းသေသလောက်ရှိသည်။ ကိုကိုကြ
အော်ဟစ်ကြိမ်းမောင်းရလောက်တဲ့လူဆိုလို့ အိမ်မှာ ညီတစ်ယောက်
ရှိတာကိုး။

ကျွန်တော် တံခါးဖွင့်ပြီးဝင်လိုက်သည်။ ကိုကိုကြီး၏အသံသည
အပြင်ကကြားရတာထက် နှစ်ဆလောက်ကျယ်လောင်နေ၏။

"ငါမရှိဘူးဆိုတာနဲ့ ဒီလောက်တောင်ပျက်စီးသွားရသလားဟင်

ဟုပြောရင်း ကျွန်တော့်ကိုလည်းမြင်ရော လက်ညှိုးထိုးလိုက်ပြီ

"မင်းကကော၊ တူလုပ်တဲ့လူကို ဘယ်လိုဆုံးမထားသလဲ"

စိတ်ထဲက တစ်ချက်တင်းကနဲဖြစ်သွား၏။ ဘယ့်နှယ်လဲ။ ပေါ်တ
ကြီးပါလား။ တကယ်ဆို သားကိုဆုံးမရမယ့်တာဝန်က အဖေနဲ့သ



ဆိုတာပဲဟာ။ ကျွန်တော်က ဦးလေးပဲ။ ဘာဆိုင်လို့လဲ။ သို့ရာတွင် ကိုကိုကြီး
ကြောင်းကို သိနေသဖြင့် စိတ်ကိုပြန်ထိန်းပြီး

"ဘာဖြစ်လို့လဲ ကိုကိုကြီးရ"

ဟုမေးလိုက်သည်။

"ဘာဖြစ်ရမှာလဲကွ၊ ဒီကောင် သိပ်မိုက်ရိုင်းနေပြီ"

"ကျွန်တော်ရှင်းပြတာလဲ နားထောင်ပါအုံး ဖေဖေရာ"

ညီက ဝင်ပြောသော်လည်း

"မင်းပါးစပ်ပိတ်ထား၊ မင်းပြောတာကို ငါကနားထောင်ရမှာလား၊
ငါပြောတာကို မင်းကနားထောင်ရမှာလား"

မမကြီးက မင်းပဲဝင်ပြီး ဖြန်ဖြေပေးလိုက်ပါဆိုသောသဘောဖြင့်
တ်ရိပ်ပြသည်။ ကျွန်တော်က

"နေပါအုံး၊ ဒီကောင်က ဘာတွေမိုက်ရိုင်းလို့လဲ"

"ဒီကောင် ဘာပြောတယ်ဆိုတာ ငါ့ပါးစပ်ကတောင် ပြန်ပြောလို့
ထွက်ဘူး၊ အဖေကို ဒီလိုပြောစရာလား"

ကျွန်တော် မျက်နှာထားတင်းလိုက်ပြီး ညီဘက်လှည့်၍

"ဟေ့ကောင်၊ မင်း ဘာပြောသလဲ"

"ဖြစ်ပုံက ဒီလိုပါ လေးလေးကြီးရာ၊ ဖေဖေပြန်လာပြီလဲဆိုရော
မမေကဈေးကိုပြေးပြီး ဘူးသီးကြီးတွေသုံးလုံးတောင် ဝယ်လာတော့တာ

"ဘူးသီးဝယ်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာကိုပြောမယ်လေ၊ ဖေဖေက ဘူးသီးသိပ်ကြိုက်တတ်တယ်
တုတ်လား၊ ဒီတော့ မေမေက ဒီရက်အတွင်းမှာ ဘူးသီးကို ဟင်းခါးချက်
ိုက်၊ ကြော်ချက်ချက်လိုက်၊ နှပ်လိုက်၊ ချဉ်ရည်ချက်လိုက်၊ ကြက်သားနဲ့ရော

www.burmeseclassic.com

www.burmeseclassic.com



လိုက်နဲ့ တစ်နေ့တစ်မျိုးမရှိအောင် ချက်တော့မှာပဲ၊ အဲဒါနဲ့ ကျွန်တော်
မနက်ဘူးသီး၊ ညဘူးသီး ဖေဖေ အာဘူးကြီးလို့ သီချင်းလုပ်ဆိုတာ
ဖေဖေ့က သူ့ကို နှာဘူးကြီးလို့ပြောပါတယ်ဆိုပြီး ပြဿနာရှာနေတာ

ကျွန်တော် ရယ်လိုက်မိ၏။ ကိုကိုကြီးက

"မင်းကပါ ငါ့ကို လှောင်တယ်ပေါ့၊ ဟုတ်လား"

ဟု လုပ်နေသေးသည်။ ကျွန်တော်က ရှင်းပြရသည်။

"မဟုတ်ပါဘူး ကိုကိုကြီးရာ၊ ခုတလော တီဗီက ကိုရီးယားဇာ
လမ်းတွဲတွေပြနေတယ်လေ၊ ဒီတော့ ကလေးတွေလဲ ကိုရီးယားအ
အဝေါ်တွေ နည်းနည်းပါးပါးတတ်နေပြီပေါ့၊ အာဘူးကြီးဆိုတာ ကိုရီးယ
လို အဖေလို့ခေါ်တာပါ၊ ကိုကိုကြီးကိုလှောင်တာ မဟုတ်ပါဘူး"

"အဖေဟာ အဖေပဲပေါ့ကွ၊ ဘူးသီးတွေ ခရမ်းသီးတွေလုပ်နေ
မလိုပါဘူး"

ကိုကိုကြီးလေသံက ပျော့သွားသည်။ ပြီးတော့မှ

"အေး. . . ဘာပဲဖြစ်ဖြစ် မင်းကောင်ကို ကြပ်ကြပ်မတ်မတ်
ထိန်းအုံး၊ သိပ်ပေါ့လွန်းတယ်၊ လေးလေးနက်နက်မရှိဘူး"

ဟုပြောပြီး အတွင်းခန်းထဲဝင်သွားသည်။ မမကြီးလည်း နောက်
လိုက်ဝင်သွား၏။

ကျွန်တော်တို့နှစ်ယောက် အပေါ်လွှာကိုတက်လာကြရင်း ညီ

"ဖေဖေက ရှက်ရမ်းရမ်းတာ လေးလေးကြီးရ"

ဟုပြောသည်။

"ရှက်ရမ်းရမ်းတာ ဟုတ်လား၊ ဘယ်လိုလဲကွ"

"နေ့လယ်တုန်းက မီးဖိုချောင်ထဲမှာ ဖေဖေက မေမေကို နမ်း
တုန်း ကျွန်တော်ကလဲဝင်အသွား ပက်ပင်းသွားတိုးတာပေါ့၊ မသိချင်ယော

ောင်ပြီး ပြန်လစ်ထွက်လာရတယ်၊ ခုနတော့ ကျွန်တော်က မနက်ဘူးသီး
ညဘူးသီး သီချင်းကိုဆိုမိတော့ သူ့ဘာသာ မလုံမလဲဖြစ်ပြီး ပြဿနာရှာ
တာ့တာလေ"

"မင်းကလဲ ဖြစ်ရမယ်"

ကျွန်တော်က ရယ်ရင်းပြောသည်၊ သူကခေါင်းကုတ်လိုက်ပြီး

"အဲဒါက အရေးမကြီးဘူး၊ ကျွန်တော်က ဒီတခေါက် ဖေဖေ
လာတဲ့အခါ ကွန်ပျူတာဝယ်ခိုင်းမလို့ စိတ်ကူးထားတာ၊ ခုအတိုင်းဆို
ပြာရခက်နေပြီ၊ အဲဒါ လေးလေးကြီးပဲ ပြောပေးပါတော့"

"ဟာ . . . ဒါက ပညာရေးနဲ့ဆိုင်တဲ့ကိစ္စပဲ၊ မင်းအဖေ ဝယ်ပေးဖို့
ဘောတူမှာပါကွ၊ စိတ်မပူစမ်းပါနဲ့"

"လေးလေးကြီးပြောတာ ပိုကောင်းပါတယ်၊ ကျွန်တော်ပြောလဲ
ဖေက လေးလေးကြီးကို အတည်ပြုချက်တောင်းဦးမှာပဲဟာ၊ မထူးပါ
ူး"

သူပြောတာလည်း မှန်သည်။ ကိုကိုကြီးသည် ညီက တစ်ခုခု
ောင်းဆိုသောအခါတိုင်း 'မင်းဘယ်လိုသဘောရသလဲ၊ မင်းတာဝန်ယူ
သား' စသည်ဖြင့် ကျွန်တော့်ကို အာမခံခိုင်းတတ်သည်။ တစ်ခုခုအဆင်
ပြေဖြစ်ခဲ့ လျှင်လည်း ကျွန်တော်ပါရောပြီး အဆူအကြိမ်းခံရတတ်သည်။
ညီ့ကြောင့် ဒါမျိုးခံရပေါင်းများပြီ။

ခုကိစ္စကတော့ ကွန်ပျူတာဝယ်ပေးဖို့ဖြစ်သဖြင့် ရဲရဲတင်းတင်း
ာမခံနိုင်သည်။ နောက်တော့မှ ဂိမ်းတွေချည်းပဲဆော့နေလျှင်တော့
ာတ်နိုင်။

❒

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မိဘတွေ ကွယ်လွန်သွားတော့ နှစ်ထပ်အိမ်တစ်လုံး ကျန်ခဲ့သည်။ ထိုအိမ်နေရာကို ကန်ထရိုက်ပေးပြီး တိုက်ဆောက်သည် မောင်နှမတွေ တစ်ခန်းစီခွဲယူကြသည်။ တခြားမောင်နှမတွေက အခန် တွေရောင်းပြီး ပြောင်းသွားကြသော်လည်း မမကြီးကတော့ မိဘ ခေါင်းချရာနေရာမှာပဲ နေမည်ဆိုပြီး သူရသောအခန်းမှာဆက်နေသည် ကျွန်တော့်ကိုလည်း သူတို့နှင့်အတူတူနေဖို့ခေါ်သည်။

ကိုကိုကြီးသည် ယောက်ဖဆိုသော်လည်း ကျွန်တော့်ကို တော်တော် ချစ်သည်။ တခါတလေ သူညီအရင်းမှတ်ပြီး ဆုံးမကြိမ်းမောင်းတာမျိုးလု တတ်သေးသည်။ သူက ထွားထွားဝါးဝါးဟိန်းဟောက်တတ်သော်လည်း စိ ရင်းက တော်တော်ကောင်းသည်။ သူ့အလုပ်က နယ်ထွက်နေရတာမျ သဖြင့် သူ့မိသားစုကိုစောင့်ရှောက်နိုင်ရန် ကျွန်တော့်ကို သူတို့အခန်းမှာ နေခိုင်းသည်။

ကျွန်တော်နေသောအခန်းကိုတော့ လူငှားတင်ထားလိုက်သည် အခန်းကို အပြတ်ရောင်းမပစ်ဘဲ လူငှားတင်ထားရတာအကြောင်းရှိ ကျွန်တော့်စိတ်ကူးက မြမြဖူးနှင့်လက်ထပ်ပြီးလျှင် ထိုအခန်းမှာနေမယ်ပေ့ သို့ရာတွင် အိမ်ငှားတွေသာ ငါးဦးမကပြောင်းသွားပြီးပြီ။ မြမြဖူး လက်ထပ်ခွင့်ရဖို့နေနေသာသာ ချစ်ပါတယ်ဆိုသော အဖြေကလေ တောင် မရသေး။

ကိုကိုကြီးက ရေလုပ်ငန်းကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်သည်။ လ ကောင်းသည့်အပြင် လုပ်ငန်းအောင်မြင်မှုအပေါ်မှာ အကျိုးအမြ ခံစားခွင့်ရသဖြင့် ဝင်ငွေကောင်းသည်ဟု ဆိုနိုင်၏။ သူ့အလုပ်က ပင်လ ကမ်းရိုးတန်းတွေဘက် ခရီးထွက်နေရတာများသည်။ သုံးလလောက်နေ တစ်ခေါက် ရန်ကုန်ပြန်နိုင်သည်။ မိုးလယ်ကာလကျမှသာ ရန်ကုန်မှ



တစ်လခွဲ နှစ်လ လောက်နားရသည်။

ကျွန်တော့်ကို ရန်ကုန်ကသူ့ကိုယ်စားလှယ်အဖြစ် ခန့်ထားသည်။ အလုပ်ကတော့သိပ်များများစားစား ရှိတာမဟုတ်။ နယ်ကနေ ဖုန်းလှမ်း ဆက်ပြီး ညွှန်ကြားတဲ့အခါကျမှသာ ခိုင်းတဲ့အတိုင်းလုပ်ပေးရခြင်းသာ ဖြစ်၏။ ကျန်တဲ့အချိန်တွေက အိမ်ကကိစ္စတွေ ဆောင်ရွက်ပေးရုံ။ ဒါကလဲ အကြောင်းကိစ္စပေါ်မှသာဖြစ်၏။ ထို့ကြောင့် ကျွန်တော့်မှာ အားလပ်ချိန် တွေ ပိုနေသည်။ ထိုအချိန်တွေကို ကျွန်တော်က အကျိုးရှိစွာ အသုံးချပါ သည်။ ဥပမာ. . . တယ်လီဖုန်းဘီလ်ကိစ္စစုံစမ်းခြင်း၊ လျှပ်စစ်ခေါင်း လောင်းပြုပြင်ခြင်း စသည်ဖြင့်ပေါ့။

ကျွန်တော့်အတွက် နေဖို့ စားဖို့ မပူရ။ ဒါ့အပြင် ကိုကိုကြီးက သူ့ အလုပ်တွေ ကူလုပ်တဲ့အတွက် လခသဘောမျိုးပေးသေးသည်။ ကျွန်တော့် အခန်းကလည်း အိမ်ငှားခရသေးသည်။ ထို့ကြောင့် သုံးဖို့စွဲဖို့လည်း လုံလောက်သည်။

မမကြီးတို့တိုက်ခန်းက ဟောင်ကောင်နှစ်လွှာဟုခေါ်ကြသော ပုံစံဖြစ်၏။ အောက်လွှာမှာ ကိုကိုကြီး၊ မမကြီးနှင့် သမီးအငယ် ဖိုးဖိုးတို့ နေသည်။ အပေါ်လွှာမှာ ကျွန်တော်နှင့်ညီတို့ နေသည်။

ညီသည် ကျွန်တော့်လက်ပေါ်မှာ ကြီးခဲ့ရသည်ဟု ဆိုနိုင်သည်။ မွေးကတည်းက ကျွန်တော်ပဲထိန်းကျောင်းခဲ့ရတာ။ စကားတတ်ခါစတုန်း တဆိုလျှင် 'မင်းဘယ်သူ့သားလဲ' မေးတဲ့အခါ 'လေးလေးကြီးသား'ဟု ဖြေတတ်သည်။

သူက ကျွန်တော်နှင့်တလျှောက်လုံး နီးနီးကပ်ကပ်နေခဲ့သော်လည်း ခိုက်ချင်းကျတော့ တခြားစီဖြစ်၏။ ကျွန်တော်က ငြိမ်ငြိမ်ကလေးတုပ် အေးအေးဆေးဆေးနေချင်သည်။ အားလျှင် စာအုပ်တလေ ကိုင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



နှပ်နေချင်သည်။ ဒီကောင်က ဘယ်တော့မှအငြိမ်နေချင်သူမဟုတ်။ အပြင်ထွက်ဖို့ လမ်းပဲရှာနေတတ်သည်။ မနက်လင်းတာနဲ့ ဘယ်သွားရ ကောင်းမလဲ စဉ်းစားနေသူဖြစ်၏။

အိမ်မှာနေတဲ့အခါကျတော့လည်း ကက်ဆက်အကျယ်ကြီး ဖွင့်ချင် ဗီဒီဒီဖွင့်ပြီး ကာရာအိုကေဆိုချင်ဆို၊ တခါတလေ သူငယ်ချင်းတွေ ခေါ်လာပြီး ဂစ်တာတီး၊ တီဗီဂိမ်းကစား၊ ဆူညံနေတတ်သည်။ ပေါက်က ပြာပြီး ရှုတ်တဲ့နောက်တဲ့နေရာမှာလည်း နှစ်ယောက်မရှိ။ အသောက်အ ကင်းတာရယ်၊ သူများကို ကူညီတတ်တာရယ်၊ ဉာဏ်ကောင်းတာရယ် ကတော့ ချီးကျူးရမည်။ တက္ကသိုလ်မှာ အင်္ဂလိပ်စာအထူးပြု ဒုတိယနှစ် တက်နေသည်။

ညီနှင့် ကျွန်တော်တို့၏ အဓိကခြားနားချက်ကတော့ အချစ်ရေး ကိစ္စပင်ဖြစ်သည်။ ကျွန်တော်ညံ့သလောက် သူကအတော်စွံသည်။ ကျွန်တော်က မြမြဖူးတစ်ယောက်ဆီကတောင် နှစ်ပေါင်းများစွာ ကြာတဲ့ အထိ ရေရေရာရာ အဖြေမရသေးသောအချိန်တွင် ဒီကောင်က ရည်းစား လေးယောက်ပြောင်းပြီးသွားပြီဆို၏။ ဒီအထဲမှာ ကောင်မလေးနှစ်ယောက် နှင့် တပြိုင်တည်း တွဲခဲ့တာလည်း ပါသေးဆိုပဲ။

ဖြစ်ပုံကတော့ သူကကောင်မလေးတစ်ယောက်ကို ချဉ်းကပ်သည်။ ကောင်မလေးက အိန္ဒြေကြီးလို့ပဲလား၊ အိုက်တင်ခံနေတာလားမသိ၊ တော် တော်နှင့် အဖြေမပေးဘဲ ကြန့်ကြာနေသည်။ ညီကစိတ်မြန်လက်မြန် သမားဆိုတော့ 'နေစမ်းဟာ'ဆိုပြီး နောက်ကောင်မလေးတစ်ယောက် ပြောင်းပြီး ကြိုးစားသည်။

ဒုတိယကောင်မလေးကတော့ သိပ်အချိန်ဆွဲမနေဘဲ မြန်မြန် အဖြေပေးလိုက်သည်။ ဖြစ်ချင်တော့ ခုလိုအဆင်ပြေသွားပြီးကာမှ ပထမ ကောင်မလေးကလည်း ချစ်ပါတယ်ဖြစ်လာရော၊ ဒီတော့ ညီ့မှာ နှစ် ယောက်တပြိုင်ထဲ ဖြစ်နေတာပေါ့။ ဒီကောင်ကလည်း ပိပိရိရိနဲ့ နှစ် ယောက်စလုံးကို တစ်လှည့်စီတွဲနေခဲ့သည်။ နောက်တော့လည်း ကောင်မ လေးတွေက သိသွားပြီး ပြဿနာတက်တော့တာပဲ။

သို့ရာတွင် ညီက အလွန်ညက်သည်။ ပထမကောင်မလေးကို 'နင်ကအဖြေပေးတာနောက်ကျပေမယ့် အရင်ချစ်မိတာဆိုတော့ နင်က သာ ချစ်ဦးသူပါ'ဟု ကျေနပ်အောင်ပြောသည်။ ဒုတိယကောင်မလေး တို့ကျတော့ 'နင်က အရင်အဖြေပေးတာမို့လို့ နင်သာလျှင် ငါ့ရဲ့ချစ်ဦးသူလို့ သတ်မှတ်ပါတယ်'ဟု နှစ်သိမ့်သည်။

ညီက အဲဒီလိုကောင်မျိုး။

ကျွန်တော်နှင့် မြမြဖူးတို့အခြေအနေကိုလည်း ဒီကောင်က အားမ လိုအားမရဖြစ်ပြီး

"လေးလေးကြီးဟာ ဦးကျော်ဇင်ရဲ့သူငယ်ချင်းလို့ မပြောရဘူး အန်းတိတ်ကြီးကိုမှ တသသစွဲလန်းနေတာကိုး"

ဟုထေ့တော့ ငေါ့တတ်သည်။ ကျွန်တော့်သူငယ်ချင်း ကျော်ဇင်က ရှေ့ပေါင်းသုတေသနသမားလေ။

□

ကွန်ပျူတာဝယ်ပေးဖို့ကိစ္စ ကျွန်တော်ကပြောသောအခါ တိုတိုကြီး က ထုံးစံအတိုင်း စစ်ကြောရေးဝင်လေသည်။

"မင်းကောင်က တကယ်ကောဟုတ်ရဲ့လား၊ ညီက ခုလိုမျိုး တော်ကြာတစ်မျိုးနော်၊ ငွေအကုန်ခံပြီးဝယ်ပေးပြီးမှ စိတ်မပါတော့ဘူးဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားရင် အလဟဿဖြစ်မယ်”

“ဒီလိုတော့ မဖြစ်နိုင်ပါဘူး ကိုကိုကြီးရ၊ ကွန်ပျူတာ ကလိနေရင် အနည်းဆုံးတော့ ခြေငြိမ်သွားမှာပဲ၊ တကယ်စိတ်ဝင်စားသွားပြီဆိုရင် တခြား မဟုတ်တဲ့ဘက်မှာ အာရုံမရောက်တော့ဘူးပေါ့၊ ခုချိန်မှာ ခေတ်မီတဲ့ အိမ်တိုင်း၊ တတ်နိုင်ရင် ကွန်ပျူတာတစ်လုံးတော့ ရှိသင့်တယ်လေ”

နောက်ဆုံးစကားလုံးက နည်းနည်းတော့တာသွားသည်။ ကွန်ပျူ တာ မရှိလျှင် ခေတ်မမီသလိုဖြစ်သွားနိုင်တာကို၊ ကိုကိုကြီး ခေါင်းတညိတ် ညိတ် လုပ်နေတုန်း ကျွန်တော်က ဆက်၍

“ပြီးတော့ စိုးစိုးလဲ ဆက်ပြီးကိုင်လို့ရတာပေါ့”

ခန်းဆီးကြားက ချောင်းနားထောင်နေသော စိုးစိုးက ခေါင်းပြူ ထွက်လာပြီး

“ဟုတ်တယ် ဖေဖေ၊ သမီးလဲ ဒီတခါကျောင်းပိတ်ရင် ကွန်ပျူတာ သင်တန်းတက်မလို့”

ဟုလှမ်းဝင်ပြောသည်၊ မမကြီးကလည်းထောက်ခံဟန်ဖြင့် ခေါင်း ညိတ်သည်။ ထိုအခါ ကိုကိုကြီးက

“အေးလေ၊ မင်းအာမခံတယ်ဆိုရင်လဲ ပြီးတာပဲ”

ဆိုပြီး မမကြီးဘက်လှည့်၍

“လိုတဲ့ငွေကို ဘဏ်ကနေ ထုတ်ပေးလိုက်”

ဟုပြောသည်။ ပြီးမှ

“ဒါနဲ့နေစမ်းပါအုံး၊ မင်းနဲ့ ဟိုကောင်မလေးနဲ့ အခြေအနေကကော ဘယ်လိုလဲ၊ အဆင်မပြေသေးဘူးလား”

ကျွန်တော်က ရယ်ကြဲကြဲလုပ်နေစဉ်၊ မမကြီးက ဝင်ပြောသည်၊

“ဒီအတိုင်းပါပဲ၊ မထူးခြားသေးဘူးတဲ့”

“ဟာ. . . ဒီလိုဇာတ်မျောနေလို့ ဘယ်ဖြစ်မလဲကွ၊ အင်း. . . ဒီမှာ



ဟောကောင်၊ လာမယ့် သုံးလအတွင်းအဆင်ပြေအောင်လုပ်ကွာ”

“သုံးလ၊ ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ သုံးလဆိုတာက”

“ဒီလိုလေ၊ မင်းရဲ့တိုက်ခန်းကိုငှားထားတဲ့စာချုပ်က နောက်သုံးလ ဆို အချိန်စေ့ပြီလေကွာ၊ အိမ်ငှားတွေကလဲ ဆက်မငှားတော့ဘူး၊ ပြောင်း တော့မယ်လို့ မင်းမမကြီးကပြောတယ်၊ ဒါကြောင့် ဒီကြားထဲ မင်းကောင်မ လေးနဲ့ အဆင်ပြေအောင်လုပ်၊ အိမ်ငှားတွေဆင်းပြီလဲဆိုရော တခါတည်း လက်ထပ်ပြီး တက်နေလို့ရတာပေါ့ကွာ၊ တော်ကြာ နောက်ထပ် အိမ်ငှား တင်ပြီးမှ လက်ထပ်ဖို့ဖြစ်လာရင် အခက်တွေ့နေအုံးမယ်”

ကိုကိုကြီးကတော့ အဲဒီအတိုင်းပဲ၊ အိမ်ငှားတွေဆင်းတာနဲ့ပဲ ကျွန်တော်ကအချိန်မီ အဆင်ပြေအောင်လုပ်ရမတဲ့၊ သူပြောသလိုသာ ရက်ချိန်းနဲ့လုပ်လို့ရမယ်ဆိုရင် ကိစ္စပြတ်တာကြာလှပေါ့။ မမကြီးကကော ဘာဝင်ပြောသလဲဆိုတော့

“အိမ်ငှားတွေရှိနေလဲ ဘာအရေးလဲ၊ လက်ရှိနေတဲ့အပေါ် အခန်းမှာပဲ ဆက်နေပေါ့၊ ညီကို အောက်ထပ်ပြန်ခေါ်ထားလိုက်ရင် ပြီးတာပဲ”

“ဒါတော့ ငါလဲသိတာပေါ့ကွာ၊ ဒါပေမယ့် မောင်ချစ်နိုးအနေနဲ့ သူ့ကိုယ်ပိုင်အခန်းမှာ ထားနိုင်ရင်ပိုပြီး ဂုဏ်ရှိတာပေါ့၊ ပြီးတော့ လက်ထပ် ပြီးခါစအချိန်မှာ ကိုယ့်အခန်းနဲ့ကိုယ် လွတ်လွတ်လပ်လပ် နေချင်ကြမှာပဲ လေ”

ကျွန်တော်က ဘာမှဝင်မပြောဘဲ ယောင်တောင်တောင်လုပ်နေ လိုက်သည်၊ စိတ်ထဲကတော့ ရယ်ချင်နေပြီ။ ကိုကိုကြီးက ကျွန်တော့်ကို အကဲခတ်ပြီး

“ဘာလဲဟေ့ကောင်၊ ငွေရေး ကြေးရေးကို တွေးပူနေတာလား ဘာမှ မပူနဲ့ကွ၊ အိမ်ရာခမ်းနားကအစ စရိတ်စကအားလုံး ငါတာဝန်ယူ

www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ကျွန်မလည်း ဆွဲကြိုးတစ်ကုံးလက်ဖွဲ့မယ်လို့ စိတ်ကူးထားတယ်"

မမကြီးက ဝင်ပြောပြန်သည်။ လိုက်လဲလိုက်ဖက်တဲ့ လင်မယား ပါပဲ။ သူတို့စေတနာအတွက်တော့ ဝမ်းသာဂုဏ်ယူရပါသည်။ သို့ရာတွင် လေယာဉ်ပျံလက်ဖွဲ့ပါမယ်ဆိုလျှင်တောင် ကျွန်တော့်ဘက်က ဘာအာမခံ ချက်မှ မပေးနိုင်သေး။ သူတို့နှစ်ယောက်ကတော့ စကားအရှိန်ကောင်း နေတုန်း။ မမကြီးကစကားပြန်ကောက်သည်။

"တစ်ခုရှိသေးတယ်၊ အိမ်ငှားတွေ ဆင်းဆင်းချင်း တက်နေလို့မဖြစ် သေးဘူး၊ အခန်းကိုဆေးလေးဘာလေးပြန်သုတ်၊ သပ်သပ်ရပ်ရပ် သား သားနားနားဖြစ်အောင် ပြင်ဆင်ရအုံးမယ်"

"ဒါက မခက်ပါဘူးကွာ၊ တစ်ပတ်နှစ်ပတ်လောက် အချိန်ယူ လိုက်ရင်ရပါတယ်"

"အဲဒီရက်တွေမှာ ရှင် အားဖို့ပဲ အရေးကြီးတယ်"

"နောက်သုံးလလောက်ဆိုရင် ငါတစ်ခေါက်ပြန်လာအုံးမှာပဲ၊ အနေ တော်လောက်ဖြစ်မှာပါ၊ လိုအပ်ရင်လဲ စိတ်ချရတဲ့လူနဲ့ အလုပ်ကိုလွှဲခဲ့ပြီး ပြန်ဆင်းချလာခဲ့မှာပဲ ဒီအတွက်တော့မပူနဲ့"

သူတို့ကတော့ ထုံးစံအတိုင်း စွတ်တင်နေတာပဲ။ ကျွန်တော့်မှာတော့ ရယ်လည်းရယ်ချင်၊ မျက်နှာလည်းပူ၊ ရှက်လည်းရှက်လာသဖြင့် 'အိမ်သာ တက်အုံးမယ်' ဟု အကြောင်းပြပြီး လစ်ထွက်လာခဲ့၏။ မင်္ဂလာဆောင်ကို ဟိုတယ်မှာ လုပ်ရင်ကောင်းမလား။ ဘုန်းကြီးကျောင်းမှာပဲ မင်္ဂလာဆွမ်း ကျွေးရင်ကောင်းမလား။ ဆွေးနွေးနေသော သူတို့အသံကို နားစွန် နားဖျား ကြားလိုက်ရသေးသည်။

□□□

မြမြဖူးသည် ပါးစပ်ကို အုပ်ထားသောလက်ဝါးကို ပြန်ဖယ်လိုက် သည်။ အပြုံးလက်ကျန်ကိုတော့ မြင်ခွင့်ရလိုက်၏။ ဒီအကြောင်းပြောလျှင် သူ ကြိမ်းသေရယ်မှာပဲဆိုတာသိသည်။ စကားဆုံးတာနဲ့ ပါးစပ်ကို သူလက် နှင့်မအုပ်ခင် အမိအရကြည့်ဖို့ အဆင်သင့်ပြင်ထားခဲ့သည်။ ကံဆိုးချင်တော့ စကားလည်းဆုံးရော မလေးက ကျွန်တော့်အတွက် တီးမစ်ပန်းကန် လာချအပေးနှင့် ကွက်တိသွားကြုံသည်။ မလေး၏ကိုယ်တစ်ပိုင်းက မြင်ကွင်းကို ရိုပ်ကနဲကွယ်သွား၏။ ထို့ကြောင့် ဒီတစ်ခါတော့ အပြုံး တစ်ပိုင်းတစ်စနှင့်သာ ကျေနပ်လိုက်ရသည်။

မြမြဖူးက

"ဒီအတိုင်းဆိုရင်တော့ လက်ရှိအိမ်ငှားတွေဆင်းသွားတာနဲ့ နေအိမ် ထပ်ငှားမယ့်လူကို ဒို့ကပဲမြန်မြန်ရှာပေးရတော့မယ်နဲ့တူပါရဲ့၊ ငြီးဆီး[illegible]လွယ် ဘူး"

"ဘာဖြစ်လို့လိုက်ရှာမလဲဗျာ၊ ကိုယ်တိုင်ပဲ တတ်[illegible]လိုက်ပြီတာပဲ၊

www.burmeseclassic.com



မမြဖူးသာ နေမယ်ဆိုရင် အိမ်လခ ထောင့်ငါးရာထဲနဲ့ တသက်လုံးနေနိုင်ပါတယ်"

သူက မျက်မှောင်ကုပ်လိုက်ပြီး

"အမယ်၊ ဒို့က ယူ့အိမ်လိုက်နေရမယ်ပေါ့ ဟုတ်လား"

"မမြဖူး သဘောပါ၊ ဒီအိမ်မှာပဲ ဆက်နေချင်တယ်ဆိုလဲ ရပါတယ်၊ ကျွန်တော်လာနေရမှာပေါ့"

"ယူ့ သိပ်ပြီး စိတ်ကူးမယဉ်ဘဲ နေရင်ကောင်းမယ်ထင်တယ်"

"စိတ်ကူးယဉ်တာလေးတောင် လိုက်ပြီး ကန့်သတ်နေရသေးလားဗျာ"

သူခဏတွေ၍ စဉ်းစားပြီးနောက်

"အင်း . . . ဟုတ်တယ်၊ ယူ့ ပြောတာ သဘာဝကျတယ်၊ စိတ်ကူးယဉ်တာက ယူ့ရဲ့ ကိုယ်ပိုင်အခွင့်အရေးပဲ၊ ကဲကဲ. . . ယဉ်ပါ ယဉ်ပါ၊ ယဉ်နိုင်ပါတယ်၊ သိပ်တော့မလွန်ကဲနဲ့ပေါ့"

"လက်ကလေးတော့ ကိုင်ထားပါရစေ"

"ဘာရယ်"

"စိတ်ကူးထဲမှာ ပြောတာပါ"

"အင်း. . . ယူ့ကို ရိုးသားတယ်လို့ထင်ခဲ့မိတာ မှားပြီလားမသိဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုအရင်ကပြောခဲ့ဖူးတယ်လေ၊ တခြားလူတွေက ဒို့ရဲ့ကိုယ်ခန္ဓာကိုပဲ ချစ်ကြတာ၊ ယူက သူတို့လိုမဟုတ်ဘူးလို့ ထင်ခဲ့တယ်လေ၊ အခု ယူလဲ မရိုးတော့ဘူးမှတ်တယ်"

"သူတို့လိုစိတ်ထားမျိုး မဟုတ်ဘူးဆိုတာကိုတော့ ယုံပါ၊ ဒါပေမယ့် အချစ်မှာ ကိုယ်ခန္ဓာကလဲ တစိတ်တပိုင်းတော့ပါဝင်ပတ်သက်နေတာပဲ



လေ၊ ကိုယ်ခန္ဓာမရှိဘဲနဲ့ ဘယ်လိုလုပ် ချစ်လို့ရမလဲ"

"ရတာပေါ့၊ ဒို့ရဲ့ အဘွားဆိုရင် ဆုံးသွားတာ အနှစ်နှစ်ဆယ်လောက်ရှိပြီ၊ လက်ညှိုးထိုးပြစရာ အကောင်အထည်လဲမရှိတော့ဘူး၊ ဒါပေမယ့် ခုထိ ဒို့အဘွားကို ချစ်နေတုန်းပဲ အဲဒါကျတော့ ဘယ်လိုပြောမလဲ"

ကျွန်တော်ရယ်လိုက်ပြီး လက်နှစ်ဘက်ကိုသာ မြှောက်ပြလိုက်ရသည်။ သူကဆက်၍

"ယူ့ပြောသလိုသာဆို တကယ်လို့ခုချိန်မှာ ဒို့သေသွားခဲ့ရင် ဒို့ကို ယူ ချစ်မှာ မဟုတ်တော့ဘူးပေါ့"

"ကျွန်တော်ဆိုလိုတာက မမြဖူးဆိုတဲ့ ရုပ်ခန္ဓာဟာ အစကတည်းက ဘာမှ မရှိခဲ့ဘူးဆိုရင် ဘယ်လိုလုပ်ချစ်လို့ရမလဲလို့ပြောတာပါ၊ ဘာမှမရှိတာကို ဘယ်လိုလုပ်ချစ်မလဲ၊ အခုရှိနေပြီဆိုတော့ ချစ်လို့ရပြီလေ၊ တကယ်လို့ လူက မရှိတော့ဘူးဆိုရင်လဲ အချစ်က ဆက်ရှိလို့ရတာပေါ့၊ မမြဖူးအဘွားကို ခုထိချစ်နေသလိုမျိုးပေါ့၊ ဥပမာအနေနဲ့ ကျွန်တော် ပြောမယ်၊ သချာဂိုဏ်းဆိုတာ မမြဖူးကြားဖူးလား"

"သချာဂိုဏ်းဟုတ်လား၊ ထူးထူးဆန်းဆန်းပဲ၊ အထက်ဂိုဏ်းလား အောက်လမ်းဂိုဏ်းလား"

"အဲဒီလို ဂမ္ဘီရဂိုဏ်းမျိုးမဟုတ်ပါဘူး၊ ဟိုရှေးရှေးတုန်းကရှိခဲ့ဖူးတဲ့ အတွေးအခေါ်ဂိုဏ်းတစ်ခုပါ"

"ပြောပါအုံး၊ စိတ်ဝင်စားစရာပဲ"

ကျွန်တော် လက်ဖက်ရည်ခွက်ယူ၍ တစ်ငုံ ငုံသည်၊ သူတို့ သိအောင် စိတ်မြင့်မားအောင် တမင်အချိန်ဆွဲလိုက်ခြင်းမဟုတ်၊ တိုက်ဆိုင်သွားခြင်းသာဖြစ်၏။ လက်ဖက်ရည်သောက်ချင်စိတ်ပေါ်လာလို့ ကောက်သောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ။ သူကတော့ စိတ်ဝင်စားဟန်ပြနေသည်၊ ကျွန်တော်ဆက်ပြေ
သည်။

"သူတို့အယူအဆကတော့ လောကကြီးမှာ သင်္ချာကိန်းဂဏန်းတွေ
ကသာ မပြောင်းလဲသော အစစ်အမှန်တရားဖြစ်တယ်လို့ အကြ
အားဖြင့်ပြောနိုင်တယ်"

သူက "ဆိုပါဦး"ဟူသောသဘောဖြင့် ခေါင်းဆတ်ပြသည်။

"ဥပမာလွယ်လွယ်ပြောရရင် သစ်ပင်တစ်ပင်ဟာ ပေနှစ်ဆ
အမြင့် ရှိတယ်ဆိုပါတော့၊ အဲဒီသစ်ပင်ကို အမြစ်ပါမကျန်အောင် ခုတ်လှဲ
နုတ်ပြီး ထင်းစိုက်ပစ်လိုက်၊ သစ်ပင်က မရှိတော့ဘူးနော်၊ ဒါပေမယ့်
နှစ်ဆယ်အမြင့်ရှိခဲ့တယ်ဆိုတဲ့ ကိန်းဂဏန်း အချက်အလက်တော့ ဆက်
တည်ရှိနေမှာပဲ၊ ဒီသဘောအတိုင်းပေါ့၊ လူတစ်ယောက်မရှိတော့ပေမယ့်
သူနဲ့ပတ်သက်ခဲ့တဲ့ အချစ်ကိုတော့ ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့ ရနိုင်မှ
မဟုတ်ဘူးလေ"

"ဒါဆို ယူကတော့ အချစ်ဂိုဏ်းသားပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ခက်နေတာက ကျွန်တော်ဂိုဏ်းမှာ ကျွ
တော်တစ်ယောက်ထဲဖြစ်နေတာပဲ၊ ကျွန်တော်ပဲ ဂိုဏ်းချုပ်၊ ကျွန်တော်ပဲ
ဂိုဏ်းသား ဖြစ်နေတယ်၊ မမြဖူး ကျွန်တော့်ဂိုဏ်းထဲဝင်ပါလား၊ မိစ္ဆာဂိုဏ်း
မဟုတ်ပါဘူး၊ သမာသမတ်ဂိုဏ်းပါဗျာ"

သူကပြုံးလိုက်ပြီး

"သွေးသောက် မောင်နှမဖွဲ့ရုံလောက်ဆိုတော်ရောပေါ့ ကိုချစ်မိုး
ရယ်"

ကိုယ့်ပါးကိုယ် တဖြတ်ဖြတ်ရိုက်ပြီး အပြစ်ပေးချင်စိတ် ပေါ်ပေါက်
လာလေ၏။

□



ကျွန်တော်တို့ စကားပြောနေတုန်း မာလာမောင်နှင့် ခင်ကြည်မြင့်
တို့ရောက်လာသည်။ ကျွန်တော့်ကိုမြင်တော့ မာလာမောင်က ခင်ကြည်မြင့်
ကို

"ကဲ. . . ငါပြောတယ်မဟုတ်လား၊ နင်ရှုံးပြီ"

ဟုပြောသည်။ ဘာဖြစ်တာလဲမေးတော့

သူတို့နှစ်ယောက် လမ်းမှာလောင်းကြေးစားကြေးလုပ်ခဲ့ကြသည်၊
မာလာမောင်က ဒီအိမ်မှာ ကျွန်တော်ရောက်နေရမည်ဟုဆိုသည်၊ ခင်
ကြည်မြင့်က ဒီလောက်တိုက်တိုက်ဆိုင်ဆိုင် ရောက်မနေနိုင်ဟု ငြင်းသည်၊
ဒီလိုနဲ့ ညနေ ရှမ်းခေါက်ဆွဲကျွေးကြေး လောင်းထားခဲ့ကြသည်ဆို၏။

"ငါရှုံးပေမယ့် ကျေနပ်တယ်ဟေ့၊ ကိုချစ်မိုး ဒီမှာရောက်နေတာဟာ
ငါ့အစီအစဉ် အောင်မြင်ဖို့ နီးစပ်လာတဲ့သဘောပဲ"

ခင်ကြည်မြင့်က ကျွန်တော်နှင့် မြမြဖူးကို အောင်သွယ်ပေးနေ
သောကိစ္စကို ဆိုလိုခြင်းဖြစ်၏။ မာလာမောင်က

"ငါတော့ နင့်အဖြစ်က ဟိုဟာသဇာတ်လမ်းထဲကလို ဖြစ်တော့မယ်
ထင်တယ်ဟ"

ဟု ခင်ကြည်မြင့်ကိုပြောသည်။ ခင်ကြည်မြင့်က ဘာလဲမေးတော့

"ဗေဒင်ဆရာမတစ်ယောက်က လူပျိုကြီးကိုခြောက်လအတွင်း မိန်း
မရမယ်လို့ ဟောတယ်လေ၊ ခြောက်လပြည့်လို့ မိန်းမလဲမရရော သူဟော
တာမှားတယ် အပြောခံရမှာစိုးလို့ လူပျိုကြီးကို သူကိုယ်တိုင်ပဲ ယူလိုက်ရတာ
မျိုးလေ"

မြမြဖူးက

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီအတိုင်းကောင်းတယ်"

ဟုအလျှင်အမြန်ဝင်ပြောသည်။ ခင်ကြည်မြင့်က

www.burmeseclassic.com

www.burmeseclassic.com



"အမယ်၊ ဒီကိစ္စထဲမှာ မာလာလည်းပါတာပဲ၊ ကိုချစ်နိုးနဲ့ မြဖူ
မာလာပဲ မိတ်ဆက်ပေးတာ မဟုတ်လား၊ မာလာ့မှာလည်း တာဝန်ရှိတာ

"ယူကတော့ တယ်စွံပါလား၊ ဘယ်တစ်ယောက် ညာတစ်ယော
တောင်မှပဲ"

ဟုမြမြဖူးက ကျွန်တော့်ကိုစသည်။ မာလာမောင်က

"ငါက ကိုရန်လေးကလွဲရင် ဘယ်သူ့မှမယူဘူးလို့ ဆုံးဖြတ်ခ
ချထားလို့ပါဟ၊ နှိမ့်ဆို ကူညီပါတယ်"

ပြောပြီး ရယ်ကြသည်။

တကယ်ဆိုလျှင် ကျွန်တော်တို့နှစ်ယောက်ကို အောင်သွယ်
နေကြကြောင်း ကျွန်တော်တို့ကိုရှေ့မှာထားပြီး ပြောနေကြတာ မျက်
စရာကြီးဖြစ်ရမှာ။ သူတို့ကတော့ ညကကြည့်ခဲ့သော တီဗီဇာတ်လမ်
အကြောင်းပြောနေသလို ပေါ့ပေါ့ပါးပါးပဲ။ မြမြဖူးကိုယ်တိုင်တော
'ဘာ့မှန်းလဲမသိဘူး' ဆိုပြီး ရှက်လို့ထပြေးတာမျိုးမရှိ၊ အိမ်ကခွေးကလေ
ကြောင်ကလေးအကြောင်းပြောနေတယ်များ ထင်နေသလားမသိ။
အေးအေးပုံစံနှင့်သာ ရှိနေ၏။ သူ ကျွန်တော့်အပေါ် ရင်ခုန်မှုမရှိသေး
သိသာသည်။ ကျွန်တော့်မှာသာ နားရွက်တွေပူသလိုလိုဖြစ်လာလေသည
ထို့ကြောင့်

"ကဲ. . . တွေတုံးကြုံတုန်း အတင်းတွေစုံအောင်ပြောကြအုံး
ကျွန်တော် ပြန်လိုက်အုံးမယ်"

ဆိုပြီး ထရပ်လိုက်၏။ မာလာမောင်က

"ငါတို့လာလို့ အနှောင့်အယှက်ဖြစ်သွားပြီလား"

"မဟုတ်ပါဘူး၊ အိမ်မှာလဲ လုပ်စရာလေးရှိသေးလို့"

"ဘာလဲ၊ လျှပ်စစ်ခေါင်းလောင်း ပြင်စရာရှိလို့လား"



ကျွန်တော်က ရယ်ကြဲကြဲလုပ်နေလိုက်သည်။

"ကိုချစ်နိုးက သိပ်အားကိုးရတာပဲ၊ ဒါတောင် သူငယ်ချင်းအဆင့်ပဲ
သေးတယ်၊ နောက်ဆိုရင် ဒီထက်ပိုပြီးအားကိုးရမှာ သေချာတယ်"

ခင်ကြည်မြင့်က အခွင့်အရေးရတုန်း သူ့တာဝန်ဝတ္တရားအတိုင်းဝင်
ပြောသည်။ မြမြဖူးက တိုင်ကပ်နာရီဆီ တချက်လှမ်းကြည့်ပြီး

"အတော်ပဲ၊ ခုမှသတိရတယ်၊ ကိုချစ်နိုး၊ ယူ တီဗီပြင်တတ်လား"

"ဟာ. . . အဲဒီလောက်တော့ ဘယ်ကျွမ်းပါ့မလဲ"

ပြောပြီးမှ စောစောကပဲ ခင်ကြည်မြင့်ကပင့်ထားတာကို သတိရ
သွားသဖြင့်

"ဘာဖြစ်လို့လဲ"

ဟုမေးလိုက်ရ၏။

"ဘာဖြစ်သလဲ မသိဘူး၊ အရုပ်တွေက မငြိမ်ဘူး၊ ပြီးတော့ နှစ်ထပ်
သုံးထပ်ဖြစ်နေတယ်၊ အစက်အပြောက်တွေလဲ ပေါ်နေတယ်"

"အင်းလေ၊ တတ်သလောက် မှတ်သလောက်တော့ ကြည့်လိုက်ပါ့
မယ်၊ အတွင်းထဲကဖြစ်တာဆိုရင်တော့. . ."

'ကျွန်တော်လဲမတတ်နိုင်ဘူး' ဟုပြောမည်ပြုပြီးမှ 'ဆိုင်ကိုပို့ရမှာပဲ'
ဟု ပြောလိုက်၏။ စိတ်ထဲကတော့ နည်းနည်းလေးသွားသည်။

တီဗီကအပေါ်ယံလောက်ဆိုလျှင် ကိစ္စမရှိ။ ဆိုင်ပို့ပြီးပြင်မှဖြစ်မယ်
ဆိုရင်တော့ မလွဲသာမရှောင်သာဘဲ တာဝန်ယူရပေတော့မည်။ ပြင်ပေးရ
တာက အရေးမကြီး။ ဒါကြီးကို သယ်သွားဖို့က ပြဿနာပဲ။ သူတို့အိမ်မှာ
ယောကျ်ားရှိ တာတော့မှန်သည်။ သို့ရာတွင် အဘိုးကြီးကိုယ်တိုင် မောင်းပို့မည်
ည်။ ဒါကျတော့လည်း အားနာဖို့ကောင်းသည်။ ပြီးတော့ သူတို့ကား
ချာချင်သလိုလို ပြောသံကြားသည်။ မတော်တဆ လမ်းမှာပျက်နေလျှင်

www.burmeseclassic.com

www.burmeseclassic.com



ကားပြင်တဲ့တာဝန်ပါ ပိုလာဦးမည်။
သူတို့အိမ်ကနေ တက္ကစီကားငှားလို့ရတဲ့ လမ်းထိပ်ရောက်အော
တီဗီကြီးကိုထမ်းသွားဖို့ဆိုတာ စိတ်ကူးရုံနဲ့ တော်တော်ပင်ပန်းနေပြီ။ တစ်
ရှိသည် လမ်းထိပ်အထိလျှောက်သွားပြီး ကားတစ်စီးငှား၊ တီဗီကို အိမ်အ
လာသယ်ပြီးမှပြန်ထွက်၊ ကားခတော့ ပိုပေးရတော့မှာပဲဟု တွေးမိသ
တီဗီကို ပါဝါဖွင့်လိုက်၏။ မြမြဖူးပြောသည့်အတိုင်းပဲ အရုပ်တွေ
မငြိမ်၊ စနိုးခေါ် အစက်အပြောက်တွေလည်းပေါ်နေသည်။ အသံကလ
'တဂျစ်ဂျစ်'မြည်သံတွေရောယှက်နေသည်။ အင်တင်နာခေါင်းများ လွ
နေလို့လားဆိုပြီး ကစားကြည့်တော့လည်း သိပ်မထူးခြား။ ကြိုးတစ်
လွှဲဟ်နေလို့လားဟု ကြည့်သည်။ မလွတ်။ အောက်ဒိုးအင်တင်နာက ဖြစ်
တာဆိုလျှင်တော့ နာပြီ။ ခေါင်မိုးပေါ်တက်မှရတော့မည်၊ မတက်ရဲ
ဆိုလျှင်လည်း သိက္ခာကျတော့မည်။
အင်တင်နာကြိုးတစ်လျှောက် စစ်ဆေးကြည့်တော့မှ အပြ
တွေ့သဖြင့် စိတ်သက်သာရာရသွားသည်။ တီဗီတင်သောစင်၏ နေ
ဘက်ချောင်ထဲကို အိုက်ကျနေသော ကြိုးတစ်နေရာမှာ ကြွက်ကိုက်
သလား၊ အခြားအကြောင်းတစ်ခုခုကြောင့်ပဲလားမသိ၊ ကာဗာပေါက်
အပေါ် လွှာကြိုးမျှင်တွေ ပြတ်ထွက်နေသည်။ ထိုနေရာက ဖြတ်ပ
အင်တင်နာခေါင်းမှာ ပြန်တပ်ရမည်။ သိပ်မခဲယဉ်းလှသဖြင့် တော်
သည်။ ချစ်နိုးက အားကိုးရတယ်ဆိုသောစကားနှင့်လည်း ကိုက်ညီ
သဖြင့် ကျေနပ်မှုဖြစ်ရ၏။
မြမြဖူးတို့ အဖေကြီးဆီက ဝက်အူလှည့်၊ ဘလိတ်ဓားစသော
ယာများ တောင်းပြီးနောက် ကျွန်တော်အလုပ်စလုပ်သည်။ သူတို
ယောက်ကတော့ စကားဆက်ပြောနေသည်။



ကျွန်တော် အလုပ်လုပ်နေသောနေရာနှင့် သူတို့စကားပြောနေကြ
သောနေရာသည် ဆယ့်ငါးပေလောက်တော့ဝေးမည်။ ဂရုတစိုက် နားစွင့်
လျှင် သူတို့ပြောတာကိုကြားနိုင်သည်။ သူတို့ကတော့ ကျွန်တော်မကြား
လောက်ဘူးလို့ပဲ ထင်သလား၊ ကျွန်တော့်ကိုရှိတယ်လို့တောင် မအောက်မေ့
ဘူးလား၊ ဒါမှမဟုတ် အရေးစိုက်စရာမဟုတ်ဘူးလို့ပဲ သဘောထားသလား
သိ။ ပြောချင်တာကို လွတ်လွတ်လပ်လပ်ပြောနေကြသည်။ ကျွန်တော်က
ာမင်ကြည့်နေတာမဟုတ်သော်လည်း မြင်ကွင်းထဲမှာဝင်နေသဖြင့် မြမြဖူး
ကျွန်တော့ဘက် လက်ညှိုးထိုးပြလိုက်တာမျိုးကို မြင်ရသည်။ ထိုအခါ
သူတို့အသံများသည် ခပ်အုပ်အုပ်ဖြစ်သွား၏။
တချို့အပျိုကြီးတွေမှာ အကျင့်တစ်ခုရှိသည်။ ယောကျ်ားများနှင့်
တ်သက်ပြီး သူတို့ကိုယ်တိုင်အတွေ့အကြုံမရှိသော်လည်း ကြားဖူးနားဝ
သောကိစ္စ တွေ၊ စိတ်ကူးယဉ်တွေပြောပြီး ပါးစပ်အရသာခံတတ်ကြသည်။
သူတို့ကိုယ်သူတို့ ယောကျ်ားတွေအကြောင်း နောကျေအောင်သိသလို
ဟန်ဆောင်တတ် ကြသည်။ ဒါမှမဟုတ်လျှင်လည်း ရုပ်ရှင်မင်းသားတွေကို
စိတ်ကူးနှင့် ချစ်ကြည့်တတ်ကြသည်။
သူတို့ကြိုက်တတ်သော မင်းသားတွေက ဟိုအရင်ကဆိုလျှင်
င်းဦး၊ ညွန့်ဝင်း၊ ဇော်ဝမ်းတို့ဖြစ်ပြီး ခုနောက်ပိုင်းကျတော့ ရန်အောင်
မင်းတို့ဖြစ်၏။ အထူးသဖြင့် လူပျိုဖြစ်ပြီး ယောကျ်ားပီပီသသချောသော
င်းသားများကို ပိုသဘောကျ၏။
သူတို့ကြိုက်ပြီဆိုလျှင် အရှုးအမူးရွဲရွဲလန်းလန်းပဲ။ သူတို့ကြိုက်တဲ့မင်း
သားပါတဲ့ ရုပ်ရှင်ကားပြလျှင် ပထမနေ့ပထမပွဲကို ကြည့်ရမှ တွေနပ်
သည်။ ကြိုတင်လက်မှတ်ဝယ်လို့မရလျှင် ဘယ်လောက်ဈေးကြီး ဈေး
ပေးရ အပြင်က ဝယ်ကြည့်သည်။ ထိုမင်းသား၏ဓာတ်ပုံတို့ မှ ဆောင်

www.burmeseclassic.com

www.burmeseclassic.com



သွင်းပြီး စားပွဲပေါ် တင်ထားသည်။ မင်းသားအကြောင်းပါသော စာနေ
ဇင်းတွေ ဝယ်ပြီးစုထားသည်။

မင်းသားဆီ မိတ်ဆက်စာရေးသည်။ ဖုန်းဆက်ပြီး အကြာ
စကားပြောသည်။ မင်းသားရဲ့ရိုက်ကွင်းတွေဆီကို အဆက်အသွယ်ရှာ
သွားသည်။ အဖိုးတန်လက်ဆောင်တွေ ပေးသည်။ မင်းသားရဲ့သတင်းတေ
လိုက်စနည်းနာပြီး အကြောင်းထူးကို ဦးဦးဖျားဖျားသိရလျှင် မြန်ရည
ယှက်ရှည် လိုက်ပြောတတ်သည်။

ကျွန်တော်တို့လမ်းထဲက အပျိုကြီး မပွင့်ဆိုလျှင် လူမင်းကို အသေ
အလဲ သဘောကျသူဖြစ်၏။ တလောက လူမင်းလက်ထပ်သွားပြီလည
ကြားရော မအိပ်နိုင်မစားနိုင် ဖြစ်သွားရသေးသည်။ ပြီးတော့ ဘာမဆို
ညာမဆိုင် သူနဲ့လည်း ဘာမှမပတ်သက်ခဲ့ဘဲနဲ့ ရှက်လှချည်ရဲ့ဆိုပြီး တစ်ပ
လောက် အိမ်ထဲကအိမ်ပြင်မထွက်ဘဲ နေခဲ့သေးသည်။

မာလာမောင်ကတော့ ရန်အောင်ခရေဇီဖြစ်၏။ ရန်အောင်ကပ
လျှင် ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဟု ဆိုသည်။ သူအပျိုကြီးဖြစ်နေရတာ
ပဲ ရန်အောင်ကြောင့်လိုလိုပြောချင်သည်။ ဒီလိုဆိုတဲ့အတွက် သူ
ရန်အောင် ဘယ်လိုပတ်သက်သလဲဆိုတော့ ဘာမှမပတ်သက်။

ရန်အောင်ဆီ မိတ်ဆက်စာရေးဖူးသည်။ ရန်အောင်က ပရိသတ
အနေဖြင့် အသိအမှတ်ပြုသော စာပြန်ဖူးသည်။ လက်မှတ်ထိုးထားသော
ဓာတ်ပုံတစ်ပုံ ပို့ပေးဖူးသည်။ ရန်အောင့်ဆီ တစ်ခါ နှစ်ခါလောက
ဖုန်းဆက် စကားပြောဖူးသည်။ ဒီလောက်ပဲ။ သူကတော့ တခါတလေ
ညည့်ခံပွဲတစ်ခုမှာ ရန်အောင်နှင့် စားပွဲချင်းကပ်လျက်ထိုင်ခဲ့ရတာကို
ရည်းစားနဲ့ချိန်းတွေ့သလို ရင်တွေခုန်ရတယ်ဆိုပဲ။

အပျိုကြီးတချို့သည် ဒီလိုပဲ စွဲမိစွဲရာဖြစ်တတ်ကြသည်။ တချို့

တတော့ တူတွေ တူမတွေထဲက တစ်ယောက်ယောက်အပေါ် အချစ်တွေ
ပုံထားတတ်သည်။ မိဘအရင်းထက်တောင် ပိုပြီးအဖြစ်သည်းတတ်ကြ
သည်။

ခင်ကြည်မြင့်ကတော့ တမျိုးဖြစ်၏။ သူကအချစ်ကိုလည်းမရှာ။
အိမ်ထောင်လည်းမပြု။ သို့ရာတွင် သူများတွေကိုလိုက် အောင်သွယ်
ပေးရတာကို တော်တော်ဝါသနာပါသည်။ အောင်သွယ်လုပ်ရာမှာလည်း
ကျွမ်းကျင်သည်။ သူကြောင့် အဆင်ပြေသွားသူတွေ များလှပြီ။ ကျွန်တော့်
တို့စွကျမှ နာမည်ဖျက်ရသလိုဖြစ်နေသော်လည်း အားတော့မလျှော့သေး။

သူသည် တကယ်ပဲအချစ်ကိုမရှာချင်တာပဲလား။ သူ့စိတ်ထဲက
ကြိတ်ပြီး တဘက်သတ်ချစ်နေသူတစ်ယောက်က သူ့ကိုစိတ်မဝင်စားခဲ့လို့
အပျိုကြီးအဖြစ် ကိုယ့်ကိုယ်ကို ဒဏ်ခတ်နေတာလား။ သူမစွံပေမယ့် သူများ
တွေ အဆင်ပြေတာကိုကြည့်ပြီး စိတ်ဖြေချင်လို့လား။ သူ့လိုချစ်ဒုက္ခမျိုး
မခံစားရပါစေနဲ့ဆိုသော စေတနာဖြင့် လိုက်ပြီးကူညီနေတာလား။
ဒါမှမဟုတ် ချူရိုဆစ် ခေါ် စိတ်ဝေဒနာတစ်မျိုး စွဲကပ်နေတာပဲလား။
သူ့ဘာသာပဲ သိလိမ့်မည်။ သူငယ်ချင်းတွေကတော့ သူ့ကို 'နင်က ကိုယ်တိုင်
ဝင်မကနိုဘဲ သူများကစားတာကိုကြည့်ပြီး ဘယ်လိုကန်လိုက်ပါလား ဘာ
လား ပြောတတ်တဲ့ဘော်လုံး ပွဲကြည့်သူလိုပဲ'ဟု ဆိုကြသည်။

မြမြဖူးကတော့ သူတို့လိုမဟုတ်။ ဘယ်မင်းသားကိုမှလည်း ခရေဇီ
မဖြစ်။ စွဲမိစွဲရာလည်းမဖြစ်။ တချို့အပျိုကြီးတွေလို စိတ်ပုတ်လေးတကိုင်
ကိုင်လုပ်တာမျိုးလည်းမဖြစ်သေး။ ဒါကိုတော့ ကျွန်တော် ကျေနပ်သည်။
သူမှာ အပျိုကြီးလက္ခဏာရပ်တချို့ ရှိနေသော်လည်း သိပ်ပီပီပြင်ပြင်ကြီး
မဟုတ်။ ထို့ကြောင့်သူသည် ဒီအခြေအနေအတိုင်းကြီး တသက်လုံးနေသွား
မှာ မဟုတ်ဘူးဟု မျှော်လင့်လို့ရနိုင်ကောင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားဝိုင်းက ရယ်သံသဲ့သဲ့ထွက်လာသည်။ ကျွန်တော် ဖြတ်ခနဲတစ်ချက် လှမ်းကြည့်သည်။ ခင်ကြည်မြင့်က

"ဟုတ်တယ်ဟ၊ သေသေချာချာကြည့်၊ ဖြစ်နိုင်တယ်"

ကျွန်တော့်ဘက် မေးငေါ့ပြရင်း ခပ်အုပ်အုပ်လေသံဖြင့် ပြောလိုက်တာကိုကြားဖြစ်အောင် ကြားလိုက်၏။ မြမြဖူးက ခင်ကြည်မြင့်၏လက်မောင်းကို လက်သီးဆုပ်နှင့် ထုလိုက်တာကိုလည်း မြင်ရသည်။

အပျိုကြီးတွေထုံးစံအတိုင်း ပေါက်ကရတစ်ခုခုပြောရင်း ကျွန်တော့်အကြောင်းကိုပါ ဆွဲထည့်လိုက်ဟန်တူသည်။ ကျွန်တော့်မှာ ရှိန်းကနဲဖိန်းကနဲ ဖြစ်သွားပြီး နားရွက်တွေတောင်ပူလာသည်။

လူတစ်ယောက် ဘယ်လောက်စိတ်ရှည်သည်းခံနိုင်သလဲ သိချင်လျှင် ဒဂုံမြို့သစ်တောင်ပိုင်းသို့သွားသော ဘတ်စ်ကားကို စီးနိုင်းကြည့်လိုက်ပါ။ ညနေစောင်းအလုပ်ပြန်ချိန်တွင် ရန်ကုန်မြို့လယ်မှ တောင်ဒဂုံထိ ခရီးအတွင်း အဆင်မပြေစရာ၊ စိတ်ညစ်စရာ၊ ဒေါသဖြစ်စရာ၊ ခံပြင်းစရာ တစုံတရာမှမတွေ့ရှိရပါဟုဆိုလျှင် ထိုသူသည် ခန္တီပါရမီနှင့်ပြည့်စုံသူဟု သတ်မှတ်နိုင်သည်။

နောက်ထပ် စမ်းသပ်နည်းတစ်ခုကတော့ မော်တော်ကားတစ်စီးကို ဘော်ဒီရုံမှာ သွားပြင်ခိုင်းဖို့ပင်ဖြစ်၏။ မော်တော်ကားဘော်ဒီပြင်သောကိစ္စသည် အမြဲလိုလိုခန့်မှန်းတာထက် ပိုကြာတတ်သည်။ တချို့ဆို သနင့်ချိုးပြီးတော့တောင် ကြာသည်ဟုဆို၏။

ကားကိုဘော်ဒီရုံမှာအပ်လိုက်သောအခါ သံချေးခြစ်သင့်တာခြစ်၊ ဆေးခွာသင့်တာခွာ၊ ကော်ပတ်စားသင့်တာစား။ ဆွေးနေသောသံပြားတွေ ဖြတ်သင့်တာဖြတ်၊ ဘန်ပါတို့ ရှုတို့ ဖြုတ်သင့်တာ ဖြုတ်စသဖြင့် ပြုလုပ်ထား

www.burmeseclassic.com

www.burmeseclassic.com



ပြီးဖြစ်သောကြောင့် ကားကိုပြန်ယူသွားလို့လည်း မဖြစ်တော့။ တော်တော်နဲ့လည်း အပြီးမသတ်နိုင်။

သွားမကြည့်ဘဲ လွှတ်ထားပြန်တော့လည်း ကိုယ့်ကားကို ဂရုမစိုက်ဘဲ ပစ်ထားမှာစိုးရသည်။ ထို့ကြောင့် မကြာခဏသွားကြည့်ရသည်။ ကိုယ်ရောက်သွားတဲ့အချိန်မှာ ကိုယ့်ကားကို ကိုင်နေတာမြင်ရလျှင် နည်းနည်းတော်သေးသည်။ ကိုယ့်ကားကို ချောင်ထိုးထားပြီး တခြားကားကို လုပ်နေတာမြင်ရလျှင် အတော်စိတ်ဓာတ်ကျဖို့ကောင်းသည်။ ခုလိုအကြာကြီးစောင့်ပြီးနောက် အားလုံးပြီးစီးသွားသောအခါ စိတ်ကြိုက်ဖြစ်လျှင်တော့ အမောပြေရသည်။ ဒီလို မှမဟုတ်ဘဲ မတော်မတည့်တွေ ဖြစ်လာလျှင် တော်တော်ထိခိုက် ခံစားရလေသည်။

ဘော်ဒီဆရာတွေဘက်ကလည်း အကြောင်းပြစရာတွေ ရှိနေ၏။ ကားတစ်စီး ဘော်ဒီပြင်ဖို့ ကနဦးက ကြည့်ရှုသောအခါ အပေါ်ယံမြင်သလောက်သာ စစ်ဆေးခွင့်ရခြင်းဖြစ်၏။ တကယ်လုပ်ကြည့်တော့မှ မြင်ချက်တွေထင်တာထက် များချင်များနေသည်။ လက်ဝင်သောအပိုင်းတွေ ပါချင်ပါလာတတ်သည်။ ပြီးတော့ မထင်မှတ်သော အခက်အခဲများဖြစ်သော လျှပ်စစ်မီးကိစ္စ၊ ဆေးမှုတ်သော ကွန်ပရက်ဆာ ပျက်သွားတာမျိုး ဂက်စ်တို့ ကာဘိုက်တို့ ပြတ်သွားတာမျိုးတွေ ရှိသေးသည်။ ထို့ကြောင့် ခန့်မှန်းတာထက် ပိုကြာရခြင်းဖြစ်၏။

လက်ရာကောင်း နာမည်ကြီးဘော်ဒီဆရာ တစ်ယောက်ဆိုလျှင် ကြာလွန်းလို့ 'ကြာကြာကြီး'ဆိုသော နာမည်တောင် တွင်နေသည်။ သူ့ဆီမှာ အလုပ်အပ်မိသူတွေမှာလည်း အခါခါလာရသောကြောင့် 'ခါလာကြီး' တွေဖြစ်ကြရသည်ဟု ပြောစမှတ်ပြုရသည်။





ခုလိုရှည်ရှည်ဝေးဝေး ရှင်းပြနေပြီဆိုကတည်းက မြမြဖူးတို့အိမ်က ခမောက်တော်ကား ဘော်ဒီပြင်ဖို့ကိစ္စမှာ ကျွန်တော့်ကို အထူးအာဏာကုန်လွှဲအပ်လိုက်ပြီဖြစ်ကြောင်း သိသာထင်ရှားနေပါပြီ။

သူတို့၏ကားမှာ 'ဈ' နံပါတ် တိုယိုတာ ကိုရိုလာ ၇၄ မော်ဒယ်ကားလေးဖြစ်၏။ တစ်ချိန်ကဆိုလျှင် ထိုကားမျိုးသည် ခုခေတ် လီမိတက်တို့ ငှပါဆလွန်းတို့လိုပင် နာမည်ကြီးသည်။ လူကုံထံတွေသာ စီးနိုင်သည်။ သူကတောင် တစ်ခုသာတာ ရှိသေးသည်။ ခုခေတ်ကားတွေလို ဂျပန်ကျကားများ မဟုတ်ဘဲ အသစ်စက်စက် ဝင်လာသောကားများ ဖြစ်၏။ မြမြဖူးတို့အဖေက နိုင်ငံခြား ပညာတော်သင်သွားသော ဆရာဝန်တစ်ယောက်တင်သွင်းလာတာကို ပြန်ဝယ်ခဲ့ခြင်း ဖြစ်၏။

တစ်လက်ကိုင် ရိုရိုသေသေစီးခဲ့ခြင်း ဖြစ်သည့်တိုင် နှစ်တွေကြာလာတော့လည်း ယိုယွင်းလာခဲ့ပြီပေါ့။ အင်ဂျင်ကတော့ ပြန်ကိုင်ထားပြီးပြီ။ ဆေးဘော်ဒီလုပ်စရာ ကျန်နေသည်။ ထိုကိစ္စအတွက် ကျွန်တော့်ကို အကူအညီတောင်းသည်။

ဒီကိစ္စမျိုးမှာ ကျွန်တော်သည် သိပ်ကျွမ်းကျင်လှတာတော့ မဟုတ်။ ကျွန်တော်တို့အိမ်မှာ ကားမရှိ။ ကိုကိုကြီးတို့အနေဖြင့် ကားဝယ်မယ်ဆိုဝယ်နိုင်သော်လည်း သူက နယ်မှာသာနေရတာများသည်။ ကားဝယ်ပြီးအိမ်မှာ ထားခဲ့လျှင်လည်း ငြိ တက်မောင်းပြီး လျှောက်လိမ့်နေမှာ ဦးသဖြင့် မဝယ်ခြင်းဖြစ်၏။

ဒီတော့ ကားရှိသော သူငယ်ချင်းတွေကို လိုက်မေးရသည်။ သူငယ်ချင်းတစ်ယောက်က ထုံးစံအတိုင်း

"စီးပွားရေးကိုသာ ခုလိုကြီးကြီးစားစားလုပ်ရင် မင်းကားစီးနေတာကြာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထေ့ငေါ့အပြစ်တင်ပြီးမှ ကိုကျော်မြင့်ဆိုသော ဘော်ဒီဆရာဆီ လိုက်အပ်ပေးသည်။ ကိုကျော်မြင့်ဆိုတဲ့ လူကလည်း ကြာတတ်တာပဲတဲ့။ သို့ရာတွင် သူက စေတနာပါပါ ဂရုစိုက်ပြီး သပ်သပ်ရပ်ရပ် လုပ်ပေးတာကြောင့် ကြာခြင်းဖြစ်၏။ စောင့်ရကျိုးနပ်သည်ဟု ဆိုသည်။

ကိုကျော်မြင့်သည် ကားဘော်ဒီကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးပြီးနောက်. . .

"အင်း. . . ဒီကားကတော့ ဖော်ချွေးပဲဗျ"

ဟု မှတ်ချက်ပေးသည်။

"ဗျာ. . . ဖော်ချွေး၊ ဟုတ်လား၊ အဲဒါ ဘာကိုပြောတာလဲ"

"ဒီလိုလေဗျာ၊ ခင်ဗျားကားက တစ်ခါမှ ဟာသေမြှတ်ဆက် မလုပ်ရသေးဘူး၊ အော်ရိုဂျင်နယ်ကြောပဲ ရှိသေးတယ်၊ ဒါပေမဲ့ နှစ်တွေကြာလာလို့ သံချေးလိုက်တဲ့နေရာကလိုက်၊ အပေါက်အပြဲလေးတွေလည်း ရှိလာပြီ၊ အဲဒီလို အော်ရိုဂျင်နယ်အတိုင်း ချွေးနေတာကို ကားလောကစကားနဲ့ ဖော်ချွေး လို့ ခေါ်တယ်လေ၊ အမျိုးကြီးတွေလို့ပေါ့ဗျာ"

ကိုကျော်မြင့်၏နောက်ဆုံး ဥပမာစကားလုံးသည် သာမန်အားဖြင့်ဆိုလျှင်တော့ သဘောကျစရာ ရယ်စရာတစ်ခု ဖြစ်လိမ့်မည်။ ကျွန်တော့်မှာတော့ အီလည်လည်ကြီး ဖြစ်သွားရ၏။

မြမြဖူးကိုလည်း မြတ်ကနဲ မြင်ယောင်မိသည်။ မြမြဖူးမှာ ဖော်ချွေး မဟုတ်လောက်သေးပါ။ အလတ်ကြီး ရှိပါသေးသည်။

"ဒီလောက်ကြီးတော့ မချွေးသေးပါဘူး"

ဟု ကိုယ့်စိတ်ကူးနှင့်ကိုယ် လွှတ်ကနဲ ပြောလိုက်မိ၏။

ကိုကျော်မြင့်က

"ဘာလို့ မချွေးရမှာလဲ၊ ဒီမှာကြည့်"



မော်တော်ကား ကြမ်းခင်းပေါ်မှာ အုပ်ထားသော အခင်းကို လှန်ပြပြီး

"တွေ့လား၊ သံချေးတွေလိုက်နေတာ၊ ရုတ်တရက်ကြည့်ရင် သိပ်မချွေးဘူး ထင်ရပေမယ့် တူနဲ့ခပ်ဆဆ ထုလိုက်တာနဲ့ ကျွံဝင်ပြီး အပေါက်ကြီး ဖြစ်သွားမယ်"

ဆိုပြီး လက်ထဲက တူနှင့်ရွယ်နေသဖြင့်

"ဟာ. . . ဟုတ်ပါပြီ၊ ကိုကျော်မြင့် ကောင်းသလိုသာ ကြည့်လုပ်ပေးပါ"

ဟု ပြောလိုက်ရသည်။

□

ကိုကျော်မြင့် စေတနာကောင်းတယ်ဆိုတာကလည်း အမှန် တကယ်ပါပဲ။ နဂိုက ကြည့်ရှုစစ်ဆေးထားတာလောက်သာမက လုပ်ရင်းကိုင်ရင်း ထပ်မံတွေ့ရှိရသော ပြစ်ချက်လေးတွေကိုပါ မတိုက်တွန်းရဘဲ လုပ်ပေးသွားသည်။ တစ်ချို့အပိုင်းများသည် မြင်သာလောက်သော နေရာမှာမဟုတ်။ အတွင်းဘက် ချောင်ကြိုချောင်ကြားမှာ ဖြစ်၏။ သူ့အနေဖြင့် ခိုမယ်ဆို ခိုလို့ရသည်။ ပတ်တီးလေးနဲ့ အသာလေးဖာပြီး ဖုံးကွယ်ထားလို့ရသည်။ သို့ရာတွင် သူက အပင်ပန်းခံပြီး လုပ်ပေးသည်။

ကိုကျော်မြင့်သည် သဘောကောင်းသဖြင့် လူနိုင်တွေလည်း များသည်။ မြမြဖူးတို့ကားကို လုပ်ပေးနေစဉ်အတွင်းမှာပင် ထိုသူတို့၏ကားများကိုလည်း ဖောက်ဖောက်ပြီး လုပ်ပေးနေရ၏။ သူတို့ကားတွေကလည်း သိပ်ကြီးကြီးမားမား လုပ်ရတာမဟုတ်။ ဘန်ပါကောက်သွားလို့ ပြန်ဖြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပေးရတာမျိုး၊ တံခါးချိုင့်သွားလို့ ပြန်ထုပေးရတာမျိုး၊ ရွှံ့ကာပေါက်ပြဲနေလို့ ပြန်ဖာပေးရတာမျိုးလောက်သာဖြစ်၏။

ဒီလိုအသေးအဖွဲလေးတွေမို့ နောက်မှလာတော့ဆိုပြီး ချိန်းလို့ ဖြစ်တာမဟုတ်။ တစ်နာရီ နှစ်နာရီလောက်၊ တစ်ခါတရံ နေ့တစ်ဝက် လောက်သာ လုပ်ရသော ကိစ္စမျိုးဖြစ်၏။ ဒီတော့ လုပ်လက်စကိုရပ်ပြီး သူတို့ကားတွေကို ကြားဖောက်လုပ်ပေးရသဖြင့် ကိုယ့်အလုပ်မှာ နှောင့် နှေးရသည်။ ဒါမျိုးကလည်း ဘော်ဒီရုံတို့၏ထုံးစံဖြစ်သဖြင့် အပြစ်ပြောလို့ မရ။

ကိုကျော်မြင့်က စကားတပြောပြောနှင့် အလုပ်လုပ်တတ်သည်။ သူပြောပြတာတွေကလည်း စိတ်ဝင်စားဖို့ ကောင်းသည်။

သူ့ဆရာသည် အလွန်တော်သော ဘော်ဒီဆရာကြီးဖြစ်၏။ တိုက် ထားလို့ ကျော့မွနေသောကားကို မူလအတိုင်းဖြစ်အောင် ဘော်ဒီပြန်ရိုက်နိုင် သည်။ အော်ရိဂျင်နယ်ကြောနှင့်တူအောင် အတွန့်ကလေးတွေဖော်တာ၊ စပေ့ါတွဲထားတာတွေ ပြန်ထည့်တာ၊ ချိပ်လိုင်းတွေ ပြန်လုပ်တာ အလွန် သေသပ်သည်ဟု ဆို၏။

တစ်ချို့ ဝယ်ရောင်းသမားတွေက ကားဘော်ဒီကို သေသေချာချာ မပြင်ဘဲ ဒန်တိပ်တွေသုံးပြီး သနပ်ခါးလိမ်းတာမျိုး လုပ်ချင်တဲ့အကြောင်း တွေလည်း ပါသည်။

ဘော်ဒီရုံမှာ ထိုးထားရင်းက ကားအရောင်းအဝယ်ဖြစ်သွားတာမျိုး လည်းရှိသည်။

"ကျွန်တော်က ဘော်ဒီတစ်ခုလုံး စစ်ဆေးထားတာဆိုတော့ ကားရဲ့ ကောင်းကွက်တွေရော၊ ပျော့ကွက်တွေရော သိနေပြီလေ၊ ကျွန်တော်ကိုင် မှာ ဆိုတော့လည်း စိတ်ချတာပေ့ါ၊ ဒီတော့ ကျွန်တော့်ကို လာတိုင်ပင်ပြီး



ကျွန်တော်က တိုက်တွန်းရင် ဝယ်ဖြစ်သွားတာပေ့ါ"

ကိုကျော်မြင့်က ဟာသဉာဏ်လည်း ရှိသည်။

"မိန်းမကို စိတ်ကုန်နေတဲ့လူတွေဟာ ကားဘော်ဒီကို ခဏခဏ ပြင်တတ်တယ်ဗျ"

"ဟာ. . . ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ဗျ၊ မိန်းမက အသက်ကြီးလာတော့ ပုံပျက်ပန်းပျက် ဖြစ်လာရော၊ အဲဒီအခါ မိန်းမရဲ့ ဘော်ဒီကို ပြင်လို့မရတာနဲ့ ကားဘော်ဒီကို ပဲ လိုမ့်ပြင်ရတာပေ့ါ"

"ခင်ဗျား တော်တော်ပေါက်ကရ ပြောတာပဲ"

"ရှိသေးတယ်ဗျ၊ မိန်းမကြောက်ရတဲ့ လူတွေဟာ ကားမကြာခဏ ပြောင်းစီးတတ်တယ်"

"လုပ်ပြန်ပြီ၊ ခင်ဗျားကတော့"

"ဟုတ်တယ်၊ အိမ်မှာ မိန်းမကိုလည်း စိတ်ပျက်နေပြီ ကြောက်လည်း ကြောက်ရတော့ နောက်မိန်းမလည်း မယူရဲဘူး၊ ဒီတော့ ကားတစ်စင်းပြီး တစ်စင်းလဲစီးရင်း အာသာဖြေရတာပေ့ါ"

ကျွန်တော်ကတော့ ကားဘော်ဒီ ခဏခဏ ပြင်မယ့်လူလည်း မ ဟုတ်၊ ကားခဏခဏ လဲစီးမယ့်သူလည်း မဟုတ်၊ တစ်ယောက်ဆိုတစ် ယောက်၊ ပီတောက်ဆို ပီတောက်၊ တစ်စင်းဆို တစ်စင်း၊ ပုလင်းဆို ပုလင်းပဲ ဖြစ်မှာပါ။

ကိုကျော်မြင့်က ဆက်ပြောသေးသည်။

"လူပျိုကြီးတွေကတော့ တက္ကစီငှားစီးတာပဲ ကောင်းပါတယ်ဗျ"

❐

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကိုကျော်မြင့်ဆီ နေ့တိုင်းသွားရသည်။ ည
စောင်းမှ အိမ်ပြန်ရသည်။ အိမ်ပြန်ရောက်တိုင်း မြမြဖူးဆီ ဖုန်းဆက်
အခြေအနေကို အစီရင်ခံရသည်။ သံချေးခွာနေပြီ ချေးနေတဲ့အပိုင်း
ဖြတ်ဆက်ပြီးပြီ ကျောက်စက်စားနေပြီ ပတ်တီးလိုက်ပြီးပြီ ပထမတစ်ထ
ဆေးမှုတ်ပြီးပြီ စသည်ဖြင့်. . .

ကိုကျော်မြင့်၏ပညာကို တကယ်ပင်အံ့ကျရသည်။ နောက်
တစ်ထပ်ဆေးသုတ်ပြီးနောက် ရပ်ဘင်းပေါလစ်တိုက်လိုက်သောအ
ကားကလေးသည် ကြွရှိုး အသစ်ဟုထင်ရလောက်အောင် လှပသွား
ဆေးကိုလည်း မူလအတိုင်းကြဲရည်ရောင် သုတ်ထားသည်။ ကျွန်တေ
ကြိုးစားရကျိုး၊ အပင်ပန်းခံရကျိုးနပ်လေပြီ။

ကျွန်တော်သည် အာရှဘော်လုံးချန်ပီယံဖလားကြီးကိုပိုက်
လေယာဉ်ပေါ်မှဆင်းလာသောမျက်နှာထားဖြင့် မြမြဖူးတို့အိမ်သို့သွား
သည်။

မြမြဖူးသည် အိမ်ပေါ်မှဆင်းလာပြီး ကားကိုကြည့်သည်။ သူမျ
လုံးအရောင်တောက်သွားတာမြင်ရသဖြင့် အားတက်သွား၏။ ဒီလိုပဲဖြစ်
မယ်လေ။

သူက ကားကိုသေသေချာချာ အသေးစိတ်လှည့်ပတ် စစ်ဆေး
နောက်

"အရောင်က နည်းနည်းရင့်သွားသလားလို့"

နည်းနည်းတော့ အောင့်သက်သက်ဖြစ်သွား၏။ နှုတ်ကတော့

"အော်ရီဂျင်နယ်အရောင်ရဲ့နံပတ်အတိုင်း မရရအောင်ရှာပြီးသုတ်
ထားတာပဲ"

ဟုပြောလိုက်သည်။ ထိုစဉ် သူတို့အဖေကြီးရောက်လာပြီး



"ဟာ. . . ကောင်းတယ်ဟေ့၊ အသစ်အတိုင်းပြန်ဖြစ်သွားတာ

ဟု ချီးကျူးသည်။

"သူက အရောင်ရင့်တယ်လို့ ပြောနေတယ်"

ကျွန်တော်က စစ်ကူတောင်းလိုက်သောအခါ

"ဘယ်ဟုတ်မလဲ၊ နဂိုက ဒီအရောင်အတိုင်းပါပဲ၊ နေယက်ပြီး ဆေး
ရောင်ဖျော့သွားလို့ သမီးစိတ်ထဲမှာ အခုအရောင်ကိုရင့်တယ်လို့ထင်နေတာ

သူတို့အမေကြီးနှင့် မလေးတို့လည်း ထွက်လာကြသည်။ အဘွား
ကြီးက ကားကိုကြည့်ပြီး

"တယ်ဟုတ်ပါလားကွယ်၊ တို့များ စဝယ်စဉ်တုန်းကအတိုင်းပဲ"ဟု
ပြောသောအခါ မလေးကလည်း နားစွန်နားဖျားဖြင့်

"ဟုတ်တယ် ကြီးကြီး"

ဟု ဒီကား စဝယ်တုန်းကတည်းက သူပဲရှိနေသလိုလိုပြော၏။
သူ၏စကားမှာ အရေးမပါလှသော်လည်း ထောက်ခံမဲတမဲအဖြစ်တော့
ကျေးဇူးတင်စရာပင်ဖြစ်၏။

မြမြဖူးလည်း

"အင်း. . . ဟုတ်မှာပါ၊ နေရောင်ကစူးတော့ မျက်စိထဲတမိုးကြီးဖြစ်
သွားတယ်ထင်တယ်"

ဟု စကားကိုလျှောချလိုက်သည်။

မြမြဖူးသည် နည်းနည်းလေးဖြစ်ဖြစ် အထွန့်တက်လိုက်ရမှ တော့
နပ်သောဝသီကြောင့်သာ တစ်ချက်စကားထောက်လိုက်ခြင်းဖြစ်၏။ မျက်
နှာထားကို ကြည့်ခြင်းအားဖြင့် သူလည်းအတော်သဘောကျနေကြောင်း
ခန့်မှန်းလို့ ရနိုင်သည်။ ပို့ပြီး သိသာတာကတော့ အိမ်ပေါ်ရောက်သော

www.burmeseclassic.com

www.burmeseclassic.com



ခါ ကျွန်တော့်ကို တီးမစ်နှင့်ညွှဲခံရင်း
ဇေ “တော်တော်ပင်ပန်းသွားသလား”
ဒ ဟုကြင်နာသောလေသံ(ကျွန်တော့်စိတ်ထင်)ဖြင့် မေးလိုက်သော
ကြောင့်ပင်ဖြစ်၏။

ဒါတွင်မကသေး။ အမှုတော်ကိုကျေပြွန်စွာထမ်းရွက်ခြင်းအတွက် ဂုဏ်ပြုသောအားဖြင့် (ထင်တာပဲ) ကျွန်တော့်ကို ဘောလ်ပင်တစ်ချောင်း လက်ဆောင်ပေးသေးသည်။ ခပ်ညံ့ညံ့အပေါစားမဟုတ်။ ဂျာမဏီနိုင်ငံ လုပ် အကောင်းစား စတက်ဒလာဘောလ်ပင် မီးခိုးရောင်လေး ဖြစ်သေ သည်။

(အို. . အသင်လောက၊ အကယ်၍ မြမြဖူးသည် လမ်းကြိတ်စက် ကြီးကို ဝယ်စီးခဲ့သည်ပင်ဖြစ်စေ. . . ကျွန်ုပ်ကား လုံးဝတာဝန်ယူ ဖြ ဆင်ပေးနိုင်ပါသည်။ အသင်လောက။)

ooo

♥

လူပျိုကြီးတွေ စိတ်အားငယ်ရသောကာလ နှစ်ခုရှိ၏။ တစ်ခုက ကိုယ်နဲ့ဘဝတူ လူပျိုကြီးတစ်ယောက်ယောက် မိန်းမရသွားသောအခါမှာ ဖြစ်၏။

လောကမှာ လူပျိုကြီးဆိုသူများသည် အစဉ်အမြဲ လူနည်းစုသာ ရှိတတ်သည်။ လူနည်းစုတို့၏ထုံးစံအတိုင်း ကျောချင်းကပ်ရသည်။ စည်း ညီးလုံးလုံးရှိရသည်။ သစ္စာရှိကြရသည်၊ ဒီထဲကမှ တစ်ယောက်တလေတ က်ပြီး အိမ်ထောင်ပြုသွားလျှင် ကျန်သူများမှာ အတော်ထိခိုက်ကြရ သည်။ ကိုယ့်ထက် အဆများစွာ အင်အားသာသော ရန်သူကို ရင်ဆိုင်နေ သော တပ်စိတ်ကလေးတစ်စိတ်မှ ရဲဘော်တစ်ယောက်ကျသွားလျှင် ကျန်တဲ့လူတွေ ခံစားရသလိုမျိုးနှင့် တူလိမ့်မည်ထင်၏။

ကျွန်တော်ကတော့ လူပျိုကြီးစစ်စစ်တော့ မဟုတ်၊ သူလူတို့ တ်သားဖြစ်၏။ ခန္ဓာကိုယ်ကသာ လူပျိုကြီးဖြစ်သော်လည်း စိတ်တ ောက်ကို ရောက်နေသူ၊ ဒီတော့ ဘဝတူ လူပျိုကြီးတစ်ယောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျသွားလျှင် အားငယ်တာထက် အားကျတာက ပိုလိမ့်မည်။ ငါလည်း တစ်နေ့ ဤသို့အိုရအံ့ဟု ကြိတ်ပြီးကြွေးကြော်နေခြင်းမျိုးသာ ဖြစ်၏။

လူပျိုကြီးတွေ အားငယ်ရသော နောက်ကာလတစ်ခုကတော့ ဖျား နာသောအခါတွင်ဖြစ်၏။ ဒီကိစ္စမှာတော့ ကျွန်တော်လည်း အကြုံဝင်သေ သည်။ လူပျိုကြီးတွေလိုပဲ ဖျားနာတဲ့အခါ အားငယ်တတ်သော လူစားတစ် မျိုးလည်း ရှိသေးသည်။

ဆရာဝန်များဖြစ်၏။ သူတို့သည် တစ်ပါးသူတို့ နေထိုင်မကောင်း လျှင် ဆေးကုသပေးရသူများဖြစ်၏။ သူတို့ကိုယ်တိုင်ရောဂါဖြစ်လာသော အခါ အတော်ခွကျတော့သည်။ ကိုယ့်ကိုယ်ကိုတောင် မစောင့်ရှောက်နိုင်ဘ နဲ့ လူနာတွေက ဘယ်လိုလုပ်ပြီး အားကိုးရမလဲဟု စောဒကတက်စ ဖြစ်လာ၏။ ထို့ကြောင့် ဆရာဝန်တွေဖျားလျှင် သိက္ခာကျတယ်ဆိုပြီး အား ငယ်ရတတ်သည်။

သူတို့သည် ရောဂါလက္ခဏာတွေအကြောင်းကိုလည်း ကော ကောင်း သိနေကြသည်။ ထို့ကြောင့် ဖျားတယ်ဆိုလျှင်လည်း ဘာကြော ဖျားတာလဲဆန်းစစ်ကြည့်ကြသည်။ အဖျားကလည်းကြီးတယ်၊ ဝမ်းလည ချုပ်တယ်၊ ဗိုက်ကလည်းအောင့်ချင်သလိုလိုဆိုလျှင် တိုက်ဖွိုက်ဖျ ဖြစ်နေမလား၊ ခေါင်းတွေအရမ်းကိုက်နေတော့ ဦးနှောက်အမြှေးရောင်တ လည်း ဖြစ်နိုင်တယ်၊ ချမ်းပြီးတုန်လာတတ်လို့ ငှက်ဖျားများဖြစ်နေမလာ စသည်ဖြင့် လျှောက်စဉ်းစားတော့သည်။

ပြီးတော့ ဆရာဝန်များသည် တစ်ပါးသူရဲ့ဝေဒနာလက္ခဏာ ကို အမြင်အကြားနှင့်မှန်းပြီးရောဂါနာမည်တပ်ကုသရာမှာ ကျွမ်းကျ အောင် လေ့ကျင့်ထားသူများဖြစ်၏။ သူများတွေအတွက်ပဲ စဉ်းစားရတ



အကျင့်ပါနေပြီး ကိုယ့်ကိုယ်ကိုတော့ မေ့နေတတ်ကြသည်။ ကိုယ့်ကိုယ်ကို စမ်းသပ်ဖို့ကျတော့ အတွေ့အကြုံနည်းသလို ဖြစ်နေ၏။ တခါတလေ အတွေးခေါင်ပြီး အတိုးရိမ်လွန်မိတာမျိုးရှိသည်။ အထူးကုဆရာဝန်ကြီး တစ်ယောက် နေမကောင်းသဖြင့် ရိုးရိုးဂျီပီဆရာဝန်လေးဆီ သွားပြတာ ကျွန်တော်တွေ့ဖူးသည်။ ထို့ကြောင့် ဆရာဝန်တွေဖျားလျှင် အားငယ် တတ်တယ်ဆိုတာ ဖြစ်နိုင်သည်။

လူပျိုကြီးတွေ ဖျားပြီဆိုလျှင်တော့ တကယ်ပင် အားငယ်ရလေ သည်။

ကျွန်တော်သည် မြမြဖူးတို့အိမ်သို့ ကားသွားပို့ပြီး နောက်တနေ့ မနက်အိပ်ရာထသောအခါ ကိုယ်တွေလက်တွေ ကိုက်ခဲနေ၏။ ဘော်ဒီရုံ မှာ မတ်တတ်မတ်တတ်နေခဲ့လို့ ညောင်းညာနေတာပဲဟုတွက်သည်။ ရေချိုးလိုက်လျှင် လန်းဆန်းသွားလိမ့်မည်ဟု ထင်သည်။ ရေချိုးပြီးတော့ ချမ်းစိမ့်စိမ့်ဖြစ်လာ၏။ ခံတွင်းပျက်နေပြီး အစာစားချင်စိတ်လည်း မရှိတော့။ ညနေလည်းစောင်းရော အဖျားတွေတက်တော့တာပဲ။

ကိုကျော်မြင့်ဘော်ဒီရုံက အမိုးနဲ့အကာနဲ့ ခိုင်ခိုင်ခန့်ခန့် ဆောက် ထားခြင်းမဟုတ်။ မမတိုင်ထူခြင်း ပိန်စင်းမိုးထားခြင်းသာဖြစ်၏၊ အကာ လည်း မရှိ၊ အမိုးကလည်း ကားနှစ်စီးစာလောက်သာလုံသည်၊ မနက်ပိုင်း နှင့် ညနေပိုင်းဆို နေကထိုးသေးသည်။ ရက်နှစ်ဆယ်ကျော်လောက် နေပူမိတာက တစ်ကြောင်း၊ ခုလိုမျိုး ဆက်တိုက်လုပ်ရှားသွားလာတာမျိုး အကျင့်မရှိတာက တစ်ကြောင်းကြောင့် ဖျားခြင်းဖြစ်၏၊ လုပ်နေတာန်း ကတော့ ဇောနဲ့စိတ်ကို တင်းထားခဲ့ပြီး ကိစ္စပြီးလို့ စိတ်လျှော့လိုက်တော့ ခံရခြင်းဖြစ်နိုင်သည်။

လူပျိုကြီးတွေ ဖျားပြီဆိုလျှင် အတော်စိတ်ဓာတ်ကျနိုင်ကြောင်းသည်၊

www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ပြုစုမယ့်လူ မရှိသောကြောင့်ပင်ဖြစ်၏။ မမကြီးရှိတယ်ဆိုသေ
လည်း ဆန်ပြုတ်ပြုတ်ပေး၊ ကော်ဖီဖျော်ပေးဆိုတာလောက်သာ လုပ်
သည်။ ငယ်ငယ်ကလို မကြာခဏ နဖူးကိုလာစမ်းလိုက်၊ ချွေးသုတ်ပေးလို
အင်္ကျီလဲပေးလိုက် မလုပ်နိုင်တော့။ ညောင်းလို့ ကိုက်လို့ နင်းပေး နှိပ်ပေ
ခိုင်းလို့လည်း မသင့်တော့။

မိန်းမရနေပြီဆိုလျှင်တော့ ဖိမ်ပဲ။ ကိုယ်ဖိရင်ဖိ ပြုစုခိုင်းလို့ရသည
ဆန်ပြုတ်ခွဲခိုင်း၊ ဒါမှမဟုတ် ကြာဆံပြုတ်လေး လုပ်ပေးပါ၊ ပေါင်မုန့်နဲ့ကြ
ဥမွှေကြော်လေးလုပ်ပေးပါ၊ ခိုင်းလို့ရသည်။ ခြေဖျားလက်ဖျားတွေဆုပ်
ပေး၊ ဇက်ကြောလေးဆွဲပေး၊ နဖူးလေးစမ်းပြီး 'သက်သာရဲ့လားဟင်'
ကြင်နာသောလေသံနဲ့ အားပေးနှစ်သိမ့်။ စိတ်ကူးထဲမှာတောင် အဝေ
ကြည်နူးဖို့ကောင်းသည်။

ခုတော့ တစ်ယောက်တည်း အထီးကျန်စွာ ကြိတ်မှိတ်ခံစားနေ
တာပဲ။

တူမလေး စိုးစိုးကတော့ ကျောင်းကပြန်လာလျှင်
"လေးလေးကြီး၊ ဘာလုပ်ပေးရမလဲ၊ နင်းပေးရမလား"
လာမေးရှာသည်။ သို့ရာတွင် မခိုင်းချင်၊ ကျွန်တော် ဖျားတာ
တုပ်ကွေးလား၊ အဆုပ်အအေးမိသလား၊ ကူးစက်တတ်တဲ့ရောဂါမျိုး ဖြစ်
ဖြစ်မည်။ ထို့ကြောင့် ကလေးကို အနားမကပ်စေချင်။

ညကလား။ ဒီကောင်ကတော့သိတဲ့အတိုင်း မနက်လင်းတာ
အပြင်ထွက်ဖို့ကြံနေတာ။ မြို့စွမ်ပြုတ်လေးသွားဝယ်ခိုင်းဖို့တောင် ဖမ်းလို့
နိုင်၊ ညကျတော့လည်း ခေါင်းတွေခဲနေရတဲ့ကြားထဲ သီချင်းတွေ အကျ
ကြီး ဖွင့်လိုဖွင့်၊ ဂစ်တာတီးပြီး သီချင်းအော်ဆိုလိုဆို လုပ်နေလို့ ငေါက်ရသေ
သည်။



ဆေးခန်းသွားဖို့ အဖေါ် လိုက်ခဲ့ပါပြောတော့လည်း
"လေးလေးကြီးရာ၊ ဆေးခန်းတွေဘာတွေ သွားမနေပါနဲ့တော့၊
ဦးလှဦးကြီးလို မာတ်ကြမ်းတိုက်ပစ်လိုက်စမ်းပါ"
ဟုဆိုသည်။

ဒိုက်ဦးမှာနေသော ကျွန်တော့်သူငယ်ချင်း ကိုလှဦးသည် ဖျားပြီဆို
လျှင် ဆေးခန်းတွေဘာတွေ သွားလေ့မရှိ။ ဘီအီးအရက်ဖြူ သုံးပက်
လောက်သောက်ပြီး စောင်ခြုံအိပ်လိုက်လျှင် ကောင်းသွားရောဟုဆိုသည်။
သို့ရာတွင် တစ်ခါတော့ တိုက်ဖွိုက်ဆန်ဆန်ဖြစ်တုန်းမှာ ဒါမျိုးသွားလုပ်မိလို့
ဆေးရုံတန်းတင်လိုက်ရဖူးသည်။

ကျွန်တော်ကတော့ သူ့လောက် သတ္တိမကောင်းသဖြင့် ဆေးခန်း
သွားပြရသည်။ ဆရာဝန်က ကျွန်တော်နှင့် ခင်သဖြင့်
"ဘယ်လိုလဲ လူပျိုကြီး၊ ဘယ်သူ့ကိုလွမ်းလို့ ဖျားတာလဲ"
ဟုနောက်လိုက်သေးသည်။

ဖျားနေသဖြင့် ဘယ်ကိုမှလည်း မထွက်နိုင်၊ ဘာမှလည်း မလုပ်နိုင်၊
တဖတ်ကြည့်တော့လည်း နှစ်မျက်နှာ သုံးမျက်နှာလောက်သာ ဖတ်ပြီးလျှင်
မျက်စိတွေဝေပြီး ခေါင်းမူးလာသည်။ ထို့ကြောင့် အိပ်ရာထဲလှဲပြီး ဟိုတွေး
ဒီတွေး လျှောက်တွေးနေမိတော့သည်။

□

တကယ်တော့ အပျိုကြီး၊ လူပျိုကြီးဆိုသူများသည် အိမ်ထောင်
မရှိတာကလွဲလျှင် တခြားလူတွေနဲ့ ဘာမှမထူးခြားပါ။ သို့ရာတွင် လူအတော
တို့ကတော့ သီးခြားလူတန်းစားတရပ်လို သဘောထားနေတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မကျသေးသောလူငယ်တွေကတောင် သူတို့နှင့်မတူ ခြား
သည်ဟု ထင်နေကြပြန်၏။

ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေဆုံကြတဲ့အ
တိုင်း လူပျိုကြီးတွေမှာ အများ၏ဝိုင်းဝန်းနောက်ပြောင်ခြင်းခံရတတ်သည်
အထူးသဖြင့် မင်္ဂလာဆောင်တွေကျလျှင် ပစ်မှတ်ဖြစ်ရလေသည်။

"ဘယ်လိုလဲ၊ သူများမင်္ဂလာဆောင်တွေချည်း လိုက်စားနေတေ
မှာလား၊ ကိုယ်ကကျွေးဖို့ကော ဘယ်တော့လဲ"

ဆိုတာမျိုးမှာ ကြားနေကျစကားဖြစ်၏။

မျောက်တစ်ကောင်ကိုမြင်သောအခါ မစဘဲမနေနိုင်သလိုပဲ။ လူ
ကြီးတစ်ယောက်ကို တွေ့လိုက်လျှင် စကားတခွန်းလောက်တော့ ပစ်သွ
လိုက်ရမှ ကျေနပ်တတ်ကြသည်။ တချို့က ရောဂါရှိလို့ ယောကျ်ားမပီသ
မိန်းမ မယူရဲတာဟု စွပ်စွဲကြသည်၊ တချို့ကဆိုလျှင် 'အခြောက်ကြီး'
တောင် အမနာပ ပြောချင်ကြသေးသည်။

လူပျိုကြီး၊ အပျိုကြီးတွေကို အဂါမစုံတဲ့လူတွေလို့ သဘောထ
နေကြသလားမသိ။ သူလိုကိုယ်လို အားလုံးအတူတူဖြစ်ပါလျက် ဝိုင်းပယ်
ထားရသလိုဖြစ်နေ၏။ လူပျိုကြီးတွေဆိုလျှင် ကလေးတွေကတော
အရိအသေတန်ချင်ကြသည်။ လူကိုတွေ့လျှင်

"ဦးဦး၊ မိန်းမ မယူသေးဘူးလား"

ဟု ဆီးမေးကြသည်။

ညီညီ့သားကဆိုလျှင်

"ဦးဦး၊ ဈေးလမ်းကြားက လမ်းသရဲမုန့်ရောင်းတဲ့ အပျိုကြီး
ယူလိုက်ပါလား၊ သားတို့ မုန့်အလကားစားရတာပေါ့"

ဟုပြောသည်။



လူပျိုကြီးတွေမှာ အထီးကျန်ဆန်သည်။ အားလပ်တဲ့အခါ ဘာလုပ်
ရမှန်းမသိ။ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းနေရတာမျိုးကို အားကျသည်။
ထို့ကြောင့် အိမ်လည်ထွက်ကြသည်။ ညီအစ်ကို မောင်နှမအိမ်တွေ၊ သူငယ်
ချင်းအိမ်တွေ လျှောက်သွားသည်။

ကိုယ်ကယောင်ချာချာဖြစ်နေရတာကို ဖြေဖျောက်ဖို့သွားခြင်းဖြစ်
၏။ သူတို့ဘက်ကကျတော့ ကိုယ့်ကိုအချိန်ပေးပြီးဧည့်ခံဖို့ အဆင်သင့်ဖြစ်ချင်
မှဖြစ်တာ။

အိမ်ထောင်သည်တွေဆိုတာက တာဟိုရကိစ္စတွေများသည်၊ အ
လုပ်ပိတ်ရက်တွေကျမှ အိမ်ကိစ္စတွေစုပြီး လုပ်ချင်လုပ်ရသည်၊ ခုခေတ်မှာ
လင်မယားနှစ်ယောက်စလုံး အလုပ်ထွက်လုပ်ကြရတာများသဖြင့် ပိတ်
ရက်ကျမှ မိသားစု စုံစုံညီညီ တွေ့ဆုံနိုင်ကြသည်။ အေးအေးဆေးဆေး
အပန်းဖြေရင်း စကားပြော၊ တိုင်ပင်စရာရှိ တိုင်ပင်ဆွေးနွေးနေတုန်း
လူပျိုကြီးက ရောက်သွားတော့ အရှိန်ပျက်သွားတာပေါ့။ လင်မယားနှစ်
ယောက်တည်း ကလူကြည်စယ်နေတုန်းဆိုလျှင် ဆတ်တငံ့ငံ့ ဖြစ်ကြရ
သည်။

တချို့အလုပ်ပိတ်ရက်တွေမှာ အဝတ်တွေစုပြီး လျှော်ရသည်။ ခြင်
ထောင်က ဆပ်ပြာရည်နှင့် စိမ်ထားပြီးသား၊ ဒါမျိုးက မိန်းမတစ်ယောက်
တည်းနှင့်မပြစ်၊ အထူးသဖြင့် ခြင်ထောင်ကိုရေညှစ်တဲ့အခါ ယောကျ်ားက
ဝင်ကူပါမှ အလုပ်ဖြစ်သည်၊ ဒီလိုအချိန်မှာ လူပျိုကြီးက ရောက်သွားပြီ

"ဟော့ကောင်၊ လာကွာ၊ လက်ဖက်ရည်ဆိုင် သွားရအောင်"

ဆိုတာမျိုး လုပ်ချင်လုပ်တတ်သည်။

"မဆုံတာကြာပြီကွာ၊ ဘီအီးလေးဘာလေး သွားတို့ရအောင်"

ဆိုပြီး ခေါ်ထုတ်ချင်ထုတ်သွားတတ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



တခါတလေကျတော့ လင်မယားချင်းစကားများထားလို့ မခေါ်ပြ မပြောနိုင်ဖြစ်နေတဲ့အချိန်မျိုးကျမှရောက်သွားပြီး ပေါးလားဝါးလာ လုပ်ချင်လုပ်တတ်သည်။ အိမ်ရှင်တွေက ဟက်ဟက်ပက်ပက်မရှိသ မျက်နှာကြောတွေ တင်းနေကြတဲ့အခါ ဧည့်သည်ကို ပျူပျူငှာငှာ မဆက်ဆံ ဘူးဆိုပြီး စိတ်ကောက်ချင် ကောက်တတ်သည်။

ထို့ကြောင့် လူပျိုကြီးတွေကို အလိုက်ကန်းဆိုးမသိသူတွေဟု သတ်မှတ်ချင်ကြခြင်းဖြစ်၏။

တဘက်ကကြည့်ပြန်တော့ လူပျိုကြီးတွေ အသုံးဝင်တာရှိပါသေး သည်။ သူတို့က လူပျိုကြီးတွေဆိုတာ အားအားလျားလျားရှိလို့ လျှောက် သွားနေကြတာပဲဟုထင်သည်။ ထို့ကြောင့် လူကိုတွေ့လျှင် တစ်စုံတစ်ခု ခိုင်းဖို့ သတိရတတ်ကြ၏။ ကလေးထိန်းခိုင်းတာ၊ ကျောင်းသွားကြိုခိုင်းတာ မီတာခဆောင်ခိုင်းတာ၊ ပစ္စည်းမှာတာ၊ သူတို့ခရီးသွားတဲ့အခါ အိမ်စောင့် ခိုင်းတာမျိုးတွေပေါ့။

ကျွန်တော့်သူငယ်ချင်း ဆေ့ဆိုလျှင် မီးနေတောင် စောင့်ခိုင်းလိုက် သေးသည်။ သူ့အလုပ်ကိစ္စအတွက် အရေးတကြီး ခရီးထွက်စရာရှိတဲ့အချိန် မှာ သူ့မိန်းမက ကိုယ်ဝန်နေ့စေ့လစေ့ကြီးဖြစ်နေ၏။ ဒီအခါမှာ သူက ကျွန်တော့်တို့ လူပျိုကြီးတစ်စုအား သူ့မိန်းမကိုစောင့်ရှောက်ဖို့ အပ်သွား သည်။ ကျွန်တော်တို့က သူတို့အိမ်သို့ တစ်လှည့်စီသွားပြီး သတင်းမေးရ သည်။

တညမှာတော့ သူ့မိန်းမက ကျွန်တော့်အိမ်ကိုဖုန်းဆက်ပြီး ဗိုက်နာ နေပြီဟုပြောသဖြင့် အပြေးအလွှားသွားပြီး ဆေးရုံပို့ပေးရသည်။ ဆေးရုံရှေ့ မှာ တညလုံး ထိုင်စောင့်ရသည်။ အချိန်မရသဖြင့် တခြားကောင်တွေ အကြောင်း မကြားနိုင်ဘဲ တစ်ယောက်တည်းစောင့်ရ၏။ လင်းအားကြီး



ကျမှ အစောင့်တစ်ယောက်က လာအော်သည်။

"စိန်မှမအိမ်ကရှိသလား"

"ရှိပါတယ်"

တံခါးပေါက်နား ရပ်လိုက်တော့

"ယောကျ်ားလေးမွေးတယ်"

"ဟာ. . . ဟုတ်လား၊ ကွန်ဂရက်ကျူလေးရှင်းလို့ ပြောလိုက်ပါဗျာ"

ကျွန်တော့်စကားကြောင့် သူကြောင်သွားသည်။ ထွက်မသွားသေး ဘဲ ပေပြီးရပ်နေသည်။ အမှန်အားဖြင့် ဒီလိုလာအကြောင်းကြားပေးတဲ့ အတွက် ဘောက်ဆူးပေးရလေ့ရှိ၏။ ဒါကို ကျွန်တော်မသိ။ ဆေးရုံဆိုတာ ဘီယာစတေးရှင်မှာလို 'တစ်မန်းနီး' ပေးရမယ်လို့ ဘယ်ထင်ပါ့မလဲ၊ ကျွန် တော်မှ ဒါမျိုး အတွေ့အကြုံ မရှိတာ။

ကျွန်တော်ဘက်က လှုပ်ရှားမှု မရှိသဖြင့် သူကပဲ စကားစလာ သည်။

"မင်္ဂလာသတင်းကို လာပြောရတာ၊ လက်ဖက်ရည်ဖိုးလေး ဘာ လေးပေးပါအုံး"

ဒီတော့မှ သဘောပေါက်ပြီး တစ်ရာတန်တစ်ရွက် ပေးလိုက်၏။ သူက ရာတန်ကိုကြည့်ပြီး

"ဟင်. . . တစ်ကျပ်ထဲလား၊ ယောကျ်ားလေးမွေးတာ ငါးကျပ် လောက်တော့ ပေးသင့်တယ်"

တစ်မျိုးကြီးပါလား။ ယောကျ်ားလေးမွေးရင် ဘယ်လောက်၊ မိန်းကလေးမွေးရင် ဘယ်လောက်ရယ်လို့ အိုဂျီဆရာဝန်ကြီးတွေတောင် ခွဲခြားထားတာမျိုး မရှိဘူး။

"ကျွန်တော်က သူ့ယောကျ်ား မဟုတ်ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . . ဒါဆို စိန်မမအိမ်က ရှိလားလို့ဆိုတော့ ဘာလို့ထူ
သလဲ"

"ဒီလိုလေ၊ သူ့ယောက်ျား ခရီးသွားနေလို့ ကျွန်တော်က လိုက်ပို့ပေး
တာ"

သူ ခဏ တွေသွားပြီးမှ

"ကျွန်တော်တို့က သုံးယောက်တောင်ဗျ"

ဟုဆိုသဖြင့် နောက်ထပ်နှစ်ရာ ပေးလိုက်ရသည်၊

ကျွန်တော်တို့ လူပျိုကြီးတွေမှာ ဒီလိုဒုက္ခတွေရှိသည်၊

တခါတလေကျတော့လည်း သူတို့မိန်းမတွေက ကျွန်တော်တို့ထို
တိုင်ပင်ဖေါ် တိုင်ပင်ဖက်လို သဘောထားကြပြန်သည်၊ သူတို့ယောက်ျား
တွေနဲ့ ပတ်သက်ပြီး မကျေနပ်တာတွေရင် ရင်ဖွင့်ကြသည်၊ တိုင်ကြတော
ကြသည်။ ဟိုကောင်တွေ ခြေလှမ်းပျက်တာမျိုးရှိလျှင်

"ရှင့်သူငယ်ချင်းကို ကြည့်ပြောထားဦးနော်"

ဟုသတိပေးတတ်သည်။

"တစ်ခုခုဖြစ်လို့ကတော့ နင်ပါမလွယ်ဘူးမှတ်"

ဆိုပြီး ကိုယ့်ကိုပါ အမှုတွဲလုပ်ပြီး ဝမ်နင်ပေးတတ်သည်။

တစ်ခုခု မသင်္ကာဖြစ်စရာရှိလျှင်

"ရုံးကကောင်မလေးကို အရမ်းအရေးပေးနေတယ်လို့ကြားတယ်
စုံစမ်းပေးပါအုံး"

ဟု အကူအညီတောင်းတတ်ကြသည်။

ကျွန်တော့်မှာ သူလူ ကိုယ့်ဘက်သားဖြစ်လိုက်၊ ကိုယ့်လူ သူ့ဘက်
သားဖြစ်လိုက် ကြားကအတော်အနေရခက်သည်။





အပျိုကြီး၊ လူပျိုကြီးတို့၏ ယေဘုယျလက္ခဏာတစ်ခုမှာ ကပ်စေးနှဲ
ခြင်းပင် ဖြစ်သည်ဟု ဆိုကြသည်။ တကယ်တော့ အပျိုကြီး၊ လူပျိုကြီးမှ
မဟုတ်။ ကပ်စေးနဲတတ်တဲ့လူက နည်းတာပါပဲ၊ အပျိုကြီး၊ လူပျိုကြီးတွေ
ကျမှ အပြောခံနေရခြင်းဖြစ်၏။

သူတို့ စွပ်စွဲနေတာ အထိုက်အလျောက်တော့ မှန်သည်ဟု ဝန်ခံရ
မည်။ တကယ်တော့ ကပ်စေးနဲခြင်းမဟုတ်၊ ချွေတာခြင်းသာဖြစ်၏။
လူပျိုကြီး၊ အပျိုကြီးတို့သည် ရှေ့ရေးကိုတွေးပြီး အမြဲပူပန်နေရသည်၊
သူတို့မှာ သားထောက်သမီးခံ မရှိ။ အသက်ကြီးလာလျှင် ဘယ်မှာနေပြီး
ဘယ်သူ့အားကိုးရမယ်ဆိုတာ မသေချာ။ အနာဂတ်ကမရေရာ။ ထို့ကြောင့်
အိုစာမင်းစာအတွက် ခုကတည်းက ချွေတာစုဆောင်းကြရခြင်းသာ
ဖြစ်၏။ ဒါကို ကပ်စေးနဲတယ်လို့ စွပ်စွဲကြတာပါ။

သူတို့ အကုန်ခံချင်တဲ့နေရာမှာတော့ လက်မနှေးတတ်ကြပါ။ သူတို့
ချစ်တဲ့ တူတွေ၊ တူမတွေအတွက်ဆိုလျှင် အကုန်အကျခံတတ်ကြသည်။
(ကျွန်တော်ဆိုရင်လဲကြည့်။ မြမြဖူးအတွက်ဆို ဘယ်တုန်းကများ
နှမြောတွန့်တိုခဲ့ဖူးလို့လဲ)

သူငယ်ချင်းတွေကတော့

"လူပျိုကြီး၊ အပျိုကြီးတွေဟာ အချစ်မှာတောင် ကပ်စေးနဲတတ်ကြ
တဲ့သူတွေပဲ၊ ကိုယ့်အချစ်ကို သူများကိုပေးရမှာ တွန့်တိုနေတဲ့လူဖြစ်ချင်ဖြစ်
ဒါမှမဟုတ်ရင်တော့ ကိုယ့်နှလုံးသားတောင် ကိုယ်မသဒ္ဓါတဲ့လူမျိုးဖြစ်မှာပဲ"
ဟု ဝေဖန်တိုက်ခိုက်ကြသည်။ ကျွန်တော်ကတော့ ဒီလိုမျိုး မဟုတ်ရှာပါ။
အချစ်နဲ့ပတ်သက်ရင် အလွန်တရာစေတနာသဒ္ဓါတရားထက်သန်တဲ့
လူမျိုးပါ။ အလှူခံပုဂ္ဂိုလ်က ထူးထူးဆန်းဆန်း ငြင်းဆန်နေလို့သာ ဒါန
မမြောက်ခြင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးကြီး၊ ဖုန်းလာနေတယ်"

တူမလေး ဖိုးစိုး၏အသံကို ကြားရသည်။ ခေါင်းတွေက အုံခဲနေတုန်းရှိသေးသည်။ လှဲနေရာက မထချင်။

"နေမကောင်းလို့ အိပ်နေတယ်လို့ ပြောလိုက်"

ဟုပြောမည်ပြုပြီးမှ ဖိုးစိုးကို လှမ်းကြည့်တော့ သူ့မျက်နှာ မချိုမချဉ် ဖြစ်နေတာတွေ့ရ၏။ ချက်ချင်းလူးလဲထပြီး အောက်ထပ်သို့ ခပ်သုတ်သုတ် ဆင်းသည်။

"ဖြေးဖြေးဆင်းလေ၊ ခေါင်းမူးနေတယ်ဆို"

ဟု ဖိုးစိုးက လှမ်းသတိပေးလိုက်သေးသည်။ သူပြောတော့မှပင် ငါဖျား နေပါလားဟု သတိရပြီး ယိုင်ချင်သလိုဖြစ်သွားသေးသည်။ တယ်လီဖုန်းရှိရာကိုတော့ ဘေးမသိ ရန်မခဘဲ ရောက်ရှိသွားပြီး ဖုန်းကို ကိုင်လိုက်သည်။

"ဟုတ်ကဲ့"

"ကိုချစ်နိုးလား"

မြမြဖူး၏အသံကို ကြားရသည်။

"ဟုတ်ပါတယ်"

"နေမကောင်းလို့ဆို"

"ဘယ်လိုလုပ် သိတာလဲ"

"ယူ့ တူလေးနဲ့ မာလာမောင်နဲ့တွေ့လို့ ယူနေမကောင်းဘူးဆိုတာသိတာ၊ အဲဒါ မာလာမောင်က တို့ဆီ ဖုန်းဆက်ပြီး အသိပေးတယ်လေ"

သိပ်မဟုတ်ပါဘူး၊ အပရိကပါလို့ ပြောရကောင်းမလား။ သက်သာသွားပါပြီလို့ ပြောရမလား၊ ဟုတ်တယ် အဖျားတွေတက်လို့ လိမ့်နေတာပဲ၊ ခုတောင် မနည်းထလာရတယ်လို့ပဲ ချွဲရကောင်းမလား။ စဉ်းစားရွေးချယ်



နေတုန်း သူကပဲ ဆက်ပြောသည်။

"အဲဒါ သတင်းမေးချင်လို့ ဖုန်းဆက်လိုက်တာ၊ ပြီးတော့ ယူ့အတွက် လိမ္မော်သီးတွေ ဝယ်ထားတယ်၊ အဆင်ပြေရင် လာယူလိုက်ပါလား"

ကဲ. . . ကြည့်ပါအုံး။ ဘယ်လောက်ခွကျသလဲလို့။ ဖြစ်တာက သူ့ကိစ္စလုပ်ပေးလို့ ဖျားရတာ။ ဒါကိုလာကြည့်ပြီး အားပေးနှစ်သိမ့်ဖို့ စိတ်မကူးဘူး။ ဖျားနေတဲ့လူကပဲ သူ့ဆီ တကူးတကန့် သတင်းအမေးခံပြီး မာတ်စာ ယူရဦးမတဲ့။

သို့ရာတွင် ထိုအခိုက်မှာပဲ အိမ်ထဲမှာချည်း အောင်းနေလို့တော့ လေကောင်း လေသန့်ရမှာ မဟုတ်ဘူး၊ အပြင်ထွက်ပြီး လှုပ်လှုပ်ရှားရှား သွားလာလိုက်မှ ချွေးလေးဘာလေးစို့ပြီး လန်းဆန်းလာမှာပဲဆိုသော အတွေးက ဖြတ်ကနဲ ဝင်ရောက်လာလေတော့သည်။

ဝဝဝ

www.burmeseclassic.com

www.burmeseclassic.com

♥

ဟိုကောင်တွေက ကျွန်တော် လာနေတာကို လှမ်းမြင်ပြီးသား ဖြစ်ရမည်။ ထို့ကြောင့် အိမ်ထဲဝင်လာသောအချိန်နှင့် အံကိုက်ဖြစ်အောင် လုပ်ပြီး ထွန်းစိန်က အသံကျယ်ကျယ်ပြောနေ၏။

"ရသေ့ကြီးဟာ. . . တနေ့တော့ မိုးပေါ်ကနေ ဈာန်နဲ့ပျံလာရင်း မိဖုရားကြီးရဲ့ အဆောင်ရှေ့ကနေ ဖြတ်သွားမိတယ်။ ဒီအချိန်မှာ မိဖုရားကြီးကလဲ တစ်ကိုယ်တည်းဆိုတော့ လွတ်လွတ်လပ်လပ်နေနေတာပေါ့၊ ရသေ့ကြီးလဲ အမှတ်တမဲ့ ကြည့်မိရာက အဝတ်အစား လျော့တိလျော့ရဲ ဖြစ်နေတဲ့ မိဖုရားကြီးကို မြင်သွားပြီး ရုတ်တရက် တပ်မက်စိတ်ဝင်လာတယ်၊ ဒီမှာတွင်ပဲ ဈာန်လျောပြီး မြေပေါ်ကို ဖုတ်ကနဲပြုတ်ကျတော့တာပေါ့"

ကျွန်တော်ဝင်သွားပြီး 'အမယ်၊ မင်းတို့က ရောက်တောင် ရောက်နေကြပြီကိုး' ဟုနှုတ်ဆက်သောအခါ ကျားကြီးက လက်ကာပြသဖြင့် အသာဝင်ထိုင်လိုက်ရသည်။ စိန်လှိုင်ကတော့ ထွန်းစိန်စကားကို အလွန်



စိတ်ဝင်စားနေသော အချိုးမျိုးဖြင့် ကျွန်တော့်ကို လှည့်တောင်မကြည့်။

"ပြောစမ်းပါဦးကွာ၊ အတော်စိတ်ဝင်စားဖို့ ကောင်းတာပဲ"ဟု စိန်လှိုင်က စကားထောက်လိုက်သဖြင့် ထွန်းစိန်က

"ရသေ့ကြီးဟာ မိဖုရားကြီးကိုစွဲလန်းတဲ့စိတ်နဲ့ မစားနိုင်၊ မအိပ်နိုင်၊ ဖြစ်နေတာပေါ့၊ တရားလဲမကျင့်နိုင်တော့ဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘုရင်ကြီးက မေးမြန်းစုံစမ်းတဲ့အခါ အကြောင်းစုံသိသွားရော၊ သူ ကိုးကွယ်နေတဲ့ မင်းဆရာဆိုတော့ စိတ်မကောင်းဘူးပေါ့၊ မိဖုရားကြီးနဲ့ တိုင်ပင်တဲ့အခါ မိဖုရားကြီးက ကိစ္စမရှိဘူး၊ ရသေ့ကြီးရဲ့ဆန္ဒကို လိုက်လျောလိုက်ပါ့မယ်လို့ဆိုတယ်"

"ရသေ့ကြီးတော့ တော်တော်ပျော်သွားမှာပဲ"

"အေးပေါ့ကွာ၊ ဒါပေမယ့် မိဖုရားကြီးက တမင်တကာ ပညာပေးချင်လို့ ခုလိုလက်ခံလိုက်တာလေ၊ ရသေ့ကြီးကို လက်ထပ်လိုက်တာကတော့ ဟုတ်ပါပြီ၊ ဘယ်မှာလဲ နေစရာအိမ်လို့ပြောတော့ ရသေ့ကြီးလည်း အိမ်တစ်လုံးဖြစ်အောင် အားကြီးမာန်တက်ဆောက်ရတော့တာပေါ့၊ အိမ်လည်းပြီးရော အိမ်ရှိရုံနဲ့ မဖြစ်သေးဘူး၊ အိမ်ထောင်ပရိဘောဂက လိုသေးတယ်ဆိုတော့ ရှာရဖွေရ လုပ်ရကိုင်ရပြန်ရော၊ ဒါလဲမပြီးသေးဘူး၊ အိုးခွက်ပန်းကန်မရှိဘဲ ဘယ်လိုချက်ပြုတ် စားသောက်ကြမလဲဆိုတာ လာပြန်ရော၊ ဒီလိုနဲ့ တစ်ခုပြီးတစ်ခုခိုင်းလိုက်တာ၊ ရသေ့ကြီးလဲ မိန်းမလိုချင်တဲ့ဇောနဲ့ ကြိုးစားရင်းက ဖတ်ဖတ်ကိုမောနေတာပေါ့၊ နောက်ဆုံးကျတော့မှ သဘောပေါက်ပြီး တရားပြန်ကျင့်တော့မှ ဈာန်အဘိဉာဉ်ကို ပြန်ရသွားတော့တယ် တဲ့ကွယ်"

"အေးကွာ၊ ဃရာဝါသော ဗဟုကိစ္စောဆိုတာ တယ်မှန်တာပဲ"

"ဟုတ်တယ်၊ တဏှာပေမဆိုတာ အတော်ကြောက်စရာ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တာပဲနော်"

ဒီတောင်တွေပေါင်းပြီး ကျွန်တော့ကိုရိုနေကြတာဖြစ်ကြောင်း သ
သော်လည်း အသာငြိမ်ပြီး နားထောင်နေလိုက်၏။

ကျားကြီးက

"ဒါနဲ့ နေပါဦးကွ၊ အဲဒီရသေ့ကြီးက အိမ်ကို ကိုယ်တိုင်ဆောက်
တယ်ဆိုတော့ အိမ်သာတွင်းတွေ ဘာတွေလဲ ကိုယ်တိုင်ပဲ တူးရမှာပေါ့
တစ်ခါက မြမြဖူးတို့အိမ်က မိလ္လာကန် ပြည့်နေတယ်ဆိုလို့ စည်ပင်
ကားခေါ်ပြီး စုပ်ထုတ်ဖို့ ကူညီခဲ့ဖူးတာကို စောင်းပြီး ပြောနေခြင်းဖြစ်၏
ထို့ကြောင့်

"အေးသောင်းလောက်တော့ မဆိုးသေးပါဘူးကွာ"

ဟုဝင်ပြောလိုက်ရသည်။

ကျွန်တော့်သူငယ်ချင်း အေးသောင်းသည် ရည်းစားကို အလွန်ချစ်
သည်။ အဖြစ်လည်း သည်းတတ်သည်။ တစ်ခါက သူ့ကောင်မလေးအိမ်
မှာ အိမ်သာတွင်း ပြည့်နေတာကို အချစ်နဲ့ပတ်သက်ရင် အဆုံးစွန်ထိ
အနစ်နာခံနိုင်တယ်ဆိုတာပြတဲ့အနေနဲ့ဆိုပြီး အိမ်သာတွင်းအသစ်တ
သူကိုယ်တိုင် တူးပေးသည်။ ကျွန်တော်တောင်မှ အဆစ်ပါသွားပြီး မြေတ
တွေ ကူသယ်ပေးခဲ့ရသေးသည်။ သူထက်စာလျှင် ကျွန်တော်က အများကြီး
တော်သေးသည်။ စည်ပင်ကားခေါ်ပေးရုံလောက်ကလေးပါပဲ။

"ဘာပဲဖြစ်ဖြစ်ကွာ၊ အဲဒီရသေ့ကြီးကမှ မိဖုရားကြီးရဲ့ အဝတ်
အစားလျှော်တီလျှော်ရဲဖြစ်နေတာကို မြင်ခွင့်ရလိုက်သေးတယ်၊ တချို့ဆိုရင်
ခုထိ ခြေသလုံးကလေးတောင် မြင်ခွင့်ရရဲ့လား မသိဘူး"

စိန်လှိုင်က ဝင်ပြောသည်။ တစ်ခါတုန်းက မြမြဖူးသည် ကျွန်တော့်
ဘို အပေါ်ထပ်သို့ ဦးဆောင်ခေါ်သွားဖို့ လှေကားကို လှမ်းအတက်တွင်



ခြေသလုံးသားကလေး ဝင်းကနဲတစ်ချက် မြင်လိုက်ရတာကို ပြ
သတိရလိုက် မိ၏။ ဒီကောင်တွေ ဟားမှာဖိုးလို့ပြောတော့ မပြောဖြစ်
ထွန်းစိန်က

"အဲဒါ အဖိုးကြီးတွေရဲ့ သဘာဝပဲကွ၊ မလိုအပ်ဘဲနဲ့ တန်ဖိုးတို
တာလေ၊ တကယ်တော့ သူတို့ဟာ ဂျီအိုးစီကုန်ပဒေသာဆိုင်က အ
ဆိုင်းပစ္စည်းလိုပဲ၊ ရောင်းမထွက်ဘဲ နှစ်တွေကြာလာလို့ ဟောင်းနွမ်း
ပြီး အရောင်တွေ လွင့်နေပေမယ့် ဈေးနှုန်းတော့ချမပေးနိုင်ဘူးဆိုတဲ့
သဘောမျိုးပေါ့"

ဒီကောင်တွေနဲ့မလွယ်ဘူး။ တစ်ခုခုတော့ တုန့်ပြန်မှပဲဟု သဘော
အဖြင့်

"မင်းတို့ဟာ ဟောင်းနွမ်းတာနဲ့ သက်တမ်းရင့်တာကို မခွဲခြားတတ်
သေးဘူး၊ ယမကာလုလင်ဆိုတဲ့စာအုပ်ထဲမှာ ရေးထားတာ မဖတ်ဖူးဘူး
လား၊ အချစ်ဟာ ဝိုင်အရက်နဲ့ တူတယ်၊ ကြာလေကောင်းလေပဲတဲ့၊ ဝိုင်
အရက်ဟာ သက်တမ်းရင့်လေ အဖိုးတန်လေပဲကိုး၊ ဒါပေမယ့် လူတော်
တော်များများဟာ စိတ်ရှည်ရှည်နဲ့မစောင့်နိုင်ကြဘဲ ပုလင်းကို ဖွင့်သောက်
ပစ်တတ်ကြတယ်၊ ငါကတော့ သောက်လို့အကောင်းဆုံးအနေအထား
ရောက်အောင် ဖွဲ့ရှိရှိနဲ့စောင့်နေတဲ့လူမျိုးပဲကွ"

စိန်လှိုင်၏ အက်ကွဲကွဲလှောင်ရယ် ရယ်သံထွက်လာ၏။

ကျားကြီးက

"ငါကတော့ ဒီလိုမထင်ဘူး၊ မင်းဟာ ဝိုင်ပုလင်းကို အသိမ်း
မတွေ့လို့သာ သောက်ခွင့်မရတာလို့ ယူဆတယ်"

ထွန်းစိန်က

"ဝိုင်ပုလင်းဆိုတာကော သေချာရဲ့လားကွ၊ ရှာလတာ

www.burmeseclassic.com

www.burmeseclassic.com



မှားပြီး အမြတ်တနိုးသိမ်းထားမိရင်တော့ ကြာလေချဉ်စုတ်လာလေဖြစ်ရ ပဲ"

ကျွန်တော်က တစ်ခွန်းဆဲလိုက်သည်။ ကျွန်တော့်အနေဖြင့် ခ တရားဝင်လူပျိုကြီးဖြစ်နေလို့သာ သူတို့အုပ်စုဝင်အဖြစ် လက်ခံထားရခြ ဖြစ်၏။ အချိန်မရွေး သစ္စာဖောက်ပြီး ဘက်ပြောင်းသွားနိုင်ကြောင်း သူ ရိပ်မိကြသည်။ ထို့ကြောင့် တွေ့လိုက်တိုင်း နှိပ်ကွပ်နေကြခြင်းဖြစ်၏။

ကျွန်တော်ကလည်း ပြောမယ်ဆို ပြောစရာပါပဲလေ။

၁

ကျွန်တော်သည် အတော်ပင် အလုပ်ရှုပ်နေသည်။ ကိုကိုကြီး ခိုင်း ထားသောအလုပ်တွေတော့မဟုတ်။ ကိုကိုကြီးအလုပ်က သိပ်များများ စားစား မရှိ။

ကိုကိုကြီးကိုယ်တိုင် ပြုစုထားသော ဆယ်နှစ်စာ ရေထွက်ပစ္စည်း ဈေးနှုန်းစာရင်းရှိသည်။ ဒီထဲက အယ်လ်နီညိုရာသီဖြစ်ပေါ်သောနှစ် ဘယ်လို ရေထွက်ပစ္စည်းတွေ ရှားပါးပြီး ဈေးကောင်းရတတ်သလဲ၊ အမြ ဆုံးဈေးနှုန်း ကဘယ်လောက်လဲ၊ ဘယ်နှစ်ကလဲဆိုတာ ရှာဖွေရခြင်းဖြစ် ပြီးတော့ သူတို့ကုမ္ပဏီရုံးချုပ်ကို သွားပို့ရုံသာဖြစ်၏။ ဒါကလည်း တစ်ရ တည်းနဲ့ကိစ္စ ပြတ်သည်။

အခု ကျွန်တော် ဗျာများနေရတဲ့အကြောင်းကတော့ (ပြောရ ရှက်တောင်ရှက်လာပြီ။) မြမြဖူး ခိုင်းထားသောကိစ္စတစ်ခုကြောင့်ပ ဖြစ်၏။

လွန်ခဲ့သော နှစ်ရက်လောက်က သူဗေဒင်သွားမေးခဲ့သည်။ ရ



ချည်ကျော် ဝေဒကဝိန်လင်းရောင်စိန်ဆိုသော ဆရာကြီးထံမှာ မေးခဲ့ခြင်း ဖြစ်၏။ ဆရာကြီးက အလွန်မှန်သည်ဟုဆို၏။ သူ့ဆီမှာ ဗေဒင်မေးချင်သူ တွေ အမြဲပြည့်နေသည်။ ထို့ကြောင့် ကြိုတင်ရက်ချိန်းတောင်း၊ တိုကင်ယူရ သည်။ ထိုကိစ္စကိုလည်း ကျွန်တော်ပဲ သွားလုပ်ပေးရသည်။

ရက်ချိန်းသွားယူပေးသောနေ့က တိုကင်ပေးတဲ့ အမျိုးသမီးနဲ့ နည်း နည်းအခြေအတင် ဖြစ်သွားရသေးသည်။ ကျွန်တော့်ရှေ့ကတန်းစီသော လူအလှည့်မှာ ငါးရက်မြောက်နေ့အတွက် တိုကင်ကုန်သွားသည်။ ကျွန် တော်က ခြောက်ရက်မြောက်နေ့ကျမှ ရတော့မည်ဟုဆိုသည်။ ထို့နောက် ကျွန်တော့်ကို တိုကင်နံပါတ်သုံးပေးလိုက်သည်။

"ဟင်. . . အဲဒီနေ့အတွက် ပထမဆုံးတိုကင်ယူတာ ကျွန်တော်ပဲ ဟာ၊

ဘာကြောင့် နံပါတ်သုံးကစပေးရတာလဲ"

"တစ်နဲ့ နှစ်က ဗီအိုင်ပီအတွက် နေ့တိုင်းချန်ထားရတယ်၊ မလာဖြစ် ဘူးဆိုရင်တော့ ရှင်အရင်ဆုံး ဝင်လိုက်ပေါ့"

"ဟာ. . . ခင်ဗျားတို့ဟာက ဘယ်လိုကြီးလဲ"

"မကျေနပ်ဘူးဆိုရင်လဲ အဲဒီတိုကင် ပြန်ပေးလေ"

မြမြဖူးကိစ္စဖြစ်သဖြင့် တိုကင်မပါဘဲ ပြန်သွားလို့မရသဖြင့် အောင့် သက်သက်နှင့် ယူခဲ့ရသည်။ တကယ်ကတော့ သက်သက် လူအထင်ကြီး အောင်လုပ်တာဖြစ်မည်။

ဒီလိုကိစ္စမျိုးတွေရှိတတ်ကြောင်း ညီက ပြောပြဖူးသည်။ သူ ဆယ်တန်းတုန်းက ကျူရှင်သွားအပ်ရာမှာ တန်းခွဲသုံး၊ ခုံနံပါတ်လေး ရ သည်။ နောက်တစ်နေ့ကျမှ သွားအပ်သော သူ့သူငယ်ချင်းက တန်းခွဲ သုံးဆယ့်ငါး ဖြစ်နေသည်။ နောက်ဆုံး ခုံနံပါတ်ကစပြီး ယ

www.burmeseclassic.com

www.burmeseclassic.com



"တိုတင်နံပါတ်သုံးဆိုတော့ ရှေ့မှာနှစ်ယောက်တောင် စော

တော့မှာပဲ"

ဟု မြမြဖူးက ထုံးစံအတိုင်း အလိုမကျသလို ပြောသော်လည်
တကယ်တမ်းကျတော့ ရှေ့ကနံပါတ်တွေ ရောက်မလာသဖြင့် သူ့အရင်
ဝင်ခွင့်ရသည်။ ဗေဒင်မေးမယ့်သူတစ်ယောက်ပဲ ဆရာနှင့် တွေ့ခွင့်ရမ
ဆိုသဖြင့် ကျွန်တော်က အပြင်မှာ စောင့်နေရသည်။

မိနစ်နှစ်ဆယ်လောက်အကြာမှာ သူပြန်ထွက်လာသည်။ တစ္
ကလေးတစ်ရွက်ကို ကောင်တာကအမျိုးသမီးဆီ ပေးလိုက်သည်
အမျိုးသမီးက ဖတ်ကြည့်ပြီးနောက် ငွေရောင်ဖယောင်းတိုင်ကြီး တစ်တို
ပေးသည်။ ဖယောင်းတိုင်ဖိုး ငါးရာပေးရသည်။ ဟောပြောခငွေသုံးထော
ကိုတော့ တိုကင်ယူကတည်းက ကျွန်တော် ပေးထားခဲ့ရပြီးပြီ။

"ဘာတွေ ဟောလိုက်သလဲ"

ဗေဒင်ဟောခန်းက ပြန်အထွက်မှာ ကျွန်တော် မေးလိုက်သည်

"ဇာတာနည်းနည်းညံ့နေလို့ ယတြာချေရမယ်တဲ့"

"ဒီဖယောင်းတိုင်က အဲဒီအတွက်ပေါ့"

"ဖယောင်းတိုင်နဲ့တွင် မပြီးသေးဘူး၊ ပစ္စည်းတစ်ခု ရှာရဦးမယ်

"ဘာပစ္စည်းတဲ့လဲ"

"မြေပဲယို"

"ဒါကတော့ လွယ်ပါတယ်"

"မြေပဲယိုက ရိုးရိုးမဟုတ်ဘူး"

"ဘာလဲ၊ လန်ဒန် မြေပဲယိုလား"

ခုလိုနောက်လိုက်တာကို သိပ်သဘောမကျဟန် မျက်မှော
တစ်ချက်ကုပ်လိုက်ပြီးမှ



"မြေပဲယို ဆိုပေမယ့် တစ်ပေလောက်ရှိတဲ့ မြေပဲယိုအချပ်ကြီးကို
ယ်ရမှာ. . . အဲဒါ"

'အဲဒါ' ဆိုသော စကားလုံးသည် တခြားလူတို့အတွက် သာမန်မျှ
သာ ဖြစ်သော်လည်း သူနှင့် ကျွန်တော့်အတွက်တော့ လျှို့ဝှက်သင်္ကေတ
တစ်ခုလို ဖြစ်နေ၏။ အဓိပ္ပာယ်ကတော့

"လင်းယုန်မှ ရထား၊ လင်းယုန်မှ ရထား၊ မြေပဲယိုတို့စွ လုံးဝတာဝန်
ယူ ပါပဲ"

❑

ထိုမြေပဲယိုမျိုးမှာ ကျွန်တော်တို့ငယ်ငယ်က နယ်မှဧည့်သည်တွေ
လာလျှင် လက်ဆောင်အဖြစ် ပါလာတတ်သည်။ တစ်ပေနီးပါးလောက်ရှိ
သောအချပ်ကြီးဖြစ်ပြီး ကျောဘက်မှာ ခပ်ထူထူစက္ကူတစ်ချပ်ကပ်ထား
လျက်ရှိ၏။ မြေပဲယိုလုပ်စဉ်က စက္ကူချပ်ကြီးပေါ်မှ ဖြန့်ခင်းပြီး လှန်းရသော
ကြောင့် ခြောက်သွားသောအခါ ကျောဘက်မှာ စက္ကူကပ်ပြီးပါလာခြင်း
ဖြစ်ပုံရသည်။

ကျွန်တော်လည်း ဈေးတကာလှည့်ပြီး မြေပဲယိုရှာသည်။ အဝိုင်း
ကလေးတွေ၊ လေးထောင့်လေးတွေ၊ အတုံးအခဲကလေးတွေတော့တွေ
သည်။ ကျွန်တော်လိုချင်သော အချပ်ကြီးကိုမရ။ ဒါမျိုး မလာတော့ဘူးဟု
ဆိုင်တွေက ပြောကြသည်။ ကျွန်တော်ပဲ နှံ့နှံ့စပ်စပ် မရှာတတ်လို့ပဲလား
တော့ မသိပါ။

ပစ္စည်းက လာမယ့်ကြာသပတေးနေ့အမီရမှ ဖြစ်မည်။ ခုအင်္ဂါ
နေ့ ဖြစ်နေပြီ။ အကြံရခက်နေရာမှ တစ်ခုသွားစဉ်းစားမိ၏။ ...ဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒါမျိုးရှိဦးမှာပဲ။ ထိုအခါ ကိုလှဦးကို သွားသတိရသည်။

ထို့ကြောင့် ဒိုက်ဦးကို ဖုန်းလှမ်းဆက်လိုက်သည်။ ကိုလှဦးက ပဲခူး
ရှိတယ်ဟု သတင်းပေးသည်။ ပဲခူးကို သွားရမြန်သည်။ ကံဆိုးချင်တော့
ပဲခူးဈေးထဲကဆိုင်တွေမှာ ပစ္စည်းပြတ်နေသည်။ ပင်ရင်းကို သွားကြ
ဆိုပြီး လမ်းညွှန်သဖြင့် လိပ်ပြာကန်နားက မြေပဲယိုလုပ်ငန်းရှင် ဒေါ်အ
ပုဆီ သွားရသည်။

မြေပဲသန့်သန့်မရလို့ နားထားတာ သုံးရက်လောက်ရှိပြီ။ ဒီနေ့မှ
လုပ်တာ၊ ဒါပေမယ့် ချက်ချင်းမရသေးဘူး၊ ညနေလောက်မှ ရမယ်ဆိုသ
ဘုရားတွေလျှောက်ဖူးရင်း စောင့်ရသည်။ ပိုပိုလိုလိုဆိုပြီး ငါးချပ်ဝယ်လာ
သည်။ ညမိုးချုပ်မှ အိမ်ပြန်ရောက်သည်၊ ရောက်ရောက်ချင်း သူ့
ဖုန်းဆက် အစီရင်ခံတော့

"ပဲခူးရောက်ရဲ့သားနဲ့များ ငါးဖယ်ချဉ်လေးဘာလေး ဝယ်ခဲ့ရော
ပေါ့"

ဟုဆိုနေသေးသည်။ မြေပဲယိုရလာတဲ့အတွက်တော့ ကျေနပ်ဟ
တူသည်။

□

ယကြာချေရမည့် အစီအစဉ်က အမျိုးသမီးနာမည်နှင့် ဘုရားမှာ
လုပ်ရမည်ဖြစ်၏။ ထို့ကြောင့် မယ်လမုဘုရားကို သွားကြသည်။

မြေပဲယိုအချပ်ကြီး၏ ကျောဘက်စက္ကူပေါ်မှာ ဆရာကြီး လင်
ရောင်စိန်ပေးလိုက်သော အင်းကွက်တွေကို ကူးရေးရသည်။ မြေပဲယိုပေါ်
မှာ ငွေရောင်ဖယောင်းတိုင်ကြီးကိုတင်ပြီး မနက်ဆယ်နာရီတိတိမှာ





ထွန်းညှိရသည်။ ဖယောင်းတိုင်မကုန်မချင်း ထိုင်နေရမည်။ လုံးဝမထရ
စကားမပြောရ။

"ကျွန်တော်ကရော ထိုင်နေပေးရမှာလား"

"ယူကတော့ မပါဘူး၊ ဒါပေမယ့်"

သူက အဖော်လုပ်ပေးစေချင်သော သဘောရှိ၏။ ထို့ကြောင့်

"ရပါတယ်၊ ကျွန်တော်လည်း ထိုင်စောင့်ပေးပါ့မယ်"

ဟုပြောလိုက်ရသည်။ အစကတော့ သူ့ကိုထားခဲ့ပြီး လက်ဖက်ရည်
ဆိုင်သွားထိုင်နေမလို့ပဲ။ တော်ကြာအားမကိုးရဘူးထင်မှာစိုးသဖြင့် ဘေးက
ထိုင်စောင့်ပေးရသည်။

ဖယောင်းတိုင်မှာ အတော်အတန်ကြီးသဖြင့် မီးငြိမ်းအောင် နှစ်
နာရီလောက်စောင့်ရလိမ့်မည်ထင်၏။ စကားလည်း မပြောရဘူးဆိုသဖြင့်
အတော်ပျင်းစရာကောင်းသည်။ မနက်တုန်းက ဘဲသားမုန့်တစ်ခုနှင့်
လက်ဖက်ရည်တစ်ခွက်သာ စားသောက်ခဲ့ရသဖြင့် ဗိုက်လည်း အတော်
ဆာလာသည်။ အကြာကြီးထိုင်နေရသဖြင့် ညောင်းပြီးခြေထောက်တွေ
တောင် ကျင်လာသည်။

သူကတော့ ခေါင်းငုံ့မျက်လွှာချပြီး ငြိမ်သက်စွာ ထိုင်နေသည်။
သူ့မျက်နှာကို တစ်ချက်တစ်ချက်လှမ်းကြည့်ရင်း အပျင်းဖြေရသည်။ သူ့ကို
ပုံမှန်အတိုင်း လျှပ်ရှားပြောဆိုနေစဉ်အခါမျိုးမှာသာ မြင်ဖူးခဲ့သည်။ ခုလို
ငြိမ်ငြိမ်ကလေး နေနေတုန်းတစ်ခါမှ မကြည့်ခဲ့ဘူးသေး။ ခုမှပင် အတဲခတ်
ခွင့်ရသည်။

သူသည် အသက်သုံးဆယ့်ခုနှစ် နှစ်ကျော်လို့ သုံးဆယ့်[illegible]
ထဲရောက်လာပြီဖြစ်သော်လည်း နုပျိုလှပနေတုန်းရှိသေး[illegible]
ပေါ်မှာ အရေးအကြောင်းတစ်ခုမှမရှိသေး။ ပါးပြင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရင်းရင်းရှိပြီး ချောမွတ်နေသည်။ လည်ပင်းမှာသာအရစ်ကလေးတစ်ရစ် နှစ်ရစ်ဖြစ်ပေါ်နေ၏။ ဒါကလည်း အပရိကလောက်ပါ။ သူ့ပါးပြင်၏ အရင်းဘက်နားသယ်အစပ်နားမှာ မွေးညှင်းစိမ်းစိမ်းနုနုကလေးတွေရှိ၏။

ကျွန်တော် တစ်ခုတွေးမိသည်။ လူတို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်သောအခါ မျက်နှာကိုသာ သတိထားကြည့်ကြသည်။ နားရွက်တွေကိုတော့ ဂရုတစိုက်ကြည့်လေ့ မရှိကြကြောင်းပင်ဖြစ်၏။

တကယ်တော့ နားရွက်တို့သည် ဦးခေါင်းနှင့်မျက်နှာတို့၏ ချိန်ခွင်လျှာကိုညှိပေးရာမှာ အတော်အရေးပါသည်။ မျက်နှာကလေးလှပါလျက် နားရွက်ကဖျက်လို့ အချိုးမကျတာမျိုးရှိတတ်သည်။ တချို့က မျက်နှာက ကြီးပြီး နားရွက်ကသေးနေသည်။ တချို့ကျတော့ မျက်နှာသေးသေး ချွန်းချွန်း ကလေးမှာ သူများနားရွက်ကြီး ငှားတပ်ထားသလို ဖြစ်နေတတ်၏။ နားရွက်ကားသူ၊ နားရွက်ကုပ်သူတွေလည်းရှိသည်။ နားရွက်အနားသားလေးတွေ မညီပဲ တွန့်နေသူမျိုးလည်းတွေ့ရသည်။ နားရွက်အကြီးအသေးမတူတာ တောင်ရှိသည်။

မြမြဖူး၏နားရွက်တွေကတော့ အချိုးအစားကျနစွာ လှပနေကြပြီး ပြေပြစ်သောမျက်နှာကျကို ပိုမိုပေါ်လွင်စေရန် အထောက်အကူပြုနေ၏။ နားရွက်၏အနားသားကလေးများကလည်း ကွန်ပျူတာနှင့် အတိအကျ တွက်ချက်ပြီး ပုံစံထုတ်ထားသလို ညီညာသောကောက်ကြောင်းများ ဖြစ်နေလေသည်။

(ဒါတောင် နားရွက်ပဲရှိသေးတယ်။)

တညောင်းကြီး ထိုင်ပြီးတော့မှပင် ဖယောင်းတိုင်လည်း ကုန်လေတော့သည်။ ကျွန်တော့်မှာ ခြေထောက်တွေ ထုံကျင်နေတာပျောက်အောင်



စောင့်ပြီးမှပင် ထရပ်နိုင်တော့သည်။

"တော်တော်ညောင်းသွားပြီလား၊ ဒီလိုပုံမျိုးနဲ့ဆိုရင်တော့ ကြာလာရင် ယူ့ တရားထိုင်လို့ရမှာ မဟုတ်ဘူး"

ဟု သူကပြောသည်။

"အဲဒီကိစ္စကတော့ အသက်ကြီးလာမှာပဲ စဉ်းစားတော့မယ်၊ ခုတော့ ဗိုက်ဆာတာက အရေးကြီးတယ်"

"တစ်ခုခုစားကြမယ်လေ၊ တို့ ကျွေးပါ့မယ်"

သူ့ယတြာကိစ္စ အောင်မြင်ပြီးမြောက်သွားသဖြင့် စိတ်ပေါ့[illegible] ရွှင်လန်းသွားဟန်တူသည်။ မျက်နှာက ကြည်ကြည်သာသာ ဖြစ်နေ[illegible]

အရင်[illegible] အရေးကြီးသောကိစ္စကို ဖြေရှင်းရသည်၊ အိမ်သာဝ[illegible] အပေါ့အပါးသွားရခြင်းဖြစ်၏။ ပြီးတော့ စားသောက်ဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး ထမင်းပေါင်း စားကြသည်။ စားပြီးတော့ သူက အအေးသောက်သည်၊ ကျွန်တော်ကလည်း လက်ဖက်ရည်မှာသည်။

"မမြဖူး ဗေဒင်တွေ ယတြာတွေ ဒီလောက်ယုံလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့မိဘူး"

ဟု ကျွန်တော်က စကားစသည်။ သူက ဘာကြောင့်လဲဟု မြန်[illegible] သည်။

"စိတ်ဓာတ်ပျော့ညံ့တဲ့လူတွေသာ ဒါမျိုးတွေကို ငွတ်မိုတ်[illegible] ယုံကြတာပါ၊ မမြဖူးက အဲဒီလိုမျိုးမှမဟုတ်ဘဲ"

"စိတ်ဓာတ်နဲ့ မဆိုင်ဘူးထင်တယ်၊ ကမ္ဘာကြီးကို [illegible] ထားနိုင်တယ်ဆိုတဲ့ အမေရိကန်သမ္မတတွေထဲမှာတောင် [illegible] တွေ ရှိတယ်ဆိုတာ မကြားဖူးဘူးလား၊ ကိုချစ်နိုးကတော့ [illegible] ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ဓာတ်ခိုင်မာတယ်လို့တော့ မယူဆပါဘူး၊ ဒါပေမယ့် အဲဒါတွေ မယုံကြည်တာက စိတ်ချမ်းသာတယ်၊ အလုပ်ရှုပ်လည်း သက်သာတယ်လို့ ထင်တာပဲ"

"အင်းလေ. . . မယုံတာပဲ ကောင်းပါတယ်"

သူ့စကားက အစွန်းထွက်အဓိပ္ပာယ်လာနေသည်ဟု ထင်သဖြင့်

"ဘာဖြစ်လို့လဲ"

ဟုမေးလိုက်သည်။

"အခု ဒို့ယတြာလာချေတာ ဘာအတွက်လို့ ထင်လဲ"

"ဇာတာညှံနေလို့ဆို"

သူက ခေါင်းခါပြီး

"တကယ်ကတော့ ဆရာကြီး တို့ကို ဟောလိုက်တာက ဒီနှစ်ထဲမှာ အိမ်ထောင်ကျကိန်း မြင်တယ်တဲ့၊ အဲဒါကိုလွတ်အောင် ရှောင်ချင်ရင် ယတြာချေရမယ်ဆိုလို့ သိပြီလား"

ဟာတွန်းတွေထဲတလို "တိန်"ကနဲ မြည်သွားသလားတောင် အောက်မေ့ရသည်။ ထိုနေ့ညနေက ကျွန်တော်သည် ကိုယ်ဘာသာ အပြစ်ပေးတဲ့အနေနဲ့ စည်ဘီယာသုံးခွက်ဆင့် သောက်ချလိုက်လေ၏။

□□□

♥

ကျွန်တော်သည် ညှိရှုပ်ထားသော ပြဿနာတစ်ခုကို လိုက်ရှင်းနေရသဖြင့် မြမြဖူးဆီကိုတောင် ရက်အတန်ကြာအောင် မရောက်ဖြစ်ဘဲရှိနေ၏။

တစ်ရက်မှာ အိပ်ရာကနိုးပြီး လက်ဖက်ရည်ဆိုင်သွားဖို့ဆင်းအလာ မမကြီးက အရေးတကြီးပြောစရာကိစ္စရှိလို့ဟုဆိုသည်။ အိမ်မှာဘယ်သူမှ မရှိသဖြင့် အပေါက်ဝမှာပဲဖြစ်စေ၊ ဧည့်ခန်းမှာဖြစ်စေ ပြောလို့ရသော်လည်း မီးဖိုခန်းထဲအထိ ဆွဲခေါ်သွားသည်။ မမကြီးမှာ ဟန်ဆောင်ကောင်းသူ မဟုတ်သဖြင့် မျက်စိမျက်နှာ ပျက်နေတာသိသာ၏။

"ငါတော့ ခေါင်းမီးတောက်နေပြီ"

"ဘာဖြစ်လို့လဲ ဆံပင်ပေါင်းတင်တာ လွန်သွားလို့လား"

"အရေးထဲမှာ မင်းကနောက်နေပြန်ပြီ၊ တူဝရီးနှစ်ယောက်တထေရာတည်းပဲ၊ သူ့အဖေသိရင်တော့ သတ်မှာသေချာတယ်"

ဒီလိုဆိုကတည်းက ခုကိစ္စမှာ ညီနှင့်ပတ်သက်နေကြောင်း သေ

www.burmeseclassic.com

www.burmeseclassic.com



ချာသွားပြီ။ ဒီလိုစကားဦးမသမ်းတဲ့တိုင်အောင် အိမ်မှုတခုခုဖြစ်ပြီဆိုလျှင် ညီနှင့် နွယ်နေတာသာများသဖြင့် ခန့်မှန်းကြည့်လို့ရနိုင်၏။

"အဲဒီ မျိုးကို ဆိုတဲ့ကောင်လေးနဲ့ ပေါင်းနေတာကို အစကတည်းက ငါ သိပ်သဘောတွေ့တာ မဟုတ်ဘူး"

ညီနဲ့ မျိုးကိုတို့ ဘာတွေပူးပေါင်းကြံစည်ထားကြသလဲ။ ဆေးတွေ ဘာတွေချတာတော့ မဖြစ်နိုင်။ မျိုးကို အပါအဝင် ညီ့သူငယ်ချင်းများသည် ဒါမျိုးလုံးဝကင်းကြောင်း ကျွန်တော် ယုံကြည်သည်။ သူတို့က အစားအသောက်တဝတပြစားမယ်၊ ဂစ်တာတီး သီချင်းဆိုမယ်၊ ကွန်ပျူတာဂိမ်းကစားမယ်၊ ဘောလုံးပွဲကြည့်မယ်ဆိုသော ကောင်မျိုးတွေသာဖြစ်၏။ ဟောဟောရမ်းရမ်းလုပ်မယ့်ကောင်တွေ မဟုတ်။ မျိုးကိုနဲ့ပေါင်းတဲ့အတွက်ကတော့ အစားသောင်းကျန်းလို့ စားပွဲနင့်မှာကိုပဲ စိုးရိမ်စရာရှိ၏။

"ဘာဖြစ်တာလဲဆိုတာ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ မမကြီးရာ" ဟု ကျွန်တော်က ပြောတော့မှ

"မင်းတူ ညီက ကောင်မလေးတစ်ယောက်နဲ့ ကြိုက်နေတယ်"

"ဟာ. . . ဒါဆန်းသလားဗျာ၊ ညီ့အကြောင်းလည်း သိသားနဲ့ ကောင်မလေးတစ်ယောက် မဟုတ်ဘူး၊ နှစ်ယောက် သုံးယောက်တောင် ရှိနိုင်တယ်"

"ဟဲ့. . . ကောင်မလေးတွေနဲ့ ဖုန်းပြောပြောနေတာ ငါသိတာပေါ့ သူတို့ကျောင်းက မိန်းကလေးဆိုရင် ငါ ဘာမှမပြောပါဘူး၊ အခုဟာက မှန်နဲ့ဟင်းခါးရောင်းတဲ့ ကောင်မလေးတဲ့"

"ဟာ . . . ဒါတော့ မဖြစ်နိုင်ပါဘူး၊ ညီ လျှောက်နောက်နေတာနဲ့ တူပါတယ်"

"နောက်တာ မဟုတ်ဘူး၊ တကယ် နှစ်နှစ်ကာကာ ဖြစ်နေတာတဲ့"



"နေပါဦး၊ မမကြီးကို ဘယ်သူက ပြောတာလဲ"

"ဝေမှူး လာပြောတာ"

ဝေမှူးဆိုတာကလည်း ညီ့သူငယ်ချင်းပဲ။ ဒီတော့ ညီလိုပဲ နောက်တတ်ပြောင်တတ်သည်။ မမကြီး စိတ်ပူတတ်မှန်းသိလို့ တစ်ခါ တစ်ခါ အကြောင်ရိုက်တတ်သည်။ အိမ်ပေါ်ကို ရေကြီးသုတ်ပြာ တက်လာပြီး 'အန်တီ. . . အန်တီ. . . ညီလေ. . . . ညီ' လို့လည်း ပြောလိုက်ရော မမကြီး ရင်ပတ်ကိုဖိပြီး 'ဘာ. . . ညီ ဘာဖြစ်လို့လဲ ဘုရား. . . ဘုရား' ဆိုတော့မှ 'ဘာမှမဖြစ်ပါဘူး၊ နောက်က လိုက်လာနေပြီ'ဟု မထိတ်သာ မလန့်သာလုပ်လေ့ရှိ၏။ ထို့ကြောင့်

"ဒီကောင် သက်သက်အကြောင်ရိုက်တာ နေမှာပါ"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ပါးကြီးတစ်ဖက်တောင် ယောင်လို့"

"ဘာ. . . . ဘယ်လို"

"ဝေမှူးက ငါ့ကို လာတိုင်တယ်၊ အန်တီတဲ့ ညီ့ကို ကြည့်ထိန်းပါဦးတဲ့၊ မုန့်ဟင်းခါးရောင်းတဲ့ကောင်မလေးနဲ့ ကြိုက်နေတယ်တဲ့၊ အဲဒါကလဲ မျိုးကိုက အောင်သွယ်ပေးတာတဲ့၊ သူက ဒါမျိုးတော့ မဖြစ်သင့်ဘူးဆိုပြီး ဝင်တားရင်းက စကားများပြီး ညီက သူ့ကို ထိုးလို့တဲ့၊ ဟုတ်တယ် ကောင်လေးရဲ့ပါးက ယောင်ကိုင်းနေတာပဲ"

နည်းနည်းတော့ စဉ်းစားစရာဖြစ်လာပြီ။ ညီသည် ပျော်ပျော်ပါးပါးနေတတ်သူသာဖြစ်၏။ ဒေါသကြီးတတ်သူ၊ ခိုက်ရန်ပွားတတ်သူ မဟုတ်။ သူငယ်ချင်းတွေနဲ့ဆိုလျှင်လည်း တခါတလေ စကားနိုင်လုပြီး ငြင်းခုန်ကြတာ မျိုးလောက်သာရှိ၏။ စကားများရန်ဖြစ်တာမျိုး လုံးဝမရှိ ပြီးတော့ မျိုးကို နှင့် ဝေမှူးသည် ညီ့ အချစ်ဆုံးသူငယ်ချင်းတွေ [illegible] တလေ ညဉ့်နက်လျှင် အိမ်မပြန်ကြတော့ဘဲ ညီ့ကုတင်မှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပူးပြီး ကပ်ကပ်သပ်သပ်အိပ်တတ်ကြသည်။ ဒီလိုကောင်မျိုးတွေ တစ်ယောက်နဲ့တစ်ယောက် ထိုးကြကြိတ် ကြတဲ့အထိ ဖြစ်ရတယ်ဆိုတာ ထူးခြားနေသည်။

"သိပ်လည်းစိုးရိမ်မနေပါနဲ့ မမကြီးရာ၊ ကျွန်တော် စုံစမ်းကြည့်ပါဦးမယ်၊ တကယ်လဲ ဟုတ်ချင်မှ ဟုတ်မှာပါ၊ ညီကိုတော့ ဘာမှ သွားမမေးနဲ့ဦးနော်၊ မသိသလို နေလိုက်ပါ"

မမကြီးကို နှစ်သိမ့်ထားလိုက်သည်။ ဒီကိစ္စမျိုးက ကာယကံရှင်ကို တိုက်ရိုက်မေးလို့မဖြစ်။ ဘူးကွယ်ပြီး ငြင်းဖို့များသည်။ ပြီးတော့ ပိုပြီးလျှို့ဝှက်သွားအောင် သတိပေးလိုက်သလိုလည်း ဖြစ်သွားနိုင်သည်။ သူ့ပတ်ဝန်းကျင်ကနေ လှည့်ပတ်စုံစမ်းမှ သင့်တော်မည်။

ထို့ကြောင့် သွားနေကျလက်ဖက်ရည်ဆိုင်သို့ မသွားပဲ မျိုးကို အလုပ်လုပ်နေသောဆိုင်ဘက် ထွက်လာခဲ့သည်။ သတင်းစကားအရ သူသည် ညီ့ဘက်တော်သားဖြစ်သဖြင့် တိုက်ရိုက်မေးလို့ မဖြစ်သေး။ မသိမသာ စကားတောက်ကြည့်မည်ဟု စိတ်ကူးသည်။ ဝေမှုနှင့် တွေ့တော့မှပဲ သေသေချာချာ မေးရမည်။

မျိုးကိုက လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးဖြစ်၏။ ဆယ်တန်းအောင်ပြီး အဝေးသင်တက္ကသိုလ်တက်နေသည်။ ကျောင်းစရိတ်ရအောင် စားပွဲထိုးဝင်လုပ်နေခြင်းဖြစ်၏။ ကိုယ့်အားကိုယ်ကိုးပြီး ကျောင်းတက်နေတဲ့ သူငယ်ဟု ကိုကိုကြီးကတောင် ချီးကျူးခဲ့ဖူးသေးသည်။

ကျွန်တော် ဆိုင်ထဲဝင်သွားတော့ မျိုးကိုက ဆီးကြိုပြီး

"ထူးထူးဆန်းဆန်း ကျွန်တော်တို့ဆိုင်ကို လာလို့ပါလား လေးလေးကြီးရဲ့၊ ပြောစရာကိစ္စရှိလို့ ထင်တယ်"

ဟု စကားဦးသမ်းသည်။ သူတို့ဆိုင်က လက်ဖက်ရည်ကောင်းသော်



လည်း ကက်ဆက်သီချင်းသံ ဆူညံလွန်းသဖြင့် နားအေးပါးအေးရှိသော တခြားဆိုင်မှာ သွားထိုင်ခြင်းဖြစ်၏။

"ဒီလိုပေါ့ကွာ"

ဟု ကျွန်တော်က မရေမရာ ပြန်ပြောသည်။ မျိုးကိုက ကျွန်တော့်အတွက် လက်ဖက်ရည် သွားယူလာပေးသည်။ ကျွန်တော် ပေါက်စီတစ်လုံး ယူစားနေတုန်း သူက

"ညီကိစ္စ မေးချင်လို့ မဟုတ်လား"

ဟု စကားစလာသည်။

"ဆိုပါတော့ကွာ၊ အော်. . . ဒါနဲ့ မင်းအလုပ်များနေလား၊ ဒါဆိုလဲ နောက်မှ. . ."

"ရပါတယ်၊ လူလည်း ပါးနေပါပြီ"

ခုံတစ်လုံးဆွဲ၍ ဝင်ထိုင်လိုက်ပြီး

"ကျွန်တော်လဲ ပြောချင်နေတာပါ၊ ဒီကိစ္စက ကျွန်တော်နဲ့ မဆိုင်ဘူးနော်၊ ကျွန်တော် ဖန်တီးပေးတာ မဟုတ်ဘူး၊ သူ့သဘောနဲ့ သူဆုံးဖြတ်တာ၊ လေးလေးကြီးတို့ ကျွန်တော့်ကို တစ်မျိုးထင်နေမှာစိုးလို့ ကြိုပြီး ရှင်းထားတာ၊ ...ကောင် ဝေမှုက စမန်ခုတ်ပြီး လိုက်စွပ်စွဲနေတာပါ"

"စမန်ခုတ်တယ် ဟုတ်လား"

"တကယ်တော့ ဝေမှုကလဲ ကောင်မလေးကို ကြိုက်နေတာပဲ ...ါပေမဲ့ ညီက ရုပ်လည်းသာတယ်၊ နောက်ခံအင်အားလည်း တော့်ထယ် ...လက်ဆောင်တွေဘာတွေလဲ ကောင်းကောင်းပေးနိုင်တော့ ညီ့ဘက် ...ါသွားတာပေါ့၊ ဒါကို ဝေမှုက မနာလိုဖြစ်ပြီး ရင့်ရင့်သီးသီးပြောထား ...ညီက စိတ်ဆိုးပြီး ဆွဲထိုးလိုက်တာ"

"မင်းတို့ဟာကလဲ ဒီလောက်ထိဖြစ်ရလောက်အောင်. . ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားမဆုံးခင် တစ်ဘက်ဝိုင်းမှ ငွေရှင်းမယ်ဟု
ခေါ်လိုက်သဖြင့် မျိုးကို ထထွက်သွားသည်။ ဒီအချိန်မှာပဲ ဆိုင်
ဖြတ်လျှောက်သွားသော ဝေမှူးကို တိုက်တိုက်ဆိုင်ဆိုင် မြင်လိုက်ရသ

"ဝေမှူး၊ ဟေ့ကောင် ဝေမှူး"

ကျွန်တော့် အော်ခေါ်သံကြောင့် တုံ့ကနဲရပ်ပြီး လှည့်ကြည့်သ
ကျွန်တော်က လက်ရပ်ခေါ်သော်လည်း မလာဘဲ ပေပြီးရပ်နေသ
ကျွန်တော်ကပဲ သူ့ဆီထပြီးလျှောက်သွားရ၏။

"လာလေကွာ၊ လက်ဖက်ရည် သောက်ရအောင်"

"ကျွန်တော် ဒီဆိုင်မှာ မသောက်ဘူး လေးလေးကြီး၊ ဆိုင်သိပ်
ဘူး"

ဟု ပြောပြီး အတွင်းဘက်ကို တစ်ချက်ကြည့်သည်၊ ကျွန်
လိုက် ကြည့်တော့ ဆိုင်ထဲမှာခါးထောက်ရပ်ရင်း စိုက်ကြည့်နေသော
ကိုမြင်ရသည်။ ဝေမှူးဆီကလည်း အချက်အလက်တွေသိရဖို့လိုအပ်သ

"ဒါဆိုလည်း တစ်ခြားဆိုင်သွားတာပေါ့ကွာ၊ မင်းကို မေးစရာ
ခဏစောင့်"

ဟုပြောပြီး ဆိုင်ထဲပြန်ဝင်၍ ငွေရှင်းသည်။

"ဒီကောင် ဘာပြောမလဲလို့ ငါသိချင်သေးတယ်၊ အခု ငါလ
ကိစ္စကို ညီ့ကို မပြောနဲ့ဦး၊ အဆင်ပြေအောင် ငါကြည့်လုပ်ပါ့မယ်

ဟု မျိုးကို ကိုပြောရသည်။

"လေးလေးကြီးကို ကျွန်တော် ယုံပါတယ်"

ဟု သူက ပြန်ပြောသည်။ ဆိုင်ထဲကထွက်လာပြီး ဝေမှူး
အရောက်တွင် မျိုးကိုက လှမ်းခေါ်ပြီးနောက်

"အတို့အထောင်တွေတော့ သတိထားပေါ့ လေးလေးကြီးရ



ဟုလေသံမြှင့်၍ပြောသည်။ ဝေမှူး တင်းကနဲဖြစ်ပြီး ခြေလှမ်းမြှင့်
သည်။ ကျွန်တော်က လက်မောင်းကို ဖမ်းထိန်းပြီး

"လာပါကွာ"

ဟုပြောရင်း ဆွဲခေါ်သွားရသည်။

❒

ကျွန်တော်သွားနေကျ လက်ဖက်ရည်ဆိုင်ရောက်တော့ သူ့မျက်နှာ
ကို အရင် အကဲခတ်ကြည့်သည်။ ညာဘက်ပါးက နည်းနည်းယောင်နေ
တုန်းပင် ရှိသေးသည်။ ကျွန်တော်ကြည့်မှန်းသိသဖြင့် သူ့ပါးကို လက်နှင့်
မသိမသာကွယ် လိုက်သည်။ သူကလည်း မျိုးကိုလိုပင် မမေးရသေးဘဲနဲ့
ပြောချင်နေသူဖြစ်၏။

"ဟိုကောင်က လေးလေးကြီးကို ဘာတွေတွန်းလိုက်သေးလဲ"ဟု
သူက စမေးသည်။

"မင်းက သူ့ကိုအထင်လွဲနေတယ်ဆိုတဲ့ အကြောင်းပေါ့ကွာ"

သူက ဟက်ကနဲ ရယ်လိုက်ပြီး

"လေးလေးကြီးက သူ့စကားကိုယုံလား၊ ကိုယ့်အချစ်ကို ဂျင်း
ဘောင်းဘီတစ်ထည်နဲ့ အလဲအထပ်လုပ်တဲ့ကောင်ပြောတာကို ယုံသလား"

"ဘာကွ၊ ဘယ်လို"

"တကယ်တော့ မျိုးကိုကလဲ ကောင်မလေးကို ကြိုက်နေတာပဲ
ညီ စိတ်ဝင်စားတယ်ဆိုတာနဲ့ သူငယ်ချင်းအတွက် အနစ်နာခံ
သူတော်ကောင်းလုပ်ပြီး ရှောင်ပေးတဲ့အပြင် အောင်သွယ်
ပေးလိုက်သေးတယ်။ အဲဒီအတွက် ဆုကြေးအဖြစ် ညီက

www.burmeseclassic.com

www.burmeseclassic.com



တစ်ထည် လက်ဆောင်ပေးတယ်လေ"

"ဟေ . . . မင်းတို့ဟာက ဘယ်လိုလဲ၊ သူကပြောတော့ မင်း
လည်း ဟိုဒင်းဖြစ်နေတာဆို"

သူက ခေါင်းဆတ်သည်။

"အဲဒီကောင်မလေးကို ကျွန်တော် အရင်ဆုံး စတွေ့တာပါ၊ စိတ်
စားမိတယ်ဆိုတာလဲ ဝန်ခံပါတယ်၊ ဒါပေမယ့် ကောင်မလေးရဲ့ အချိုး
ကျွန်တော် သိပ်မကြိုက်ဘူး၊ လူကိုချဉ်းချင်တယ်လို့ထင်တာနဲ့ ရှေ့ဆ
မတိုးဘဲနေခဲ့တာ၊ ဒါကြောင့်လဲ ညီနဲ့ ငြိသွားတာပေါ့၊ အစကတော့ ည
ထုံးစံအတိုင်း ခပ်ပေါ့ပေါ့ပဲလို့ ထင်ခဲ့တာ၊ ဒါပေမဲ့ ညီက ဒီကောင်မလေ
ကျမှ ထူးထူးဆန်းဆန်း တန်းတန်းစွဲဖြစ်နေတာနဲ့ ကျွန်တော်လည်း ဖိုးရိမ်
အပြင်းအထန်ကန့်ကွက်ရာက နောက်ဆုံးတော့ လက်သီးတစ်ချက်
ပွဲသိမ်းသွားတာပဲ"

ဟုပြောပြီး သူ့ပါးကို ပွတ်နေပြီးမှ

"ဘာပဲဖြစ်ဖြစ် ဒီကောင့်ကို ရအောင်ထိန်းပါ လေးလေးကြီး
ကောင်မလေးက သိပ်မဟုတ်ဘူး၊ ညီ ဒုက္ခရောက်လိမ့်မယ်၊ သူတ
မဟုတ်ဘူးနော်၊ လေးလေးကြီးတို့ပါ ပြာသွားမယ် သိလား"

ဒီကောင်တွေ သုံးယောက်စလုံးရဲ့ တစ်ပြိုင်နက်တည်း စိတ်ဝင်စ
ခြင်းခံရသော၊ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေ စိတ်ဝမ်းကွဲပြီး ထိုး
ကြိတ်ကြတဲ့အထိဖြစ်စေသော၊ အထူးအားဖြင့် ညီလိုကောင်မျိုးကို
လန်းလန်းဖြစ်အောင် ဆွဲဆောင်နိုင်သော မုန့်ဟင်းခါးသည်လေးကို မြင်
ချင်စိတ်ပေါ်လာသည်။

"အဲဒီကောင်မလေးကို ငါတွေ့ဖူးချင်တယ်"

ဝေမှူးက ကျွန်တော့်လက်ပတ်နာရီကို လှမ်းကြည့်ပြီး



"ဒီအချိန်ဆို မရှိတော့ဘူး၊ သူတို့ဆိုင်က သိပ်ရောင်းကောင်းတယ်၊
အစောကြီး ဆိုင်သိမ်းရတယ်၊ အင်းလေ. . . . ဒီလိုပဲဖြစ်မှာပေါ့ ရုပ်
တလေးပြပြီး စားနေတာကိုး"

သူပြောမှ ပိုပြီးတောင် မြင်ဖူးချင်လာသည်။

"ဒီလိုလုပ်လေ၊ နက်ဖြန်မနက်စောစော ကျွန်တော် လိုက်ပို့ပေး
မယ်။

လေးလေးကြီးဘာသာ အကဲခတ်ကြည့်ပါ" ဟု သူကဆက်ပြော
သည်။

□

မိုးကိုက ညီတက်က ပါချင်နေသည်။ ဝေမှူးက အတိုက်အခံလုပ်
နေသည်။ ထို့ကြောင့် ကျွန်တော်သည် ဝေမှူးနှင့် ပူးပေါင်းဆောင်ရွက်ဖို့
ဆုံးဖြတ်လိုက်သည်။

နောက်နေ့မနက်စောစောမှာ ဝေမှူးက ကျွန်တော့်ကို ခေါ်သွား
သည်။

"အဲဒီဆိုင်တန်းထဲက လူတွေအုံနေတဲ့ မုန့်ဟင်းခါးဆိုင်ပဲ ကျွန်တော်
မလိုက်ချင်ဘူး၊ လိုက်လို့လည်း မကောင်းဘူး၊ လေးလေးကြီးဘာသာပဲ
သွားအကဲခတ်လိုက်တော့"

ဟုညွှန်ပြသည်။ 'မင်း လက်ဖက်ရည်ဆိုင်မှာ စောင့်နေမယ်' ဟု
ပြောပြီး မုန့်ဟင်းခါးဆိုင်ဆီသို့ လာခဲ့သည်။ သူပြောတဲ့အတိုင်း ဆိုင်
အတော်ရောင်းရပုံပေါ်သည်။ ထိုင်စရာနေရာမရလို့ ထော
တွေတောင်ရှိ၏။ လူငယ်တွေ များကြောင်းကိုလည်း သတိ

www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာပဲ ကျွန်တော်ရောက်သွားချိန်မှာ အမျိုးသမီးတစ် ယောက်စားပြီးလို့ ထသွားသဖြင့် ခုံတစ်နေရာလွတ်သည်။ အနားမှာရပ် နေသောလူငယ်တစ်ယောက်က ဝင်မထိုင်ဘဲ ကျွန်တော့်ကို နေရာပေး သည်။

"မတ်တတ်ရပ်စားရတာက မြင်ကွင်း ပိုရှင်းတယ်" ဟု ပြုံးစပ်စပ် ပုံရင်း ပြောသေးသည်။

ကျွန်တော် ဝင်ထိုင်လိုက်၏။ ကောင်မလေးသည် တစ်ဘက်ကို လှည့်၍ ဟင်းရည်ထည့်နေရာမှ ရှေ့ကိုပြန်မျက်နှာမူလိုက်သည်။

ညီတို့တတွေ စွဲမယ်ဆိုလည်း စွဲလောက်စရာပါပဲ။ ကောင်မလေး သည် အတော်ဆွဲဆောင်မှုရှိသည်။ အသားအရေက ထူးထူးခြားခြား ပါဝင်းနေသည်၊ မျက်လုံးတွေက တဖြတ်ဖြတ်လက်နေသည်ဟု ထင်ရ၏။ သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိပုံလည်းပေါ်သည်။ သူသာ မုန့် ဟင်းခါးသည် လေးမဟုတ်ဘဲ တက္ကသိုလ်ကျောင်းသူဖြစ်ခဲ့လျှင် ကျွန်တော် ကိုယ်တိုင်ပင် ညီနဲ့ သဘောတူမိလေမလားပဲ။

မုန့်ဟင်းခါးစားပြီး ပြန်ထွက်လာသောအခါ အတွေးတစ်ခုပေါ်လာ မိ၏။ ဒီကောင်မလေးကလည်း ဈေးရောင်းရင်း အဝေးသင်တက္ကသိုလ် တက်နေတာများလား။ ဒါဆိုလျှင်တော့ သိပ်မဆိုးလှဘူးလို့တောင် တွေး ချင်သွားမိ၏။

လက်ဖက်ရည်ဆိုင်ရောက်လို့ ဝေမှူးကို မေးကြည့်တော့မှ

"ဟာ. . . ပေါက်ပေါက်ရှာရှာ၊ ဘာမှမဆိုင်ဘူး၊ ဒီကောင်မလေးက လေးတန်းတောင်အောင်ရဲ့လား မသိဘူး"

"မင်းက ဘယ်လိုပြောနိုင်တာလဲ"

"ညီ့ဆီ သူရေးတဲ့စာ တွေ့ဖူးတယ်၊ လက်ရေးကိုကြည့်လိုက်ရုံ



မှန်းလို့ ရတာပေါ့၊ စာအရေးအသားကလည်း ဟိုရောက်ဒီရောက်နဲ့ လုံးပေါင်းတွေကလည်း မှားသေးတယ်၊ စာဖြန့်ပါဆိုတာကို ယပင့် သေးသေးတင်နဲ့ ပံ့ထားတယ်၊ အမယ်. . . ဒါတိုပဲ လေးလေးကြီးရဲ့ တူက ဆိုတာ စာကလေးလို့လည်း အဓိပ္ပာယ်ရတာပဲတဲ့၊ ဒါကြောင့် ယပင့်နဲ့ တာ မှားတယ်လို့ မပြောနိုင်ဘူးတဲ့ဗျာ၊ ကောင်မလေးက ဒီတောင့်ကို ဟင်းခါးထဲ ဆေးခတ်ထားသလား မသိပါဘူး"

ကျွန်တော့်တုန်းကလည်း စာလုံးပေါင်းတစ်လုံး မှားရေးမိတာ သွားသတိရလိုက်၏။ ထိုစာလုံးပေါင်းတစ်လုံးကြောင့် ကျွန်တော်ခုထိခံနေရ ာ။ ညီတစ်ယောက်ကော ဘယ်လိုများ နေရှာလေမလဲ။

□

'အချစ်ဆိုသောအရာသည် ဆန်းကြယ်လှချေ၏' ဟုပညာရှိများ ဆိုကြသည်၊ အချစ်သည် ပညာရှိတွေရဲ့ စကားမှားသွားမှာကို ားနာသော ကြောင့် လိုက်လျောညီထွေဖြစ်အောင် ဆန်းကြယ်ပေးခြင်း ဟုတ်။ ပညာရှိ တွေမပြောလည်း သူ့သဘာဝအရ ဆန်းကြယ်တာ တော့ ဆန်းကြယ်မှာပါပဲ။

ကျွန်တော်ကိုယ်တိုင် ဒါမျိုးကြုံခဲ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ၊ ညီသည်လည်း နဖူးတွေဒူးတွေ ကြုံနေရပြီထင်၏။

ညီသည် ကောင်မလေးတွေ အများကြီးနှင့် တွဲခဲ့ဖူးသည်၊ သို့ရာ တွင် ဒါတွေက လေးလေးနက်နက် မဟုတ်ခဲ့။ ညီတို့လို အချစ်ကို ပေါ့ပေါ့ ပါဆ သဘောထားတတ်သူတို့သည် တကယ်တမ်းငြိပြီဆိုလျှင် အရူးအမူး ဖြစ်တတ်သည်။ လူ့စိတ်ဆိုတာကလည်း အချစ်လိုပင် ဆန်းကြယ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြ၏။ ညီသည် သူတွေနေကျ ကောင်မလေးတွေနဲ့ မတူတာကို
လိုက်ရသောအခါ တန်းတန်းစွဲ ဖြစ်သွားပုံရသည်။

ပုံမှန်အားဖြင့် ကျွန်တော့်မှာ အဆင့်အတန်းခွဲခြားတတ်သော
စိတ်မျိုး မရှိပါ။ တကယ်လို့ ညီ့ကောင်မလေးမှာသာ ပညာတတ်ခဲ့လျှ
တစ်မျိုးစဉ်းစားလို့ရသည်။ ခုတော့ ကောင်မလေးမှာ ရုပ်ရည်ကလွဲ
ထောက်ခံချက် ပေးစရာ ရှားပါးနေသည်။ အဆင့်အတန်းချင်းက ဆ
စပ်လို့မရအောင် ကွာခြားနေသည်။ ကိုကိုကြီးတို့ မမကြီးတို့အနေဖြ
လုံးဝသဘောတူမှာ မဟုတ်။ ညီ ရှေ့ဆက်တိုးလျှင် ပြဿနာက မ
မှန်းနိုင်လောက်အောင် ကြီးမားလာနိုင်သည်။

ဒီကြားထဲမှာ မသင်္ကာစရာတွေ ပေါ်လာပြန်သည်။ 'ကောင်
လေးက ညီ့ကို ချူစားနေတာ'ဆိုသော ဝေမှူး၏ ထင်မြင်ချက်ကို
ထောက်အကူပြုသော အချက်အလက်များ တွေ့လာရသည်။

ညီက ငွေငါးထောင် ချေးပါဟုပြောသည်။ ကျွန်တော်က '
ဘိုင်ကျ နေတယ်ကွ'ဆိုတော့ 'ရှိသလောက်ပေးပါ။ တစ်ထောင် နှစ်ထော
လောက်ပဲဖြစ်ဖြစ်' ဟုပြောသည်။ အရင်ကလည်း ဒီကောင် ကျွန်တော့်
က ချေးနေကျပဲ။ ဘယ်တော့မှလဲ ပြန်ဆပ်တာမဟုတ်။ ထို့ကြော
သိပ်မဆန်းလှဟု ဆိုကောင်း ဆိုနိုင်သည်။ သို့ရာတွင် ခုတစ်ခါတောင်းပုံ
အလွန်အရေးကြီးပြီး အကျပ်အတည်းဖြစ်ဟန် ပေါ်လွင်နေသည်။

ဒါတင်မက တစ်ရက်မှာ မမကြီးက ကျွန်တော့်ကို မေးသည်။

"မင်း. . . ငါ့ ပိုက်ဆံအိတ်ထဲကငွေ ယူသေးလား"

တခါတလေ သုံးစရာအရေးတကြီးလိုလျှင် မမကြီးအိတ်ထဲ
ယူသုံးပြီး နောက်မှ ပြန်ပေးတာမျိုး ရှိခဲ့ဖူးသည်။

"ဟာ. . . မယူပါဘူး၊ ယူရင်လဲ မမကြီးကို အသိပေးတာပဲဟ



အခုဘာဖြစ်လို့လဲ"

"အိတ်ထဲက ငွေတွေများ လျော့နေသလားလို့၊ အေးလေ ငါ
ကလည်း ဒီရက်အတွင်းမှ ခေါင်းပူနေတော့ သေသေချာချာ မှတ်မထားမိ
ဘူးနဲ့တူပါရဲ့"

ဒါကလည်း ထူးခြားမှုတစ်ခု။

ကျွန်တော် တစ်ခုသတိရသည်။ ကောင်မလေးဆီတစာတို ဖတ်မှု
တယ်ဟု ဝေမှူးက ပြောခဲ့သည်။ ထို့ကြောင့် တစ်ရက်မှာ ညီ မရှိတုန်း
သူစားပွဲအံဆွဲထဲ ရှာကြည့်သည်။ စာတစ်စောင် တွေ့ရသည်။ ကောင်မလေး
ဆီကစာ။

ဝေမှူးပြောတဲ့အတိုင်း လက်ရေးက အလွန်ညံ့သည်။ စာလုံးပေါင်း
တွေလည်းမှားသည်။ အထဲမှာရေးထားသော စာတစ်ပိုဒ်ကတော့
စိတ်ဝင်စားစရာကောင်းသည်။ သံသယကို ပိုမိုခိုင်မာသွားစေသည်။

'အစ်ကိုလက်ဆောင်ပေးတဲ့ နာရီလေးက သိပ်လှ
တာပဲ၊ တော်တော်ဈေးကြီးမှာပဲနော်၊ ရွှေရောင်ဆိုတော့
ညီမနဲ့လည်းလိုက်တယ်၊ ဒီနာရီလေးကိုမြင်တော့ ညီမရဲ့
ရွှေဟန်းချိန်းလေးကို သတိရမိတယ်၊ ဟိုတစ်ခါ အမေ
အသည်းအသန်ဖြစ်လို့ ဆေးကုခလိုနေတာနဲ့ ဟန်းချိန်း
လေးကို ရောင်းပြီး ရွာကို ငွေပို့ပေးလိုက်ရတယ်လေ၊ ညီမ
ချွေးနဲစာနဲ့စုပြီး ဝယ်ထား တာဆိုတော့ သိပ်နှမြောတာပဲ
ညည အိပ်မက်တောင် မက်တယ်၊ ဟန်းချိန်း လေးပြန်ရ
တယ်ဆိုပြီးတော့၊ မနက်အိပ်ရာကနိုးလို့ တကယ်မဟုတ်
မှန်းသိတော့ ဝမ်းနည်းလွန်းလို့ ငိုလိုက်ရတာ တအား
စကားခေါ်နေတာ သိသာလှသည်။ ထိုအခါ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သွားရပြန်သည်။

နောက်တစ်နေ့ကျတော့ မုန့်ဟင်းခါးဆိုင်ကိုသွားပြီး မသိမသာ အကဲခတ်ကြည့်သည်။ ကောင်မလေးရဲ့ လက်ကောက်ဝတ်မှာ ရွှေဟန်းချိန်းသေးသေးမျှင်မျှင်လေးတစ်ခု ပတ်ထားတာ တွေ့လိုက်ရ၏။

ထို့အတူ ပြီးခဲ့တဲ့အခေါက်တုန်းက ကိုကိုကြီး ဝယ်ပေးခဲ့သော နှစ်သောင်းကျော်တန်နာရီကိုလည်း ညီ့လက်မှာ မတွေ့ရတော့။ မိုးကို အလုပ်လုပ်သော လက်ဖက်ရည်ဆိုင်က အဖျော်ဆရာဆီမှာ ပေါင်ထားသလိုလို၊ ရောင်းလိုက်သလိုလို ဝေမှုးက သတင်းပေးသည်။

ညီ့ကို နည်းနည်းသတိပေးမှ ဖြစ်တော့မည်။ ခုတလော ဒီကောင့်ကို ကြည့်ရတာ သိပ်မှမမှန်။ အပြစ်တစ်ခုခု လုပ်ထားတဲ့သူမှန်း သိသာသည်။ ကျွန်တော်နှင့် မျက်နှာချင်းမဆိုင်မိအောင်နေသည်။ ကျွန်တော်အခန်းထဲမှာရှိနေလျှင် အပြင်ထွက်ချင်ထွက် အောက်ထပ်ဆင်းနေချင်နေသည်။

ညီ့ကိစ္စ မသိချင်ယောင်ဆောင်နေဖို့ မမကြီးကို ကျွန်တော် ပြောထားသည်။ မမကြီးက သိပ်ဟန်ဆောင်ကောင်းသူမဟုတ်။ ထို့ကြောင့်မျက်နှာချင်းဆိုင်တွေလျှင် ပြောမိ မေးမိမှာစိုးလို့ဆိုပြီး မမကြီးကိုယ်တိုင်က ညီ့ကိုရှောင်နေသည်။ ညီအိမ်ရှေ့ခန်းမှာရှိနေလျှင် နောက်ဖေးဘက် သွားနေသည်။ ညီထမင်းဝင်စားလျှင် အိမ်ရှေ့ခန်းထွက်နေသည်။ ဒီလိုနဲ့ အိမ်မှာ တစ်ယောက်နဲ့ တစ်ယောက် ပတ်ရှောင်နေသလို ဖြစ်နေ၏။ ဒီအကြောင်းတွေ ဘာမှမသိသော ဖိုးစိုးကတော့

"ခုတလော အိမ်မှာ ဘယ်လိုဖြစ်နေလဲ မသိဘူး၊ ခြောက်ကပ်ကပ်နဲ့ ပျင်းစရာတောင် ကောင်းတယ်"

ဟု ပြောယူရသည်။ အရင်တလို ညီက ဟိုလူ့လိုက်စ၊ ဒီလူ့လိုက်နှောက်မလုပ်ဘဲ နည်းနည်းငိုင်တိုင်တိုင် ဖြစ်နေတာကလည်း တစ်ကြောင်းဖြစ်



၏။

ညီသည် ညဆိုလျှင် ကျွန်တော် အိပ်ရာထဲဝင်လောက်တဲ့ အချိန်ကျမှ တက်လာတတ်သည်။ တော်တော်နှင့် မအိပ်ဘဲ စာထိုင်ရေးနေတတ်သည်။ အိပ်ရာထဲဝင်သည့်တိုင် အိပ်မပျော်ဘဲ ရှိနေကြောင်း တစ်ချက်တစ်ချက်ကြားရတတ်သော သက်ပြင်းချသံက သက်သေခံနေသည်။

တစ်ညမှာတော့ ကျွန်တော် အိပ်ရာထဲစောစောဝင်ပြီး စောင့်နေလိုက်သည်။ အတန်ကြာတော့ ညီ အခန်းထဲဝင်လာသည်။ ကွန်ပျူတာရှေ့မှာထိုင်ပြီး ဟိုနှိပ်ဒီနှိပ်လုပ်နေတုန်း ကျွန်တော် သူ့နားသို့ ထသွားသည်။

သူက ကျွန်တော့်ခြေသံကို ကြားနိုင်သော်လည်း လှည့်မကြည့်ဘဲ မသိချင်ယောင်ဆောင်နေသည်။ ကျွန်တော် သူ့ဘေးမှာရပ်ပြီး

"ညီ"

ဟုခေါ်လိုက်တော့မှ စောင်းငဲ့ကြည့်သည်။

"မင်းကို ငါပြောစရာရှိတယ်"

"မပြောဘဲနေရင် ပိုကောင်းတယ်ထင်တယ် လေးလေးကြီး"

သူ့တုံ့ပြန်ပုံက ဘာပဲဖြစ်ဖြစ် အာခံမယ်ဟု ဆုံးဖြတ်ထားကြောင်း သိသာနေသည်။

"ဘာပြောတယ်ကွ"

သူက ကွန်ပျူတာ မော်နီတာကိုသာ စူးစိုက်ကြည့်ရင်း

"လေးလေးကြီး ပြောမယ့်ကိစ္စတို့ ကျွန်တော် လက်ခံလိုက်နာနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ပြောလိုက်ရင် အခြေအတင်ဖြစ်ရတာပဲ [illegible] မယ်၊ မပြောဘဲနေတာကမှ ဟန်မပျက် ဆက်နေသွားလို့ရဦးမယ်" [illegible] သည်။ ကွန်ပျူတာကို စနစ်တကျ တဆင့်စီ မပိတ်တော့ဘဲ [illegible] တိုက်ရိုက်နှိပ်ပစ်လိုက်ပြီး ထထွက်သွားသည်။ ထို့နောက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



စောင်ခေါင်းမြီးခြုံနေလိုက်သည်။

ဒီနောက်ပိုင်းမှာတော့ သူ ကျွန်တော့်ကို လုံးဝရှောင်နေတော့သည်။

❑

ကောင်မလေးသည် ဆွေမျိုးနီးစပ် အဒေါ်ဆီမှာလာနေပြီး မုန့်ဟင်းခါးဆိုင်မှာ ကူရောင်းပေးနေခြင်းဖြစ်၏။ အဒေါ်နှင့် သိပ်အဆင်ပြေလှတာမဟုတ်။ ပင်ပန်းသလောက် အကျိုးမခံစားရ။ အဒေါ်ဆီက ငွေချေးထားသဖြင့် လုပ်အားခနှင့် ဖွဲ့ဆပ်နေရသည်။ ထိုငွေကို ကျေအောင်ဆပ်ပြီးလျှင် သူ့ဘာသာ သီးခြားခွဲထွက်ပြီး အပ်ချုပ်ဆိုင်ကလေး ထူထောင်ချင်သည်ဟု ညီ့ကို ပြောသည်ဆို၏။

"သဘောကတော့ အဲဒီအတွက် လိုအပ်တဲ့ငွေကို ညီ့ဆီက အကူအညီတောင်းတဲ့ ပုံစံပဲ" ဟု ဝေမှူးကပြောသည်။

"နေစမ်းပါဦး၊ ဒီအကြောင်းတွေ မင်းဘယ်ကသိတာလဲ"

"မျိုးကို ပြောပြလို့ သိတာပါ"

"ဟင်. . . မျိုးကိုနဲ့ မင်းနဲ့က အဆင်မပြေဘူး မဟုတ်လား"

"အစကတော့ ဟုတ်ပါတယ်၊ အခုတော့ ကောင်မလေးဘက်က မှုမမှန်ဘူးဆိုတာ သိလာလို့ ကျွန်တော့်ကို လာပြောတာ၊ ညီကတော့ ကောင်မလေးအတွက်ဆို ဘာပဲဖြစ်ဖြစ် လုပ်မယ့်သဘောရှိတယ်၊ လေးလေးကြီးတို့ ကြည့်ထိန်းပါဦး"

ညီသည် မူးယစ်ဆေးဝါးကင်းသူဖြစ်သဖြင့် ငွေကြေးကိစ္စ စိတ်ချရသည်ဟု ထင်ထားခဲ့တာ၊ ခုတော့ သတိထားရတော့မည်။ ငွေနှင့်လက်ဝတ်လက်စားတွေ လုံခြုံအောင်ထားဖို့ပြောတော့ မမကြီးက 'ဘာဖြစ်လို့လဲ'



မေးသည်။ ကျွန်တော်လည်း အခြေအနေကို ရှင်းပြလိုက်သည်။ ထိုအခါ မမကြီးက ခဏစဉ်းစားပြီး

"ကောင်မလေးလိုတဲ့ငွေကို ငါတို့ ထုတ်ပေးလိုက်ရင်ကော"

"ဟာဗျာ၊ မမကြီးကလဲ"

"ကောင်မလေး ညီ့ကို ကပ်နေတဲ့အကြောင်းက အဲဒီငွေအတွက်ပဲ မဟုတ်လား၊ ငါတို့က သူလိုချင်တာပေးမယ်၊ သူကလည်း ငါတို့ လိုချင်တာကို ပြန်ပေးပေါ့"

"မမကြီး ပြောသလောက် လွယ်ပါ့မလား"

"မေးကြည့်ပေါ့ဟာ၊ ဖြစ်လာရင်လည်း အမြတ်ပေါ့၊ ငွေပေးလိုက်ရတာက အရေးမကြီးဘူး၊ ငါ့မှာ နေ့စဉ်နေ့တိုင်း အဲဒီအကြောင်းတွေးပြီး စိတ်ပူနေရတာ၊ ကြာရင်ရူးလိမ့်မယ်၊ ပြီးတော့ မင်း ကိုကိုကြီးကလည်း တစ်ခေါက်ပြန်လာဖို့ နီးနေပြီ၊ သူပြန်လာလို့ သိသွားလို့ကတော့ အသေသတ်မှာ၊ မင်းရော ငါရော မသက်သာဘူး"

မမကြီးပြောသော အကြံအစည်နှင့်ပတ်သက်၍ ဝေမှူးနှင့် မျိုးကိုတို့ကိုခေါ်၍ တိုင်ပင်ကြည့်သည်။ မျိုးကိုက

"ဒီအကြံအစည်က ဇာတ်လမ်းဆန်လွန်းတယ်၊ ပြီးတော့ ညီ သိသွားရင် လျှောက်ရမ်းမှာစိုးရတယ်"

ဟုဝေဖန်သည်။ ဝေမှူးကတော့

"ကောင်မလေးကိုယ်တိုင်က ဒီလိုဇာတ်လမ်းမျိုးဖြစ်လာအောင် ဆင်ယင်နေတာလည်း ဖြစ်နိုင်တာပဲ၊ ညီ ဒီထက်ပိုပြီး ရောဂါသည်းလာတာကို ထိုင်စောင့်နေမယ့်အတူတူ စမ်းကြည့်တာ မမှားဘူးထင်တယ်"

သူတို့နှစ်ယောက် ထိုကိစ္စနှင့်ပတ်သက်ပြီး ငြင်းကြခုံကြရာမှ အခြေအတင် ဖြစ်လာသေးသည်။ ကျွန်တော်က ကြားဝင်လိုက်ပြီး ကိုကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခါနီးလို့မမကြီး အရမ်းစိတ်ပူနေကြောင်း ပြောပြရသည်။ ထို့နောက်

"ကိုကိုကြီးသာသိသွားရင် ညီရမ်းတာထက် ပိုကြမ်းလိမ့်မယ်၊ အဲဒီအခါကျမှ ညီ့ကို တစ်ဘက်ကို တွန်းပို့လိုက်သလို ဖြစ်သွားလိမ့်မယ်၊ ဒီတော့ ငါတို့မှာ ဒီလမ်းကိုပဲ လိုက်ဖို့ရှိတော့တယ်၊ အဲဒီကောင်မလေးနဲ့ ငါတွေ့ပြီး ဆွေးနွေးချင်တယ်၊ မင်းတို့ စီစဉ်ပေးကွာ"

"ကျွန်တော် ခပ်ပြောင်ပြောင်ပဲ ပြောလိုက်မယ်၊ ညီ့ကိစ္စ ဆွေးနွေးချင်တယ်လို့ သူလက်ခံရင် တစ်ဝက်အဆင်ပြေပြီလို့ ပြောလို့ရတယ်"

ဝေမှူးက ကောင်မလေးကို ချိန်းဆိုပေးဖို့ တာဝန်ယူလိုက်သည်။

၀၀၀

♥

ကောင်မလေးသည် ရှက်ရွံ့ခြင်း၊ ကြောက်လန့်ခြင်းမရှိ၊ ကျွန်တော့်ကို ရဲရဲတင်းတင်း ကြည့်နေသည်။ လွှယ်လွှယ်နဲ့ရမှာ မဟုတ်ဘူးဆိုတာ သိသာ၏။ ဟိုအရင်ကလည်း ဒီလိုပုံစံမျိုး ဈေးညှိရတဲ့ အတွေ့အကြုံတွေ ရှိခဲ့ဖူးလေသလားဟု သံသယဖြစ်စရာပါပဲ။ ဒီလိုမိန်းကလေးမျိုးကို သိပ်သွယ်ဝိုက်ပြီး ပြောနေစရာမလိုဟု ယူဆသဖြင့် လိုရင်းကိုသာ စပြောသည်။

"ညီနဲ့ ငါ့တူမတို့ကိစ္စတို နည်းနည်းဆွေးနွေးချင်လို့ပါ"

"ပြောပါ၊ ရပါတယ်"

ဟု သူလက်ခံသဖြင့်

"အဲဒီအကြောင်းကို ဦးလေးတို့ သိထားပြီးပါပြီ၊ အားတော့နာပါတယ်၊ ဒါပေမယ့် ပြောစရာရှိတာတော့ ပြောရတော့မှာပဲ ငါ့တူတွေရဲ့ နှစ်ယောက်ရဲ့ အခြေအနေချင်းက ကွာခြားနေတော့"

"အဲဒါက အရေးကြီးလို့လား"

"ဦးလေးတို့အတွက်တော့ အရေးကြီးတာပေါ့၊ ညီ့ဘသာ ထွေထွေသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားပါ။ ရွှေအဖို့ တက်လမ်းတွေ အများကြီးရှိပါတယ်"

ဆိုပြီး မမကြီး စိတ်ဆင်းရဲနေရပုံအကြောင်း၊ ကိုကိုကြီးသိလျှင် ညေီ ဒုက္ခအကြီးအကျယ် ရောက်သွားနိုင်ကြောင်း၊ ဘဝရှေ့ရေးကိုတောင် ထိခိုက်သွားနိုင်ကြောင်း ရှင်းပြပြီးနောက်

"အဲဒါကြွယ်၊ ငါ့တူမအနေနဲ့ ညေီ့အပေါ် တကယ်စေတနာထား တယ်ဆိုရင် ခုကိစ္စကို ရပ်တန်းကရပ်ပြီး နောက်ဆုတ်ပေးဖို့ မေတ္တာရပ်ခံ ချင်တယ်"

သူက တစ်ချက်ပြုံးလိုက်ပြီး

"ထင်ထားတဲ့အတိုင်း ဗီဒီယိုဇာတ်လမ်းတွေထဲကလိုပါပဲလား၊ ဒါ ပေမဲ့ ဗီဒီယိုထဲမှာဆိုရင်တော့ လက်ချည်းသက်သက် လာလေ့မရှိပါဘူး"

သူ့ဘက်က အချက်ပြစကား ခေါ်လိုက်ပြီ။ ကျွန်တော့်ဘက်က ဆက်နင်းဖို့ပဲရှိ၏။

"ငါ့တူမက အဒေါ်ဆီက ချေးထားတဲ့ငွေ ပြန်ဆပ်ပြီး ကိုယ်ပိုင် အပ်ချုပ်ဆိုင်ကလေး ထောင်ချင်တယ်လို့ ကြားတယ်"

"အော် . . . ဒါတွေတောင် သိနေပြီကိုး"

ကျွန်တော် ခန့်မှန်းတွက်ချက်ထားပုံအရ သူ့အဒေါ်ဆီက ငွေနှစ် သောင်းချေးထားတာ တချို့တဝက်ပဲ ပြန်ဆပ်ရသေးသည်။ (တကယ် ချေးထားတာ ဟုတ်ချင်မှဟုတ်မည်။) အပ်ချုပ်စက်တစ်စုံက နှစ်သောင်း ကျော်လောက်ကျနိုင်သည်။ ထို့ကြောင့်

"ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်၊ ငါ့တူမဘက်က ဦးလေးတို့ စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးမယ်ဆိုရင် နှစ်နာကြေးအဖြစ် ငွေ လေးသောင်း ပေးပါ့မယ်"

"ကျွန်မကို ငွေလေးသောင်းနဲ့ တန်ဖိုးဖြတ်တာလား"



ဟုပြောပြီး ဟက်ကနဲ လှောင်ရယ်ရယ်လိုက်သည်။ ကျွန်တော် ည်းနည်းစိတ်ချဉ်ပေါက်သွား၏။

"မင်းက. . . မင်းကိုယ်မင်း ဘယ်လောက်တန်တယ် ထင်လို့လဲ" လေသံမာမာဖြင့် မေးလိုက်သည်။ သူကပြုံးပြီး ခပ်အေးအေး ပြန်ပြော ည်။

"ငါးသောင်းလောက်တော့ တန်တယ် ထင်တာပဲ"

ဒီမှာတင် ပွဲက ပြတ်သွားသည်။

ကျွန်တော်တို့က သူ့ကို ငွေငါးသောင်းပေးမည်။ ငွေကိုလက်ခံရယူ ပြီး သုံးရက်အတွင်း ရွာကိုပြန်ရမည်။ နောက်နောင် ဘယ်တော့မှ ရန်ကုန် လာရ။ ညေီနှင့်လည်း လုံးဝအဆက်အသွယ်မပြုလုပ်ရ။ စာချုပ်မှာ လက်မှတ်ထိုးရမည်။

တကယ်တော့ ထိုစာချုပ်သည် သိပ်တော့တရားမဝင်လှပါ။ လူ တစ်ယောက်သည် သူနေချင်သောနေရာမှာ နေခွင့်ရှိသည်။ ငွေပေးပြီး ခြေချုပ်လုပ်လို့မရ၊ သို့ရာတွင် ကောင်မလေး အဆင့်အတန်းအရ ဒီ လောက် နားလည်မှာ မဟုတ်၊ စာချုပ်ဆိုတာနဲ့ပဲ ဖြုံသွားမှာ သေချာသည်။

ကောင်မလေးကလည်း တကယ်ပင် ကတိတည်ပါပေသည်။ ငွေရ ပြီး နှစ်ရက်အကြာမှာပင် သူ့ရွာသို့ ပြန်သွားသည်။ ဝေမှုကိုယ်တိုင် ကားဂိတ်မှာ စောင့်ကြည့်ခဲ့ခြင်းဖြစ်၏။

ဒီတော့မှပင် ကျွန်တော်လည်း နည်းနည်းစိတ်အေးနိုင်တော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ခုရက်ပိုင်းအတွင်းမှာ သူများတွေအကြောင်း လိုက်စုံစမ်းပေးရသော ပြဿနာထဲ ကျနေသလားမသိ။ ပထမတစ်ခါက ညှိုကောင်မလေးအကြောင်း စုံစမ်းရခြင်းဖြစ်၏။ ခုတစ်ခါကတော့

မြမြဖူးက ကျွန်တော့်ဆီ ဖုန်းဆက်သည်၊

"ဘယ်လိုလဲ ဆရာကြီး ပျောက်ချက်သား ကောင်းလှချည်လား။ အသစ်တွေနေပြီ ထင်တယ်၊ ဟုတ်လား"

"အဟောင်းရှိမှသာ အသစ်တွေနိုင်တာပါ မြမြဖူးရယ်"

ဟုအကွက်ဝင်နေတုန်း စကားလုံးဖြင့် ချဲကြည့်လိုက်သည်။

'ခစ်ကနဲ'ရယ်သံကြားသည်။ ဖုန်းထဲက ကြားရခြင်းမဟုတ်။ ထို့ကြောင့် အသံကြားရာကို ကြည့်လိုက်တော့ အတွင်းခန်းဝင်ပေါက်မှ ခန်းဆီးလှပ်သွားတာ တွေ့ရ၏။ စိုးစိုးချောင်းနားထောင်နေတာ ဖြစ်ရမည်။ ထို့ကြောင့် လေသံ ကိုနှိမ့်လိုက်ပြီး

"ကိစ္စရှိလို့လား"



"ဆိုပါတော့၊ လူတစ်ယောက်အကြောင်း စုံစမ်းခိုင်းချင်လို့ပါ"

"ဘယ်သူလဲ"

"ကက်ပတိန် ဝင်းကိုဆိုတာလေ၊ ယူအပေါင်းအသင်းထဲမှာ သင်္ဘောသားတွေ မရှိဘူးလား။ နည်းနည်းပါးပါး မေးမြန်းကြည့်ပေးစမ်းပါ၊ ဘယ်လိုလူမျိုးလဲလို့"

"အဲဒီလူက ဘာဖြစ်လို့လဲ"

"တွေ့မှပဲ ပြောပြတော့မယ်၊ အဲဒါလေးသာ စုံစမ်းပေးပါ၊ ဒါပဲနော်"

ဆိုပြီး ဖုန်းချသွားသည်။

ဘာကိစ္စပေါ်ပြန်ပြီလဲ မသိ၊ ဘာပဲဖြစ်ဖြစ် သူသိချင်တာကို စုံစမ်းပေးဖို့က ကျွန်တော့်တာဝန်ပဲဖြစ်၏။ ကျွန်တော့်သူငယ်ချင်းတွေထဲမှာ သင်္ဘောအရာရှိတွေ ပါတာတော့မှန်သည်။ လောလောဆယ် ဒီကောင်တွေက သင်္ဘောထွက်နေကြသည်။ ဘယ်မှာသွားစုံစမ်းရပါ့မလဲ စဉ်းစားရင်းက စိန်လှိုင့်ကို သွားသတိရ၏။

"အဲဒီပုဂ္ဂိုလ်က အသက်လေးဆယ်ကျော်လောက်ရှိပြီ ဘိုလန့်သီဆိုတဲ့လိုင်းမှာ သူကြီးပဲ၊ သူကြီးဆိုတာ သင်္ဘောသားအခေါ် အခေါ်လေ ကက်ပတိန်လို့ ပြောတာ"

"အင်း. . . ဆိုပါဦး"

ကျွန်တော့်စကားကို စိတ်ဝင်စားစွာ နားထောင်ရင်း [illegible] စကားထောက်ပေးသည်။ ကျွန်တော် စုံစမ်းခဲ့သော အချက်[illegible] ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သင်္ဘောသားလောကမှာတော့ သူ့ကို ဘုန်းကြီးဝင်းကိုလို့ ခေါ်ကြတယ်"

"ဘုန်းကြီး ဝင်းကို ဟုတ်လား၊ ဘာဖြစ်လို့လဲ ဘုန်းကြီးလူထွက်မို့လို့လား"

"ဒီလိုဗျ၊ သူက သင်္ဘောသားဆိုပေမယ့် အရက်လုံးဝ မသောက်ဘူး၊ အပျော်အပါးလည်း မလိုက်စားဘူး၊ သင်္ဘောနားတဲ့အချိန်ဆို ပဋ္ဌာန်းတက်ချင်တက်တယ်၊ တရားစခန်းဝင်ချင်လည်း ဝင်တယ်၊ သင်္ဘောပေါ်မှာလည်း အားရင်တရားထိုင်နေတာပဲ၊ သူတပည့်တွေကိုလည်း ညတိုင်းဘုရားရှိခိုးပြီး ဝတ်တက်ခိုင်းတယ်တဲ့၊ ဒါကြောင့် သူ့ကို ဘုန်းကြီးဝင်းကိုလို့ ခေါ်ကြတာ"

"အင်း. . . . ဒီလောက် ရိုးနေရင် မဖြစ်သေးဘူး"

"ဘာလဲ. . . ဘာမဖြစ်သေးတာလဲ"

သူက ပြုံးလိုက်ပြီး

"တို့ရဲ့ အဒေါ်တစ်ယောက်ရှိတယ်၊ သူလဲ ခင်ကြည်မြင့်လိုပဲ၊ အောင်သွယ်လုပ်ရတာ ဝါသနာပါတယ်လေ၊ အဲဒါ အခုပြောတဲ့ ကက်ပတိန်ဝင်းကိုရဲ့ ဓာတ်ပုံပြပြီးလာစပ်နေလို့ ဘယ်လိုလူစားမျိုးလဲ သိချင်တာနဲ့ ယူ့ကို စုံစမ်းခိုင်းတာ"

ကျွန်တော် အောင့်သက်သက် ဖြစ်သွားရ၏။ သူလုပ်ပုံက ကျွန်တော်နဲ့ ပြိုင်ဘက်ဖြစ်လာနိုင်တဲ့ လူတစ်ယောက်အကြောင်း ကျွန်တော့်ကိုပဲ ပြန်ပြီး စုံစမ်းခိုင်းခြင်းဖြစ်၏။ ဒီလိုလုပ်ပေါက်တွေဟာ သူ့အကျင့်ပဲ။

"တကယ်တော့ မမြဖူးကသာ အသစ်တွေနေတာကိုး"

ကျွန်တော် မချင့်မရဲလေသံဖြင့် ပြောသည်။

"ဒါဆို ယူက အဆက်ဟောင်းကြီးပေါ့လေ"



"အဟောင်းဖြစ်ခွင့်လေးလောက် ရခဲ့ရင်တော့ ဂုဏ်ယူစရာပေါ့၊ ဒါနဲ့ အဲဒီ ကက်ပတိန်ဝင်းကိုဆိုတဲ့ လူကိုရော ကျွန်တော့်အကြောင်းတွေ စုံစမ်းခိုင်းသေးလား"

"ယူကလဲ ငေါ်တတ်သားပဲ၊ စိတ်ပူမနေစမ်းပါနဲ့ တို့ကလဲ အဲဒီလူကို စိတ်မဝင်စားပါဘူး၊ အိမ်ထောင်ကျမှာစိုးလို့ ယကြာတောင်ရှောင်ထားတဲ့လူက ဒါမျိုးစိတ်ကူးပုံမလား။ နည်းနည်းသိချင်စိတ်ပေါ်လာလို့ စုံစမ်းခိုင်းတာပါ"

"ကျွန်တော် သဘောပေါက်ပြီ"

"ဘာကိုပေါက်တာလဲ"

"ကျွန်တော့်စိတ်ဓာတ်ကို စမ်းသပ်ချင်လို့ မဟုတ်လား၊ ကိုယ်နဲ့ပြိုင်ဘက်ဖြစ်နိုင်တဲ့လူအကြောင်း ပြန်ပြောတဲ့အခါ အမှန်အတိုင်းပြောသလား၊ မလိုတမာစိတ်နဲ့ အပြစ်ရှာတတ်သလားဆိုတာ သိချင်လို့မဟုတ်လား"

"ယူ့စိတ်ထားကို တို့သိပြီးသားပဲ၊ ဘာစမ်းသပ်နေစရာလိုသလဲ"

"ဒါဆိုရင်တော့ ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"လူတစ်ယောက်ဟာ ပြိုင်ဘက်မရှိဘူးဆိုရင် သိပ်မကြိုးစားချင်တော့ဘူးလေ၊ ဒါကြောင့် အဲဒီလူအကြောင်းကို အသိပေးပြီး ကျွန်တော် မခံချင်အောင်လုပ်တာ မဟုတ်လား၊ ဒါမှ ကျွန်တော်က စိုးရိမ်ပြီး မြန်မြန်လက်ထပ်ခွင့်တောင်းအောင်လို့ အကွက်ဆင်တာ ဖြစ်ရမယ်"

သူရယ်လိမ့်မည်ထင်ပြီး ကြည့်ဖို့အဆင်သင့်စောင့်နေသော်လည်း မဲ့ပြုံးသာပြုံးပြီး

"ဟုတ်ပါတယ်၊ တို့က ယူ့ကို လက်လွှတ်မခံနိုင်လို့ ခုလို ထောင်ချောက်ဆင်ပြီး ဖျားယောင်းသွေးဆောင်ရတာပါ"

သူက မရယ်သဖြင့် ကျွန်တော်ကပဲ သူ့ကိုယ်စား ရယ်ပေးလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ သူက တီးမစ်ပန်းကန်ကို ကျွန်တော့်ဘက် တိုးပေးပြီး

"ကဲ. . . သောက်လိုက်ဦး၊ အေးကုန်တော့မယ်"

ကျွန်တော် လက်ဖက်ရည်ခွက်ကိုယူပြီး တစ်ငုံ ငုံလိုက်သည်။ ကောင်းလိုက်တဲ့ လက်ဖက်ရည်။

တကယ်တော့ ထိုလက်ဖက်ရည်သည် တီးမစ်အထုပ်ကို ဖောက်ထည့်ပြီးဖျော်ထားခြင်းဖြစ်၏။ နို့မှုန့်၊ သကြား၊ လက်ဖက်ခြောက်တို့ထိုပုံသေအချိုး အစားအတိုင်း စပ်ထားခြင်းဖြစ်၏။ အထုပ်တိုင်း အထုပ်တိုင်း အားလုံးအတူတူချည်းပဲ။ သူကိုယ်တိုင်ပဲ ဖျော်ဖျော်၊ အိမ်ဖော်အမျိုးသမီးကပဲ ဖျော်ဖျော် သူ့အမေကြီးပဲ ဖျော်ဖျော် အတူတူပဲ။ ဒီကွာလတီ၊ ဒီအရသာပဲ။

သို့တိုင်အောင် သူတိုက်တဲ့ လက်ဖက်ရည်က ပိုကောင်းသည်ဟု ထင်သည်။ ပန်းကန်ကို သူ့လက်နှင့် ထိလိုက်တာနဲ့ လက်ဖက်ရည်ထဲကို သက်စောင့် မာတ်တွေ စိမ့်ဝင်သွားသည်ဟု ယူဆရသည်။ မနှာခံရွတ်သလို အစွမ်းထက်ဟန်တူသည်၊ ချစ်သူ၏မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း သောက်လိုက်ရသော လက်ဖက်ရည်တကျိုက်သည် နှစ်တစ်ထောင် ဂျင်စင်းမြစ်ထက် ပိုပြီးဆေးဖက်ဝင်လေ၏။

"အော်. . . ဒါနဲ့ ယူ ဒီကိစ္စ စုံစမ်းတာ မြန်သားပဲ၊ သဘော်သား သူငယ်ချင်းတွေကို မေးတာလား"

သူက စကားပြန်စတော့မှ လက်ဖက်ရည်ခံစားမှုကို ပြန်ရုပ်သိမ်းလိုက်ပြီး

"သဘော်သား၊ သူငယ်ချင်းတွေက နိုင်ငံခြား ရောက်နေကြပြီ၊ အဲဒါ စိန်လှိုင့်ကို စုံစမ်းခိုင်းရတာ၊ သူက ကားပွဲစားလုပ်ဖူးတော့ သဘော်သား အသိအကျွမ်းတွေ ရှိတယ်လေ"

"အော်. . . သိပြီ၊ ယူ ပြောဖူးတယ်၊ အဲဒီ ကိုစိန်လှိုင်ဆိုတာလဲ



လူပျိုကြီးပဲ မဟုတ်လား"

"ဟုတ်တယ်လေ"

"သူကကော ဟို ကိုကျားကြီးဆိုတဲ့ လူလိုပဲ အအိပ်ကြီးလို့ မစွံခဲ့တာပဲလား"

"ဟင့်အင်း. . . သူကတော့ ဇီဇာကြောင်လို့ မိန်းမ မရတာ"

"ဘယ်လို ဇီဇာကြောင်တာလဲ"

"ပြောရရင် သူက နှာခေါင်းက စပြောရမှာပဲ"

"ဘယ်လိုရယ်"

"သူက သိပ်အနံ့ခံ ကောင်းတာဗျ"

"စိတ်ဝင်စားစရာပဲ၊ ပြောပါဦး"

"သူက အနံ့အာရုံ သိပ်ကောင်းတယ်၊ တစ်ခါက ကျွန်တော်တို့အိမ်ကို လာလည်ရင်း စကားပြောနေကြရာက နှာခေါင်းရှုံ့လိုက်ပြီးတော့ ကြွက်သေကောင်ပုပ်နံ့ရတယ်လို့ ပြောတယ်၊ အိမ်မှာရှိတဲ့လူတွေ တစ်ယောက်မှ ဘာနံ့မှမရဘူး၊ ဒါကြောင့် သူ့ကိုတောင် ဝိုင်းဟားလွှတ် လိုက်သေးတယ်၊ ညနေလဲကျရော တကယ်ကို အနံ့ထွက်လာလို့ လိုက်ရှာတော့ ဘီရိုအောက်ထဲမှာ ကြွက်တစ်ကောင် သေနေတာကို တွေ့ရတာပဲ၊ သူများအနံ့မရခင် သူက ကြိုပြီးနံ့နေတာလေ"

"နိုင်ငံခြားမှာဆိုရင်တော့ ရေမွှေးကုမ္ပဏီတွေမှာ လခကောင်းကောင်းနဲ့ အလုပ်ရနိုင်တယ်"

ဟုသူက စကားထောက်သည်။ ကျွန်တော်က စိန်လှိုင်အကြောင်း ဆက်ပြောပြ၏။

စိန်လှိုင်က အစားကောင်း ကြိုက်တတ်သည်၊ သူကိုယ်တိုင်ချက်ပြုတ်ခါမှ ဟင်းမချက်ဘူးသော်လည်း ဘယ်ဟင်းကို ဘယ်လိုချက်ရသည်ဆိုတာကိုတတ်

www.burmeseclassic.com

www.burmeseclassic.com



တာကဘာယ်လို၊ ဘာထည့်ပြီးမှ ဘာကိုထည့်ရတယ် စသည်ဖြင့် သိ
တော့ အတော်ပြောတတ်၏။

သူ့အစ်မတွေက ဟင်းချက်တော်တော်ကောင်းသည်။ သူ့ကိုလ
အတော်ချစ်သဖြင့် သူကြိုက်တတ်သောဟင်းတွေ ချက်ကျွေးတတ်သည
ဒါတောင် သူက ပြဿနာရှာသေးသည်။ ငရုတ်သီးထောင်းတာက မည
ဘူး၊ နံနံပင်ကို အစောကြီးအုပ်တော့ နွမ်းပြီး မမွှေးတော့ဘူး။ သူ
အနံ့ခံလည်းကောင်းတဲ့ကောင်ဆိုတော့ ငံပြာရည်ကောင်းကောင်း မသုံ
ကောင်းလား၊ ဆား နနွင်းနယ်တာ မနပ်လို့ ငါးဟင်းက ညှီတယ်ဆိုတာ
လုပ်ချင်သေးသည်။

သူ့အစ်မတွေက ငါတို့မောင်လေးတော့ မလုပ်တတ် မကိုင်တ
မချက်တတ် မပြုတ်တတ်တဲ့ မိန်းမနဲ့ရရင် စိတ်ဆင်းရဲရချည်ရဲ့ဆို
စိုးရိမ်ကြသည်။ ထို့ကြောင့် သူတို့စိတ်ကြိုက်ဖြစ်သော ကောင်မလေး
ရှာပြီး စိန်လှိုင့်ကိုပြသည်။ စိန်လှိုင်က ထုံးစံအတိုင်း တစ်ယောက်မှ စိတ်တို
မကျ။

တစ်ယောက်က အသားညိုလို့ ဖြူလွန်းပြန်တော့လည်း သူနဲ့မလို
ဘူး၊ နောက်တစ်ယောက်က မျက်လုံးမှေးလို့ ပြူးလွန်းတော့လည်း မကြို
ပြန်။ တစ်ယောက်ကကျတော့ သွားတွေမညီလို့တဲ့။ ခေတ်ဆန်တဲ့ပုံစံဆိုလ
ကြည့်လို့မရ။ ရိုးရိုးတုံးတုံးကျတော့လည်း သဘောမတွေ့ပြန်။

ကောင်မလေးတစ်ယောက်ကတော့ ရုပ်ကလေးကလည်းချေ
အချက်အပြုတ်လည်းကောင်း၊ သန့်သန့်ပြန့်ပြန့်လည်းရှိသဖြင့် စိန်လှိ
ကိုယ်တိုင် စိတ်ပါသလိုရှိသည်။ ကောင်မလေးအိမ်ကို သွားလည်တာ
တောင် ဖြစ်လာ၏။ ဒီတစ်ယောက်တော့ ဟန်ကျပြီဟု သူ့အစ်မတေ
ဝမ်းသာရမယ် ကြံကာရှိသေး . . .



တစ်ရက်မှာ စိန်လှိုင်က ကောင်မလေးအိမ်ကို သွားလည်သည်။ ကောင်မလေးက တံခါးဖွင့်ပေးသည်။ စိန်လှိုင် အိမ်ထဲဝင်ပြီး ကောင်မလေး ရှေ့ကဖြတ်အလျှောက်မှာပဲ သူ၏အနံ့အာရုံထက်မြက်မှုက သတ္တိပြလေ သည်။ ကောင်မလေးကိုယ်က ချိုင်းချွေးနံ့ နံတာကို ရှူရှိုက်မိလိုက်ခြင်းပင် ဖြစ်၏။ ဒီမှာတင်ပဲ တစ်ခန်းရပ်သွားပြန်သည်။

စိန်လှိုင်တို့ ဇာတ်ကြောင်းပုံကတော့ မဖြစ်သေးတဲ့ ရှေ့ရေးကိုတောင် တွေးပြီးပူနေသည်။ သူပြောတာကတော့ မိန်းမယူပြီဆိုလျှင် တစ်အိပ်ရာ တည်း အတူတူအိပ်ရတော့မည်။ သူယူတဲ့မိန်းမက ညအိပ်နေရင်း [illegible] လေလည်ခဲ့ရင် ဘယ်လိုလုပ်မလဲ. . . တဲ့။

“ဒီလိုနဲ့ပဲ စိန်လှိုင်တစ်ယောက် ခုထိ လူပျိုကြီး ဖြစ်နေရတာပါပဲဗျာ”

ဒီတစ်ခါတော့ မြမြဖူးက တကယ်ရယ်သည်။ သို့ရာတွင် ပါးစပ်တို သာမက နှာခေါင်းကိုပါ လက်နှင့်အုပ်ပြီး ရယ်ခြင်းဖြစ်သဖြင့် အရင်တ ထက်တောင် မြင်ကွင်းက ပိုကျဉ်းသွားသေးသည်၊ ပြီးတော့မှ သူက

“ကိုချစ်နိုးကကော ကိုစိန်လှိုင်လိုပဲ ဇာတ်ကြောင်းတတ်သလား”

ဟုမေးသည်။

“ဟင့်အင်း. . . ဒါပေမယ့် အစွဲအလန်းတော့ကြီးတယ် ထူ တစ်ယောက်ကို ချစ်မိပြီဆိုရင် တသက်လုံးစွဲပြီး ချစ်တတ်တယ်”

“ဂုဏ်ယူပါတယ်”

“ဒါပေမဲ့ဗျာ၊ တဘက်သတ် စွဲလန်းနေရတာတတော့ [illegible] တာပဲ၊ တကယ်တော့ ကျွန်တော်ဟာ နာမည်စီးနေတာ ထင်[illegible] တဲ့နာမည်က လာဘ်မကောင်းဘူး ထင်တယ်၊ ချစ်နိုး [illegible] နေခဲ့ရတာ ပင်ပန်းလှပါပြီ”

“အင်း. . . ပေါ့လေ၊ ‘နိုး’ ဆိုတဲ့ စကားလုံးတထဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်တဲ့သဘော ဖြစ်နေတာကို၊ ဒီလိုလုပ်လေ ယူ နာမည်ပြောင်း လိုက်ပါလား"

"ဘယ်လိုပြောင်းရမှာလဲ"

"ချစ်ဖူး" လို့

"အဲဒီနာမည်ကတော့ ကျွန်တော့်သားကျမှပဲ ပေးတော့မယ်၊ ဖူးဆိုတဲ့စကားလုံးလည်း ပါတယ်လေ"

သူ မျက်စောင်းတစ်ဝက်လောက်ထိုးသည်။

□□□

♥

ညှိုကိစ္စအတွက် စိတ်အေးချမ်းပြီဆိုသော်လည်း လုံးဝစိတ်ချလက်ချတော့ မဖြစ်သေး။ ကောင်မလေး ရုတ်တရက် အဆက်အသွယ်ဖြတ်ပြီး ရှာပြန်သွားတဲ့အတွက် ညှိုက ဘယ်လိုတုန့်ပြန်မယ်ဆိုတာ စောင့်ကြည့်ရသေးသည်။ ကောင်မလေးကို မတွေ့လို့ သူ့သူငယ်ချင်းတွေကို မေးတဲ့အခါ ဟိုကောင်တွေက နှုတ်မလုံဘဲ ကျွန်တော်တို့ကြံစည်ခဲ့ပုံကို ပြောပြလိုက်လျှင် ပွဲကြမ်းသွားနိုင်သည်။

ညှိုကို အကဲခတ်ကြည့်တော့ တစုံတရာ ပြဿနာရှာမယ့်ပုံ မပေါ်။ ဟိုအရင်ကလိုပဲ နောက်လိုက်ပြောင်လိုက် ပြန်ဖြစ်နေသည်။ ငေးငိုင်နေတာမျိုး မရှိဘဲ သွက်လက်လန်းဆန်းနေသည်။ ညှိုရဲ့ စရိုက်သဘာဝအရ ခဏလောက်သာ ရောဂါတက်ပြီး နောက်တော့ ပျောက်သွားတာမျိုး ဖြစ်နိုင်သည်။ သူ့ဘာသာ ပြီးသွားမယ့်ကိစ္စကို ကျွန်တော်တို့ အလိုမလို လွန်ကဲပြီး မလိုအပ်ပဲ ငွေကုန်ခံလိုက်မိတာမျိုးများ ဖြစ်နေမလားမသိ။

ထူးခြားချက်တစ်ခုကို တွေ့ရသေးသည်။ ညှိုလက်မှာ လတ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



နာရီ ပြန်ရောက်နေခြင်းပင်ဖြစ်၏။ နောက်တစ်ချက်ကတော့ ခုရက်ပိုင်းမှာ ဝေမှုရော မျိုးကိုပါ ပျောက်နေခြင်းဖြစ်၏၊ ကျွန်တော့်စိတ်ထဲမှာ မသိုးမသန့်ဖြစ်လာ၏။ သံသယတွေဝင်လာသည်၊ ဒီကောင်တွေပေါင်းပြီး ကြံစည်ထားတဲ့ လှည့်ကွက်ထဲများ ဝင်သွားမိသလား။

ထို့ကြောင့် ညီကို ဖွင့်မေးကြည့်လိုက်သည်။

"ခုရက်ပိုင်း မင်းသူငယ်ချင်းတွေ မမြင်ပါလားကွ၊ ဘယ်ရောက်နေကြလို့လဲ"

"ဝေမှုက စာမေးပွဲမှာ ဆပ်ပလီထိလို့ ပြန်ဖြေဖို့ အသည်းအသန် ကြိုးစားနေရတာနဲ့ ကျွန်တော်တို့ဘက် မရောက်ဖြစ်တာ၊ မျိုးကိုကတော့ မိန်းမနိုးပြေးသွားလို့"

"ဟေ. . . ဘယ်သူ့ကို နိုးပြေးတာလဲ"

"မုန့်ဟင်းခါးဆိုင်က ကောင်မလေးပေါ့"

"ဟေ. . . ဒါနဲ့. . . အဲဒီကောင်မလေးက မင်းနဲ့ ဟိုဟာဖြစ်တာ ဆို"

ညီက စပ်ဖြဲဖြဲလုပ်နေသည်။ ကျွန်တော် စိတ်စောလာပြီး

"ဟေ့ကောင်၊ မှန်မှန်ပြောစမ်း၊ မင်းတို့ ဘာတွေအကြံအဖန် လုပ်ထားသလဲ"

ညီက ချက်ချင်းမပြောဘဲ ရယ်နေသေးသည်၊

"မင်း ဘာရယ်တာလဲ"

ဟု မေးတော့မှ

"အဲဒီကောင်မလေးက ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ အစကတည်းက မျိုးကိုနဲ့ ကြိုက်နေတာ၊ သူ့အဒေါ်က သဘောမတူဘူး၊ ရွာကသူတို့ ဆွေမျိုးနီးစပ် လူတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်နေတယ်၊ ဒီတော့ နိုးပြေးမှ



ဖြစ်မယ့်အခြေအနေ ရောက်လာရော၊ နိုးပြေးဖို့ဆိုတာက စရိတ်စက လိုသေးတယ်လေ၊ ပြီးတော့ လောလောဆယ် နေဖို့ထိုင်ဖို့ စားသောက်ဖို့ ရှေ့ဆက်ပြီး ရင်းနှီးလုပ်ကိုင်ဖို့ ငွေလိုလာပြီ၊ မျိုးကိုမှာက စုပြီးဆောင်းပြီး ရှိတာမဟုတ်ဘူး၊ ကျွန်တော်နဲ့ ဝေမှုကလည်း ဘာထူးလို့လဲ၊ ဒါကြောင့် ကျွန်တော်နဲ့ ကြိုက်နေသလိုလို အကြံအဖန်လုပ်ရတာ"

"မင်းတို့ တော်တော်ရှုပ်တဲ့ ကောင်တွေပဲ၊ ဒါမင်းရဲ့အကြံပဲ မဟုတ်လား"

"အစစ်ပေါ့ လေးလေးကြီးရာ၊ မျိုးကိုကရော ကောင်မလေးကရော လူကြီးတွေကို လိမ်ညာလှည့်စားတာမျိုးတော့ မလုပ်ချင်ဘူးလို့ ငြင်းကြပါ သေးတယ်၊ ကျွန်တော်က ဒီလိုမှမလုပ်ရင် မဖြစ်ဘူး၊ အားလုံး ငါ တာဝန်ယူ တယ်ဆိုမှ လက်ခံကြတာပါ"

"မင်းလုပ်ပုံက ငါလည်းကြားထဲက ဗီလိန်ကြီးဖြစ်ရ၊ မမကြီးလည်း မစားနိုင် မအိပ်နိုင်ဖြစ်ရ၊ ပွင့်ပွင့်လင်းလင်းပြောပြီးတောင်းရင် ငါလည်း တတ်နိုင်သလောက် ကူမှာပေါ့ကွ"

"ဟာ. . . အဲဒီလိုပြောလို့ လေးလေးကြီးကတားရင် ဘယ်လိုလုပ် မလဲ ဝင်ကူမယ် မကူမယ်က သေချာတာမှ မဟုတ်တာ"

"မမကြီးဆီက ငွေထွက်လာမယ်ဆိုတာကကော သေချာလို့လား"

"မေမေ့အကြောင်း ကျွန်တော် သိပြီးသားပဲလေ၊ ပြီးတော့ ငွေပေး ပြီး ရှင်းရင်ရနိုင်တယ်လို့ ဝေမှုကို သွားပြောခိုင်းတာပေါ့၊ လေးလေးကြီးကို တော့ သူ့အကြံပေးတယ်လို့ မပြောပါနဲ့ဆိုပြီး ကြိုပိတ်ထားရတာပေါ့"

"အတော်ပိရိတဲ့ကောင်တွေ၊ မင်းဆီကို ကောင်မလေး ရေတဲ့စာရိုက် တာလည်း လုပ်ကြံထားတာပဲပေါ့"

သူက ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟန်းချိန်းကကော၊ ကောင်မလေး ပတ်ထားတာလေ"

"အဲဒါက အတုကြီးပါ၊ သုံးရာငါးဆယ်ပဲ ပေးရတယ်"

"ဟန်းချိန်းက အတုလုပ်လို့ ရတယ်ထားပါတော့၊ မင်းထိုးလိုက်လို့ ဝေမှူး ပါးကြီးယောင်သွားတယ် ဆိုတာကကျတော့ရော"

"အဲဒါကတော့ ကံကောင်းထောက်မစွာ တိုက်ဆိုင်သွားတာပါ၊ အဲဒီ ရက်က ဒီကောင်သွားကိုက်ရာက အညှော်မိပြီး ပါးကြီးယောင်နေတာပါ"

"ကောင်မလေးက ငါနဲ့ စကားပြောတော့ တော်တော် သရုပ်ပါ တာပဲ၊ ငါတောင် စိတ်ချဉ်ပေါက်သွားမိသေးတယ်"

"အဲဒီ ဇာတ်တင်မျိုးရအောင် အတော်ဇာတ်တိုက် လေ့ကျင့်ထားရ တာဗျ၊ ဈေးသည်ဆိုတော့ သဘ္ဘိတော့ ရှိတာပေ့ါ ဒါပေမဲ့ ရိုးရိုးသားသားပါ"

"ဘာပဲဖြစ်ဖြစ် ကုသိုလ်ရပါတယ်၊ မေမေတို့အတွက်က ဒီလောက် ငွေဟာ သိပ်အရေးမကြီးပါဘူး၊ ဒါနဲ့ လေးလေးကြီး ကျွန်တော်တို့ အကြံ အဖန်လုပ်ထာကို မေမေ့ကို သွားမပြောပါနဲ့နော်၊ ခုဆိုရင် မေမေက ကျွန်တော် စိတ်ပြန်လည်သွားမှာ စိုးရိမ်လို့ထင်တယ်၊ အရမ်းကို အလိုလိုက် နေတာ"

ကျွန်တော့်မှာ ဒီကောင့်ကို စိတ်မဆိုးနိုင်တော့ဘဲ သူတို့ကြံကြံဖန်ဖန် စိတ်ကူးရပုံကိုသာ ရယ်ချင်နေမိသည်။

❐

ကိုကိုကြီးက ငွေလှမ်းမှာသဖြင့် ဘဏ်ကိုသွားပြီး ငွေလွှဲပေးရသည်။ ဘဏ်တိုက်က ပြန်အထွက် ကျွန်တော့်နာမည် လှမ်းခေါ်သံကြားသည်။ လှည့်ကြည့်လိုက်တော့ လုံးလုံးဝဝ လူတစ်ယောက်သည် လက်ပြနှုတ်ဆက်



ရင်း လျှောက်လာနေသည်။ နီးလာတော့မှ ဖိုးပြုံးချိုဖြစ်နေကြောင်း သိရ၏။

"ဟာ. . . ဟော့ကောင်၊ မင်းက ဝလာလိုက်တာ ဆံပင်လည်း တိုသွားတော့ ရုတ်တရက် မမှတ်မိဘူး"

ကျွန်တော်က သူ့လက်မောင်းကို ပုတ်ရင်း နှုတ်ဆက်သည်။

"မင်းကိုတော့ အဝေးကြီးကတည်းက မှတ်မိတယ်၊ ပုံစံမှ မပြောင်း ဘဲ၊ အေးပေ့ါလေ၊ မင်းဘဝကလည်း အပြောင်းအလဲမှ မရှိဘဲကိုး"

ကျွန်တော် လူပျိုကြီး ဖြစ်နေသေးတာကို ဆိုလိုခြင်းဖြစ်၏။

"ငါ မိန်းမ မရသေးဘူးဆိုတာ မင်း ဘယ်လိုလုပ်ပြီး သေသေချာချာ ပြောနိုင်တာလဲ"

"တစ်ခြားသူငယ်ချင်းတွေ တွေ့တဲ့အခါတိုင်း မင်းအကြောင်း ကြား နေရတာပဲ၊ ပြီးတော့ မင်းသာ မင်္ဂလာဆောင်ရင် ငါ့ဆီဖိတ်စာ ကြိမ်းသေ ရောက်ရမှာပေ့ါ၊ မကြားဘဲ ဘယ်နေလိမ့်မလဲ"

ကျွန်တော်က ရယ်ပြီး သူ့ရင်ဘတ်ကို ခပ်ဖွဖွ ထိုးလိုက်သည်။ သူက

"ဟော့ကောင် ငါတို့ မဆုံတာကြာပြီကွ၊ တွေ့တုန်းကြုံတုန်း ဘီယာ သွားချရအောင်"

"ဟာကွာ နေ့လယ်ကြီး ရှိသေးတယ်၊ ဒါကြောင့် မင်းဗိုက်ထွက်လာ တာ ထင်တယ်"

"ဒါဆိုလည်း လက်ဖက်ရည်ဆိုင် ထိုင်မယ်ကွာ၊ မင်းက လက်[illegible] ရည် ကြိုက်တတ်တဲ့ကောင်ဆိုတော့ ဆိုင်ကောင်းကောင်းမှာ တိုက်[illegible]"

သူ ခေါ်သွားသောဆိုင်က နည်းနည်းလှမ်းသည်။ နှစ်[illegible] လျှောက်လိုက်ရသည်။ လက်ဖက်ရည်တလည်း သူပြောသလို[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါသည်။ (မြမြဖူးတို့အိမ်မှာ သောက်ရတဲ့ လက်ဖက်ရည်လောက် နီးနီးပေါ့)

"မင်းနဲ့ မြမြဖူးနဲ့ အခြေအနေက ဘယ်လိုလဲ၊ အရင်လိုပဲလား"

"အရင်ကထက်စာရင်တော့ နီးစပ်လာပြီ ဆိုပါတော့ကွာ"

"အေးပေါ့ကွ၊ မနေ့ကနဲ့စာရင်တော့ တစ်ရက်ပိုနီးလာပြီပေါ့ ဟုတ်လား"

ကျွန်တော် ရယ်ကျဲကျဲ လုပ်နေပြီးမှ

"ဒါနဲ့ မင်းကော၊ အရင်ရုံးမှာပဲလား"

"မဟုတ်ဘူးကွ၊ ငါ အလုပ်ထွက်လိုက်ပြီ"

"ဟင်. . . မင်း အလုပ်က အဆင်ပြေရဲ့သားနဲ့"

"အဆင်တော့ ပြေပါတယ်၊ ဒါပေမဲ့ နယ်မှာသွားနေရတာက များတယ်၊ ခင်သန်းမြင့်က ငါ့ကို နယ်မှာတစ်ယောက်ထဲထားရတာ စိတ်မချဘူး ဆိုလို့ ငါ့ပုံစံကလည်း မိန်းကလေးတွေ စိတ်ဝင်စားတတ်တဲ့ ရုပ်မျိုးကွ. . . ဟဲ ဟဲ"

အရေးထဲမှာ လာကြွားနေသေးသည်။ ကျွန်တော်က

"ဒါဆို မင်း ဘာဆက်လုပ်မလဲ၊ ဝက်သားတုတ်ထိုး ရောင်းမလား။ ငါ အရင်းအနှီး ထုတ်ပေးမယ်၊ မင်းပုံစံနဲ့ လိုက်တယ်" ဟု နောက်လိုက်သည်။

"ဝက်သားတုတ်ထိုးတော့ ဘယ်ရောင်းမလဲကွာ၊ မင်းနဲ့အတူတူ အိမ်သာတွင်းဆယ်တဲ့ အလုပ်လိုက်လုပ်မှာပေါ့" ဟု ကျွန်တော့်ကို ပြန်နှိပ်ကွပ်သည်။ အိမ်သာတွင်းကိစ္စကတော့ တော်တော်သတင်း ပျံ့နေပုံရသည်။ ဟိုကောင်တွေ လက်ချက်ပဲဖြစ်၏။

တလောကတောင် ဂမုန်းပေါင်းတစ်ထောင်သွေးဆေး ထုတ်လုပ်နေသော ငယ်သူငယ်ချင်း ခင်မြဆွေက ဖုန်းလှမ်းဆက်ပြီး သူတို့အိမ်က



ဆားဗစ်တင့်မှာ အက်ကွဲပြီး အပြင်က ရေတွေဝင်နေကြောင်း၊ သူ့ယောက်ျား ကိုအောင် မြင့်ကလည်း အလုပ်တွေ သိပ်များသဖြင့် အိမ်ကကိစ္စကို လှည့်မကြည့်နိုင်ကြောင်း၊ အိမ်သာတွင်း ပြင်ဖို့ဆိုလျှင် ချစ်နိုးက အလွန်ကျွမ်းကျင်သည်ဟု ထွန်းစိန်က သတင်းပေးသဖြင့် အကူအညီ တောင်းရခြင်းဖြစ်ကြောင်း ပြောလာသေးသည်။ ထွန်းစိန်က သက်သက်ချွန်တွန်းလုပ်တာလေ။ ကျွန်တော် လည်း ဒီလိုကိစ္စဆိုတာ အင်ဂျင်နီယာ ဆိုက်ဖြစ်သဖြင့် ကျားကြီးက ပို၍ပိုင်နိုင် ကြောင်းပြော၍ ကျားကြီး၏ ဖုန်းနံပါတ်ပေးပြီး လမ်းလွှဲလိုက်ရသေးသည်။

"မင်းတို့ကလည်း ငါ့ကိုတွေ့ရင် ဖွဲ့ဖို့လောက်ပဲ စဉ်းစားနေတာပဲ၊ ကဲ. . . စကားကောင်း ပြောစမ်းပါဟ" ဟု ကျွန်တော်က ဆိုတော့မှ ဖိုးပြုံးချိုက

"ငါ စုဆောင်းထားတဲ့ ငွေလေးနဲ့ တက္ကစီတစ်စင်းဝယ်ပြီး ဆွဲစားရင် ကောင်းမလား စဉ်းစားနေတယ်၊ ကိုယ့်မှာ ရှိတာလေးနဲ့ သင့်သင့်တင့်တင့် ကားတစ်စင်းရဖို့ မလွယ်ဘူးကွ၊ ရှာနေတုန်းပဲ၊ လောလောဆယ်မှာတော့ ငါ့အဖြစ်က မိန်းမပုဆိုးနား ခိုစားနေရတယ် ဆိုပါတော့ကွာ"

"ဟာ. . . မင်းစကားက ဘယ်လိုလဲ၊ မိန်းမထမီနား ခိုစားတယ်လို့ပဲ ကြားဖူးပါတယ်၊ မင်းကျမှ"

"ဟုတ်တယ်လေ၊ ငါ့မိန်းမက ပုဆိုးဆိုင် ဖွင့်ထားတာကိုး"

သူ့စကားကို သဘောကျသဖြင့် ကျွန်တော် ရယ်လိုက်သည်။ လက်ဖက်ရည်ဆိုင်ထဲက ပြန်ထွက်လာပြီး လမ်းခွဲကာနီးကျမှ ဖိုးပြုံးချိုက ကပ်ပြီး ပြောသွားသေးသည်။

"ဟော့ကောင်၊ ခင်ကြည်မြင့်နဲ့ သိပ်မပေါင်းနဲ့ကွ"

သူနဲ့ သူ့မိန်းမကိုလည်း ခင်ကြည်မြင့်ကပဲ အောင်သွ[illegible]

www.burmeseclassic.com

www.burmeseclassic.com



လေ။

ဘာပဲဖြစ်ဖြစ် ဖိုးပြူးချိုကို ကျေးဇူးတင်ရမည်။ သူက လက်ဖက်ရည်ဆိုင်ကို ခေါ်သွားလို့သာ မြမြဖူးကို တွေ့ခွင့်ရလိုက်တာ မဟုတ်လား။

ဖိုးပြူးချိုနှင့် လမ်းခွဲပြီး ဟိုဒီကြည့်လျှောက်လာရင်း စတိုးဆိုင်တစ်ဆိုင်ထဲက ကောင်တာရှေ့မှာ ရပ်နေသော မြမြဖူးကို လှမ်းမြင်လိုက်ရ၏။ ကျွန်တော် ဝမ်းသာသွား၏။ သူနဲ့ ခုလိုဆုံတွေ့ရအောင် ဖိုးပြူးချိုက တမင်တကာ လက်ဖက်ရည်ဆိုင်ဘက် ခေါ်သွားခဲ့သလို ဖြစ်နေသည်။

ဆိုင်ထဲကို ဝင်လိုက်သည်။ သူရှိရာသို့ လျှောက်သွားသည်။ သူက ပစ္စည်းတစ်ခုကို ကိုင်ကြည့်နေသည်။

"စိတ်ချပါ အစ်မ၊ ဈေးမများစေရဘူး၊ ကျွန်မတို့က ကုမ္ပဏီကနေ တိုက်ရိုက်ယူပြီး ရောင်းတာပါ"

အရောင်းစာရေးမလေးက ပြောနေသည်။ ကျွန်တော် မြမြဖူး၏ ဘေးနောက်နားခပ်ကျကျမှာ ရပ်လိုက်သည်။ သူက မမြင်သေး။ ပစ္စည်းကိုသာ သေချာစွာ စစ်ဆေးကြည့်နေသည်။ သူ့လက်ထဲမှာ ကိုင်ထားတာက ကွန်ပျူတာမှာသုံးသော မောက်စ်ဖြစ်၏။ ပြထားသော နှစ်ခုအနက်က တစ်ခုကို ရွေးချယ်နေဟန်တူသည်။

သူ ဘယ်တုန်းကများ ကွန်ပျူတာ ဝယ်လိုက်ပါလိမ့်။ ခါတိုင်းဆို ကျွန်တော့်ကိုပဲ အကူအညီတောင်းပြီး ဝယ်ခိုင်းတတ်တာပဲ။ လက်ဆောင်ရတာလည်း ဖြစ်ချင်ဖြစ်မည်။ ကာကပတိန်ဝင်းကိုဆိုတဲ့ ပုဂ္ဂိုလ်ကများ ဝယ်ပေးတာလားဟု ဖိုးရိမ်သွားမိသေးသည်။ တစ်ပြိုင်နက်ထဲမှာ တစ်စုံတစ်ခုကို ဖြတ်ကနဲ တွေးလိုက်မိ၏။

မောက်စ်ဝယ်မယ်ဆိုလျှင် ကွန်ပျူတာပစ္စည်းတွေ သီးသန့်ရောင်းသော ဆိုင်တွေမှာဝယ်မှ ပစ္စည်းမှန် ဈေးမှန်ရမည်။ ဒီလိုစတိုးဆိုင်မှာ



ဆိုလျှင် စိတ်မချရ။ ရွေးချယ်စရာ အမျိုးအစား စုံစုံလင်လင်လည်းမရှိ။ အိုးမော်လ်ဒယ်ကြီးကို တွန်းထိုးရောင်းနေတာ ဖြစ်နိုင်သည်။ ထို့ကြောင့်

"မမြဖူး"

ဟု ခေါ်လိုက်သည်။ သူမ လှည့်ကြည့်ပြီး ကျွန်တော့်ကို မြင်တော့ အလွန်အံ့သြသွားပုံရသည်။ ကျွန်တော်က

"လာလာ၊ မမြဖူး၊ ကျွန်တော် ပြောစရာရှိတယ်"

သူသည် ကျွန်တော် ခေါ်ရာသို့ ကြောင်တောင်တောင် လိုက်လာသည်။

ဆိုင်အပြင်ရောက်တော့မှ ကျွန်တော်က

"မမြဖူးရယ်၊ ဒါမျိုးဝယ်ချင်တယ်ဆို ကျွန်တော့်ကို ပြောရောပေါ့"

"ဘာ. . . ယူ့ကို ပြောရမယ်"

"အင်းလေ. . ."

"ယူက သိလို့လား"

"သိတာပေါ့။ ကျွန်တော် ဝယ်ဖူးတာပဲ"

"ဝယ်ဖူးတယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ပင်းရင်းဆိုင်ကြီးမှာဝယ်တာ၊ မမြဖူး ဝယ်ချင်တယ်ဆို ရင်. . ."

သူမ ကျွန်တော့်ကို စိမ်းစိမ်းကြီး ကြည့်နေရာမှ

"ယူ့ ဒီလောက် မျက်နှာပြောင်လိမ့်မယ်လို့ ထင်မထားမိဘူး"

ဟု ပြောပြီး ချာကနဲ လှည့်ထွက်သွားသည်။ ကျွန်တော် ကြောင်ပြီး ရပ်နေ မိပြီးမှ သူ့နောက်ကိုလိုက်၍

"မမြဖူး. . . နေအုံးလေ၊ ကျွန်တော် လိုက်ပို့မယ်. . ."

သူက လှည့်မကြည့်။ ရပ်ထားသော တက္ကစီတစ်စင်းပေါ် သို့တက်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကျွန်တော် အနားမရောက်ခင် ကားထွက်သွားသည်။

ကျွန်တော် စဉ်းစားရခက်သွားသည်။ ပြီးမှ သဘောပေါက်သွား၏။ သူက နေရာတကာ ကျွန်တော့်ကို အားကိုးနေတာ မဟုတ်ကြောင်းပြချင်သည်။ သူ့ဘာသာ စိတ်ကြိုက်ဝယ်မလို့ လုပ်နေတာကို ကျွန်တော်က ဝင်ပြီး ဆရာကြီးလုပ်သဖြင့် စိတ်ခုသွားဟန်တူ၏။ အေးအေးဆေးဆေး ကျမှပဲ တောင်းပန်လိုက်တော့မည်ဟု စိတ်ကူးသည်။

တကယ်က ကျွန်တော် ထင်သလိုမဟုတ်ကြောင်း နောက်နှစ်ရက် သုံးရက်လောက်ကြာမှ သိရ၏။ ညီဘွားလာသော မဂ္ဂဇင်းတစ်အုပ်ကို လှန်လှောကြည့်ရင်း ကြော်ငြာတစ်ခုထဲမှာ တွေ့လိုက်ရတော့မှ 'ဟိုက်. . . ပြဿနာပဲ' ဟု နဖူးကို ရိုက်မိတော့သည်။

ဟိုတစ်နေ့က စတိုးဆိုင်ထဲမှာ သူမ ကိုင်ကြည့်နေတာ၊ ကွန်ပျူတာမှာ သုံးသောမောက်စ် မဟုတ်၊ 'ရင်သားပုံသွင်းကိရိယာ' ပင်ဖြစ်လေ၏။ ရုတ်တရက်ကြည့်လျှင် မောက်စ်နဲ့ တူသယောင်ယောင် ရှိတာကိုး။ ဒါကြောင့် စိတ်ထဲမှာ ဒီမောက်စ်ကလည်း နည်းနည်းကြီးနေသလိုပဲလို့ ထင်တော့ထင်မိသား။

ထိုပစ္စည်းကို သူမ ကိုင်ကြည့်နေစဉ်မှာ ကျွန်တော့်ကို မြင်တော့ သူမ မျက်နှာရဲကနဲဖြစ်သွားတာ ဒါကြောင့်ကိုး။ အရေးထဲမှာ ကျွန်တော်က ဒါမျိုးဝယ်ဖူးတယ် ဘာညာပြောလိုက်တော့ ပိုဆိုးကုန်တာပေါ့။ အတော်ရှက်စရာ ကောင်းတဲ့ ကိစ္စပဲ၊ သူမဆီ သွားတွေ့ဖို့ကိုတောင် မျက်နှာပူစရာကြီး ဖြစ်နေပြီ။

တကယ်လို့ ကျွန်တော်သာ ရောက်မသွားလျှင် ထိုပစ္စည်းကို သူမ ဝယ်ဖြစ်သွားမလား မသိ။ နောက်နေ့ကျမှ တစ်ခေါက်ထပ်သွားပြီး ဝယ်ချင်လည်း ဝယ်လိမ့်မည်။ ကျွန်တော် သိသွားလို့ ရှက်ပြီး မဝယ်တော့ဘဲ



နေလိုက်တာလည်း ဖြစ်နိုင်သည်။ ငါကိုက အလိုက်ကန်းဆိုး မသိတာဟု ကိုယ့်ဘာသာ အပြစ်တင်ဖို့သာ ရှိတော့သည်။

❒

ကျွန်တော်နှင့် မြမြဖူးတို့၏ အခြေအနေသည် တိုးတက်မှု တစ်စုံတစ်ရာ မရှိသေး။ အီလည်လည်ကြီးဖြစ်မြဲ ဖြစ်နေတုန်းပါပဲ။ သူမအိမ်သို့ အခါအားလျော်စွာ သွားလည်၊ သူမကိစ္စတွေ ကူညီလုပ်ပေး၊ စကားအကွက်ဝင်လာတဲ့အခါ ဟိုကိစ္စကို အစဖော်ပြီး အဖြေလေးများ ရလိုရငြားကြိုးစားကြည့်၊ သူမက လိမ္မာပါးနပ်စွာ ရှောင်ထွက်သွား၊ ဒီလိုနဲ့ပဲ ကိစ္စမပြီးပြတ်ဘဲ ရှိနေသည်။ ကြာလျှင် ဒီလိုအခြေအနေကို နေသားကျသလို ဖြစ်လာမှာတောင် စိုးရသည်။

လျှပ်စစ်မီးပျက်တာမျိုးလိုပေါ့။ အစပိုင်းမှာတော့ မနေတတ် မထိုင်တတ်တွေဖြစ်၊ စိတ်တွေတိုမိသော်လည်း ကြာတော့ ရိုးသွားပြီး မှောင်နေတာလေးကတောင် အရသာရှိသလိုလို ထင်လာတတ်ကြတဲ့ သဘောမျိုးလေ။

တကယ်တော့ ဒီပြဿနာမှာ မြမြဖူးကလွဲလျှင် ကျန်တဲ့လူတွေက သဘောထားချင်း တိုက်ဆိုင်ကြပြီးသားဖြစ်၏။ ကျွန်တော်ကတော့ ပြောနေစရာတောင် မလို။ ဒစ်ဂျစ်တယ်အမြန်ဓာတ်ပုံဆိုင်လို 'ခုရိုက်ခုယူ' ချင်နေတဲ့ကောင်ပါပဲ။

ကျွန်တော်တို့ဘက်ကဆိုလျှင် သဘောတူလိုက်တာမှ ဟိုဘက်လူကို လွှန်နေသည်။ ကိုကိုကြီးက မင်္ဂလာဆောင်ဖို့ စရိတ်စကကို လုံးဝတာဝန်ယူမယ်လို့ အစောကြီးကတည်းက ပြောထားပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



မမကြီးကဆိုလျှင်လည်း ဖျတ်ဖျတ်လူးနေတာ။ မြမြဖူးကို ပထမ အကြိမ်မြင်ဖူးလျှင် မြင်ဖူးချင်း တထိုင်တည်း သဘောတူခဲ့သူ ဖြစ် ကျွန်တော်တို့အိမ်မှာ အလှူလုပ်တော့ မြမြဖူးကို ဖိတ်ခဲ့သည်။ မမကြီး လည်း ကျွန်တော် စိတ်ဝင်စားနေတဲ့သူ လာလိမ့်မယ်ဟု ပြောထားသည်

အလှူကို မြမြဖူးနှင့်အတူ ခင်ကြည်မြင့်နှင့် မာလာမောင်တို့လည်း ပါလာသည်။ သုံးယောက်ဖြစ်နေသော်လည်း ကျွန်တော် ကြိုက်နေတာ မြမြဖူးပဲဆိုတာ မမကြီးက တန်းကနဲသိ၏။ ဟိုနှစ်ယောက် မဖြစ်နိုင်ဘူး တာကတော့ သိသာသည်။ မာလာမောင်က ကလန်ကလားနဲ့။ မိန်းက လေးဖြစ်ပြီး လမ်းလျှောက်လျှင် နွဲ့နွဲ့နှောင်းနှောင်းမရှိဘဲ စာခြောက်ရုပ်ကြီး ရွေ့သွားသလို တောင့်တောင့်မတ်မတ်ကြီး ဖြစ်၏။ ခင်ကြည်မြင့် ကိုယ်ခန္ဓာအချိုးအစားကလည်း ဖျာလိပ်နတ်လို တဖြောင့်တည်း ဖြစ်ေ သည်။

မြမြဖူးနှင့် မိတ်ဆက်ပေးလိုက်သောအခါ မမကြီးသည် ဟန်မ မဆောင်နိုင်ဘဲ

"ငါ့ညီမက လှလိုက်တာကွယ်"

ဟု ပြောလေသည်။ သည့်နောက် တစ်ချိန်လုံး အရိပ်တကြည့်ကြည့် လုပ်နေသည်။ မကြာခဏဆိုသလို မြမြဖူးနားကိုသွားပြီး

"ချောလိုက်တာ"

"ကျက်သရေရှိလိုက်တာ"

"ချစ်စရာကောင်းလိုက်တာ"

စသည်ဖြင့် တဖွဖွပြောနေသဖြင့် မြမြဖူးတောင် အနေရခက်နေ သေးသည်။ ထိုအခါမှစ၍ မမကြီးသည် 'မြမြဖူးခရေဇီ' ဖြစ်လာခဲ့လေ၏။

ကျွန်တော်တို့ဘက်ကတော့ သေချာနေပြီ။ ဒါဆို သူတို့ဘက်ကရော



သူ့မိဘနှစ်ပါး အပါအဝင် မောင်နှမတွေကပါ ကျွန်တော့်ကို အနာဂတ်၏ မိသားစုဝင်အဖြစ် သတ်မှတ်ထားပြီးသား ဖြစ်၏၊ သူတို့အဖေကြီးကလည်း ကျွန်တော့်ကို သားမက်လောင်းတစ်ယောက်လိုပင် အသိအမှတ်ပြုထား သည်။ သူတို့ အမေကြီးကဆိုလျှင် တစ်ခါတစ်ခါ တကယ်ပဲ သားမက် အစစ် ဖြစ်နေသလို ယောင်ပြီး ထင်မှတ်မိတတ်သည်၊

"သားတို့ သမီးတို့ လက်ဖက်စားကြဦးမလား"

ဆိုသော စကားအသုံးအနှုန်းမျိုးကို ကြည့်လျှင် သိသာ၏၊ ကျွန် တော် တို့နှစ်ယောက်မှာ တရားဝင် ဘာမှမဖြစ်ကြသေးသဖြင့်

"မင်းတို့ ဘယ်တော့လောက် လက်ထပ်ကြမယ်လို့ စိတ်ကူးထား သလဲကွယ့်"

ဆိုသော စကားမျိုးကိုလည်း ပြောလို့မဖြစ်။

သူတို့အိမ်မှာ တစ်ခါတလေ ဆုံမိသော သူ့အစ်မတစ်ယောက်တာ

"မင်းတို့ဟာကလည်း ဇာတ်မျောကြီး ဖြစ်နေပြီ၊ မင်းတို့ဘက်က လူကြီးတွေခေါ်ပြီး လာတောင်းလိုက်၊ တို့များဘက်ကလည်း သဘောတူနေ တာပဲ၊ ဒါဆိုရင် မိဖူးလည်း ငြင်းလို့ မရတော့ဘူး၊ တစ်ခါတစ်ခါ အဲဒါမျိုး တောင် စဉ်းစားမိတယ်"

မြမြဖူးရဲ့ မောင်တစ်ယောက်ကတော့

"မင်းသားကြီး ခင်မောင်ရင်တို့ခေတ်ကလို လုပ်နေတာကိုး တစ်ခါ ထဲ အတင်းခိုးပြေးဗျာ၊ ဟာ. . . ဒါလည်း မဖြစ်သေးပါဘူး၊ အစ်ကိုက ဗိုလ်အောင်ဒင်လို မတို့ရက် မထိရက် ဖြစ်နေမှာပါပဲ"

ဟု စိတ်မရှည်သော လေသံဖြင့် အားမလိုအားမရ ပြောသည်

ဒီလိုကိစ္စမျိုးဆိုတာကလည်း ကာယကံရှင်ဆန္ဒမပါဘဲ ဘာစည်းလို့ ရတာမဟုတ်။ မြမြဖူးကတော့ ခုချိန်ထိ အချစ်ကို ခံစားကြည့်ဖို့ ရှေ့သေး

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုပဲ။

အချစ်ကို ခံစားကြည့်စေဖို့ဆိုတာကလည်း ရုပ်မြင်သံကြားကနေ ကြော်ငြာပြီး ဆွဲဆောင်စည်းရုံးလို့ ရနိုင်တာမျိုး မဟုတ်။ မန္တလေးက ထိုးမုန့်ဆိုင်တွေလို နည်းနည်းစီ နမူနာ ဝင်မြည်းကြည့်လို့ရတာမျိုးလည်း မဟုတ်။

လက်ဆောင်ရသော ပက်ကင်ပိတ်သေတ္တာတစ်လုံးကဲ့သို့သာ ဖြစ်၏။ အထဲမှာ ဘာရှိမှန်း ကြိုတင် မသိနိုင်။ ဖွင့်ကြည့်လိုက်တော့မှ အတွင်းမှာ ပန်းကလေးတစ်ပွင့် ဖြစ်ချင်ဖြစ်နေမည်။ တေးဆိုတတ်သော ငှက်ကလေး တစ်ကောင်ပါချင်ပါလာမည်။ မားတစ်လက် ခုန်ထွက်လာပြီး ရင်ကိုခွဲချင် ခွဲလိမ့်မည်။ တကယ်လို့ စနက်တံဖြုတ်ပြီးသား လက်ပစ်ဗုံး တစ်လုံးကို တွေ့မြင်လိုက်ရရင်တောင် ဒါဟာ အချစ်ပဲဟု ကျေနပ်ကြည်ဖြူစွာ လက်ခံနိုင်ဖို့ လိုပါသည်။

၁၁၁

♥

ကျွန်တော်၏ အိပ်မက်မှာ အောက်ပါအတိုင်းဖြစ်၏။

ကျွန်တော်သည် (ဘယ်ကမှန်းမသိ) အိမ်သို့ ပြန်လာသည်။ ကျွန်တော်တို့ လမ်းထိပ်ရောက်သောအခါ မောင်းတက်ဝါးလုံးဖြင့် ပိတ်ကာထားတာ တွေ့လိုက်ရသည်။ ဝါးလုံးမှာ ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထား၏။

'လူပျိုကြီးကင်းမဲ့ဇုံ'

ကျွန်တော် အံ့သြသွားရ၏။ ဘယ်လိုဖြစ်တာပါလိမ့်။

ဆိုင်းဘုတ်ဘေးမှာ ရပ်နေသော ဂိတ်ပေါက်စောင့်က ကျွန်တော့်ကို မြင်သောအခါ

"ခင်ဗျား လူပျိုကြီးကိုချစ်နိုး မဟုတ်လား။ ဝင်ခွင့် မရှိဘူး"

"ဟာ. . . ကျွန်တော့်အိမ်က ဒီလမ်းထဲမှာပဲ၊ မဝင်လို့ မဖြစ်ဘူး"

ဆိုပြီး ရှေ့ကိုတိုးလိုက်စဉ် ဂိတ်စောင့်က

"ခင်ဗျား အတင်းဝင်ရင် အရေးယူရလိမ့်မယ် ဟိုမှာတွေ့လား ဒီဇုံထဲကို မိုးဝင်လို့ ဒဏ်ပေးထားတာ"

www.burmeseclassic.com

www.burmeseclassic.com



သူ ညွှန်ပြရာသို့ကြည့်လိုက်သောအခါ စိန်ထွန်းရယ်၊ ကျားကြီးရယ် စိန်လှိုင်ရယ် ထိတ်တုံးခတ်ခံထားရတာ တွေ့လိုက်ရ၏။

ကျွန်တော်လည်း မဝင်ရဲတော့ဘဲ ပြန်လှည့်ထွက်လာခဲ့ရ၏။ ဘယ်မှာ သွားနေရပါ့မလဲဟု အပူတပြင်း စဉ်းစားနေတုန်း ဂျာနယ်လက်ရွေ့ ရောင်းသူတစ်ဦး၏ အော်သံကို ကြားလိုက်ရသည်။

"လူပျိုကြီးတွေ နယ်နှင်တော့မယ်တဲ့၊ လူပျိုကြီးတွေ နယ်နှင်တော့မယ်တဲ့နော်"

ဂျာနယ်တစ်စောင်ဝယ်ပြီး လှန်ကြည့်လိုက်တော့ ပထမဆုံးစာမျက်နှာမှာပင် ထိုသတင်းကို တွေ့ရသည်။

'ရှေ့လ (၁) ရက်နေ့မှစ၍ ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်း၌ လူပျိုကြီးများကို နေထိုင်ခွင့်ပြုတော့မည် မဟုတ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်ဟု သိရှိရ၏။ ထိုသတင်းကြောင့် လူပျိုကြီးများဖြစ်ကြသော ကာတွန်းကိုရွှေထူး၊ ကာတွန်းဝင်းအောင်၊ ကာတွန်းစောမင်းဝေတို့မှာ နှစ်ချုပ်အငှားစနစ်ဖြင့် မိန်းမယူရန် အပူတပြင်း စုံစမ်းရှာဖွေနေကြသည်ဟု သိရှိရကြောင်း'

ကျွန်တော် တုန်လှုပ်ခြောက်ခြားသွားသည်။ ဒီအတိုင်းဆိုရင် မဖြစ်ဘူး မြမြဖူးကို အမြန်ခိုးပြေးမှ ဖြစ်တော့မယ်ဟုတွေးပြီး သူ့အိမ်သို့ အမြန်သွားသည်။ (ဒီနေရာမှာ ဘတ်စ်ကား စီးတာတွေ ဘာတွေ မပါတော့ဘဲ ရုပ်ရှင်တွေ ထဲမှာ ကတ်ချိန်းသလို သူတို့အိမ်ရှေ့ကို ဖြတ်ကနဲ ရောက်သွားလေ၏။)

"မမြဖူး၊ မမြဖူး"

ကျွန်တော်က အော်ခေါ်လိုက်သည်။ မြမြဖူးသည် သဘော်ကပ္ပတိန် အဝတ်အစား ဝတ်ထားသူတစ်ယောက်ကို လက်တွဲလျက်



ထွက်လာပြီး

"ယူ နောက်ကျသွားပြီ၊ တို့ ကက်ပတိန်ဝင်းကိုနဲ့ လက်ထပ်လိုက်ပြီ" ဟု ပြောသည်။

ထိုအခိုက်မှာ ကျွန်တော် လန့်နိုးလာသည်။

စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေ၏။ တစ်ခါတလေ ဒါမျိုးဖြစ်တတ်သည်။ အိပ်မက်မှန်းသိပါလျက် တကယ်ပဲ ဖြစ်ခဲ့သလို ခံစားရလေ့ရှိ၏။

□

ဒီနေ့ မြမြဖူး၏မွေးနေ့ ဖြစ်၏။ မွေးနေ့အထိမ်းအမှတ် ညစာခံပွဲလုပ်တာတော့ မရှိ။ ဘယ်သူ့ကိုမှလည်း ဖိတ်ကြားထားခြင်း မရှိ။ ကျွန်တော့်ကို တောင် လာခဲ့ပါလို့ ပြောမထား။ သို့တိုင်အောင် ကိုယ့်ဘာသာ အထူးဖိတ်ကြားထားသော ညသည်တော်အဖြစ် သတ်မှတ်ပြီး သွားဖို့စိတ်ကူးထားသည်။

သူ့ကို မွေးနေ့လက်ဆောင်ပေးရမည်။ မနေ့က မြို့ထဲထွက်ပြီး ပစ္စည်းရှာသည်။ ဘာပေးရကောင်းမလဲ စဉ်းစားလို့မရ။ ဆိုင်တွေ လျှောက်ကြည့်သည်။ ပစ္စည်းမျိုးစုံ တွေ့သော်လည်း စိတ်တိုင်းမကျ။ သိမ်[illegible] စီရုံကဆိုင်များ၊ ဂမုန်းပွင့်ကုန်တိုက်၊ စီးတီးမတ်၊ အေးရှားလိုက် ယု[illegible] ဇာ၊ စူပါဝမ်း၊ စိန်ဂေဟာ။

တကယ်တော့ စူပါမတ်ကက်ကြီးတွေမှာရော၊ စတိုးဆိုင်[illegible] ပါ မွေးနေ့လက်ဆောင်ပေးလို့ကောင်းတဲ့ ပစ္စည်းတွေ [illegible] ကိုယ်တိုင်က စိတ်တိုင်းမကျနိုင်ဘဲ ဖြစ်နေတာပါ။

တစ်နေ့ရောမှာ စားပွဲတင်နာရီလေးတစ်လုံး [illegible]

www.burmeseclassic.com

www.burmeseclassic.com



တော့မှ စိတ်တိုင်းမကျသဖြင့် ရွှေရောင်ဘောလ်ပင်လေးတစ်ချောင်း ထ
ဝယ်သည်။ သူက ကျွန်တော့်ကို ဘောလ်ပင် လက်ဆောင်ပေးခဲ့ဖူးကြော
သတိရသည်။ အတွဲအလှည့်သဘောဆန်နေမလားဟု စဉ်းစားမိသည်
အမျိုးသမီးဝတ် တီရှပ်တစ်ထည်ကို ယောင်ကြောင်ပြီး ဝယ်မိသေးသည်
နောက်မှ ကလေးကလားဆန်ကြောင်း စဉ်းစားမိပြန်သည်။

မြို့လယ်ခေါင်အနှံ့ လျှောက်သွားရသဖြင့် မောလည်းမော ဆာ
လည်း ဆာလာသည်။ လက်ဖက်ရည်ဆိုင် ဝင်ထိုင်ပြီး အပန်းဖြေရသည်
ဆိတ်သားမုန့်နှစ်ခု ဆက်တိုက်စား၊ လက်ဖက်ရည် ကျစိမ့်တစ်ခွက်
သောက်လိုက်မှ နေသာထိုင်သာ ရှိသွား၏။

ဟိုင်ငေးဒီငေးလုပ်ရင်း လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင်မှာ
စတိုးဆိုင်တစ်ဆိုင်ကို တွေ့သည်။ 'ရိုးရာလက်မှုအထည်များ ရပြီ' ဆိုသော
ဆိုင်းဘုတ်ကလေး ချိတ်ထားသည်။ စိတ်ဝင်စားမိသဖြင့် လက်ဖက်ရည်ဖိုး
ရှင်းပြီး စတိုးဆိုင်ဘက် ကူးလာခဲ့သည်။

ဆိုင်မှာ ရိုးရာဆင် ထဘီများ၊ စကတ်များ၊ အင်္ကျီများ၊ အိတ်များ
တွေ့ရသည်။ ဒီထဲကမှ ဂျပ်ခုတ်ပိတ်သားဖြင့် ချုပ်ထားသော ပခုံးသိုင်းအိတ်
ကလေးကို မျက်စိကျမိ၏။ ခရမ်းရောင်အောက်ခံတွင် သိုးမွေးအနီရောင်
ဖြင့် ပန်းပွင့်ဒီဇိုင်းများ ယက်ထားသည်။ ငွေချည်ထိုးထားပြီး ငွေအစစ်ဖြင့်
ပြုလုပ်ထားသော ခေါင်းလောင်းလေးတွေ ချိတ်ဆွဲထားသည်။ မြင်မြင်ချင်း
မှာပင် အကောင်းဆုံး မွေးနေ့လက်ဆောင်ကို ရပြီဟု သိလိုက်ပြီး ဝမ်းသာ
အားရ ဖြစ်သွား၏။ ဈေးနည်းနည်းကြီးတယ် ထင်သဖြင့် ဈေးဆစ်ကြည့်
မယ် စိတ်ကူးသေးသည်။ မြမြဖူးတို့အရွယ် အမျိုးသမီးတစ်ယောက်က

"အဲဒီအိတ်က ဘယ်လောက်လဲ"

ဟု ဝင်မေးသဖြင့် သူ ဦးသွားမှာစိုးပြီး



"ကျွန်တော် ယူထားတာ"

ဟု အမြန်ပြောလိုက်ရသည်။

၁

ညက မိုးသည်းထန်စွာ ရွာခဲ့သည်။ မနက်ကျတော့ မိုးတိတ်သွား
သော်လည်း ကောင်းကင်က အုံ့ဆိုင်းနေတုန်းဖြစ်၏။ လေတလည်း
တသုန်သုန် တိုက်ခတ်နေဆဲ။

သူမတို့အိမ်သို့ သွားရာလမ်းတစ်လျှောက်ပေါ်မှာ သစ်ကိုင်း
ကျိုးတွေ၊ ပိတောက်ရွက်တွေ ပြန့်ကျဲနေသည်။ လမ်းဘေးရေမြောင်း
ထဲမှာလည်း ရွက်ကြွေတွေ မျောပါနေသည်။ တခ်ရွက်တစ်ရွက်သည်
အလိုက်သင့် မျောပါသွားခြင်း မရှိဘဲ ပေကပ်ကပ်လုပ်နေသည်။ ဟိုထောင့်
မှာ ဝင်နှိုလိုက် ဒီထောင့်မှာ ဝင်တွယ်လိုက်၊ ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်နေ၏။
ပြီးတော့မှ ချာချာလည်ပြီး မျောပါသွားသည်။

လမ်းဘေးမှ ပိတောက်ပင်ကြီးများသည် လေတိုက်သောကြောင့်
ယိမ်းထိုးနေကြသည်။ သစ်ကိုင်းတွေ ဝှေ့ယမ်းပြီး တရှဲရှဲမြည်နေသည်။
ပိတောက်ရွက်တွေ တဖြတ်ဖြတ်လှုပ်နေပုံမှာ တစ်စုံတစ်ခုနှင့် တူသည်ဟု
ထင်၏။ ဘာနဲ့တူမှန်းတော့ စဉ်းစားလို့မရ။

ကျွန်တော်သည် မြမြဖူး၏မွေးနေ့မှာ လက်ဆောင်ပေးဖို့ ...
ဖြစ်၏။ လက်ထဲမှာလည်း စိတ်ကြိုက်ရွေးချယ်ဝယ်ယူ...
လက်ဆောင်ပစ္စည်း ပါလာသည်။ တကယ်တော့ လာခြင်း...
ကိစ္စဖြစ်၏။ ထို့ကြောင့် ရွှင်လန်းတက်ကြွနေဖို့ ကောင်းသည်။ ...
ဘာကြောင့် စိတ်တွေ ထိုင်းမှိုင်းနေရသလဲ။ ခြေလှမ်း... ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လေးလံနေရသလဲ၊ ရာသီဥတုကြောင့်ပဲ ဖြစ်လိမ့်မည်ထင်၏။

သူမတို့ခြံတံခါးဝမှာ ရပ်လိုက်သည်။ လူအရိပ်အယောင် မမြင်ရ။ လေနအားတွေ တိုက်ခတ်နေသောကြောင့် ထင်၏။ အပေါ်ထပ် ဆင်ဝင်ခန်း ပြတင်းတံခါးတွေလည်း ပိတ်ထားသည်။

ကျွန်တော်သည် ရုတ်တရက် ပြန်လှည့်ထွက်သွားချင်စိတ် ပေါ်လာမိမြန်၏။ ဒီနေ့ သူနှင့်တွေ့လျှင် အဆင်မပြေတာ တစ်ခုခု ကြုံရနိုင်သည်ဟု ထင်နေမိသည်။ လူခေါ်ခေါင်းလောင်းခလုတ်ကို မနှိပ်ဘဲ အတန်ကြာအောင် ရပ်နေမိသည်။

"ကိုချစ်နိုး ဘာလုပ်နေတာလဲ"

နောက်ဘက်မှ အသံကြားသဖြင့် လှည့်ကြည့်သည်။ အိမ်ဖော်အမျိုးသမီး မလေးကို တွေ့ရ၏။ ဈေးခြင်းတောင်းကို လက်ကဆွဲထားသည်။ ကျွန်တော်လည်း ယောင်ကြောင်ပြီး လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်သည်။ မလေးဆီက ခစ်ကနဲ ရယ်သံကြားသည်။

ထို့နောက် ဝင်းတံခါးသံတိုင်ကြားက လက်လျှိုပြီး သော့ဖွင့်သည်။ ဟုတ်သားပဲ၊ ကျွန်တော် ဘဲလ်နှိပ်ရင်လည်း သူပဲ တံခါးလာဖွင့်ရမှာပဲ။ သူ့နောက်က လိုက်ဝင်သွားသည်။ အိမ်တံခါးကိုလည်း သူ့မှာ အသင့်ပါလာသော သော့နှင့်ဖွင့်သည်။ ကျွန်တော့်အနေဖြင့် အပေါ်ထပ် ဧည့်ခန်းသို့ မျက်စိမှိတ်ပြီးတော့တောင် သွားတတ်ပါလျက် မလေးက အရင်ကအတိုင်း ဦးဆောင်လမ်းညွှန်ပြီး လိုက်ပို့သည်။ အရင်လိုပဲ

"ခဏလေးစောင့်ပါနော်၊ မဖူးကို သွားပြောလိုက်ပါ့မယ်"

ဟု ဆိုပြီး ထွက်သွားသည်။

မြမြဖူးသည် ထုံးစံအတိုင်း တော်တော်နှင့် ရောက်မလာခဲ့။ အရင်ကဆိုလျှင် တစ်ခါတလေ နာရီဝက်လောက်တောင် စောင့်ချင်



စောင့်ရတတ်သော်လည်း စိတ်ရှည်လက်ရှည် ရှိခဲ့သည်။ ဒီနေ့တော့

"ကြာလိုက်တာ၊ သက်သက် တန်ဖိုးမြှင့်နေတာပဲ"

ဟု စိတ်ခုချင်သလို ဖြစ်မိတာ ထူးဆန်းသည်။ မွေးနေ့လက်ဆောင်...ကို ပေးချင်သောစိတ်က စောနေသောကြောင့် ဖြစ်လိမ့်မည် ထင်၏။ ...ယ်ငါးမိနစ်လောက်ကြာမှ သူ ရောက်လာသည်။ ကုထားထိုင်မှာ ဝင်ထိုင်...ိုက်ပြီး

"သတိမှရပါ့မလားလို့ ထင်နေတာ"

ဟု ပြောသည်။

အဲဒါပဲ၊ အဲဒါပဲ။ တကယ်မဖြစ်ခဲ့တဲ့အပြစ်ကို လှမ်းပြီးတင်ချင်တာ...ဝသီပဲ။

"မမြဖူးသာ ကိုယ့်မွေးနေ့ကိုယ် မေ့ချင်မေ့နေမယ်၊ ကျွန်တော်ကတော့ မမြဖူးနဲ့ ပတ်သက်တာဆိုရင် အားလုံးမှတ်မိပါတယ်၊ မမြဖူးရဲ့...ိုင်ငံသားစိစစ်ရေးကတ်နံပါတ်၊ ကျောင်းတုန်းက ခုံနံပါတ်၊ မမြဖူးတို့အဆောင်ကို ပထမဆုံး လာလည်တဲ့နေ့က အပြာရောင် ဖဲနပ်ပါးလေး...ထားတယ်ဆိုတာတောင် မှတ်မိတယ်"

ပြောနေရင်းက ဟိုတလောဆီက ရင်သားပုံသွင်း ကိစ္စကို...သွားသတိရ၏။ ထိုကိစ္စကြောင့် မျက်နှာပူပြီး သူ့ဆီ ဒီကြားထဲမှာ မရောက်...ဖြစ်ခဲ့ခြင်း ဖြစ်၏။ သူ နောက်တစ်ခေါက်ထပ်သွားပြီး ဝယ်ဖြစ်သွားသလား...မသိ။ ဘာပဲဖြစ်ဖြစ် သူ့လည်ပင်း၏အောက်၊ ဝမ်းဗိုက်၏အထက်ပိုင်းနေရာ...ကို မကြည့်မိအောင် ကြိုးစားနေရ၏။ သူကတော့ သတိမရတော့လို့လား...အရေးမကြီးဟု ထင်လို့လား၊ ဟန်ဆောင်ကောင်းလို့လား မသိ၊ ဘာမှ...မထူး ခြားသလို ရှိနေသည်။

"တို့လည်း ယူနာမည်ကို ကောင်းကောင်း မှတ်မိနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြုံး၍ ပြန်ပြောသည်။

ကျွန်တော်က မွေးနေ့လက်ဆောင်ထုပ်ကို လှမ်းပေးရင်း

"ကျွန်တော်ရဲ့ လက်ဆောင်ပါ"

သူက 'ကျေးဇူးပဲ' ဟု ပြောပြီး လှမ်းယူသည်။ သိပ်အရေးမစိုက်ဟန်ဖြင့် စားပွဲပေါ် တင်ထားလိုက်သည်။

"ဖွင့်ကြည့်ပါဦး၊ မမြဖူး သဘောကျလိမ့်မယ် ထင်ပါတယ်"

ကျွန်တော်ကပြောမှ လက်ဆောင်ထုပ်ကို အိတ်ထဲက ဆွဲထုတ်သည်။ ပက်ကင်ပေပါကို ဖွင့်သည်။ ပန်းသိုင်းအိတ်ကလေးကိုယူပြီး မြှောက်ကြည့်သည်။ သူကိုင်လိုက်မှပဲ အိတ်ကလေးက ပိုတောင် အရောင်ထွက်ပြီး လှလာသလိုပဲ။

"ရိုးရာဂျပ်ခုတ်အသားနဲ့ ချုပ်ထားတာ"

ဟု ကျွန်တော်က ပြောလိုက်သည်။ သူက ငွေခေါင်းလောင်းလေး တစ်လုံးကို လက်ဖြင့်တောက်ကြည့်သည်။

ငယ်ငယ်က အဘိုးပြောဖူးတာကို သတိရလိုက်၏။ ကိုလိုနီခေတ်တုန်းကဆိုလျှင် ဆိုင်တွေမှာ ငွေဒင်္ဂါးတွေပေးလျှင် ပိသာလေးပေါ် ပစ်ချပြီး စစ်ကြည့်ရသည်။ ချွင်ကနဲမြည်မှ အစစ်ဖြစ်သတဲ့။ အသံက ထုံအအဆိုလျှင် အတုဆိုပဲ။

ခုလည်း သူက ငွေခေါင်းလောင်းကလေးကို လက်ဖြင့် တောက်လိုက်ရာ သာယာသောအသံ သဲ့သဲ့ကလေး ထွက်ပေါ်လာသည်ဟု ထင်ရ၏။

"မမြဖူး သဘောကျရဲ့လား"

ဟု ကျွန်တော် မေးသည်။ သူက 'အင်း . . . ' ဟု အသံရှည်ဆွဲ၍ ရေရွတ်ပြီးမှ



"ခရမ်းရောင်ကိုတော့ ကြိုက်ပါတယ်၊ ဒါပေမဲ့ တို့က အနီကို သိပ်သဘောမတွေ့ဘူး၊ ပြီးတော့ ဆရာလင်းရောင်စိန်ကလည်း ဒီနှစ်ထဲမှာ အနီရောင်နဲ့ မတည့်ဘူး၊ အနီရောင်ပစ္စည်းတွေသုံးရင် ရန်မီးပွားရသတ်တယ်လို့ ဟောထားတယ်"

သူမ အနီရောင် မကြိုက်ဘူးဆိုတာ ကျွန်တော် ဘာကြောင့် မသိခဲ့ရတာလဲ။ သူမကကော ပြောခဲ့ဖူးသလား၊ စဉ်းစားနေတုန်းမှာ သူမက အိတ်၏အပေါ် ဖုံးကို ဖွင့်လိုက်သည်။ အတွင်းထဲက ဇစ်ကိုဆွဲသည် မရ။ ထစ်နေဟန်တူသည်။ ခပ်ဆဆလေး ဆွဲလိုက်မှ ရသွားသည်။ ပြန်ဆွဲပိတ်သည်။ မျက်မှောင် ကုပ်သွား၏။

"ဟင် . . . ဇစ်က ပျက်နေပါလား"

"ဟုတ် . . . ဟုတ်လို့လား၊ ပြပါဦး"

အိတ်ကို လှမ်းယူပြီး စစ်ဆေးကြည့်သည်။ ဇစ်က ဟိုဘက်ဒီဘက် ဆွဲလို့တော့ရသည်။ သို့ရာတွင် ပိတ်လိုက်လျှင် ပြန်စေ့မသွားဘဲ ဟပြဲကြီးနေ၏။

"ဟုတ်တယ် မဟုတ်လား"

သူမက မေးသဖြင့် ခေါင်းညိတ်ဝန်ခံလိုက်ရသည်။

"အဲဒါပဲ၊ ပစ္စည်းဝယ်တဲ့အခါမှာ သေသေချာချာ ငဲ့စောင်းပြီး ထောက်ပေါ့၊ အပေါ်ယံကလေးကြည့်ပြီး ပေါ့ပေါ့ဆဆလုပ်လို့ ဘယ်ဖြစ်မလဲ။ အခုလို အပြစ်အနာအဆာ ပါလာပြီဆိုတော့ အလကားဖြစ်ရော မဟုတ်လား ဒါကြောင့်"

"ဒါတော့ နည်းနည်းတရားလွန်သွားပြီထင်တယ် မမြဖူး"

ကျွန်တော့်နှုတ်မှ စကားတစ်ခွန်း လွတ်ကနဲ ထွက်သွားသည်။ ဒီလို တုံ့ပြန်မည်ဟု ကြိုတင်စိတ်ကူးထားခဲ့ခြင်း မရှိ၊ အလိုလို ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြောထွက်သွားခြင်း ဖြစ်၏။ အသံမြည်သော လေမှုတ်အရုပ်တစ်ခုကို ညှစ်လိုက်သလိုမျိုး ပါပဲ။

"ဒီပစ္စည်းကို မကြိုက်ဘူးဆိုရင်လည်း ကွယ်ရာကျမှ လွှင့်ပစ်ချင်ပစ်လိုက်ပေါ့၊ ခုလို လူကိုရှေ့မှာထားပြီး အမျိုးမျိုးပြစ်ချက်တွေရှာပြီး ရှုံ့ချနေတာကတော့ စေတနာကို စော်ကားရာကျပါတယ်၊ ဒီပစ္စည်းဟာ မမြဖူးအတွက် အမှိုက်တစ်စလောက်တောင် တန်ဖိုးရှိချင်မှ ရှိမယ်၊ ဒါပေမဲ့ အဲဒီ အမှိုက်တစ်စ ရဖို့အတွက် ဘယ်လောက် အပင်ပန်းခံပြီး ရှာဖွေခဲ့ရတယ် မှတ်သလဲ၊ အဲဒီ အတွက် အသိအမှတ်ပြုရုံကလေးလောက်တောင် မသင့်ဘူးလား"

ဟိုအရင်က အမူအရာကလေးနဲ့တောင် ဆန့်ကျင်မှု မပြုခဲ့ဘူးသူ တစ်ယောက်က အာခံဖို့ အဆင်သင့်ပြင်လိုက်ပုံကို တွေ့ရသဖြင့် သူ အံ့သြသွားသည်။ ဘာမှ ပြန်မပြောနိုင်ဘဲ ကျွန်တော့်ကိုသာ ငေးကြောင်ကြောင် ကြည့်နေ၏။ ခွေးတစ်ကောင်တောင်မှ ချောင်ပိတ်အရိုက်ခံရလို့ မတတ်သာတဲ့အခါ တစ်ချက်လောက်တော့ လှည့်ဟပ်လိုက်မိတာပဲဆိုတာ သူ မသိဘူးလား။

"အဲဒါမျိုး အမြဲတမ်း လုပ်တယ်၊ ဘယ်လောက်စေတနာထားထား၊ ဘယ်လောက်ပင်ပင်ပန်းပန်း ကြိုးစားပြီး လုပ်ပေးပေး အကောင်းမထင်ဘူး၊ နည်းနည်းလေးဖြစ်ဖြစ် အပြစ်ရှာလိုက်ရမှ ကျေနပ်တယ်၊ တစ်ဖက်လူမှာ ဘယ်လောက်ခံစားရတယ် မှတ်သလဲ၊ သူတစ်ပါး အောင့်သက်သက်ဖြစ်သွားမှ နေသာထိုင်သာ ရှိသွားသလား၊ ဒါဟာ အရသာခံစရာလို့ ထင်နေသလား ဟင်"

စနက်တံကို မီးရှို့လိုက်ပြီးသော ဗြောက်အိုးတွဲ တစ်တွဲလိုပင် ဖြစ်၏။ ဆက်တိုက် ပေါက်ကွဲရုံကလွဲ၍ အခြားမရှိတော့။



"ကိုယ်က ချစ်ရတာနဲ့ ညီမျှတဲ့ အချစ်ကိုမှ ပြန်လိုချင်တဲ့သူဟာ …တ်ဆင်းရဲရတတ်တယ်ဆိုတဲ့ စကားဟာ သိပ်မှန်တာပဲ၊ ဒါပေမဲ့ အဲဒီ အစွဲအလန်း ကိုတော့ ကျွန်တော် မစွန့်လွှတ်နိုင်ဘူး၊ ဒါကြောင့် တစ်ဖက်က …နဲ့ပြန်နိုင်လောက်တဲ့ အတိုင်းအတာနဲ့ တန်းတူဖြစ်သွားအောင် …ျွန်တော့်အချစ်တွေကို သူညအထိ လျှော့ချလိုက်ဖို့ပဲ ရှိတော့တယ်၊ ဒါပါပဲ"

ထိုစကားများသည် ကျွန်တော်ကိုယ်တိုင် ပြောနေတာမှ ဟုတ်ပါ…လေစ။ ကျွန်တော့်အတွက် မခံမရပ်နိုင်သူတစ်ယောက်က ကြားမှဝင်ပြီး …ိုယ်စား ပြောပေးနေသလား ထင်ရသည်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် …လိုလေသံမျိုးကို တစ်ခါမှ မကြားဘူးခဲ့။

သူသည် ရုပ်သေပြကွက်တစ်ခုလို အံ့သြခြင်းကြီးစွာ ငေးကြောင် …ကြည့်နေ၏။ စကားတစ်ခွန်းမှ တုံ့ပြန်ပြောဆိုခြင်း မရှိ။ သူကို လက် …ဆောင်ပေးခဲ့သော ပခုံးသိုင်းအိတ်ကလေးသည် ကျွန်တော့်လက်ဖြင့် …ုပ်ချေထားသောကြောင့် ကြေမွမတတ် ဖြစ်နေသည်။ အိတ်ကလေးကို …ားပွဲပေါ်သို့ ပစ်ပေါက်လိုက်သည်။ ငွေခေါင်းလောင်းကလေးတွေက …ားပွဲမျက်နှာပြင်နှင့် ထိခတ်မိပြီး 'ချွင်ကနဲ' မြည်သွား၏။ ငွေအစစ်ပါ… …ငွေအစစ်ပါ။

ကျွန်တော် ထထွက်လာခဲ့၏။ အိပ်မက်ထဲကလိုပင် လမ်း… …တ်ကနဲ ရောက်ရှိလာသည်ဟု ထင်ရသည်။

မည်းမှောင်နေသော မိုးသားများသည် ကောင်းကင်မှာ … …လေး တရိပ်ရိပ်ပြေးနေကြသည်။ ပိတောက်ရွက်တို့ လှုပ်နေပုံမှာ … …နေပုံနှင့်တူကြောင်း ခုမှ သဘောပေါက်သည်။

ᥣ

www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်က ထွက်လာပြီးနောက် ပိတောက်ရွက်တွေ လှုပ်နေတာ မြင်ရတဲ့အထိသာ ကောင်းကောင်းမှတ်မိသည်။ ထို့နောက် ကျွန်တော့်အိမ် ကို ဘယ်လိုပြန်ရောက်လာသလဲဆိုတာ မသိတော့။ ကြားထဲက အချိန်တွေ ပျောက်ဆုံးသွားသလိုပင် ဖြစ်၏။ စီးနေကျဘတ်စ်ကားတွေ အဆင့်ဆင့် စီးပြီး အလိုအလျောက် အသိမဲ့စွာ ပြန်လာခဲ့ခြင်း ဖြစ်လိမ့်မည်။

သတိပြန်ဝင်လာချိန်မှာတော့ ကျွန်တော့်အခန်းထဲက စာရေးစားပွဲ ရှေ့မှာ ထိုင်မိနေကြောင်း တွေ့ရသည်။ စောစောက ကိစ္စများသည် အမှန် တကယ် ဖြစ်ပျက်ခဲ့ကြောင်းကိုတော့ နှလုံးခုန်နှုန်း မမှန်သေးခြင်း အသက်ရှူမြန်နေခြင်း၊ လက်ချောင်းကလေးများ အနည်းငယ်တုန်နေသေး ခြင်းတို့က ပြသနေသည်။

စိတ်တည်ငြိမ်သွားအောင် တစ်ခုခုလုပ်ရမည်။ ဘာလုပ်ရမှန်း မသိ။ စာလည်း မဖတ်ချင်။ သီချင်းလည်း နားမထောင်ချင်။ စားပွဲအံဆွဲကို ဆွဲဖွင့် လိုက်မိ၏။ အံဆွဲက ရှေ့ကိုငိုက်သွားသဖြင့် အထဲက အရာတစ်ခု အစွန်းဘက်ကို လိမ့်ဆင်းလာသည်။ ဘောလ်ပင်တစ်ချောင်း။

ကျွန်တော့်ကို မြမြဖူး လက်ဆောင်ပေးခဲ့သော စတက်ဒလာ အမျိုး အစား မီးခိုးနုရောင်ဘောလ်ပင်။ ကျွန်တော်ပေးသော မွေးနေ့လက် ဆောင်ကို သူက မနှစ်သက်ဘူးဆိုမှတော့ သူပေးခဲ့သော လက်ဆောင်ကို လည်း ကျွန်တော်က ဘာကြောင့် တွယ်တာနေရဦးမှာလဲ။

ဘောလ်ပင်ကိုယူပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အောက် ထပ် တံခါးဝနားမှာ အမှိုက်ပုံးရှိသည်။ ပုံးထဲသို့ ဘောလ်ပင်ကို ထည့်မည်ပြု စဉ်

"လေးလေးကြီး"

ဟု အော်ခေါ်ရင်း ပြေးတက်လာသော ညီကို တွေ့ရသည်။





"ဘာလုပ်မလို့လဲ"

"ဒီဘောလ်ပင်ကို လွှင့်ပစ်မလို့"

ကျွန်တော့်လက်ထဲမှာ ကိုင်လက်စ ဘောလ်ပင်ကိုကြည့်ပြီး

"ဟာ အကောင်းကြီး ရှိသေးတယ်၊ နှမြောစရာကြီး မှင်ကုန်သွားလို့ လား မှင်ချောင်းအသစ် လဲလို့ရပါတယ်"

သူ့ကို ရှင်းပြမနေတော့ဘဲ ငါ မလိုချင်တော့လို့ ဟူ၍သာ ပြန်ပြော လိုက်သည်။

"လေးလေးကြီး မလိုချင်တော့ရင် ကျွန်တော့်ကိုပေး"

"မင်းလိုချင်ရင် အမှိုက်ပုံးထဲက ပြန်ကောက်ယူလိုက်၊ ငါကတော့ လွှင့်ပစ်ရမှ ကျေနပ်မယ်"

ဘောလ်ပင်ကို အမှိုက်ပုံးထဲ ပစ်ချပြီး အပေါ်ပြန်တက်လာခဲ့သည်။

"တစ်မျိုးကြီးပါလား၊ ယတြာချေတာ ထင်တယ်"

ဟု ပြောလိုက်သော ညီ့အသံကို ကြားရသည်။

ညီသည် ဘောလ်ပင်ကို တကယ်ပင် ပြန်ကောက်ယူလာခဲ့၏။ ဘောလ်ပင်ကို လက်ဝါးပေါ်မှာ ခြစ်၍စမ်းရင်း အခန်းထဲ ဝင်လာပြီး

"လေးလေးကြီးဟာက အကောင်းစားပဲ၊ တော်တော်ဈေးကြီးမယ် ပြီးတော့ အသစ်နီးပါး ရှိသေးတယ်. . . ဘာဖြစ်လို့"

"အဲဒီဘောလ်ပင်ကို ငါ့ရှေ့မှာ မကိုင်နဲ့"

ဟု ကျွန်တော် ဖြတ်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

♥

ကျွန်တော်နှင့် မြမြဖူးတို့၏ကိစ္စနှင့် ပတ်သက်ပြီး ဘယ်သူကို ပြောပြ ပြောပြ 'ဟာ. . . ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့များ' ဟု ပြောကြ သေချာသည်။ သို့ရာတွင် လောကကြီးမှာ ဘာမဟုတ်တဲ့ အသေးအ ကလေးကစပြီး ဖြစ်ပျက်ခဲ့တဲ့ သာဓကတွေ အများကြီးရှိသည်။ ဒီလိုနည်း စစ်ပွဲကြီးတွေတောင် ဖြစ်ခဲ့ဖူးသည်။

အဖျက်စွမ်းအား ကြီးမားသော အနုမြူဗုံးတစ်လုံး ပေါက်ကွဲခြင်းဆို သည်မှာလည်း အလွန်သေးငယ်သော အက်တမ်လေးတစ်ခု ပြိုကွဲခြင်းက စတင်ခဲ့တာပဲ မဟုတ်လား။

ပြီးတော့ လူသတ်မှု အများစုကို လေ့လာကြည့်လျှင် ခိုင်လုံသော အကြောင်းပြချက်တွေ မရှိတာ တွေ့ရမည်။ ဆေးလိပ်မီးပွားကျလို့ စကားများရာက စဖြစ်တာမျိုး ငွေငါးဆယ်လောက် ချေးထားတာ ပြန်တောင်းရာက စတာမျိုး၊ တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင် ကြွေနောက်ကြရင်း မားနှင့်ထခုတ်ကြတာမျိုးတွေ ဖြစ်နေတတ်သည်။



တစ်ခါတလေကျပြန်တော့ အသေးအဖွဲ့ဟု ထင်ရသော်လည်း နောက်ကွယ်မှာ တစ်ခြားအကြောင်းတွေ ရှိနေတတ်သည်။ ဘာမဟုတ် ဘာလေးတွေ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်ပေါင်းစည်းရာကနေ ဘာမဟုတ်တဲ့ ကိစ္စနဲ့ပဲ ပြဿနာတက်သွားရတာမျိုးတွေ ရှိ၏။

ကျွန်တော်တို့နှစ်ယောက်ရဲ့ ကိစ္စကကော။ စိတ်အခန့်မသင့် ဖြစ်စရာလေး တစ်ခုလောက်နဲ့ ထပြီးပေါက်ကွဲရတာဟု ဆိုစရာရှိ၏။ တကယ်တော့ ခုလိုကိစ္စမျိုးတွေက မကြာခဏ ဖြစ်နေခဲ့တာပါ။ သူနှင့် ပထမဆုံးအကြိမ် စတွေ့စဉ်ကတည်းကပင်ဖြစ်၏။ (ရည်းစားစာမှာ သတ်ပုံမှားတဲ့ကိစ္စ)

သူက ကျွန်တော့်ကို ငယ်နိုင်လို သဘောထားသည်။ ဘယ်တော့ မဆို နည်းနည်းဖြစ်ဖြစ် ကသိကအောက်ဖြစ်အောင် လုပ်လိုက်ရမှ ကျေနပ်သည်။ ကျွန်တော့်အပေါ် အမြဲတမ်း အထက်စီးက ဆက်ဆံချင် သည်။ ခုလိုအနိုင်ကျင့် ခံရတဲ့အတွက် နာကျည်းဒေါသဖြစ်ရမယ့်အစား 'ကျေးဇူးတင်ပါတယ်' လို့တောင် ပြောစေချင်နေသေးလား မသိ၊ ကျွန် တော်ကလည်း အောက်ကျ နောက်ကျနိုင်တာကိုပဲ ဂုဏ်ယူစရာလို့ ထင်ခဲ့မိလေသလား။

လူက ငုံ့ခံနေပေမယ့် မသိစိတ်ထဲမှာ ငုပ်လျှိုးနေသော ယောကျ်ား မာနက တေးမှတ်ထားဟန်တူသည်။ မြိုသိပ်သည်းခံနိုင်သော အတိုင်း အတာ ကုန်ဆုံးသွားတဲ့အချိန်နဲ့ တိုက်ဆိုင်သွားတော့ ဘာမဟုတ်တာလေးနဲ့ ပြဿနာ ထဖြစ်တော့တာပါပဲ။ ချိန်ခွင်လျှာ တစ်ဖက်စောင်းသွားရအောင် နောက်ဆုံး ထည့်လိုက်တဲ့ တစ်မွေးသားကြောင့်ပဲ မဟုတ်လား။

ဒေါသဆိုတာမျိုးကလည်း ရက်ချိန်းအတိအကျ သတ်မှတ်ထားရ တာမျိုး မဟုတ်၊ ရေဆူမှတ်လို ပြဌာန်းလို့ရတာလည်း မဟုတ်ချေသည်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမျိုးတွင်သာ ဒေါသဖြစ်ခွင့် ရှိသည်ဆိုပြီး ကန့်သတ်ထားလို့ ဖြစ်တာမျိုးလည်း မဟုတ်။ လူတစ်ယောက်နဲ့တစ်ယောက် ဒေါသဖြစ်ပုံချင်းလည်း မတူကြ။ အော်ဟစ် ဆဲဆိုနေတာကို ဂရုမစိုက်ပေမဲ့ လှောင်ပြုံးလေးတစ်ခုကိုတော့ ဆတ်ဆတ်ခါအောင် နာတတ်သူမျိုး။ တုတ်နဲ့ရိုက်တာကို ခွင့်လွှတ်နိုင်ပေမဲ့ ကလိထိုးတာကို သည်းမခံနိုင်တဲ့သူမျိုးတွေလည်း ရှိတတ်သည်။

ဘာပဲပြောပြော ဖြစ်တာကတော့ ဖြစ်သွားခဲ့ပြီ။ တစ်ခြားလူတွေအတွက် ဒါဟာ သာမန်ကတောက်ကဆဖြစ်တာလေးပဲဟု ဆိုနိုင်သည်။ ကျွန်တော်တို့ နှစ်ယောက်အတွက်ကျတော့ တစ်မျိုးဖြစ်၏။

သက်တမ်းတစ်လျှောက်လုံး မျက်စောင်းလေးနဲ့တောင် မထိုးခဲ့ဖူးတဲ့ လူတစ်ယောက်က ခုလိုစိန်ခေါ်တဲ့ စကားမျိုးပြောခဲ့တာဟာ ပေါ့သေးသေး မဟုတ်။ သူသည် ကျွန်တော့်အပေါ် နိုင့်ထက်စီးနင်းပြုခဲ့ပုံများကို တစိမ့်စိမ့် တွေးပြီး နောင်တရနေလိမ့်မည်မထင်။ 'ဒင်းကများ ရာရာစစ' ဆိုပြီး ခံပြင်းနေတာမျိုးသာ ဖြစ်မှာသေချာသည်။

ကျွန်တော့်အနေဖြင့် သူ့ကို မုန်းလိုက်မေ့လိုက်ပြီဟုတော့ မဆိုလို။ ချစ်တာတော့ ချစ်နေဆဲပဲ။ အချစ်ဆိုတာကလည်း ကိုယ်ထင်သလို ထိန်းချုပ်လို့ ရနိုင်တာမျိုး မဟုတ်။ သူ့သဘောသူဆောင်ပြီး ဦးနှောက်၏ အချုပ်အချယ်မှ သီးခြားကင်းလွတ်နေတတ်သော အရာသာဖြစ်၏။

သူနှင့်မတွေ့ဘဲ နေနေရခြင်းမှာ အလွန်ခံရခက်ကြောင်းကို ဝန်ခံပါသည်။ သို့ရာတွင် 'မှားပါတယ်' ဆိုပြီး သူ့ထံသို့ ခေါင်းလျှိုပြီး ပြန်ဝင်ဖို့တော့ စိတ်ကူးမရှိ။ သူကလည်း စတင်ဆက်သွယ်လိမ့်မည် မဟုတ်။ ကျွန်တော်က စပြီးတောင်းပန်ခဲ့လျှင်တောင် ကျေအေးဖို့ မသေချာ။

ကျွန်တော်တို့နှစ်ယောက်၏ ရှေ့ရေးမှာ ရေရာမှု မရှိတော့။



ဒီအတိုင်း ဇာတ်မျောနေရင်းက ရေရှည်မှာ တစ်စတစ်စ စိမ်းကား ပြတ်တောက်သွားနိုင်သည်။ မျှော်လင့်စရာရယ်လို့တော့ တစ်ခုပဲရှိ၏။ အမြင်မတော်သူ တစ်ယောက်ယောက်က ကြားထဲမှဝင်ပြီး စေ့စပ်ညှိနှိုင်းပေးဖို့သာ ဖြစ်၏။

၇

"လေးလေးကြီး ဖုန်းလာနေတယ်"

ဟု တူမလေး ဖိုးဖိုးက လာပြောသည်။ သူ့မျက်နှာထားကို ဖြတ်ကနဲ အကဲခတ်လိုက်သည်။ မချိုမချဉ် မဟုတ်။ ပုံမှန်အတိုင်းပဲ။

"ဘယ်သူတဲ့လဲ"

ဟု ကျွန်တော်က မေးတော့

"အန်တီမာလာမောင်တဲ့"

ကျွန်တော် အောက်ထပ်ကို ဆင်းသည်။ ခြေလှမ်းကို မသွက်မိအောင် ထိန်းရသည်။ ဖုန်းကိုကိုင်ပြီး ထူးလိုက်တော့

"ချစ်နိုးလား၊ ငါပါ"

"အေးပြော၊ ဘာကိစ္စလဲ"

လေသံကို ပုံမှန်ဖြစ်အောင် ကြိုးစားပြီး ပြောရသည်။ သူက

"နင် ဘယ်လိုလုပ်တာလဲ"

"ဘာကိုပြောတာလဲ"

"မြဖူးဆီ နင် မရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ငါက ဒိုင်ယာရီရေးပြီး မှတ်တတ်တာ မဟုတ်တော့ ဘယ်လောက် ကြာပြီဆိုတာ ဘယ်သိပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းတယ်၊ အခု မြဖူး ဘာဖြစ်နေသလဲ သိလား"

"တစ်ခုခုဖြစ်နေမှာပေါ့"

ဟု ခပ်ပေါ့ပေါ့လေသံလုပ်၍ ပြောသည်။ တယ်လီဖုန်းကိုတော့ ပို၍ တင်းကျပ်စွာ ကိုင်လိုက်မိ၏။

"ဟုတ်တယ်၊ ဖြစ်နေတယ်၊ မြဖူး ဆေးရုံပေါ် ရောက်နေတယ်"

"ဘာပြောတယ်၊ ဘာ. . . ဘာဖြစ်လို့လဲ"

စိုးရိမ်သောလေသံအတိုင်း မကွယ်မဝှက်ဘဲ မေးသည်။

"နင့်ကို ရှင်းပြဖို့ အချိန်မရှိဘူး၊ ဒီရောက်မှ ပြောပြမယ်၊ ဒီဆေး ဓော်ပရေးရှင်းလုပ်မှာ၊ နင် အခုချက်ချင်း မီအောင်လာခဲ့ ဒါပဲ"

သူဆီသို့ သွားခဲ့သမျှထဲမှာ ဒီတစ်ခါ အဝတ်အစားလဲတာ အမြန်ဆုံး ဖြစ်၏။ အဝတ်အစား လုံးဝမလဲတော့ဘဲ ပိုက်ဆံအိတ်ကို ကောက်ယူပြီး ချက်ချင်းထွက်လာခဲ့တာကိုး။

တက္ကစီကားတစ်စင်းကို တားသည်။ ရပ်ရပ်ချင်း ဘာမှပြောမနေဘဲ ကားပေါ်တက်ထိုင်ပြီးမှ ဆေးရုံကို မောင်းခိုင်းသည်။ ကျသင့်ငွေကို မမေးတော့။ တောင်းသလောက်ပေးမည်။ ကားဆရာတွေကလည်း တစ်ခြားကိစ္စမှာ သာရိုက်ချင်ရိုက်မည်။ ဆေးရုံသွားတာဆိုလျှင် ပိုမယူတတ်ကြ တချို့လျှော့ပြီးတော့တောင် ယူတတ်သည်။ ခုလည်း 'အရေးကြီးတယ်ထင် တယ်' ဟုပြောပြီး ခပ်မြန်မြန် မောင်းပေးသည်။ မီးပွိုင့်တစ်ခုမှာ ရပ်နေ တုန်း ကားခရှင်းပေးထားလိုက်သည်။

ဆေးရုံရှေ့မှာ ကားရပ်ရပ်ချင်း တံခါးတွန်းဖွင့်ပြီး ဆင်းသည်။ ခလုတ်ကို ကားမရပ်ခင် ဆွဲဖွင့်ထားပြီးဖြစ်၏။ ဆေးရုံပေါ် ပြေးတက်သွား သည်။ မာလာမောင် လမ်းညွှန်ထားသော သီးသန့်ခန်းများဆီသွားပြီး နံပါတ်တွေရှာသည်။ မြမြဖူး၏အခန်းတံခါး စေ့ထားသဖြင့် တွန်းဖွင့်လိုက်



သည်။ အထဲမှာ ဘယ်သူမှ မရှိ။ တစ်ဖက်ခန်းမှ လူနာစောင့်ဖြစ်ပုံရသူ တစ်ယောက် စင်္ကြံမှာ ရပ်နေသည်။

"ဒီအခန်းက လူနာ"

"ခွဲခန်းဘက် ခေါ်သွားပြီ"

ကျွန်တော် ခြေလှမ်းပြင်ပြီးမှ

"ခွဲခန်းက. . ."

"ဒီအတိုင်း တည့်တည့်သွားပြီး ညာချိုးလိုက်၊ အခုလေးတင် ခေါ် သွားတာဗျ"

သူ လမ်းညွှန်တဲ့အတိုင်း သွားသည်။ စင်္ကြံညာဘက်ကို ချိုးလိုက်စဉ် မှာ ပင် ရှေ့ခပ်လှမ်းလှမ်းမှာ လူစုစုကို မြင်ရသည်။ မြမြဖူး၏အစ်မ အစ်ကိုတစ်ယောက်၊ မောင်တစ်ယောက်၊ ခင်ကြည်မြင့်၊ မာလာမောင် သူတို့ရှေ့မှာ တွန်းလှည်းကုတင်ကို တွန်းသွားကြသော ဆေးရုံဝန်ထမ်းများ

လှမ်းအော်ခေါ်လိုက်မိမလိုတောင် ဖြစ်သွား၏။ ခေါ်လို့လည်း ရပ် စောင့်နေလို့ဖြစ်တာ မဟုတ်ကြောင်း သိသဖြင့် ခြေလှမ်းကိုသာ သွက်လိုက် သည်။ သူတို့ကို မီဖို့ ခြေလှမ်းနှစ်ဆယ်စာလောက်အလိုမှာပင် ကြေတို့ ပိတ်ကာထားသော တံခါးကိုဖွင့်ပြီး တွန်းဝင်သွားသည်။ ထိုအခါကျမှ ကျွန်တော် ပြေးသည်။ မမီတော့။ တံခါးပြန်ပိတ်သွား၏။

ရှေ့ကလူတွေကို တွန်းဖယ်ပြီး တံခါးဆီသွားသည်။ တံခါးအပေါ် ပိုင်းမှာရှိသော မှန်ပေါက်ကလေးမှ ကြည့်လိုက်သည်။ ကုတင်တို့ တွန်းသွား သူများနှင့် ကွယ်လိုက်၊ ပေါ်လိုက်ဖြစ်နေသော သူမျက်နှာ တစ်စွန်းတစ်စ ကိုသာ မြင်ရသည်။ ခွဲစိတ်ခန်းတစ်ခုထဲသို့ ချိုးဝင်သွားတော့မှ ကျွန်တော် ဒီဘက် ပြန်လှည့်လိုက်သည်။ အားလုံးက ကျွန်တော့်ကို ငေးကြည့်နေကြ သည်။ သူတို့ မျက်နှာထားတွေက အစိုးရိမ်လွန်နေသော ရုပ်သွင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို အားပေး နှစ်သိမ့်နေသလိုပဲဟု ထင်ရ၏။

"ဘယ်လိုဖြစ်တာလဲ"

ကျွန်တော် မေးသည်။ ခင်ကြည်မြင့်နှင့် မာလာမောင်တို့က ကျွန်တော့်ကို စကြီထောင့်သို့ ခေါ်သွားသည်။ မာလာမောင်က

"ဘရက်စ်မှာ အကျိတ်တွေ့လို့"

ရင်သားမှာ အကျိတ်တွေ့တယ် ဆိုပါလား။

"အကျိတ်ဟုတ်လား. . . ဒါဆို"

ကျွန်တော် စိုးရိမ်သောလေသံဖြင့် အနေလာတကြီး မေးသည်။

"အဲဒါကတော့ မသေချာသေးပါဘူး၊ အက်ဖ်အေင်ေအစီ(FNAC) လုပ်ကြည့်တာတော့ မတွေ့ဘူးပြောတယ်၊ ဒီနည်းက မသေချာဘူး၊ အမြင်ကနေ အပ်နဲ့ထိုးပြီး စုပ်ယူရတာဆိုတော့ ကင်ဆာဆဲလ်ရှိတဲ့ နေရာနဲ့လွဲသွားရင် မပေါ်နိုင်ဘူး။ စိတ်ချစေချင် ရိုက်ကြည့်တော့လည်း မဟုတ်ဘူးလို့ပဲ အဖြေထွက်တယ်၊ ဒါပေမဲ့ တပ်အပ်ပြောဖို့ ခက်တယ်၊ အကျိတ်ကလည်း ခွဲထုတ်လိုက်မှ စိတ်ချရမှာဆိုတော့ မထူးဘူးလေ၊ ခွဲထုတ်ပြီးမှ အသားစနမူနာကို စစ်ကြည့်တာ ပိုကောင်းတာပေါ့၊ ဆရာဝန်ကြီးကတော့ မဖြစ်လောက်ဘူးလို့ ခန့်မှန်းတယ်၊ ဖြစ်ရင်လည်း အစပျိုးနေရုံလောက်ပဲ ရှိမှာပါတဲ့"

"စိတ်မပူပါနဲ့ဟာ၊ မဖြစ်နိုင်ပါဘူး၊ ဖြစ်ခဲ့ရင်တောင် ရောဂါနုတုန်းဆိုတော့ ကုလို့ရမှာပါ"

ဟု ခင်ကြည်မြင့်က ဝင်ပြီးနှစ်သိမ့်ပြန်သည်။

"သူကကော သိလား"

"မြဖူးက သိပ်ပါးတာပဲဟာ၊ ရိပ်မိတာပေါ့၊ ဒါပေမဲ့ သူက သတ္တိကောင်းပါတယ်"



သူအားငယ်နေမလားဟု စိုးရိမ်မိ၏။ ခွဲခန်းထဲ မဝင်ခင် မီအောင် ရောက်မလာမိတဲ့အတွက် ကိုယ့်ဘာသာ အပြစ်တင်မိ၏။

ဂ

ခွဲစိတ်မှုသည် ပုံမှန်ထက်ပိုပြီးတော့များ ကြာနေသလားဟု စိတ်ပူမိ၏။ တကယ်တော့ ဒီလိုခွဲစိတ်မှုမျိုးသည် ဘယ်လောက်ကြာတတ်ကြောင်း ကျွန်တော် မသိ။ ခွဲစိတ်တယ်ဆိုတာက အချိန်အတိအကျ ကန့်သတ်လို့ရတာမျိုး မဟုတ်။ အသေးစားဟု တွက်ထားပြီး တကယ်ခွဲမှ အကြီးစား ဖြစ်ချင် ဖြစ်သွားတတ်သည်။ ခက်ခဲလိမ့်မယ် ထင်ထားသော်လည်း လွယ်လွယ်လေး ပြီးချင်ပြီးသွားနိုင်သည်။ အသေးအဖွဲပေမဲ့ ကပ်သီးကပ်သပ် လုပ်ရလို့ ကြာချင် ကြာသွားနိုင်သည်။

နာရီအတန်ကြာတော့မှ ဆရာဝန်ကြီး ပြန်ထွက်လာသည်၊ ခွဲစိတ်မှု အောင်မြင်ပါတယ်၊ သူအတွေ့အကြုံအရ ပြောရရင်တော့ ကင်ဆာလက္ခဏာများ မတွေ့ရပါ၊ သေချာအောင်တော့ စစ်ဆေးကြည့်ရဦးမယ်ဟု ဆိုသဖြင့် နည်းနည်းတော့ စိတ်အေးရသည်။

မြမြဖူးရဲ့ အစ်မကတော့ မိသားစုတွေ စိတ်ပူမှာစိုးလို့ ဆရာဝန်ကြီးက ထိန်းထိန်းသိမ်းသိမ်း ပြောသွားတာလည်း ဖြစ်နိုင်တယ်ဟု ပြောသောကြောင့် စိတ်ထင့်သွားရပြန်သည်။

မြမြဖူးကို အထူးကြပ်မတ်ခန်းထဲမှာပင် ဒီတစ်ည ထားရှုမည်၊ အခြေအနေတည်ငြိမ်လျှင် နက်ဖြန်မနက် သူ့အခန်းကို ပြန်ရွှေ့မည်ဟု ဆိုသည်။

ဆေးရုံမှာ ဒီနေ့ည ဘယ်သူစောင့်မလဲ တိုင်ပင်ကြတော့

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စောင့်မယ်"

ဟု ပြောလိုက်သည်။ အားလုံးက သဘောတူသည်။ မြမြဖူးရဲ့ မောင်လေးက အဖော်ရအောင် သူပါနေပေးမည်ဟု ဆိုသည်။ မမကြီးဆီ ဖုန်းလှမ်းဆက်ပြီး အကြောင်းကြားသည်။ စိတ်ပူပြီး ပြေးချလာမှာစိုးသဖြင့် မြမြဖူးဟု မပြောဘဲ တစ်ခြားသူငယ်ချင်းတစ်ယောက်ဟု ပြောထားလိုက်သည်။

ညဆယ့်တစ်နာရီလောက်မှာ အခန်းထဲသို့ ခဏဝင်ကြည့်ခွင့်ရသည်။ သူသည် အသက်မှန်မှန်ရှူနေသည်။ သူ့မျက်နှာကို ဒီလောက်ကြာအောင် တစ်ခါမှ စိုက်ကြည့်ခွင့် မရဘူးခဲ့။

သူ နည်းနည်းပိန်သွားသည်။ ရောဂါသည်တစ်ယောက်လို ချုံးကျသွားတာမျိုးတော့မဟုတ်။ စိတ်ဖိစီးမှုဒဏ်၊ ခွဲစိတ်ထားသောဒဏ်တို့ကြောင့် နည်းနည်းကျသွားခြင်းသာဖြစ်၏။ သို့တိုင်အောင် ကျွန်တော့်မျက်စိထဲမှာတော့ ကြည့်လို့ကောင်းနေဆဲပင်ဖြစ်၏။ ဘာမှ ပြင်ဆင်ခြယ်သထားခြင်း မရှိသော မျက်နှာက ပိုလို့တောင် ကျက်သရေရှိတယ် ထင်မိ၏။

သူမ အနည်းငယ်လှုပ်လှုပ်သည်။ ထို့နောက် မျက်စိပွင့်လာ၏။

"မမြဖူး"

ကျွန်တော့်ကို တကယ်မြင်လို့လား အသံကို မှတ်မိလို့ပဲလား မသိ။ သူ့နှုတ်ခမ်း မသိမသာ ပြုံးယောင်သမ်းသွားသည် ထင်မိ၏။

"နေကောင်းတယ် မဟုတ်လားဟင်"

ဦးခေါင်းအစား မျက်လွှာကိုမှိတ်၍ အဖြေပေးသည်။ သူ၏နဖူးဆံစကိုသပ်ပြီး အားပေးနှစ်သိမ့်လိုက်ချင်သည်။ သို့ရာတွင် ဘေးမှာ သူမမောင်လေး ရှိနေသည်။ ပြီးတော့ ခုလိုအချိန်မျိုးမှာ အခွင့်ကောင်းယူသလိုမျိုး မဖြစ်စေချင်။ စောစောက သူ့ခွင့်ပြုချက်မရဘဲ မျက်နှာကို အကြာကြီး



စိုက်ကြည့်နေခဲ့တာ တောင် အပြစ်ကျူးလွန်မိသလို ဖြစ်သွားလေသလားဟု ထင်မိ၏။

သူ ပြန်မှိန်းသွားသဖြင့် အပြင်သို့ ပြန်ထွက်ခဲ့သည်။

မနက်ခြောက်နာရီလောက်မှာ အခန်းထဲနောက်တစ်ကြိမ် ဝင်ခွင့်ရသည်။ သူသည် ဆေးအရှိန်မပြေသေးသော်လည်း ကောင်းကောင်းသတိရနေပြီဖြစ်ကြောင်း တွေ့ရ၏။

"သက်သာရဲ့လား"

ဟု ကျွန်တော်မေးတော့ ခေါင်းအနည်းငယ် ညိတ်ပြသည်။ ထို့နောက်

"ကိုချစ်နိုး ရောက်လာလိမ့်မယ်လို့. . ."

နှုတ်ခမ်းကိုစေ့သည်။ 'မ' နှင့်စသော စကားလုံးကိုပြောဖို့ ဟန်ပြင်ခြင်း။ သို့ရာတွင် နှုတ်ခမ်းကို အနည်းငယ်ပြန်ဟပြီး

"ထင်သားပဲ"

ဟု ဆက်ပြောသည်။ သူ့မောင်လေးက စိတ်ချသွားဟန်ဖြင့် အပြင်ပြန်ထွက်သွား၏။ မြမြဖူးက

"တစ်ညလုံး စောင့်နေရတာလား အားနာဖို့ကောင်းလိုက်တာ"

"နှစ်ပေါင်းများစွာ စောင့်လာခဲ့ပြီးပြီပဲဟာ၊ တစ်ညလောက်ကတော့ ဘာအရေးလဲ မမြဖူးရယ်"

သူ စိတ်လက်ပေါ့ပါးသွားစေရန် ရည်ရွယ်ပြီး ရယ်စရာသဘော ပြောလိုက်သည်။ အမှန်တကယ်လည်း ဒီအတိုင်းပါပဲ။ သူက အပြုံးဖြင့် တုံ့ပြန်သည်။

မနက် (၇)နာရီလောက်ကျတော့ သူ့အဖေ အမေနှင့် အစ်ကို ရောက်လာသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုအားလုံးက ကျွန်တော့်ကို လူနာရှင်အဖြစ် တကယ်ပဲ သတ်မှတ်ထားလိုက်ကြပုံရသည်။ နေ့လယ်မှာ အိမ်ခဏပြန်နားပြီး ညနေဘက် ဆေးရုံကို ပြန်သွားသည်။ မြမြဖူးသည် သူ့အခန်းကို ပြန်ရောက်နေပြီ။ ကျွန်တော် ရောက်သွားသောအခါ သူ့အမေနှင့် အစ်မက တစ်ခုခုသွားစားဦးမယ်ဟု အကြောင်းပြပြီး ထွက်သွားကြသည်။ ကျွန်တော်တို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောလို့ရအောင် တမင်ရှောင်ပေးခြင်း ဖြစ်၏။

မြမြဖူးသည် တော်တော်သက်သာနေပုံရသည်။ ကြည်ကြည်လင်လင် ရှိနေ၏။

"ယူ တို့ကို စိတ်ဆိုးပြေသွားပြီလား"

ဟု သူမက မေးသည်။

"အစကတည်းက စိတ်မဆိုးပါဘူး၊ နည်းနည်းစိတ်ရှုပေါက်သွားမိတာပါ၊ မြဖူး စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ခဲ့မိတဲ့အတွက်တော့ တောင်းပန်ပါတယ်"

"ဘာပဲဖြစ်ဖြစ် တို့ဆေးရုံတက်ရတဲ့အတွက် ယူ့စိတ်ထဲကကျိတ်ပြီး ကျေနပ်နေမှာပဲနော်"

"ဟာဗျာ၊ မဟုတ်တာ. . . ဘာကြောင့်"

"ဒီလိုလေ၊ ဆေးရုံတက်လိုက်ရလို့ ခုလိုပြန်ဆုံခွင့်ရတာ မဟုတ်လား"

ကျွန်တော် ထိတ်ထိတ်ပြာပြာ ဖြစ်သွားတာကို သဘောကျသလို ကြည့်ရင်း ပြောသည်။ ဆေးရုံပေါ်ရောက်နေပေမယ့် မြမြဖူးဟာ မြမြဖူးပဲဟု တွေးမိသည်။ ကျွန်တော်ကလည်း ကျွန်တော်ဆိုတော့. . .

"မဟုတ်ရပါဘူးဗျာ၊ ကျွန်တော်က မြဖူးတို့အိမ်က လျှပ်စစ်ခေါင်း လောင်းပျက်သွားပါစေလို့သာ ဆုတောင်းနေတာပါ"

"တို့က ခိုင်းဖို့ကျမှ သတိရတတ်တယ်လို့ ဆိုလိုတာပေါ့လေ"



"ကျွန်တော်ကိုယ်တိုင်က အခိုင်းခံချင်နေတာပါ၊ တကယ်လို့ မြဖူး ရဲ့ဖိနပ်ပြတ်သွားတယ်လို့ အကြောင်းကြားရင်တောင် ချက်ချင်းပြေးလာမှာပါ"

"အခုဖြစ်နေတာကတော့ ဖိနပ်ပြတ်တာလောက် မကပါဘူး"

စကားအတည်ပြောဖို့ လမ်းခင်းလိုက်ခြင်းဖြစ်မည်၊ ဘာပဲဖြစ်ဖြစ် သူမဝေဒနာနှင့် ပတ်သက်ပြီး ကျွန်တော်တောင် ဒီလောက်ထိုးရိမ်နေတာ ကာယကံရှင်ကိုယ်တိုင်က မေ့မေ့ပျောက်ပျောက် ဘယ်နေနိုင်ပါ့မလဲ။

"နေသာထိုင်သာရှိတယ် မဟုတ်လား မြဖူး"

"နေ့လယ်ကတော့ ခွဲထားတဲ့နေရာက နည်းနည်းနာလာသေးတယ်၊ ဆေးသောက်လိုက်တော့ သက်သာသွားပါပြီ"

"ဘာမှဖြစ်မှာ မဟုတ်ပါဘူး၊ အမြန်ဆုံးကောင်းသွားမှာပါ"

"မျှော်လင့်ရတာပဲလေ၊ ဘိုင်အော်ဖ်စီ လုပ်ထားတဲ့ အဖြေကိုသိရမှပဲ တိတိကျကျ ပြောနိုင်မှာ"

သူ ခဏတွေနေပြီးမှ

"တကယ်လို့ ကင်ဆာဆဲလ်တွေ့တယ်ဆိုတဲ့ အဖြေထွက်လာရင် ဘယ်လိုလုပ်မလဲ"

ကျွန်တော်သည် ဟိုအရင်ကတည်းက ဆုံးဖြတ်ထားပြီးသား လေသံမျိုးဖြင့် မဆိုင်းမတွ ပြောလိုက်သည်။

"မြဖူးကို ကျွန်တော် လက်ထပ်မယ်"

သူ မျက်နှာပင့်လိုက်၏။ အတန်ငယ်ပြုံးပြီး

"အဲဒီရောဂါဖြစ်နေရင် လက်ထပ်မယ်ဆိုတော့ တကယ်လို့ ရောဂါ မဖြစ်ဘူးဆိုရင်ကော၊ ဒီအတိုင်းဆို ကင်ဆာဆဲလ် တွေ့ပါစေလို့ [illegible] ဆုတောင်းနေမှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"မမြဖူးရယ်၊ ဘာရောဂါမှ ရှာမတွေ့ဘူးဆိုရင် ကျွန်တော့်ကို တ
သက်လုံး မုန်းလိုက်တော့မယ်လို့ ဆုံးဖြတ်ထားရင်တောင် ဘာမှမဖြစ်ပါစေ
လို့ပဲ ဆုတောင်းနေမှာပါဗျာ"

"ယွန်ကို တို့ ယုံပါတယ်၊ ဒါနဲ့ မေးစရာလေးတစ်ခု ရှိတယ်၊ တို့က
တစ်ခါမှ အတွေ့အကြုံ မရှိဘူးလို့ပါ"

"မေးပါ မမြဖူး"

"အချစ်ဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်တာလဲ"

ကျွန်တော် ခဏစဉ်းစားသည်။ ပြီးတော့မှ

"အချစ်ဆိုတာ ဘာလဲဆိုတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တွေကတော့
ထောင်နဲ့ချီပြီး ရှိနိုင်ပါတယ်၊ အဲဒီထဲက အချက်တစ်ချက်လောက်နဲ့
ကိုက်ညီရင်လည်း အချစ်လို့ ခေါ်နိုင်ပါတယ်၊ တကယ်လို့ ဘယ်အချက်နဲ့မှ
မကိုက်ညီပေမယ့် ဒါဟာ အချစ်ပဲလို့ ကိုယ့်ဘာသာ ခံစားမိတယ် ဆိုရင်
တောင် ပြည့်စုံ လုံလောက်ပါတယ်"

သူက ခေါင်းတညိတ်ညိတ်လုပ်ရင်း နားထောင်နေသည်၊ အတန်
ကြာအောင် တိတ်ဆိတ်နေပြီးမှ သူပြောသည်။

"နက်ဖြန် နေ့လယ်လောက် ဓာတ်ခွဲခန်းက အဖြေသိရမယ်၊ ညနေ
ပိုင်းကျရင် ဆေးရုံကို လာခဲ့ပါ။ ယွန်ကို တို့ အဖြေတစ်ခုခု ပေးနိုင်လိမ့်မယ်
ထင်တယ်၊ နှုတ်ကတော့ ဖွင့်မပြောချင်ဘူး၊ စာနဲ့ရေးပြီး ပြောမယ်၊ အဲဒါ
အမှတ်တရဖြစ်သွားအောင် ယွန်ကို တို့ လက်ဆောင်ပေးခဲ့တဲ့ ဘောလ်ပင်
လေးနဲ့ ရေးပေးမယ်လို့ စိတ်ကူးထားတယ်၊ နက်ဖြန်ညနေ အဲဒီဘောလ်ပင်
လေး ယူလာခဲ့ပါလား"



♥

ထိုင်ခြင်း၊ ထခြင်း၊ လဲလျောင်းခြင်း၊ လမ်းလျှောက်ခြင်း ဆိုသော
ဣရိယာပုထ်လေးမျိုးအပြင် နောက်ထပ်တစ်မျိုး ရှိသေးရင်တောင် ပြုလုပ်မိ
လိမ့်မည်ထင်၏။ ကျွန်တော်သည် အနေအထားတစ်မျိုးမျိုးမှာ ကြာရှည်
မနေနိုင်ဘဲ ဖြစ်နေသည်။

ကုတင်ပေါ် လှဲလိုက်၊ ပြန်ထလိုက်၊ စားပွဲမှာသွားထိုင်၊ အံဆွဲတို
အကြောင်းမဲ့ဖွင့်ကြည့်၊ ပြန်ပိတ်၊ ထရပ်၊ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်
လျှောက်၊ အောက်ထပ်ကိုဆင်း၊ ပြန်တက်၊ ကုတင်ပေါ် လှဲ၊ ပြန်ထ

"ငညီ ပြန်မရောက်သေးဘူးလား၊ ဘယ်သွားတာလဲ"

ဟု မမကြီးကိုရော၊ စိုးစိုးကိုပါ မကြာခဏ မေးမိသည်။ မမကြီး
တောင် စိုးရိမ်ပြီး

"ငညီ ဘာတွေပြဿနာရှာထားပြန်ပြီလဲ"

ဟု ပြောရသေးသည်။ ခိုင်းစရာရှိလို့ပါဟု ပြောလိုက်ရသည်။
ကျွန်တော် စိတ်မရှည်နိုင်တော့သဖြင့် လက်ဖက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘီလိယက်ခုံတို့မှာ လိုက်ရှာသည်။ မရှိ၊ ဝေမှုး၏အိမ်ကို လိုက်သွားေ
သည်။ ညီ ညနေက လာတော့ လာတယ်၊ ဝေမှုးနဲ့တူတူ ထွက်သွား
တယ်ဟု သိရ၏။

အိမ်မှာ ပြန်စောင့်ရုံသာ ရှိတော့သည်။

ထိုင်၊ ထ၊ လဲလျောင်း၊ လမ်းလျှောက် လုပ်ရင်းကပင် ညရှစ်နာရီ
သွားသည်။ ဒီတော့မှပဲ

"ရည်းစားလေးတစ်ယောက်တော့ ထားမိဘာဒယ်"

စိုင်းစိုင်းခမ်းလှိုင် သီချင်းထဲက လေသံမျိုးဖြင့်အော်ရင်း ညီအ
ထဲ ဝင်လာသည်။ ကျွန်တော် သူ့နားပြေးသွားပြီး

"ဟေ့ကောင်၊ ငါ့ဘောလ်ပင် ဘယ်မှာလဲ"

အင်္ကျီရင်ဘတ်ကို ဆွဲတော့မလောက်ပုံစံဖြင့် မေးလိုက်သဖြင့် ည
လန့်သွားသည်။

"ဟာ. . . ဘာလဲ လေးလေးကြီးရ၊ ကျွန်တော် မယူပါဘူး"

"ဘာဖြစ်လို့ မယူရမှာလဲ၊ မင်း ယူသွားတာပဲ"

"စွပ်စွပ်စွဲစွဲဗျာ၊ လေးလေးကြီးဘာသာ အထားမှားတာ ဖြစ်မှာ
ဘောလ်ပင်လေးတစ်ချောင်းများ"

"ဟေ့ကောင်၊ မင်း. . ."

ဆိုပြီးမှ ကျွန်တော့်ဘာသာ စိတ်လောကြီးပြီး လျှောက်ပြောနေ
ကြောင်း သတိရသွားသည်။

"ငါပြောတာ ဟိုတစ်ခါ ငါ လွှင့်ပစ်မယ်လုပ်လို့ မင်း အမှိုက်ပုံးထဲက
ပြန်ကောက်ထားတဲ့ ဘောလ်ပင်ကို ပြောတာ"

"အဲဒါလား၊ မရှိတော့ဘူး"

"ဘာ. . . ဘာဖြစ်လို့ မရှိတော့တာလဲ"



"ကောင်မလေးကို လက်ဆောင်ပေးလိုက်ပြီ"

"ဟာ. . . မဖြစ်ဘူး၊ ပြန်တောင်းပေး"

"ပေးပြီးသားဟာတောင်းလို့ ရမလား"

"ရအောင်တောင်းပေးကွာ၊ သူ့ကို အသစ်တစ်ချောင်း ဝယ်ပေး
လိုက်၊ ငါ ပိုက်ဆံပေးမယ်"

"မရတော့ဘူး၊ သူနဲ့ ကျွန်တော်က လမ်းခွဲလိုက်ပြီ"

"ဟာ. . . မလုပ်နဲ့. . . အဲ. . . ဒီလိုလုပ်ကွာ၊ စိတ်ဆိုးလို့ ပြန်
တောင်းတဲ့သဘောဖြစ်ဖြစ်"

"မဖြစ်နိုင်ဘူး လေးလေးကြီး၊ သူက ကျွန်တော့်ကို တစ်သက်
ကျေဘူးလို့ ပြောထားတာ၊ တွေ့တဲ့နေရာမှာ အသေသတ်မယ်တဲ့"

"မင်းက ဘာကြောင့် ရှည်ပြီးသွားပေးရတာလဲ"

"ဟင်. . . ပေးတာ ဘာဖြစ်လဲ၊ လေးလေးကြီးတောင် မလိုချင်လို့
အမှိုက်ပုံးထဲတောင် ပစ်ထည့်ပြီးပြီပဲဟာ"

"အခု အရေးတကြီး လိုအပ်လာလို့ပါကွာ၊ အဲဒါ. . ."

"ကျွန်တော်တော့ မသွားရဲဘူး။ သူ့အိမ်သွားရင်လည်း ကြောင်နဲ့ရှု
တိုက်မှာ"

"ဘာ. . . ကြောင်နဲ့ရှုတိုက်မယ်၊ မင်းဟာကလဲ"

"ဟုတ်တယ်၊ သူတို့အိမ်က ကြောင်ကြီးက သိပ်ဆိုးတာ၊ တော
ကြောင်နဲ့ စပ်ထားတယ် ပြောတာပဲ၊ ရှုတိုက်ရင် ခွေးလိုပဲ ပြေးကိုက်
တတ်တယ်တဲ့"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ၊ ဘောလ်ပင်က ငါ့အတွက် သိပ်
အရေးကြီးနေလို့ကွ"

"အရေးကြီးရင်လည်း လေးလေးကြီးကိုယ်တိုင်ပဲ သွားတောင်းေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လိပ်စာပေးလိုက်မယ်"

□

ညကြီးမင်းကြီး သူများအိမ်သွားလို့ မသင့်တော်သဖြင့် နောက်တစ်နေ့ မနက်ကျမှ အစောကြီး ထွက်လာခဲ့ရသည်။

ကျွန်တော်နှင့် မြမြဖူးတို့သည် လက်ဆောင်ပစ္စည်းတစ်ခုနှင့် ပတ်သက်ပြီး ကတောက်ကဆဖြစ်ခဲ့ကြသည်။ ခုကျတော့လည်း လက်ဆောင်ပစ္စည်းလေးနဲ့ပဲ ပြေလည်မှုပြန်ယူကြမှာ။ ဒါတွင်မက ကျွန်တော် အလွန်အမင်း လိုချင်တောင်းတနေသော အဖြေကိုလည်း ဒီဘောလ်ပင်လေးနဲ့ ရေးပေးဦးမှာ။

ထို့ကြောင့် ဘောလ်ပင်သည် ကျွန်တော့်အတွက်တော့ သေရေးရှင်ရေးတမျှ အရေးကြီးနေသည်။ သူ လက်ဆောင်ပေးထားသော ပစ္စည်းကို ဖျောက်ဖျက်ပစ်လိုက်ပြီဆိုလျှင် သူဆီသွားတွေ့တာထက် တိရိစ္ဆာန်ရုံထဲသွားပြီး ဆင်ခြေထောက်အောက်မှာ ခေါင်းထိုးခံလိုက်တာကမှ သက်သာရာ ရလိမ့်ဦးမည်။

ညီ့ကောင်မလေး ဆိုသူ၏တိုက်ခန်းရှေ့မှာရပ်ပြီး လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ ခဏအကြာမှာ တံခါးပွင့်လာပြီး ကောင်မလေးတစ်ယောက်ခေါင်းပြူကြည့်၍

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"သမီးက ကွီကွီ ဆိုတာလား"

"ဟုတ်ပါတယ်"

"ကျွန်တော်. . . အဲ. . . ဦးလေးက ညီ့ရဲ့ ဦးလေးပါ"

ကောင်မလေးမျက်နှာ တင်းကနဲဖြစ်သွားပြီး

"ကျွန်မနဲ့ သူနဲ့ ဘာမှ မပတ်သက်တော့ဘူး"

"ဟုတ်ပါတယ်၊ အခုလာတာ ညီ့ကိစ္စ မဟုတ်ပါဘူး၊ ဟိုဒင်း. . . ဘောလ်ပင်. . . အဲ. . . ဦးလေး စကားနည်းနည်း ပြောလို့ရမလား"

ကောင်မလေးက ကျွန်တော့်ကို အကဲခတ်သည်။ ပြီးမှ အထဲတို့ ဖိတ်ခေါ်သည်။ ကုလားထိုင်မှာ ထိုင်လိုက်သောအချိန်မှာပင် ကြောင်ညိုကြီးတစ်ကောင်က ကျွန်တော့်ဆီ ပြေးလာသည်။

"ဟာ. . . ဟာ. . . လုပ်ပါဦး. . . ကြောင် ကြောင်"

ကျွန်တော် အလန့်တကြားအော်သည်။

"ဘာဖြစ်လို့လဲ"

"ကြောင် ကြောင်က ကိုက်တတ်တယ်ဆိုလို့"

"ကြောင်က ကိုက်တယ်လို့ ဘယ်တုန်းက ကြားဖူးလို့လဲ၊ ဒီကောင်ကြီးက ကိုက်ဖို့နေနေသာသာ ကြွက်မြင်ရင်တောင် ထွက်ပြေးတာ"

ဒီတော့မှ ညီ ကျွန်တော့်ကို ချွန်လွှတ်လိုက်ကြောင်း ရိပ်မိတော့သည်။ ကောင်မလေးက ကုလားထိုင်မှာ ဝင်ထိုင်ပြီး

"ကိစ္စကို ပြောပါအုံး"

ဟု ဆိုသည်။ ကောင်မလေးသည် စွာတာတာလေး ဖြစ်ပုံရသော်လည်း ရုပ်ကလေးက ချစ်စရာလေး။

"ဟိုဒင်းလေ. . . ဒီက ငါ့တူမနဲ့ ညီနဲ့က"

"မပတ်သက်တော့ဘူးလို့ ပြောပြီးပြီပဲ"

"မှန်ပါတယ်၊ အခု မဟုတ်တော့ပေမယ့် အရင်က"

"သူ့အကြောင်းပြောတောင် မပြောချင်ဘူး၊ ဦးလေး[illegible] သိပ် အီးပေါက်တယ်"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လိုက်ပြီးမှ အကြွားသန်တဲ့လူ၊ ကတိမတည်တဲ့လူတို့ 'သိပ် အီးပေါက်တယ်' ဟု ညီတို့ သူငယ်ချင်းတွေ ပြောကြတာ သတိရသဖြင့်

"အော်. . . အော်"

"ဟုတ်တယ်၊ အလေးအနက်လည်း မရှိဘူး၊ လူလည်လည်းကျတယ်"

"ဒါကတော့. . ."

"ဟိုတစ်ခါကိစ္စဆိုရင် ကြည့်ပါလား၊ စားသောက်ဆိုင်မှာ ထိုင်နေရင်း သမီးက ဟိုဘက်စားပွဲက ကောင်လေးကို နိုးကြည့်ပါတယ်ဆိုပြီး ဒေါကန်ပြီး ဆိုင်ထဲက ထထွက်သွားတာ"

"ဒီကောင်က ချစ်လို့ သဝန်တိုတာနဲ့ တူပါတယ်"

"ဘယ်ကလာ၊ အဲဒီနေ့က သမီးက သိပ်စားတာ မဟုတ်ဘူး၊ သူကပဲ တစ်မျိုးပြီးတစ်မျိုး နင်းကန်မှာစားထားတာ၊ နှစ်ထောင်ကျော်ဖိုးလောက်ရှိတယ်၊ ပြီးတော့မှ သူပိုက်ဆံရှင်းရမှာစိုးလို့ ဒေါကန်ချင်ယောင်ဆောင်ပြီး ထလစ်ပြေးတာ၊ သမီးက ကျန်ခဲ့တော့ ငွေရှင်းလိုက်ရတာပေါ့၊ သိပ်လူလည်ကျတယ်"

ညီလုပ်ပေါက်ကို ကြားရသဖြင့် အရေးထဲမှာ ပြုံးမိသေးသည်။ ကောင်မလေးက ဆက်ပြော၏။

"ပြီးတော့ သမီးကို ဘောလ်ပင်တစ်ချောင်း လက်ဆောင်ပေးသေးတယ်"

"ဟာ. . . ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါ"

"အဲဒီဘောလ်ပင်ကလည်း အသစ်မဟုတ်ဘူး၊ သုံးပြီးသားကြီး၊ ပြီးတော့ အထဲက မှင်ချောင်းမှာလည်း လေဘယ်လ်လေး ကပ်ထားသေးတယ်၊ အစ်အမ်ပီလို့ ရေးထားတယ်"



"အစစ်ပဲ"

"သူ့ကိုမေးတော့ သူ့သူငယ်ချင်း မောင်မောင်ဖြူရဲ့နာမည်ကပ်ထားတာရှို့ လာလိုမ့်သေးတယ်"

"မောင်မောင်ဖြူ မဟုတ်ပါဘူး၊ မြမြဖူးပါ"

"ဟင်. . . ဟုတ်လား၊ အဲဒီကောင်မက ဘယ်သူလဲ"

"ဟာ. . . ကောင်မ မဟုတ်ပါဘူး၊ ဟိုဒင်း. . . ဒီလိုပါကွယ်၊ မြမြဖူးဆိုတာက ဦးလေးရဲ့ သူငယ်ချင်းပါ၊ အဲဒီဘောလ်ပင်ကလည်း သူက ဦးလေးကို လက်ဆောင်ပေးထားတာပါ၊ ဒါကို ညီကယူပြီး ငါ့တူမကို ပေးတာပါ၊ အဲဒီဘောလ်ပင်က ဦးလေးအတွက် သိပ်အရေးကြီးနေလို့ ပြန်ပေးပါလို့ လာပြောတာပါ၊ အဲဒီအတွက် ဘောလ်ပင်အသစ်တစ်ချောင်း အစားပြန် ပေးပါ့မယ်၊ ဟောဒီမှာ"

ဆိုပြီး အသင့်ယူသွားသော ပတ်ကားဘောလ်ပင်ဗူးလေးကို စားပွဲပေါ် ချပေးလိုက်သည်။ ကောင်မလေးက

"သူပေးတဲ့ ဘောလ်ပင်ကိုလည်း မမက်မောပါဘူး"

"ဒါဆို"

"ဒါပေမဲ့ ဦးလေးကြီးလာတာ နောက်ကျသွားပြီ၊ သမီး စိတ်ဆိုးလို့ အဲဒီဘောလ်ပင်ကို လွှင့်ပစ်လိုက်ပြီ"

"ဘာ. . . ဘယ်ကို လွှင့်ပစ်လိုက်တာလဲ"

"အိမ်ရှေ့က ရေမြောင်းထဲကို"

"ဟာ. . . ဒုက္ခပဲ"

ကျွန်တော် ထရပ်လိုက်သည်။

"ဘယ်နားကို ပစ်ချလိုက်တာလဲ၊ ဦးလေးတို့ သိပါရ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အိမ်မြင်ကို အလောတကြီး ထွက်လိုက်သည်။ ကောင်မလေးက ကြောင်တောင်တောင်နှင့် လိုက်လာသည်။

"ဘယ်နားလဲ"

"အဲဒီနားထင်တာပဲ"

ကောင်မလေးက လက်ညှိုးညွှန်ပြသည်။ ရေမြောင်းက ရေတသွင်သွင်စီးနေတာမျိုး မဟုတ်။ ရွှံ့ဗွက်တွေနဲ့ ပြည့်နေ၏။

တွေဝေနေဖို့ အချိန်မရတော့။ စတက်ဒလာ အမျိုးအစား ဘောလ်ပင်က သိပ်ရှားသည်။ လိုက်ရှာဝယ်လို့ အမျိုးတူတစ်ချောင်းတလေ တွေ့ရင်တောင် မိန်းနှရောင်မြစ်ဖို့ မလွယ်။ ဆုံးဖြတ်ချက်ချလိုက်ပြီး ခါးတောင်းကျိုက်လိုက်သည်။ ရွှံ့ဗွက်တွေ ပြည့်နေသော ရေမြောင်းထဲသို့ စွပ်ကနဲ ခုန်ဆင်းလိုက်၏။ ခြေသလုံးအထက်နားအထိ မြုပ်သွားသည်။ ကောင်မလေးကို ဂရုမစိုက်နိုင်တော့။ ရွှံ့ဗွက်ထဲသို့ လက်နှိုက်ပြီး လျှောက်စမ်းသည်။

ခဏအကြာမှာ ကောင်မလေး ပြန်ထွက်လာပြီး ပြောသည်။

"ဦးလေးကြီးဘာသာ ရှာချင်လည်းရှာတော့၊ သမီးက ကျောင်းသွားရဦးမယ်၊ အိမ်မှာလည်း လူကြီးတွေ မရှိဘူး"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီး ဆက်ရှာသည်။ သေးသေး ရှည်ရှည် အရာမှန်သမျှ ဆယ်ကြည့်သည်။ တုတ်ချောင်းတွေ၊ သံချောင်းတွေ။ ဘောလ်ပင်တစ်ချောင်းတွေ့သော်လည်း ဘောကျွားဟုခေါ်သော အပေါ်စားကြီး ဖြစ်နေ၏။

"ဒီမှာ၊ ဒီမှာ"

ခေါ်သံကြားသဖြင့် မော့ကြည့်သည်။ ဟိုဘက်အခန်းက တရုတ်မကြီး ဖြစ်၏။

"အဲဒီဘက်ကပြီးရင် အန်တီတို့ဘက်က မြောင်းကိုလည်း ဖော်ပေး



ပါဦးနော်၊ ကျသလောက်ပေးပါ့မယ်"

"ဟာ. . . မြောင်းဖော်နေတာ မဟုတ်ဘူးဗျ"

"ဒါဖြင့် ဘာလုပ်တာလဲ"

"ဘောလ်ပင် ရှာနေတာ"

တရုတ်မကြီးက မသက်သာသလို ကြည့်သည်။ ကျွန်တော် ဂရုမစိုက်တော့ဘဲ သဲကြီးမဲကြီး ဆက်ရှာသည်။ ခဏအကြာတွင် ဒီမှာ ဒီမှာဟု လာခေါ် ပြန်သည်။ ဒီတစ်ခါတော့ အမျိုးသားသုံးယောက် ဖြစ်၏။ ရပ်ကွက်လူကြီးတွေ လားမသိ။

"ဒီမြောင်းထဲမှာ ငရှဉ့် မနှိုက်ရဘူးလို့ အမိန့်ထုတ်ထားတာ မသိဘူးလား"

"ဟာ. . . မဟုတ်ပါဘူးဗျာ. . . ဘောလ်ပင်"

ပြောနေရင်းကပင် ခပ်ရှည်ရှည် အချောင်းကလေးကို စမ်းမိသည်။ ဆယ်ယူပြီး ပွတ်ကြည့်လိုက်တော့

"ဟာ. . . ဒီမှာတွေ့ပြီ"

ဘောလ်ပင်ကို ထောင်ပြလိုက်သည်။ သူတို့က မျက်မှောင်ကုတ်ပြီး စိုက်ကြည့်နေဆဲ။

"ဒါ ဂျာမဏီမိတ်ဗျ၊ သိပ်ဈေးကြီးတာ၊ ဟဲ ဟဲ၊ ဒါကြောင့်"

ကျွန်တော် ဝတ်စားထားပုံကို ဂရုပြုမိပြီး ယုံကြည်သွား[illegible]သည်။ ဘာမှ ထပ်မမေးတော့ဘဲ ထွက်သွားကြသည်။

ကျွန်တော်သည် ဘောလ်ပင်လေးကို အမြတ်တနိုး [illegible] က နောက်ဆက်တွဲ အခက်အခဲတစ်ခုကို သတိရလိုက်သည်။ [illegible] လက်တွေ တစ်တောင်ဆစ်လောက်အထိ၊ ခြေထောက်[illegible] သလုံးအပေါ်ပိုင်းအထိ ရွှံ့တွေဗွက်တွေ လူးနေသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရမလဲ။

ကွိကွိ ဆိုသော ကောင်မလေးကလည်း အခန်းသော့ခတ်ပြီး ကျောင်းသွားပြီ။ ဟိုဘက်ခန်းက တရုတ်မကြီးကလည်း စောစောကတည်းက မသက်သာဖြစ်နေတာ၊ တစ်ခြားအခန်းတွေကလည်း ဘယ်ကမှန်းမသိတဲ့ လူ တစ်ယောက်ကို အိမ်ထဲထိခေါ်ပြီး ရွှေလက်ဆေးခွင့် ဘယ်ပေးပါ့မလဲ။

မတတ်နိုင်တော့။ ရွှံတွေပွက်စော်တွေကို လက်နှင့်သပ်ချ၊ လမ်းဘေးမှာ ကျနေသော ဗာဒံရွက်တွေနှင့် တတ်နိုင်သလောက် ပွတ်ပစ်ရသည်။ လမ်းသွားလမ်းလာတစ်ချို့က လှည့်ကြည့် လှည့်ကြည့် လုပ်သွားကြတာကိုတော့ ရှက်မနေနိုင်တော့။

တက္ကစီကားငှားတော့လည်း ရွှံ့တွေ မစင်သေးသော ကျွန်တော့်ပုံကို ကြည့်ပြီး ခေါင်းခါမောင်းထွက်သွားကြသည်။ ကံအားလျော်စွာ အငှားလေးဘီးတစ်စင်းက တင်ခေါ်သွားသဖြင့် အိမ်မြန်ရောက်ခဲ့သည်။

ဘောလ်ပင်ကို ရေဆေးလိုက်သည်။ စတီးကိုယ်ထည်ဖြစ်သဖြင့် ဘာမှ မဖြစ်ဘဲ ဝင်းလက်နေဆဲဖြစ်ကြောင်း တွေ့ရသည်။ ခလုတ်နှိပ်ပြီး စမ်းရေးကြည့်သည်။ မှင်က ကောင်းကောင်းလိုက်နေတုန်းပဲ။ ဒါကြောင့်လည်း ဂျာမဏီ ပစ္စည်းနာမည်ကြီးတာကိုး။

ဟိုင်း. . . ဟစ်တလာ။

၃

မြမြဖူးသည် ခေါင်းအုံးနှစ်လုံးကို ကျောမှာခံပြီး ခပ်မှိန်မှိန် လှဲနေသည်။ သူ့မျက်နှာမှာ အတော်ရွှင်ရွှင်ပျပျ ဖြစ်နေသဖြင့် အခြေအနေကောင်းကြောင်း သိသာ၏။



"ဓာတ်ခွဲခန်းက ဘာတဲ့လဲ"

ကျွန်တော် အလောတကြီး မေးလိုက်သည်။

"ပထမ အဖြေတစ်ခုတော့ ရပါပြီ၊ နိုးနိုးကျူမာပါပဲတဲ့၊ ကင်ဆာ မဟုတ်ပါဘူး"

"ကျွန်တော် သိပ်ဝမ်းသာပါတယ်"

သူက ပြုံးသည်။ ကျွန်တော် ထပ်မေးသည်။

"ဒါဖြင့် ဒုတိယ အဖြေကကော"

"အဲဒါက ယူ့ကိုပေးမယ့် အဖြေလေ၊ ဘောလ်ပင်ပေး"

အိတ်ထဲက ဘောလ်ပင်ကိုထုတ်၍ သူ့ကို ပေးလိုက်သည်။

"လက်ဖြန့်"

ကျွန်တော် လက်ဖြန့်ပေးလိုက်သည်။

"ယူ့လက်ဝါးပေါ်မှာ အဖြေရေးပေးမယ်၊ မျက်စိမှိတ်ထားနော်"

ကျွန်တော် မျက်စိမှိတ်လိုက်၏။ သူက လက်ဝါးပေါ်မှာ ဘောလ်ပင် ထိပ်ဖျားကို ထောက်လိုက်သည်။ ငယ်ငယ်က သူငယ်ချင်းတွေနဲ့ ဒါမျိုး ကစားခဲ့ဖူးသည်။ မျက်စိကို မှိတ်ထားတုန်း လက်ဝါးပေါ်မှာ တစ်ယောက်က ရေးပြ တဲ့စာကို မှန်အောင် ပြောရခြင်းဖြစ်၏။ အလေ့အကျင့်ရှိခဲ့သဖြင့် သူ့ ဘာရေးတယ်ဆိုတာ ခန့်မှန်းလို့ရသလောက် ဖြစ်နေသည်။

သ နှစ်ချောင်းငင် 'သူ'၊ င ယပက်လက်သတ် 'ငယ်' ခတွေးယပင့် ငသတ်ဝတ်ဆံနှစ်လုံးပေါက် 'ချင်း'၊ သူငယ်ချင်း။

လက်ကို ဆတ်ကနဲ ရုပ်လိုက်မိမလို ဖြစ်သွား၏၊

"ငြိမ်ငြိမ်နေလေ"

သူဆက်ရေးသည်။ လက်တွေက ထုံကျဉ်လာသည်။ အထိ အတွေ့ကို မသိတော့။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မျက်စိဖွင့်ကြည့်တော့"

ကိုယ့်လက်ကို ကိုယ်ပြန်မကြည့်ရဲတာ ထူးဆန်းလှသည်။ ခုချိန်မှာ မျက်စိကန်းသွားလျှင် ကောင်းမည်။

"ဖွင့်ကြည့်လေ"

မျက်ခွံများသည် တန်ချိန်များစွာ လေးလံလှသည်ဟု ထင်မိ၏။ မျက်စိကို ဖြည်းဖြည်းချင်း အားယူ၍ ဖွင့်ကြည့်ရသည်။ မေ့မျောနေရာမှ ပြန်သတိရလာတဲ့ လူလိုပဲ။ အမြင်အာရုံက ဝေဝါးနေသည်။ ခဏကြာမှ ကြည်လင်လာ၏။ ကျွန်တော့် လက်ဖဝါးပေါ်မှာ ရေးထားတာက

"သူငယ်ချင်းထက် ပိုပါတယ်"

သူ့ကို ကျွန်တော် မော့ကြည့်လိုက်သည်။ ရုတ်တရက် မမှတ်မိသလို ဖြစ်သွား၏။ သူ့မျက်နှာပေါ်တွင် အရင်က တစ်ခါမှ မမြင်ခဲ့ဘူးသော အရိပ်အရောင်များ ထင်ဟပ်နေသောကြောင့် ဖြစ်၏။ အထူးသဖြင့် သူ့ မျက်လုံးများသည် ထူးဆန်းသော အရာတစ်ခုကို အံ့သြငေးမောကြည့်နေ သလို အရောင်တဖြတ်ဖြတ်လက်နေ၏။

"ခွဲစိတ်ခန်းထဲမှာ သတိမေ့နေတဲ့ အချိန်တုန်းက တစ်ကြိမ်တစ်ခါမှ မကြုံတွေ့ဘူးတဲ့ အရာတစ်ခုကို ခံစားသိရှိလိုက်ရတယ်၊ အဲဒါ အချစ်ပဲလို့ ထင်တာပဲလေ"

သူ နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်သည်။ ဒီတစ်ခါတော့ သူ ရယ်တာကို အပြည့်အဝ မြင်ခွင့်ရလိုက်၏။ ဟိုအရင်တုန်းကလို နှုတ်ခမ်းကို လက်နှင့် ကွယ်ဖို့ မဖြစ်နိုင်တော့။ ကျွန်တော်က သူ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားသောကြောင့်ပင် ဖြစ်လေသည်။

ရယ်သော်လှ၏။

မင်းလူ

□□□

(၁၉. ၁၂. ၂၀၀၄)

(၁၁း၃၀) နာရီ

လှိုက်လှိုက်လှဲလှဲ ရယ်ပွဲဖွဲ့ဖို့
နင့်နင့်သည်းသည်း ကြေကွဲကြဖို့
တမ်းတမ်းတတ လွမ်းဆွတ်ကြဖို့
နီရင့်ရင့်ရဲ့ လတ်လတ်ဆတ်ဆတ် လုံးချင်းဝတ္ထုများ
ကုံကော်ဝတ်ရည်စာပေမှ ဆက်တိုက်ထွက်လာမည်။

. . . ငါဟာအချစ်ဆိုတာကို မသိခင်ကတည်းက
အလွမ်းသင်ခန်းစာတွေနဲ့ ကျွမ်းဝင်နေရမယ်ဆိုတာ သိပြီးသားပါ
**(မော်ဆရာမစားဘူးတဲ့ပန်းသီး)**

□

**ထီးတွေကမ္ဘာလိုက်တာ**
ငါ့ကိုမိုးဥတုတစ်လက်လောက်ငှားပါကွယ်
**(ကြာဆစ်နှိုးလေးတွေရဲ့ သို့ဝှက်ထားတဲ့အချစ်)**

□

လူငယ်တွေဟာ ဘဝမှာ အမှားကြီးတွေလုပ်ကြတယ်
အမှားကြီးတစ်ခုကတော့
သူတို့ဟာ အချစ်ကို သိပ်အထင်ကြီးတာပဲဖြစ်တယ်
**(ကျွန်တော်နှင့် ပျော်ရွှင်ဖွယ်နတ်သမီး)**

□

ကိုနတ်ဆိုး
ခင်ဗျား. . . ဦးနှပ်စ်ကိုသိလား
ငါ့ပါးကိုခိုးခိုးနမ်းတတ်တဲ့ မိန်းမလှလေးဟာ
ဦးနှပ်စ်ပေါ့ကွာ
**(ခပ်ရင့်ရင့်နတ်ဆိုး)**

BURMESE CLASSIC .com

www.burmeseclassic.com